# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက် ၂၀၁၅ ခုနှစ်၊ စက်တင်ဘာ ၁၈ ရက်၊ သောကြာနေ့၊ အတွဲ [၅၄]၊ အမှတ် [၃၄၈]


ဒါန၌ တော်မင်္ဂလ မုတ္တမံ

စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းသည် မြတ်သောမင်္ဂလာ မည်၏။

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ လူဇင်ဘတ်နိုင်ငံ၊ အီတလီသမ္မတနိုင်ငံနှင့် နယ်သာလန်ဘုရင်နိုင်ငံ သံအမတ်ကြီးများက သံအမတ်ခန့်အပ်လွှာပေးအပ်

စာမျက်နှာ-၃



# နိုင်ငံတစ်ဝန်း လျှပ်စစ်ဓာတ်အားရရှိရေး ကမ္ဘာ့ဘဏ်က အတိုးမဲ့ချေးငွေကန်ဒေါ်လာ သန်း ၄၀၀ ပေးအပ်ရန် အတည်ပြု



ရေအားလျှပ်စစ်ထုတ်ယူရေးအတွက် တည်ဆောက်သည့် ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ်မှ အထက်ပေါင်းလောင်းဆည်စီမံကိန်းကို ၂၀၁၄ ခုနှစ်အတွင်းက တွေ့ရစဉ်။

သတင်း-ဒေါက်တာသာစိန်
ဓာတ်ပုံ-မောင်လွင်

နိုင်ငံတော်အစိုးရ အနေဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ နယ်မြေအသီးသီးတွင် လျှပ်စစ်မီးရရှိရန် ကြိုးပမ်းလျက်ရှိရာ ထိုစီမံကိန်း အထမြောက်ရေး အတွက် ကမ္ဘာ့ဘဏ်က အတိုးမဲ့ချေးငွေ အမေရိကန်ဒေါ်လာသန်း ၄၀၀ ပေးအပ်ရန် အတည်ပြုလိုက်ပြီ ဖြစ်ကြောင်း ရိုက်တာသတင်းတစ်ရပ်၌ ဖော်ပြထားသည်။ ကမ္ဘာ့ဘဏ်၏ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးအသင်း (IDA) မှ ပေးအပ်မည့် ယင်းချေးငွေသည် ၂၀၃၀ ပြည့်နှစ်တွင် အိမ်တိုင်းစေ့ လျှပ်စစ်မီးရရှိရေးဆိုင်ရာ အစီအစဉ် (National Electrification Plan) ကို အကောင်အထည်ဖော်ရာတွင် ငွေကြေးနှင့်နည်းပညာ အထောက်အပံ့အတွက်ပေးအပ်သော ချေးငွေဖြစ်ကြောင်းဆိုသည်။

နိုင်ငံတွင်းမြို့ပြအဆောက်အအုံ ဖွံ့ဖြိုးလာခြင်း၊ စက်မှုလုပ်ငန်းများ ပေါ်ပေါက်လာခြင်းနှင့် စဉ်ဆက်မပြတ် လူဦးရေတိုးပွားလာခြင်းတို့သည် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ဆိုင်ရာ အဓိကစိန်ခေါ်မှုတစ်ရပ်ဖြစ်ကြောင်း၊ ယခုပေးအပ်လိုက်သော အတိုးမဲ့ချေးငွေမှာ ၂၀၂၁ ခုနှစ်တွင် အိမ်ထောင်စု ၁ ဒသမ ၂ သန်းအတွက် လျှပ်စစ်မီးရရှိမည် ဖြစ်သဖြင့် လူပေါင်း ၆ ဒသမ ၂ သန်းကို

စာမျက်နှာ ၇ ကော်လံ ၁ ❄




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ပလတ်စတစ်နှင့် ပတ်ဝန်းကျင်

မြန်မာနိုင်ငံတွင် ပလတ်စတစ်ကြွပ်ကြွပ်အိတ်များသုံးစွဲမှုကြောင့် ဘေးထွက်ဆိုးကျိုးများစွာ ဖြစ်ပေါ်နိုင်သည်ကို ပညာပေးလုပ်ငန်းများ ဆောင်ရွက်နေသော်လည်း ပြည်သူများအကြား နေ့စဉ်နှင့်အမျှ ပလတ်စတစ်အိတ်များကို တွင်ကျယ်စွာ အသုံးပြုနေဆဲဖြစ်သည်။ ပလတ်စတစ်အိတ်များ အသုံးများလာခြင်း၏ အကျိုးဆက်အဖြစ် လူ၊တိရစ္ဆာန်နှင့်အပင်တို့၏အသက်ရှင်မှုအတွက် ခြိမ်းခြောက်လာလျက်ရှိသည်။

ပလတ်စတစ်အိတ်များသည် ဖျက်ဆီးရန်ခက်ခဲပြီး မီးရှို့ဖျက်ဆီးပါက မီးခိုးငွေ့ကြောင့် ပတ်ဝန်းကျင် လေထုညစ်ညမ်းမှုဖြစ်ပေါ်သဖြင့် ရှူရှိုက်သူများ ကျန်းမာရေးထိခိုက်နိုင်ကြောင်း သိရသည်။ ပလတ်စတစ်စများသည် နှစ်ပေါင်းများစွာ ကြာသည့်တိုင်အောင် ဆွေးမြည့်သွားခြင်းမရှိ၍ မြေဆီလွှာကို ထိခိုက်ကာ အပင်များရှင်သန်ပေါက်ရောက်မှုကို အဟန့်အတားဖြစ်လာသည်။ ထို့ပြင် မိုးတွင်းကာလရေမြောင်းများ ပိတ်ဆို့ရခြင်း၏ အဓိကအကြောင်းအရင်းသည်လည်း ကြွပ်ကြွပ်အိတ်များကြောင့်ပင် ဖြစ်ပါသည်။ ရေမြောင်းများမှတစ်ဆင့် မြစ်ချောင်း၊ အင်းအိုင်နှင့် ပင်လယ်သမုဒ္ဒရာများအတွင်း စီးဝင်မျောပါသွားသော ပလတ်စတစ်စများသည့် ရေထုအတွင်းနှစ်ပေါင်းများစွာ ကြာသည့်တိုင် ဆွေးမြည့်ခြင်းမရှိဘဲ ရေသတ္တဝါများ၏ဂေဟစနစ်ကို ထိခိုက်ပျက်စီးစေလျက်ရှိပါသည်။

ပလတ်စတစ်အိတ်နှင့် ကြွပ်ကြွပ်အိတ်များသည် ပတ်ဝန်းကျင်ကို အကြီးအကျယ်ထိခိုက်နေသည့်တိုင် အသုံးပြုရလွယ်၍ လူအများစုသည် နိစ္စဓူဝသုံးစွဲနေကြသည်။ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်၊ ကွမ်းယာဆိုင်နှင့်လက်လီလက်ကားဈေးဆိုင်များ၊ ဈေးရုံများ၌ ပလတ်စတစ်အိတ်များကို သိသိသာသာ သုံးစွဲနေကြသည်။ စားကြွင်း၊ စာကျန်များနှင့်အတူ ပလတ်စတစ်အိတ်များကို စည်းကမ်းမဲ့စွာ စွန့်ပစ်မှုက ရောဂါများကို လက်ရပ်ခေါ်နေသလိုဖြစ်သည်။ စားကြွင်း၊ စားကျန်များနှင့်အတူ စွန့်ပစ်ထားသော ပလတ်စတစ်အိတ်များကြောင့် ရောဂါပိုးများကို သယ်ဆောင်နိုင်သည့် ကြွက်၊ ခြင်၊ ယင်များပေါ်များလာလျက်ရှိသည်။ အထူးသဖြင့် မြို့ပြဆင်ခြေဖုံးရပ်ကွက်များ၌ တွေ့ရသည်။

ပလတ်စတစ်အိတ်များ၏ ဆိုးကျိုးထက် စည်းကမ်းမဲ့စွန့်ပစ်နေမှုများကြောင့် ပတ်ဝန်းကျင်ကျန်းမာရေးကို တိုက်ရိုက်ထိခိုက်မှုများဖြစ်ပေါ်လျက်ရှိသည်။ မြို့ပြနေအိမ်အချို့သည် သီးသန့်အမှိုက်ပုံးဖြင့် အမှိုက်မစွန့်ကြဘဲသုံးပြီး ပလတ်စတစ်အိတ်များကို နေအိမ်အနီးပတ်ဝန်းကျင်တွင် အလွယ်ပင်စွန့်ပစ်နေကြပါသည်။ ထို့ကြောင့်လည်း ကြွက်၊ ခြင်၊ ယင်များပေါ်များကာ ပြည်သူများ၏ ကျန်းမာရေးကို ခြိမ်းခြောက်လာလျက်ရှိသည်။

သို့ဖြစ်၍ ပလတ်စတစ်အိတ်များ၊ အသင့်စားသုံးကုန်များမှ အမှိုက်သရိုက်များကို စနစ်တကျ စွန့်ပစ်သင့်ပါသည်။ နိုင်ငံကြီးသားပီသစွာ လူတစ်ဦးချင်း စည်းကမ်းကို လိုက်နာတတ်သော အလေ့အကျင့် ကောင်းများကို မွေးမြူသင့်သည်။ သို့မှသာ ပလတ်စတစ်အိတ်များကြောင့် ဖြစ်ပွားလာနိုင်သည့် နောက်ဆက်တွဲဆိုးကျိုးများကို ကာကွယ်နိုင်မည် ဖြစ်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၀၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


## နိုင်ငံရေးပါတီများ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယိုနှင့် နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့်ဖော်ပြသွားမည်

**နေပြည်တော် စက်တင်ဘာ ၁၇**

ကမန်အမျိုးသားတိုးတက်ရေးပါတီ၊ ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီနှင့် အမျိုးသားဒီမိုကရေစီ အင်အားစုပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို စက်တင်ဘာ ၁၈ ရက်ည ၇ နာရီတွင် မြန်မာ့ရုပ်မြင်သံကြား(MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ MWD (Variety)၊ မြန်မာ့အသံရေဒီယိုနှင့် ရွှေ FM တို့မှ ထုတ်လွှင့်သွားမည်ဖြစ်ပြီး စက်တင်ဘာ ၁၉ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများဖြစ်သော ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်း သတင်းစာတို့၌ ဖော်ပြသွားမည်ဖြစ်ပါသည်။

**(သတင်းစဉ်)**

## မူးမြစ်ကမ်းပါး ပြိုခြင်းကြောင့် နေအိမ်ပြောင်းရွှေ့ရေးအတွက် ထောက်ပံ့ငွေပေးအပ်

**ခင်ဦး စက်တင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် စီမံခန့်ခွဲမှုကော်မတီနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့မှ ပူးပေါင်းပြီး ခင်ဦးမြို့နယ်အတွင်း ရေကြီး၍ မူးမြစ်ကမ်းပါးပြိုခြင်းကြောင့် ပြောင်းရွှေ့ခဲ့ရသော နေအိမ်များအား ထောက်ပံ့ငွေပေးအပ်ပွဲကို စက်တင်ဘာ၁၅ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါပေးအပ်ပွဲတွင် ရွှေဘိုခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး တာဝန်ရှိသူများက ပြောင်းရွှေ့ခဲ့ရသော နေအိမ် ရှစ်လုံး၏ အိမ်ပိုင်ရှင်များကို နေအိမ်တစ်လုံးလျှင် အိမ်ပြောင်းရွှေ့ရေးအတွက် ဆောက်လုပ်ရေး စရိတ်ငွေကျပ် တစ်သိန်းနှုန်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခင်ဦးစိုးဝေ**

# နိုင်ငံတကာအသိအမှတ်ပြုတက္ကသိုလ်များဖြစ်လာရန် ကြိုးပမ်းဆောင်ရွက်



**နေပြည်တော် စက်တင်ဘာ ၁၇**

ပညာရေးစနစ် ပြုပြင်ပြောင်းလဲမှုများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တက္ကသိုလ်များအနေဖြင့် Autonomous University အဖြစ် လွတ်လပ်စွာ ရပ်တည်နိုင်ရေးအတွက် ဆရာ ဆရာမများနှင့် ဝန်ထမ်းများ အားလုံးက ကြိုတင်ပြင်ဆင်ကြရန်နှင့် အတူတကွ ပူးပေါင်းကြိုးစားဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးက စက်တင်ဘာ ၁၄ ရက်တွင် ကွန်ပျူတာတက္ကသိုလ်(ဟသ်ာတ)ရှိ ကျောင်းအုပ်ကြီး၊ ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။ **(ယာပုံ)**

ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာတွင် တက္ကသိုလ်များအား နိုင်ငံတကာ အသိအမှတ်ပြုတက္ကသိုလ်များဖြစ်လာရေး ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် ထိုသို့ဆောင်ရွက်ရာတွင် စီမံခန့်ခွဲမှု အရည်အသွေးကို ဦးစွာပြင်ဆင်ရမှာဖြစ်ပြီး ISO လက်မှတ်ရရှိရေးအတွက် ပထမအဆင့်အနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ သင်ကြားမှုပိုင်းတွင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ စာသင်ခန်း၊ လက်တွေ့ခန်း၊ အလုပ်ရုံနှင့် စက်ပစ္စည်းများ အချိုးမျှတမှုရှိစေရေး ဆောင်ရွက်ရန် မှာကြားခဲ့ပြီး စာသင်ခန်းများ၊ Lab ခန်း၊ e-learning Centre၊ ကွန်ပျူတာ လက်တွေ့ခန်းများနှင့် စာကြည့်တိုက်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အခမ်းအနားကျင်းပ

**စစ်တွေ စက်တင်ဘာ ၁၇**

၂၀၁၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အခမ်းအနားကို စက်တင်ဘာ ၁၆ ရက်က စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ထိန်လင်းက ပတ်ဝန်းကျင်ဆိုင်ရာ အဓိကပြဿနာများဖြစ်သည့် ရာသီဥတုပြောင်းလဲမှု၊ အိုဇုန်းလွှာပျက်စီးမှု၊ လေထု ရေထု မြေထုညစ်ညမ်းမှု၊ မြေထုယိုယွင်းမှု၊ မြေဆီလွှာပျက်စီးမှု၊ သစ်တောပြုန်းတီးမှု၊ သဲကန္တာရ ဖြစ်ထွန်းမှုနှင့် ဇီဝမျိုးစုံ မျိုးကွဲများ ပျက်စီးပျောက်ကွယ်မှုများနှင့် နေမှလာသော ဘေးအန္တရာယ်ရှိသည့် ခရမ်းလွန်ရောင်ခြည်လှိုင်းများကို ကမ္ဘာမြေပြင်ပေါ်သို့ မကျရောက်အောင် အိုဇုန်းလွှာက စုပ်ယူပေးသည့်အတွက် သဘာဝ အကာအရံတစ်ခုအဖြစ် ကမ္ဘာပေါ်ရှိ သက်ရှိတို့အတွက် မရှိမဖြစ် လိုအပ်ကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့် အိုဇုန်းလွှာကာကွယ်ရေး လုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ပြည်နယ် တာဝန်ခံလက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးနိုင်က ပတ်ဝန်းကျင်ယိုယွင်းလာခြင်း၏ အကြောင်းအရင်းများနှင့် လတ်တလောရင်ဆိုင်နေရသည့် ပြဿနာများ၊ အိုဇုန်းလွှာပျက်စီးစေသည့် အကြောင်းအရာများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာများကို ဆွေးနွေးတင်ပြခဲ့ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၇-၉-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၆၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၂၀၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၆၅၇၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | | |
|---|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် | ၇၀၀/၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် | ၆၄၀/၆၅၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် | ၆၉၀/၇၀၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် | ၇၉၀/၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် | ၆၈၀/၇၀၀ |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၈၄ |
| ဥရောပ | တစ်ယူရို | ၁၄၅၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၁၂·၂၂ |
| ထိုင်း | တစ်ဘတ် | ၃၅·၆၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၉·၃၇ |
| တရုတ် | တစ်ယွမ် | ၂၀၁·၄၁ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၈·၆ |

ခင်ရတနာ-စုစည်းသည်။

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ လူဇင်ဘတ်နိုင်ငံ၊ အီတလီသမ္မတနိုင်ငံနှင့် နယ်သာလန်ဘုရင်နိုင်ငံ သံအမတ်ကြီးများက သံအမတ် ခန့်အပ်လွှာပေးအပ်



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အီတလီသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ပီရာ ဂျော်ဂျီယို ဖီဒယ်ရီကို အယ်လီဘာတီအား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

**နေပြည်တော် စက်တင်ဘာ ၁၇**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ လူဇင်ဘတ်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ရောဘတ်လောအာသည် ယနေ့နံနက် ၁၀ နာရီခွဲတွင် လည်းကောင်း၊ အီတလီသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ပီရာ ဂျော်ဂျီယို ဖီဒယ်ရီကို အယ်လီဘာတီသည် နံနက် ၁၁ နာရီတွင် လည်းကောင်း၊ နယ်သာလန်ဘုရင်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ကာရယ် ဂျိုဟန်း(စ်)နက် ဟာတော့ဂ်ျသည် နံနက် ၁၁ နာရီခွဲတွင် လည်းကောင်း နေပြည်တော်ရှိ သမ္မတအိမ်တော်သို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာများကို ပေးအပ်ကြသည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးသိန်းညွန့်နှင့် သံတမန်ရေးရာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ်တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ လူဇင်ဘတ်နိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ရောဘတ်လောအာ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးနေစဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ နယ်သာလန်ဘုရင်နိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ကာရယ် ဂျိုဟန်း(စ်)နက် ဟာတော့ဂ်ျ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။ (သတင်းစဉ်)

## လားရှိုးမြို့၌ ဆေးဖြတ်ကုသခြင်းနှင့် ပြန်လည်ထူထောင်ရေးသင်တန်းဖွင့်

**လားရှိုး စက်တင်ဘာ ၁၇**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်း ဦးစီးဌာနနှင့် ကျန်းမာရေးဦးစီးဌာန SARA (မူးယစ်ဆေးစွဲရောဂါ သုတေသနအသင်း)တို့ ပူးပေါင်းဖွင့်လှစ်သည့် ဆေးဖြတ်ကုသခြင်းနှင့် ပြန်လည်ထူထောင်ရေးသင်တန်းအမှတ်စဉ်(၄၇/၂၀၁၅) ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၆ ရက် နံနက် ၉ နာရီက လားရှိုးမြို့ အမှတ်(၁)အခြေခံပညာ မူလတန်းကျောင်း ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လူမှုဝန်ထမ်းဦးစီးဌာန တွဲဖက်ပြည်နယ်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မင်းက အမှာစကားပြောကြားပြီး SARA(မူးယစ်ဆေးစွဲရောဂါသုတေသနအသင်း)မှ နည်းပညာညွှန်ကြားရေးမှူး ဒေါက်တာကျော်တက်တိုးက သင်တန်းဖြစ်မြောက်ရေးအတွက် ကူညီဆောင်ရွက်ပေးခဲ့မှုများ၊ အသင်း၏ ဆောင်ရွက်ချက်များ၊ မူးယစ်ဆေးသုံးစွဲသူများကို ဆေးဖြတ်နိုင်ရန် စည်းရုံးဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ နမ္မတူ၊ သိန်းနီ၊ နမ့်ဆန်မြို့နယ်တို့မှ ဆေးဖြတ်ကုသသူ ၂၉ ဦး တက်ရောက်ကုသမည်ဖြစ်ပြီး သင်တန်းကာလမှာ ဆေးဖြတ်ကုသသည့်ကာလ ၁၄ ရက်၊ ပြန်လည်ထူထောင်ရေးကာလ ၂၁ ရက် စုစုပေါင်း ၃၅ ရက် တက်ရောက်ကုသရမည်ဖြစ်ပြီး သင်တန်းကာလအတွင်း အိမ်တွင်းအသက်မွေးပညာရပ်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များ ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝေလင်း**

# ပြင်းအား ၈ ဒသမ ၃ အဆင့်ရှိ အင်အားပြင်းငလျင်တစ်ခု ချီလီတွင်လှုပ်ခတ်၊ လူငါးဦးသေဆုံး



**ချီလီ စက်တင်ဘာ ၁၇**

ပြင်းအား ၈ ဒသမ ၃ အဆင့်ရှိ အင်အားကောင်းသော ငလျင်တစ်ခု ချီလီကမ်းလွန်တွင် လှုပ်ခတ်ခဲ့ရာ လူငါးဦးသေဆုံးပြီး ၁၆ ဦး ဒဏ်ရာရရှိခဲ့သည်။

ဟာဝိုင်အီအခြေစိုက် ပစိဖိတ်ဆူနာမီ စောင့်ကြည့်သတိပေးဌာနက ချီလီကမ်းရိုးတမ်းတစ်လျှောက်တွင် ၄ ဒသမ ၆ မီတာအမြင့်ရှိ ဆူနာမီလှိုင်းများတက်လာကြောင်း ဆိုသည်။

ငလျင်မှာ စက်တင်ဘာ ၁၆ ရက် ဒေသစံတော်ချိန် ၇ နာရီ ၅၄ မိနစ်တွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်သည်။ ငလျင်သည် စန်တီရာဂိုမြို့ အနောက်-အနောက်မြောက်ဘက်ယွန်းယွန်း ၂၃၃ ကီလိုမီတာတွင် ဗဟိုပြုလှုပ်ခတ်ခဲ့ကြောင်း သိရသည်။

ငလျင်ကြော၏အနက်သည် ၂၅ ကီလိုမီတာခန့်ရှိမည်ဟု အမေရိကန် ဘူမိဗေဒလေ့လာရေးအဖွဲ့က ခန့်မှန်းတွက်ချက်ခဲ့သည်။ ငလျင်လှုပ်ခတ်ပြီး ၅၃ မိနစ်ခန့်တွင် ကိုကွင်ဘိုမြို့တွင် ဆူနာမီလှိုင်းသည် ၄ ဒသမ ၆ မီတာထိ မြင့်တက်ခဲ့ကြောင်း ဟာဝိုင်အီအခြေစိုက် ပစိဖိတ်ဆူနာမီစောင့်ကြည့်သတိပေးဌာနက ပြောခဲ့သည်။

ဆူနာမီလှိုင်းများသည် ပစိဖိတ်၊ ပီရူး၊ အီကွေဒေါနှင့် ဂျပန်တို့ကို ရိုက်ခတ်ခဲ့ကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**

# အီရတ်တွင် ဗုံးပေါက်ကွဲမှုနှစ်ခုဆက်တိုက်ဖြစ် လူနှစ်ဦးထက်မနည်းသေဆုံး

**ဘဂ္ဂဒက် စက်တင်ဘာ ၁၇**

အီရတ်မြို့တော် ဘဂ္ဂဒက်တွင် စက်တင်ဘာ ၁၇ ရက်က အသေခံ ဗုံးပေါက်ကွဲမှုနှင့် လမ်းဘေးဗုံးပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ရာ ၂၁ ဦး ဒဏ်ရာရရှိခဲ့ပြီး အနည်းဆုံး နှစ်ဦး သေဆုံးသွားကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။



ဘဂ္ဂဒက်မြို့လယ် တိုင်ရမ်ရင်ပြင် လူစည်ကားသောနေရာတွင် အသေခံဗုံးခွဲမှုကြောင့် အရပ်သားနှစ်ဦးသေဆုံးပြီး ၁၂ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်ကို ပြောကြားခဲ့သည်။

ထို့အတူ ဘဂ္ဂဒက်မြို့လယ် ဝက်ဘတ်ရင်ပြင်တွင်လည်း လမ်းဘေးဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ရာ လူကိုးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ သေဆုံးသူဦးရေမှာ မြင့်တက်လာနိုင်ဖွယ်ရှိကြောင်း သိရသည်။

အီရတ်နိုင်ငံတွင် နှစ်များစွာအတွင်း အလွန်ဆိုးရွားသော အကြမ်းဖက်လုပ်ရပ်များကို ပြုလုပ်နေကြသည်။ သောင်းကျန်းသူများနှင့် အကြမ်းဖက်ဖြစ်ရပ်များကြောင့် အရပ်သား ၁၂၂၈၂ဦး သေဆုံးခဲ့ပြီး ၂၃၁၂၆ ဦး ဒဏ်ရာရရှိခဲ့သည်။ **(ဆင်ဟွာ)**

# MH 17 လေယာဉ်ပျက်ကျမှု အစီရင်ခံစာ အောက်တိုဘာ ၁၃ ရက်တွင် ထုတ်ပြန်မည်

**သည်ဟိတ် စက်တင်ဘာ ၁၇**

MH 17 လေယာဉ်ပျက်ကျသည့် နောက်ဆုံးအစီရင်ခံစာကို အောက်တိုဘာ ၁၃ ရက်တွင် ထုတ်ပြန်သွားမည်ဖြစ်ကြောင်း ဒမ်ချ်ဘေးကင်းလုံခြုံရေးအဖွဲ့(ဒီအက်ဖ်ဘီ)က ကြာသပတေးနေ့တွင် ကြေညာထားသည်။

အဆိုပါလေယာဉ်ပျက်ကျခဲ့ခြင်းနှင့်စပ်လျဉ်း၍ စုံစမ်းတွေ့ရှိသမျှကို သက်ဆိုင်ရာ ဆွေမျိုးသားချင်းများအား အသိပေးသွားမည် ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။ ပြီးခဲ့သည့်နှစ် စက်တင်ဘာ ၉ ရက်က အဆိုပါလေယာဉ်ပျက်ကျမှုနှင့် ပတ်သက်၍ ကနဦးအစီရင်ခံထုတ်ပြန်ခဲ့သည်။

မလေးရှားလေကြောင်းလိုင်းပိုင် MH 17လေယာဉ်သည် ပြီးခဲ့သည့်နှစ် ဇူလိုင် ၁၇ ရက်က ကွာလာလမ်ပူမှ အမ်စတာဒမ်သို့အသွား ယူကရိန်းအရှေ့ပိုင်း၌ ပျက်ကျသွားခဲ့ရာ လိုက်ပါသွားသူ လူ ၂၉၈ ဦး စလုံးသေဆုံးခဲ့ရသည်။ ယင်းတို့တွင် ၂၉၆ ဦးမှာ ယခုတိုင်အောင် အတည်မပြုနိုင်ဘဲရှိသည်။

အဆိုပါ လေယာဉ် ပျက်ကျမှုကို ဒတ်ချ်ရဲတပ်ဖွဲ့နှင့် မှုခင်းအဖွဲ့က စုံစမ်းစစ်ဆေးနေသကဲ့သို့ ဒီအက်ဒ်ဘီကလည်း စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့သည်ဟု ဆိုသည်။ **(ဆင်ဟွာ)**



# တီယန်ကျင်းပြန်လည်ထူထောင်ရေးအတွက် ဓာတုအဆိပ်သင့်နယ်မြေများကို စောင့်ကြည့်

**တီယန်ကျင်း စက်တင်ဘာ ၁၇**

အန္တရာယ်ဖြစ်စေသော ဓာတုအဆိပ်သင့်နယ်မြေများအား ၂၄ နာရီ အွန်လိုင်းမှ စောင့်ကြည့်နေသော စနစ်တစ်ခုကို တီယန်ကျင်းမြို့၌ စီမံပြုလုပ်လျက်ရှိကြောင်း ပြည်တွင်းလုံခြုံရေး၊ ထိန်းချုပ်ရေးဗျူရိုက ပြောကြားသည်။

ဩဂုတ် ၁၂ ရက်က တီယန်ကျင်းဆိပ်ကမ်းစက်ရုံတွင် ဓာတုအဆိပ်ပစ္စည်းများသိုလှောင်မှုကြောင့် ပေါက်ကွဲမှု နှစ်ခုဖြစ်ပွားခဲ့ပြီး လူပေါင်း၁၆၅ဦး သေဆုံးခဲ့သည်။

ဓာတုအဆိပ်သင့် နယ်မြေနေရာများ၌ ပြန်လည်ပြုပြင်ထူထောင်ရေးလုပ်ငန်းများ၊ တည်ဆောက်ရေးလုပ်ငန်းများကို မြို့လုံးအနှံ့ဆောင်ရွက်လျက်ရှိရာ လုံခြုံစိတ်ချမှုရှိစေရန် စောင့်ကြည့်လျက်ရှိကြောင်း တီယန်ကျင်းအလုပ်ရုံလုံခြုံရေး၊ ထိန်းချုပ်ရေးဗျူရိုမှ ဒါရိုက်တာ ဝေချင်ဆွန်းက ပြောကြားသည်။

ဆိုးဆိုးရွားရွား မတော်တဆမှုဖြစ်ပွားပြီးနောက် နိုင်ငံတစ်ဝန်း လုံခြုံရေးဆိုင်ရာများကို စစ်ဆေးလျက်ရှိကြောင်း၊ အန္တရာယ်ဖြစ်စေသည့်နေရာ ၈၀ကို ပြည်နယ် ၃၄ ပြည်နယ်ရှိ ဒေသ ၂၉ခုတို့တွင် တွေ့ရှိရကြောင်း၊ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနမှ အဆိုပါဒေသများကို ထိထိရောက်ရောက်ဖြေရှင်းရန် လိုကြောင်း အစိုးရသို့ တိုက်တွန်းထားကြောင်း သိရသည်။ **(ဆင်ဟွာ)**



# တောင်ကိုရီးယားနှင့် အမေရိကန် အဆင့်မြင့်ကာကွယ်ရေးဆိုင်ရာ ဆွေးနွေးပွဲကျင်းပမည်

**ဆိုးလ် စက်တင်ဘာ ၁၇**

တောင်ကိုရီးယားနှင့် အမေရိကန်အဆင့်မြင့် စစ်ဘက်အရာရှိများ အစည်းအဝေးကို လာမည့်သီတင်းပတ်တွင် ဆိုးလ်မြို့၌ ကျင်းပသွားမည်ဖြစ်ကြောင်း တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာနက ကြာသပတေးနေ့တွင် ပြောသည်။

၂၀၁၁ ခုနှစ် စတင်ဆောင်ရွက်ခဲ့သည့် တောင်ကိုရီးယား အမေရိကန် ကာကွယ်ရေးဆွေးနွေးပွဲ၏ ရှစ်ကြိမ်မြောက်အဖြစ် စက်တင်ဘာ ၂၃ ရက်မှစတင်ကာ ဆိုးလ်မြို့၌ နှစ်ရက်ကြာကျင်းပသွားမည်ဟု ဆိုသည်။

တောင်ကိုရီးယား ဒုတိယကာကွယ်ရေးဝန်ကြီး ဟူးဂျက်ဆန်းသည် နိုင်ငံ၏စစ်ဘက်ရေးရာနှင့် သံတမန်ရေးရာတာဝန်ရှိသူများအား ဦးဆောင်ဆွေးနွေးမည်ဟု ဆိုသည်။ အမေရိကန်ဘက်မှ အရှေ့အာရှ ဒုတိယလက်ထောက်စစ်ဘက်အတွင်းရေးမှူး အာဘရာဟမ်ဒန်းမတ်နှင့် ချူကလီးယားနှင့် ဒုံးပျံကာကွယ်ရေးလက်ထောက်အတွင်းရေးမှူး အီလိန်ဘန်းတို့က ဦးဆောင်ဆွေးနွေးကြမည်ဟု ဆိုသည်။ **(ဆင်ဟွာ)**

# ပင်လယ်ရေကြောင်းပိုးလမ်းမကြီး တည်ထောင်ရေးတွင် နှစ်နိုင်ငံ အကျိုးစီးပွားပိုမိုဖြစ်ထွန်းရေးဆွေးနွေး



**နန်နင်း စက်တင်ဘာ ၁၇**

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဒေသ နန်နင်းမြို့၌ ကျင်းပမည့် (၁၂)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးသို့တက်ရောက်ရန်အတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့သို့ ထွက်ခွာရာ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းနှင့်အတူ အဖွဲ့ဝင်များအဖြစ် ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်၊ ကချင်ပြည်နယ်စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဒေါက်တာခင်မောင်ထွန်း၊ ရှမ်းပြည်နယ် စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးအောင်ကျော်ညွန့်နှင့် တာဝန်ရှိသူများလိုက်ပါလာသော လေယာဉ်သည် ဒေသစံတော်ချိန် မွန်းလွဲ ၂နာရီတွင် နန်နင်းမြို့သို့ ရောက်ရှိရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကွန်မြူနစ်ပါတီကော်မတီ အမြဲတမ်းကော်မတီဝင် ကွန်မြူနစ်ပါတီကော်မတီ ပြန်ကြားရေးဌာနဥက္ကဋ္ဌ မစ္စတာ ရှင်ပေဟိုင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ နန်နင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ဦးမြင့်ထွန်းနှင့် တာဝန်ရှိသူများက နန်နင်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြပြီး မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ ခေတ္တတည်းခိုမည့် လိယွမ်အစိုးရဧည့်ဂေဟာသို့ ရောက်ရှိကြသည်။

ညနေပိုင်းတွင် ဒုတိယသမ္မတသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ကျန်းကောင်းလိနှင့် လိယွမ်အစိုးရဧည့်ဂေဟာခန်းမ၌ တွေ့ဆုံသည်။ **(အပေါ်ပုံ)**

အဆိုပါ နှစ်နိုင်ငံတွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးများ၊ တရုတ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့်တာဝန်ရှိသူများတက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ကျန်းကောင်းလိနှင့်အတူ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးကဏ္ဍ တိုးမြှင့်ဖော်ဆောင်ရေး၊ စီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဖော်ဆောင်ရေး၊ BCIM (၄)နိုင်ငံ စီးပွားရေးစင်္ကြံထူထောင်ရေး၊ တရုတ်နိုင်ငံ၏ ပိုးလမ်းမစီးပွားရေးရပ်ဝန်းနှင့် ၂၁ ရာစု ပင်လယ်ရေကြောင်းပိုးလမ်းမကြီး တည်ထောင်ရေးတို့တွင် နှစ်နိုင်ငံ အကျိုးစီးပွားပိုမိုဖြစ်ထွန်းရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာ့လယ်ယာထွက်ကုန်များအား တရုတ်နိုင်ငံသို့ ပိုမိုတိုးမြှင့် ရောင်းချနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ညပိုင်းတွင် ဒုတိယသမ္မတသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ကျန်းကောင်းလိက လိယွမ်အစိုးရဧည့်ဂေဟာ၌ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

ညစာစားပွဲအပြီးတွင် ဒုတိယသမ္မတသည် လိယွမ်အစိုးရဧည့်ဂေဟာ၌ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အစိုးရအဖွဲ့ ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာ ချန်းဝူအား လက်ခံတွေ့ဆုံသည်။

ယခုနှစ် (၁၂)ကြိမ်မြောက် အာဆီယံ-တရုတ် ကုန်စည်ပြပွဲကို "၂၁ ရာစု ပင်လယ်ရေကြောင်း ပိုးလမ်းမကို ပူးတွဲတည်ဆောက်ရာတွင် ပင်လယ်ရေကြောင်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အခြေပြမြေပုံတစ်ရပ်ပေါ်ပေါက်လာစေရေး" ဆောင်ပုဒ်ဖြင့် ကျင်းပခြင်းဖြစ်သည်။

**(သတင်းစဉ်)**

# ဆန္ဒမဲလက်မှတ်များ ရိုက်နှိပ်ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ မီဒီယာများအား အသိပေးရှင်းလင်း

**ရန်ကုန် စက်တင်ဘာ ၁၇**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုမည့် ဆန္ဒမဲလက်မှတ်များကို ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှ တာဝန်ယူ ရိုက်နှိပ်လျက်ရှိသည်။

ဆန္ဒမဲလက်မှတ်များ ရိုက်နှိပ်ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ပြည်တွင်းပြည်ပမီဒီယာများသို့ အသိပေးရှင်းလင်းပွဲကို စက်တင်ဘာ ၁၇ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း(ဗဟိုပုံနှိပ်စက်ရုံ) အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာ့ သတင်းစဉ်(ပြည်တွင်း)နှင့် သတင်းဌာနအချို့၏ မေးမြန်းမှုများကို ကောက်နုတ်စုစည်းဖော်ပြလိုက်ရပါသည်။

မေးမြန်းမှုများကို ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ညွှန်ကြားရေးမှူး ဦးဝင်းဦးခိုင်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

တွေ့ဆုံမေးမြန်း - မင်းသစ်၊ မြတ်စန္ဒီသင်းဇော်

**မေး ။ အခုရွေးကောက်ပွဲအတွက် မဲပေးမယ့်စက္ကူအနေအထားနဲ့ ရွေးချယ်မှုအခြေအနေကို ပြောပြပေးပါ။**

ဖြေ ။ စက္ကူအနေအထားက တင်ဒါကို ကျွန်တော်တို့ဝန်ကြီးဌာနကနေ ဒုတိယဝန်ကြီး ဦးစီးပြီး တရားဝင် တင်ဒါခေါ်ခဲ့ပါတယ်။ Megalink Co., Ltd. ကနေ တင်ဒါအောင်မြင်ပြီးသူက အင်ဒိုနီးရှားနိုင်ငံမှာရှိတဲ့ PT Pura ကုမ္ပဏီကနေ စာချုပ်ချုပ်ဆိုပြီး အပ်နှံခဲ့ခြင်းဖြစ်ပါတယ်။ အဲဒီကုမ္ပဏီကလည်း ငွေစက္ကူ အဆင့်လောက်ရှိတဲ့ လုံခြုံရေးစက္ကူတွေကို ထုတ်တဲ့စက်ရုံဖြစ်တယ်။ ပြုလုပ်နေစဉ်ကာလမှာလည်း ကျွန်တော်တို့ဆီက ဒုတိယဝန်ကြီး ဦးစီးတဲ့အဖွဲ့ သွားရောက်ပြီး စက္ကူရဲ့ သတ်မှတ်ထားတဲ့စံများနဲ့ အကျုံးဝင်မှု ရှိ မရှိကို သွားရောက်စစ်ဆေးပြီး စက္ကူရဲ့အာမခံချက်ကို ရယူထားပါတယ်။ စက္ကူရဲ့အတွင်းမှာလည်း ရေစာစနစ်ကို ထည့်ထားတယ်။ စက္ကူရဲ့နောက်ကျောမှာလည်း လွှတ်တော်ကြီးလေးရပ်မှာရှိတဲ့ အမှတ်အသားတွေဖြစ်တဲ့ လေးထောင့်၊ အဝိုင်း၊ စတုဂံစတဲ့ အမှတ်အသားတွေ ထည့်သွင်းထားတဲ့အတွက် စက္ကူအနေအထားကလည်း လုံခြုံရေးအဆင့်ရှိတယ်လို့ ပြောလို့ရပါတယ်။ သို့သော်လည်း ပိုက်ဆံတောင်မှ အတုထုတ်နေတာရှိတော့ ကျွန်တော်တို့စက္ကူကလည်း ၁၀၀ ရာခိုင်နှုန်းပြည့်စုံတယ်လို့တော့ ပြောလို့မရပါဘူး။ ဒါပေမယ့် ဆောင်ရွက်ထားတဲ့ အနေအထားမှာတော့ ၉၉ ဒသမ ၉၉ အနေအထား စက္ကူကိုအာမခံပါတယ်။

**မေး ။ ဘယ်နေရာတွေမှာ ရိုက်နှိပ်ပါသလဲ။ ဘယ်ဒေသတွေအတွက် ဦးစားပေး ရိုက်နှိပ်ပါသလဲ။**

ဖြေ ။ ရိုက်တာကတော့ ရန်ကုန်ဒေသနဲ့ နေပြည်တော်ဒေသမှာရှိတဲ့ လုံခြုံရေးအစီအမံရှိတဲ့ နေရာတွေမှာ ရိုက်နေပါတယ်။ ဝေးလံခေါင်ဖျားပြီး ရာသီဥတုဆိုးရွားတဲ့ ကချင်၊ ချင်း၊ ကရင်၊ ရခိုင်၊ မွန် ဒေသအတွက် ဦးစားပေးရိုက်နေပါတယ်။ ရိုက်တဲ့အနေအထားပြီးစီးမှုက ပြောလို့မရသေးပါဘူး။ အပြောင်းအလဲ အပြင်အဆင်တွေကလည်း ပြင်ဆင်နေဆဲပဲဖြစ်တာကြောင့် ရာခိုင်နှုန်းအားဖြင့် ပြောလို့မရသေးပါဘူး။

**မေး ။ ရိုက်နှိပ်မယ့်အခါ လုံခြုံရေးအနေအထားနဲ့ ပြင်ဆင်ထားမှုအကြောင်း ပြောပြပေးပါ။**

ဖြေ ။ လွန်ခဲ့တဲ့ တစ်လလောက်ကတည်းက လုံခြုံရေးအစီအမံတွေ ဆောင်ရွက်နေပါတယ်။ ပုံနှိပ်တဲ့နေရာမှာလုံခြုံရေးကို အတွင်းစည်း၊ အပြင်စည်း နှစ်ထပ်ထားပါတယ်။ နောက်ပြီး မီးသတ်၊ ၂၄ နာရီ မီးမပြတ်ရေးအတွက် လျှပ်စစ်ဌာန၊ ကျန်းမာရေးအတွက်လည်း ဝန်ထမ်းတွေ ထားရှိတယ်။ ရိုက်နှိပ်သူတွေကတော့ ၂၀၁၀ ပြည့်နှစ်တုန်းက ရိုက်နှိပ်တဲ့အတွေ့အကြုံရှိတဲ့ ဝန်ထမ်းတွေဖြစ်ပါတယ်။

**မေး ။ မဲလက်မှတ်တွေကို ပို့ဆောင်မယ့်အစီအစဉ် သိပါရစေ။**

ဖြေ ။ တိုင်းဒေသကြီးတွေကို ကျွန်တော်တို့ဆီက ရိုက်နှိပ်ပြီးသွားတဲ့အခါမှာ တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်ကတစ်ဆင့် တင်ပြလိုက်မှာဖြစ်ပါတယ်။ အဲဒီလိုတင်ပြပြီး အကြောင်းကြားလိုက်ရင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကပဲ သူ့ရဲ့လက်အောက်မှာရှိတဲ့ တိုင်းဒေသကြီးတွေကို ဆက်လက်အကြောင်းကြားပါလိမ့်မယ်။ အဲဒီတိုင်းဒေသကြီးကော်မရှင်က သူ့မြို့နယ်အလိုက်ကော်မရှင်အဖွဲ့တွေက လာရောက်ထုတ်ယူမှာဖြစ်ပါတယ်။ အဲဒီလိုထုတ်ယူတဲ့အခါမှာလည်း သူတို့ရဲ့လုံခြုံရေးနဲ့သူတို့ တစ်ပါတည်း လာရောက်မှာပါ။ ကျွန်တော်တို့ကတော့ စက်ရုံကနေပဲ တစ်ခါတည်းစိစစ်စစ်ဆေးပြီး ထုတ်ပေးလိုက်မှာ ဖြစ်ပါတယ်။ မဲလက်မှတ်တွေကို လုံခြုံရေးယူပြီး လိုက်လံပို့ဆောင်ပေးမှာတော့ မဟုတ်ပါဘူး။

**မေး ။ ၂၀၁၀ ပြည့်နှစ်နဲ့ ၂၀၁၂ ခုနှစ်မှာ ကျင်းပခဲ့တဲ့ ရွေးကောက်ပွဲတွေမှာ မဲလက်မှတ်တွေအပေါ် ဆန္ဒမဲပေးတဲ့အခါ အမှန်ခြစ်ရတာရှိတယ်။ အဲဒီအခါ မထင်ရှားတဲ့အတွက် အငြင်းပွားမှုတွေရှိခဲ့တယ်။ ဒီနှစ်မှာရော အဲဒီလိုမဖြစ်အောင် စာရွက်တွေကို ဘယ်လိုဆောင်ရွက်ထားပါသလဲ။**

ဖြေ ။ နဂိုတုန်းက စက္ကူအမျိုးအစားက ဘောပင်နဲ့ခြစ်တဲ့အခါ အပေါ်က ချောနေလို့ခြစ်လို့မရဘူးဆိုတာပြောကြတယ်။ အခုအခါမှာတော့ စက္ကူရဲ့စုပ်ယူစွမ်းအားကို ဘောပင်နဲ့လည်းခြစ်ခဲ့တယ်၊ တံဆိပ်တုံးနဲ့လည်းနှိပ်ခဲ့တယ်၊ စမ်းသပ်စစ်ဆေးခဲ့ပြီးဖြစ်ပါတယ်။ လက်ရှိ အားနည်းချက်တော့မတွေ့ပါဘူး။ ပိုပြီးလုံခြုံကောင်းမွန်အောင် လုပ်ထားတဲ့အတွက် အားနည်းချက်မရှိနိုင်ပါဘူး။ ၂၀၁၂ မှာ ဖယောင်းသုတ်တယ်ဆိုပြီးဖြစ်တယ်။ ကော်မရှင်ကနေပြီး စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့ပြီး စစ်လိုက်တော့ မမှန်ကန်ဘူးဆိုတာတွေ့တယ်။

**မေး ။ ပုံနှိပ်ပြီး မဲစာရွက်တွေကို ဘယ်ရက်နောက်ဆုံးထားပြီး တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကို ပို့သွားမှာလဲ။**

ဖြေ ။ နောက်ဆုံးရတဲ့ရက်အပေါ်မှာပဲ ဖြန့်သွားမယ်၊ တဖြည်းဖြည်းချင်း ဖြန့်ဖို့ လုပ်နေပြီ၊ ဆက်သွယ်ရေးဝေးတဲ့ ချင်း၊ ကချင်၊ ရခိုင်ဒေသတွေကို ဦးစားပေးဖြန့်သွားမယ်။ ပြည်ပရောက်နေတဲ့ မဲဆန္ဒရှင်အတွက် အောက်တိုဘာလဆန်းလောက်မှာ နိုင်ငံခြားရေးကို ပို့မယ်။ နိုင်ငံခြားရေးကနေ သက်ဆိုင်ရာ သံရုံးကိုပို့မှာ၊ ဟိုက မဲပေးပြီးရင် ကျွန်တော်တို့ဆီပြန်ပို့ပေးမှာ။

**မေး ။ ၂၀၁၀ ပြည့်နှစ်တုန်းကထက် ယခု ၂၀၁၅ ခုနှစ်မှာ မဲလက်မှတ်အတွက် စက္ကူဝယ်ယူမှု ငွေတန်ဖိုး ပိုများလာတာကို တွေ့ရပါတယ်။ ဘာကြောင့်ကွာဟသွားတယ်ဆိုတာ သိပါရစေ။**

ဖြေ ။ စက္ကူအမျိုးအစားက မတူပါဘူး။ စက္ကူလုပ်တဲ့သူတွေသိပါတယ်။ စက္ကူတစ်ခုမှာ ရေစိုခံနိုင်အား၊ စုပ်ယူစွမ်းအားစတဲ့အချက်တွေရှိပါတယ်။ အဲဒီအချက်တွေမှာ ကောင်းခြင်း၊ မကောင်းခြင်းရှိတယ်။ စက္ကူကောင်းလာတာနဲ့အမျှ တစ်တန်ကို ဒေါ်လာ ၅၀၀၀ ကနေ ၁၀၀၀၀ ထိတန်တဲ့ စက္ကူလည်းရှိပါတယ်။ အဲဒီလိုအနေအထားမျိုးတွေရှိတဲ့အတွက်ကြောင့် အခုသုံးမယ့်စက္ကူကရေစာပါတယ်၊ လုံခြုံရေးစနစ်ပါတယ်၊ လုံခြုံရေးစနစ်ပါတဲ့အတွက်ကြောင့် ပိုပြီး ဈေးပိုကြီးတဲ့အတွက်ကြောင့်လို့ ပြောလို့ရပါတယ်။

**မေး ။ တစ်နိုင်ငံလုံးမှာ လူက သန်း ၅၀ ကျော်ပဲရှိတာ၊ မဲပေးနိုင်တဲ့သူကလည်း အဲဒီထက်နည်းတယ်၊ ဘာကြောင့် မဲတွေကိုပိုရိုက်ထားတာလဲ။**

ဖြေ ။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က မှာကြားတဲ့ စောင်ရေအတိုင်း ပုံနှိပ်တာပါ။ မဲထည့်ခွင့်ရှိတဲ့ လူတစ်ယောက်က ပြည်သူ့လွှတ်တော်ရယ်၊ အမျိုးသားလွှတ်တော်ရယ်၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်ရယ် မဲပေးရတယ်။ ဒါ့အပြင် အဲ့ဒီနယ်မြေမှာရှိတဲ့ တိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ်တွေကိုလည်း မဲပေးရတယ်။ အဲဒီအတွက် ပြည်သူ့လွှတ်တော်အတွက် အမျိုးအစား ၃၃၀ အမှာစောင်ရေ ၄၀ ဒသမ ၄၀ သန်း၊ အမျိုးသားလွှတ်တော်အတွက် ၁၆၈ မျိုး အမှာစောင်ရေ ၃၈ ဒသမ ၃၅ သန်း၊ တိုင်းဒေသကြီး လွှတ်တော်အတွက် ၆၃၆ မျိုး အမှာစောင်ရေ ၃၉ ဒသမ ၆၃ သန်း၊ တိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ်များအတွက် ၂၉ မျိုး အမှာစောင်ရေ ၇ ဒသမ ၁၇ သန်း စုစုပေါင်း ၁၁၆၃ မျိုးအတွက် ၁၂၅ ဒသမ ၅၅ သန်းကို ရွေးကောက်ပွဲကော်မရှင်က မှာတဲ့အတွက်ရိုက်ရတယ်။ မဲဆန္ဒရှင်တစ်ယောက်က မဲသုံးခုပေးရတဲ့အတွက် သုံးဆရိုက်ရတယ်။ တိုင်းရင်းသားအတွက်လည်းပါတော့ မဲက အဲဒီလိုဖြစ်သွားတာ။ ကြားဖြတ်ရွေးကောက်ပွဲဆိုတာလည်း လာနိုင်သေးတယ်။ အဲဒီမှာလည်း ထပ်သုံးမယ်ဆိုရင် ဒီအပေါ်မှာ တွက်ချက်ပြီး လုပ်ထားတာဖြစ်ပါတယ်။

# မဲရုံမှူးအနေဖြင့် မဲရုံတွင် ဖြစ်လာနိုင်သည့်ပဋိပက္ခများ၊ ပြဿနာများအပေါ်တွင်လည်း ဥပဒေနှင့်အညီ ဖြေရှင်းနိုင်ရန်လိုအပ်



**နေပြည်တော် စက်တင်ဘာ ၁၇**

မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ ပညာပေးသင်တန်း အမှတ်စဉ်(၃/၂၀၁၅) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ကော်မရှင်အဖွဲ့ဝင်များ၊ အတွင်းရေးမှူး၊ AEC နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အဓိကတာဝန်ယူလုပ်ဆောင်ကြရမည့်သူများမှာ မဲရုံမှူး နှင့်မဲရုံအဖွဲ့ဝင်များဖြစ်၍ ရွေးကောက်ပွဲနေ့တွင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ကျွမ်းကျွမ်းကျင်ကျင် ဆောင်ရွက်နိုင်ရန်လိုအပ်ကြောင်း၊ မဲရုံမှူးအနေဖြင့် မဲရုံတွင် ဖြစ်လာနိုင်သည့်ပဋိပက္ခများ၊ ပြဿနာများအပေါ်တွင်လည်း ဥပဒေနှင့်အညီ ဖြေရှင်းနိုင်ရန် လိုအပ်ကြောင်း။

မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များကို ခန့်အပ်သည့်အခါ ဝန်ထမ်းများကို ဦးစားပေးအစီအစဉ်အတိုင်း ခန့်အပ်ရမည်ဖြစ်သော်လည်း မဲရုံအဖွဲ့ဝင်များအနေဖြင့် အဆိုပါမဲရုံ မဲစာရင်းတွင် ပါဝင်ပြီးဖြစ်သည့် အများပြည်သူ ယုံကြည် လေးစားခြင်းခံရသော မဲဆန္ဒရှင် သို့မဟုတ် အဆိုပါ မဲဆန္ဒနယ်မြေအတွင်းရှိ ဒေသခံပြည်သူများလည်း ဖြစ်နိုင်ကြောင်း၊ ရွေးကောက်ပွဲတွင် အတွေ့အကြုံရှိသူများပါနိုင်သကဲ့သို့ အတွေ့အကြုံမရှိသူများလည်း ပါဝင်နိုင်ကြောင်း၊ သင်တန်းပို့ချသည့်အခါ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များလက်စွဲပါ လမ်းညွှန်ချက်များအတိုင်း ကျွမ်းကျွမ်းကျင်ကျင်လုပ်ဆောင်နိုင်ရေးအတွက် သင်ကြားပေးရန် လိုအပ်သကဲ့သို့ လက်တွေ့ပိုင်းကိုလည်း လေ့ကျင့်ပေးရန်လိုကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ငန်းလမ်းညွှန်များကို ကျေကျေညက်ညက် သိရှိနားလည်ထားမှသာ လုပ်ငန်းပိုင်းတွင် တိတိကျကျဆောင်ရွက်နိုင်မည်ဖြစ်ပြီး ပြဿနာများကို ဖြေရှင်းဆောင်ရွက်ရာတွင်လည်း အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

နည်းပြလုပ်ကြမည့် ပုဂ္ဂိုလ်များအနေဖြင့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ငန်းလမ်းညွှန်များ၊ မဲရုံမှူးနှင့် မဲရုံဝန်ထမ်းများလက်စွဲပါ အချက်အလက်များအပေါ် သေချာရှင်းလင်းစွာ သိရှိထားမှသာ ပြန်လည်သင်ကြားပို့ချသည့်အခါ ထိထိရောက်ရောက် သင်ကြားနိုင်မည်ဖြစ်ကြောင်း။

ရွေးကောက်ပွဲကို လွတ်လပ်မျှတသည့် ရွေးကောက်ပွဲအဖြစ် ကျင်းပပေးသွားမည်ဖြစ်ပြီး ပြည်တွင်း/ ပြည်ပ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များအား ဖိတ်ခေါ်ထားကြောင်း၊ နိုင်ငံတကာမှလည်း စောင့်ကြည့်လျက်ရှိကြောင်း၊ တမင်ရည်ရွယ်၍ လုပ်ဆောင်ခဲ့ခြင်းမဟုတ်ဘဲ ရိုးသားစွာ မှားယွင်းမှုအပေါ် ဝေဖန်မှုများရှိနိုင်၍ နိုင်ငံ၏ပုံရိပ်နှင့် ဂုဏ်သိက္ခာကို ထိခိုက်စေနိုင်ကြောင်း၊ ရွေးကောက်ပွဲတွင် တာဝန်ရှိသူများအနေဖြင့် ဘက်လိုက်မှုမရှိဘဲ ဥပဒေနှင့်အညီ မျှမျှတတဆောင်ရွက်ကြရန် လိုကြောင်း။

ရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးနိုင်ရေး ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်အနေဖြင့် ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ ပြည်သူလူထုအနေဖြင့် ရွေးကောက်ပွဲ၏အနှစ်သာရနှင့်အညီ မဲပေးနိုင်ရေး ပညာပေးရန်လိုကြောင်း။

မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ သင်တန်းကို အောက်တိုဘာလတွင် ပို့ချပေးရမည်ဖြစ်၍ သင်တန်းတက်ရောက်လာသည့် နည်းပြလုပ်မည့်သူများအနေဖြင့် သင်ကြားပို့ချမှုများအပေါ် အလေးအနက်ထားသင်ယူပြီး မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များကို သင်တန်းပေးသည့်အခါ ပိုင်ပိုင်နိုင်နိုင် သင်ကြားနိုင်ရေး ဆက်လက်လေ့လာသွားကြရန် ပြောကြားသည်။

ယင်းနောက် Australia Electoral Commission မှ Ms. Robyn Whitney က သင်တန်းပို့ချရခြင်းနှင့် စပ်လျဉ်း၍ ယခုသင်တန်းသည် ဆင့်ပွားသင်တန်းပို့ချရာတွင် လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ရည်ရွယ်ပါကြောင်း၊ သင်ခန်းစာများကို IFES နှင့်ပူးပေါင်း၍ ပြုစုခဲ့ပါကြောင်း၊ ဩစတြေးလျနိုင်ငံတွင်လည်း ရွေးကောက်ပွဲကော်မရှင်ဝန်ထမ်းများအား သင်တန်းပို့ချလျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများမှ သင်တန်းသား ၅၀ ဖြင့် စက်တင်ဘာ ၁၇ ရက်မှ ၁၈ ရက်အထိ နှစ်ရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်သည်။

**(သတင်းစဉ်)**

# လယ်ယာသီးနှံများတိုးတက်ထုတ်လုပ်နိုင်ရေးတွင် အခြေခံသည့် မျိုးကောင်းမျိုးသန့်မျိုးစေ့များထုတ်လုပ်ရေး ကြိုးပမ်းကြရမည်



**မနီလာ စက်တင်ဘာ ၁၇**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် စက်တင်ဘာ ၁၀ ရက်မှ ၁၂ ရက်အထိကျင်းပသည့် (၃၇)ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားရာတွင် ကမ္ဘာ့လူသားအားလုံးအတွက် အဓိကအရေးကြီးသည့် စားနပ်ရိက္ခာလုံခြုံမှုနှင့် အာဟာရပြည့်ဝရေးသည် လက်ရှိအားဖြင့် ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်ရသည့် သဘာဝဘေးအန္တရာယ်များ၊ လူသားတို့၏ လောဘမီး၊ ဒေါသ မီး၊ ပယောဂမီးများကြောင့် ဖြစ်ပွားကြရသည့် ဘေးအန္တရာယ်များ၏ ခြိမ်းခြောက်မှုကို ခံစားနေကြရကြောင်း။

အာဆီယံနိုင်ငံများအနေဖြင့် မိမိတို့၏နိုင်ငံသားပြည်သူများနှင့် ဒေသတွင်းစားနပ်ရိက္ခာ ဖူလုံရေးအတွက် "တစ်ခုတည်းသောအမြင်၊ တစ်ခုတည်းသော သွင်ပြင်လက္ခဏာနှင့် တစ်ခုတည်းသော အသိုက်အဝန်း" ဟူသည့် အာဆီယံစိတ်ဓာတ် ပြည့်ဝစွာဖြင့် စားနပ်ရိက္ခာတိုးတက် ထုတ်လုပ်နိုင်ရေးအပေါ် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း။

အဓိကလိုအပ်ချက်များဖြစ်သည့် အရည်အသွေးကောင်း၊ အထွက်နှုန်းကောင်း လယ်ယာသီးနှံများ တိုးတက်ထုတ်လုပ်နိုင်ရေးတွင် အခြေခံသည့် မျိုးကောင်း မျိုးသန့်မျိုးစေ့များထုတ်လုပ်ရေးကို တိုးတက်ဆောင်ရွက်နိုင်ရန် ကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း၊ မျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမှ တန်ဖိုးကွင်းဆက်များအပေါ် တိုးချဲ့လုပ်ကိုင်နိုင်ခြင်းဖြင့် လုပ်ကွက်ငယ်တောင်သူများ၏ ထုတ်လုပ်မှုနှင့် ဝင်ငွေတိုးတက်ခြင်း အကျိုးကျေးဇူးများကို ရရှိခံစားနိုင်စေမည်ဖြစ်ပြီး စားရေရိက္ခာထုတ်လုပ်မှု တိုးတက်မြင့်မားလာစေမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က သဘာပတိတာဝန်ကို အလှည့်ကျ သဘာပတိ၊ ဖိလစ်ပိုင်နိုင်ငံ လယ်ယာစိုက်ပျိုးရေးဌာနဝန်ကြီးဖြစ်သူ မစ္စတာ ပရိုဆက်ဆိုအယ်လ်ကာလာထံ လွှဲပြောင်းပေးအပ်ပြီး အစည်းအဝေးကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပသည်။

စက်တင်ဘာ ၁၁ ရက်တွင် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးများနှင့် အပေါင်းသုံး နိုင်ငံဝန်ကြီးများအဆင့် အစည်းအဝေးကို ဆက်လက်ကျင်းပရာ အပေါင်းသုံးနိုင်ငံများဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံတို့နှင့် အာဆီယံနိုင်ငံများအကြား လယ်ယာကဏ္ဍနှင့် သစ်တောကဏ္ဍဆိုင်ရာ ရေရှည်တည်တံ့စွာ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုများ၊ ဆက်လက်ဆောင်ရွက်သွားမည့်အစီအမံများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စု ဝန်ကြီးသည် အစည်းအဝေးကာလအတွင်း ဖိလစ်ပိုင်နိုင်ငံ လယ်ယာစိုက်ပျိုးရေးဌာန ဝန်ကြီး မစ္စတာပရိုဆက်ဆိုအယ်လ်ကာလာဦးဆောင်သည့် ဖိလစ်ပိုင်နိုင်ငံအခြေစိုက် SL Agri Tech Corporation နှင့် လည်းကောင်း၊ ဖိလစ်ပိုင်နိုင်ငံ အမျိုးသားအစားအစာ အာဏာပိုင်အဖွဲ့ (National Food Authority) အဖွဲ့နှင့်လည်းကောင်း၊ အာဆီယံ-အမေရိကန်စီးပွားရေးကောင်စီနှင့်လည်းကောင်း၊ ဗီယက်နမ်နိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနဝန်ကြီး H. E. Dr. Le Quoc Doanh နှင့်လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနဝန်ကြီး H. E. Mr. Chen Xiao Hua နှင့်လည်းကောင်း၊ ဂျပန်နိုင်ငံ လယ်ယာစိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်းဝန်ကြီးဌာန State Minister, Ms. Toshiko Abe နှင့် လည်းကောင်း၊ ကိုရီးယားသမ္မတနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H. E. Mr. Oh Kyung Tae နှင့်လည်းကောင်းတွေ့ဆုံ၍ မြန်မာ့လယ်ယာထွက်ကုန်များ တင်ပို့ရောင်းချနိုင်ရေး၊ မျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ နည်းပညာအကူအညီများရရှိရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအပေါ် နိုင်ငံအချင်းချင်း၊ အစိုးရအချင်းချင်း၊ စီးပွားရေးအဖွဲ့အစည်းအချင်းချင်း ပူပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်နိုင်ရန် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# MECTel CDMA 800 MHz မှ သီတင်းကျွတ်အကြို(ဝါကျွတ်) လက်ဆောင်များပေး

**ရန်ကုန် စက်တင်ဘာ ၁၇-** MECTel မှ ၂၀၁၅ ခုနှစ် သီတင်းကျွတ်အကြို (ဝါကျွတ်) လက်ဆောင်အဖြစ် စက်တင်ဘာ ၁၈ ရက်မှစတင်၍ MECTel CDMA 800 MHz ဖုန်းသုံးစွဲသူများကို ငွေကျပ် ၁၀၀၀၀ တန် ငွေဖြည့်ကတ် ဖြည့်သွင်းပါက Bonus ၇၀ ရာခိုင်နှုန်း၊ ၅၀၀၀ တန် ငွေဖြည့်ကတ်ဖြည့်သွင်းပါက Bonus ၅၀ ရာခိုင်နှုန်းနှင့် ၃၀၀၀ တန် ငွေဖြည့်ကတ်ဖြည့်သွင်းပါက Bonus ၃၀ ရာခိုင်နှုန်း အပိုထပ်ဆောင်းငွေ Bonus များ ရရှိမည်ဖြစ်ကြောင်း သိရသည်။

MECTel ငွေဖြည့်ကတ်သုံးစွဲသူများအနေဖြင့် အဆိုပါ Bonus ငွေကို ငွေဖြည့်ကတ်စတင်ဖြည့်သွင်းသည့်ရက်မှ ရက်ပေါင်း ၆၀ အတွင်း သုံးစွဲသွားနိုင်မည်ဖြစ်၍ Bonus ငွေဖြင့် Voice , SMS, Data များအား သုံးစွဲနိုင်မည်ဖြစ်သည်။ ငွေဖြည့်ကတ်တစ်မျိုးတည်းအတွက်သာ အကျုံးဝင်မည်ဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် ရေဘေးသင့်ဒေသများဖြစ်သော ကလေး၊ ဟားခါး၊ ဟသ်ာတ၊ ညောင်တုန်း၊ သာပေါင်း၊ အင်ပူနှင့် ဇလွန်မြို့နယ်တို့တွင် သဘာဝဘေးသင့်ပြည်သူများ၊ ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးသွားရောက်ဆောင်ရွက်သူများ၊ ဆက်သွယ်ရေးအဆင်ပြေစေရေးအတွက် MECTel ဖုန်းအချင်းချင်းခေါ်ဆိုပါက အခမဲ့ ခေါ်ဆိုနိုင်မည့်ဝန်ဆောင်မှုကိုလည်း စေတနာထက်သန်စွာဖြင့် ဆက်လက်လှူဒါန်းပေးလျက်ရှိကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

❁ *ကျောဖုံးမှ*

ပူးတွဲကြေညာချက်၌ ဖော်ပြပါရှိသော နိုင်ငံများ၏ စိုးရိမ်မကင်း ဖြစ်ရသည်ဆိုသည့် အကြောင်းတရားများကြောင့် ဖြစ်ပေါ်လာနိုင်ဖွယ်ရှိသည့် ကိစ္စရပ်ကြီးငယ်များကို တည်ဆဲဥပဒေ၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ ဘက်လိုက်ခွဲခြားမှုမရှိဘဲ တရားမျှတစွာ ဖြေရှင်းပေးနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စီမံဆောင်ရွက်ထားရှိပြီးဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ၁၅-၉-၂၀၁၅ ရက်နေ့ နိုင်ငံတကာဒီမိုကရေစီနေ့ သဝဏ်လွှာတွင်လည်း "မြန်မာနိုင်ငံသည် ဓလေ့ထုံးတမ်းပေါင်းစုံ၊ ကိုးကွယ်ယုံကြည်မှုပေါင်းစုံရှိသည့် လူမျိုးများစွာနေထိုင်သော နိုင်ငံဖြစ်သည့်အတွက် မဲဆွယ်စည်းရုံးရေးလုပ်ငန်းစဉ်များတွင် နိုင်ငံ၏ လူမှုသဟဇာတဖြစ်မှုနှင့် မတူညီသည့် ကိုးကွယ်ယုံကြည်မှုများကို ထိခိုက်နစ်နာစေသည့် ကိစ္စရပ်များမပေါ်ပေါက်စေရန် နိုင်ငံရေးပါတီများနှင့် မဲဆန္ဒရှင်ပြည်သူများအားလုံး ရှောင်ရှားရန်လိုအပ်ကြောင်း. . ." အတိအလင်းဖော်ပြထားပါသည်။ ယင်းမှာ မြန်မာနိုင်ငံအနေဖြင့် လူမှုအဖွဲ့အစည်းများအတွင်း လူမျိုးရေး၊ ဘာသာရေး သဟဇာတဖြစ်မှုကို အလေးထားကြောင်း ဖော်ပြနေခြင်းဖြစ်ပါသည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ပြည်သူများနှင့် သက်ဆိုင်သူများအားလုံးသည် တရားမျှတပြီး လွတ်လပ်သည့် ရွေးကောက်ပွဲများ ကျင်းပနိုင်ရေးကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံသူနိုင်ငံသားအားလုံး တန်းတူရည်တူအခွင့်အရေးကိုလူမျိုး၊ ဘာသာ၊ ကျား/ မ မရွေး ခံစားခွင့်ရှိကြောင်း အတိအလင်းဖော်ပြထားပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတစ်ဝန်း၌ ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်ရေး လုပ်ငန်းစဉ်နှင့် မဲဆွယ်စည်းရုံးရေးကာလအတွင်း တရားဥပဒေစိုးမိုးရေးနှင့်တည်ငြိမ်အေးချမ်းရေးကို အထူးအလေးပေးဆောင်ရွက်နေချိန်တွင် ပူးတွဲကြေညာချက်သည် ဘာသာရေးလူမျိုးရေးအရအထင်အမြင်လွဲမှားမှုများ သံသယများ ပေါ်ပေါက်စေနိုင်သည့် တစ်ဖက်သတ် သုံးသပ်ဖော်ပြချက်များဖြစ်သည်ကို တွေ့ရှိရပါသည်။

ယခုကဲ့သို့ သိမ်မွေ့နက်နဲသည့်အချိန်အခါတွင် ပူးတွဲကြေညာချက်ကို ထုတ်ပြန်ခဲ့ခြင်းသည် ရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အေးချမ်းကောင်းမွန်သည့်ပတ်ဝန်းကျင်တစ်ရပ်ကို ကြိုးစားဖန်တီးနေကြသည့် မြန်မာပြည်သူများ၏ ကြိုးပမ်းအားထုတ်မှုများကို လျစ်လျူပြုရာရောက်ပါသည်။ သို့ဖြစ်၍ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ပူးတွဲကြေညာချက်ပါ ပြည်သူများအကြား အထင်အမြင်လွဲမှားမှုများကို ဖြစ်ပေါ်စေနိုင်သည့်ဖော်ပြချက်များကို ပြတ်ပြတ်သားသား ဆန့်ကျင်ပယ်ချပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်။**
**ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်**

# မြန်မာနိုင်ငံတွင် အားလုံးပါဝင်နိုင်သော ငွေကြေးကဏ္ဍတည်ဆောက်ရေး လမ်းပြမြေပုံ အကောင်အထည်ဖော်ရေး ဒုတိယအကြိမ် အစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၇**

မြန်မာနိုင်ငံတွင် အားလုံးပါဝင်နိုင်သော ငွေကြေးကဏ္ဍ တည်ဆောက်ရေးလမ်းပြမြေပုံ အကောင်အထည်ဖော်ရေးဦးဆောင်ကော်မတီ Steering Committee ဒုတိယ အကြိမ် အစည်းအဝေးကို စက်တင်ဘာ ၁၀ ရက်နံနက် ၉ နာရီတွင် ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ Financial Inclusion နှင့် သက်ဆိုင်သောဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ UNDP-UNCDF မှ တာဝန်ရှိသူများ၊ ADB၊ JICA၊ LIFT Fund တို့မှ တာဝန်ခံအဆင့်မြင့်ကိုယ်စားလှယ်များ၊ ဘဏ္ဍာရေးဝန်ကြီးဌာန ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

အဆိုပါ အစည်းအဝေးတွင် ဦးဆောင်ကော်မတီ Steering Committee ဥက္ကဋ္ဌ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက အမှာစကားပြောကြားရာတွင် လမ်းပြမြေပုံပါ ဆောင်ရွက်ရန် လုပ်ငန်းစဉ်များထဲမှ ကာလတို အောင်မြင်မှုရရှိနိုင်သည့် လုပ်ငန်းစဉ် (၆)ရပ်ဖြစ်သော ပြည်သူများအကြား ငွေကြေးအသိပညာ ဖြန့်ဝေခြင်း စနစ်ကျင့်သုံးရေး၊ မိသားစုတစ်စု ဘဏ်ငွေစာရင်းတစ်ခုစနစ်ကျင့်သုံးရေး၊ ဝင်ငွေနည်း မိသားစုများသို့ ငွေကြေးဝန်ဆောင်မှုများ ပိုမိုဖြည့်ဆည်းဆောင်ရွက်ပေးရေး၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် ငွေကြေးဝန်ဆောင်မှုများ ပိုမိုဖြည့်ဆည်းပေးရေးနှင့် လမ်းပြမြေပုံ အကောင်အထည်ဖော်ရေး Financial Inclusion နှင့် ပတ်သက်၍ လည်းကောင်း၊ Financial Literacy နှင့် ပတ်သက်၍ လည်းကောင်း ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် နားလည်သိရှိ ပါဝင်လာနိုင်အောင် Media များကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုဆောင်ရွက်ရန်ဖြစ်ကြောင်း ရှင်းလင်းမှာကြားသည်။

ထို့နောက် တက်ရောက်လာကြသော ဦးဆောင်ကော်မတီဝင်များ၊ ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများမှ မိမိတို့ဆောင်ရွက်မည့် လုပ်ငန်းနယ်ပယ်အလိုက် လုပ်ငန်းဆောင်ရွက်မှုများ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးရန် လိုအပ်ချက်များ၊ ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ရှင်းလင်း တင်ပြကြရာ ဒုတိယဝန်ကြီးက ဖြည့်စွက်အကြံပြု ဆွေးနွေးခဲ့ကြသည်။

၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ လူဦးရေ အရွယ်ရောက်ပြီး ဦးရေ၏ ၃၀ ရာခိုင်နှုန်းသာ တရားဝင် ငွေကြေးဝန်ဆောင်မှု သုံးစွဲခွင့်ရရှိပြီး အရွယ်ရောက်ပြီးသူ ဦးရေ၏ ၆ရာခိုင်နှုန်းသာ တစ်ခုထက်ပိုသော ငွေကြေးဝန်ဆောင်မှု သုံးစွဲနိုင်ရန်မှ ၂၀၂၀ ပြည့်နှစ်တွင် အရွယ်ရောက်ပြီးသူ ဦးရေ၏ ၄၀ရာခိုင်နှုန်းငွေကြေးဝန်ဆောင်မှု ရရှိသုံးစွဲနိုင်ပြီး တစ်ခုထက်ပိုသော ငွေကြေးဝန်ဆောင်မှု သုံးစွဲသူ ဦးရေ ၁၅ ရာခိုင်နှုန်းတိုးတက်ရန် အကောင်အထည်ဖော်ရေးအတွက် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း ဦးဆောင်သည့် လမ်းပြမြေပုံ အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီ Steering Committee ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား သံအမတ်ကြီးများ လာရောက်တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၁၇**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ဗန်ကောက်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ နယ်သာလန် သံအမတ်ကြီး မစ္စတာ ကာရယ်ဂျိုဟန်း(စ်) နက်ဟာတော့ဂ်ျ နှင့် ဗန်ကောက်မြို့အခြေစိုက် လူဇင်ဘတ်နိုင်ငံ သံအမတ်ကြီး မစ္စတာ ရောဘတ်လောအာတို့က ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမသို့ သီးခြားစီလာရောက်တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကိုယ်စားလှယ်လောင်းများအား စိစစ်ရေးကတ်ထုတ်ပေး

**လားရှိုး စက်တင်ဘာ ၁၇**

လားရှိုးခရိုင်အတွင်းမှ ရွေးကောက်ပွဲတွင်ပါဝင်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီ ကိုယ်စားလှယ်လောင်းများအား စိစစ်ရေးကတ်ထုတ်ပေးခြင်းအခမ်းအနားကို စက်တင်ဘာ ၁၆ ရက် နံနက် ၁၀နာရီက လားရှိုးခရိုင်ကော်မရှင် ဥက္ကဋ္ဌရုံးခန်းမ၌ ပြုလုပ်သည်။

လားရှိုးခရိုင်ကော်မရှင် အဖွဲ့ဝင်များနှင့် နိုင်ငံရေးပါတီ ၁၁ ပါတီမှ ကိုယ်စားလှယ်လောင်းများတက်ရောက်ပြီး ကိုယ်စားလှယ် ၈၈ ဦး အတွက်စိစစ်ရေးကတ်များကို လားရှိုးခရိုင်ကော်မရှင် ဥက္ကဋ္ဌဦးတင်မောင်ရွှေက ပေးအပ်သည်။

လားရှိုးခရိုင်အတွင်းရှိလားရှိုး၊ သိန္နီ၊ တန့်ယန်း၊ မိုင်းရယ်၊ ကွမ်းလုံမြို့နယ်အများ၌ မဲရုံပေါင်း ၃၇၄ ရုံတွင် အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်နှင့် တိုင်းရင်းသားရေးရာလူမျိုးစု ကိုယ်စားလှယ်များက ပါဝင်ယှဉ်ပြိုင်ကြမည်ဟု သိရသည်။ **မမ(လားရှိုး)**

# မဲဆန္ဒရှင်များအသိပညာပေးလုပ်ငန်းများ လာရောက်ဆောင်ရွက်

**မိတ္ထီလာ စက်တင်ဘာ ၁၇**

၂၀၁၅ အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများ မဲပေးနိုင်ရေးအတွက် မိတ္ထီလာ၊ ဝမ်းတွင်း၊ သာစည်မြို့နယ်များတွင် မဲဆန္ဒရှင်များ အသိပညာပေးလုပ်ငန်းများကို Myanmar Education and Observation New Age (MEON) မှ စက်တင်ဘာ ၁၆ ရက်က စတင်ပြီး လာရောက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



"မဲပေးပိုင်ခွင့်ရှိသူတိုင်း မဲပေးနိုင်ဖို့ တိုက်တွန်းအသိပညာပေးတာပါ။ အဓိကကတော့ ရွေးကောက်ပွဲမှာ အမျိုးသမီးများ ပိုမိုပါဝင်နိုင်ဖို့အတွက် အမျိုးသမီးများကို ဦးစားပေးအသိပညာပေးဆောင်ရွက် နေပါတယ်။ အမျိုးသမီးမဲဆန္ဒရှင်တွေကို အသိပညာပေးဆွေးနွေးပွဲတွေလည်း လုပ်ဆောင်သွားဖို့ရှိပါတယ်။ မိတ္ထီလာမှာ လေးရက်၊ သာစည်မှာ သုံးရက်၊ ဝမ်းတွင်းမှာ သုံးရက် စုစုပေါင်း ၁၀ ရက်ကြာ မဲဆန္ဒရှင် အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပြီးတော့ တခြားရက်တွေမှာ မော်တော်ယာဉ်နဲ့ လှည့်လည်ပြီး အသိပညာပေးလက်ကမ်း စာစောင်ဖြန့်ဝေတာ၊ အသံချဲ့စက်နဲ့ မဲပေးပိုင်ခွင့်ရှိသူမဲပေးကြဖို့၊ မဲစာရင်းကြည့်ကြဖို့ တိုက်တွန်းနှိုးဆော်တာတွေ ဆောင်ရွက်ပြီး နောက်ဆုံးရက်တွေမှာ မြို့နယ်တိုင်း Voter Education Campaign for Woman အမျိုးသမီးမဲဆန္ဒရှင် အသိပညာ ပေးဆွေးနွေးပွဲ ပြုလုပ်မှာပါ" ဟု MEON အဖွဲ့မှ စီမံကိန်းမန်နေဂျာ ဒေါ်စုနန္ဒာလှိုင်က ပြောသည်။

MEON အဖွဲ့မှ မိတ္ထီလာမြို့နယ်အတွင်း Voter Education Campaign for Woman အမျိုးသမီး မဲဆန္ဒရှင် အသိပညာပေးဆွေးနွေးပွဲကို စက်တင်ဘာ ၁၉ ရက်တွင် ပြုလုပ်သွားရန် စီစဉ်ထားကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

# မြစ်ကမ်းအနီးနေထိုင်သူများ သတိပြု

**နေပြည်တော် စက်တင်ဘာ ၁၇**

ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ဟသ်ာတမြို့တွင် တစ်ပေခွဲခန့်နှင့် ဇလွန်မြို့တွင် နှစ်ပေခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေသည်။ နောက်သုံးရက်အတွင်း တစ်ပေခန့်ကျဆင်းနိုင်ပြီး ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်ငါးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဟသ်ာတခရိုင် (ဧရာဝတီမြစ်) အတွင်းနှင့်ငဝန်မြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

# နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၁၇**

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန သတင်းထုတ်ပြန်ချက်အရ စက်တင်ဘာ ၁၈ ရက်တွင် ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**(မိုး/ဇလ)**

❉ *ရှေ့ဖုံးမှ*

အကျိုးကျေးဇူးရရှိစေမည်ဖြစ်ကြောင်း ကမ္ဘာဘဏ်ကပြောကြားသည်။

ထို့ပြင် ယင်းချေးငွေကြောင့် ဒေသအသီးသီးရှိမြို့များကို မဟာဓာတ်အားလိုင်း နှင့်ချိတ်ဆက်ပေးနိုင်မည်ဖြစ်သည့်အပြင် ဒေသအသီးသီးရှိ ကျောင်း၊ ဆေးခန်း နှင့်ဝေးလံခေါင်ဖျားဒေသရှိ ကျေးရွာများအား လျှပ်စစ်မီးပေးဝေနိုင်မည်ဖြစ်ကြောင်း ကမ္ဘာဘဏ်၏ အရှေ့တောင်အာရှဌာနေညွှန်ကြားရေးမှူး အူလ် ရစ်ချ် ဇာချောင်ကပြောကြားသည်။ မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်သည် အရပ်ဘက်အစိုးရတက်လာပြီးနောက်ပိုင်း တစ်ဟုန်ထိုးမြင့်တက်လာလျက်ရှိကြောင်း၊ ယခုအခါ မြန်မာနိုင်ငံ၌ မဂ္ဂါဝပ် ၂၈၉၁ ထုတ်လုပ်နိုင်သည့် ရေအားလျှပ်စစ် စက်ရုံ ၇၀ နှင့် မဂ္ဂါဝပ် ၁၆၁၂ ထုတ်လုပ်နိုင်သည့် ဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ ၂၉၂ ရုံသာရှိသဖြင့် နိုင်ငံ၏လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မှုမရှိကြောင်း ယင်းရိုက်တာသတင်း၌ ဖော်ပြထားသည်။

**ရိုက်တာ**

◆ *ကျော်ဖုံးမှ*

လေ့လာတိုင်းတာစစ်ဆေးမှုများ ပြုလုပ်နေသည့်အပေါ် အများပြည်သူများ သိရှိနိုင်ရန် မေးမြန်းဖော်ပြပေးလိုက်ပါသည်။

**ဦးမော်မော်နိုင်**
**လက်ထောက်ညွှန်ကြားရေးမှူး တည်ဆောက်ရေး(၄)**
**ဆည်မြောင်းဦးစီးဌာန**

**မေး - တောင်ပေါ်မှာ ဖြစ်ပေါ်နေတဲ့ သဘာဝမြေပြိုရေကန် တွေ့ရှိခဲ့ပုံကို ရှင်းပြပေးစေလိုပါတယ်ရှင့်။**

ဖြေ - ဟုတ်ကဲ့ပါ။ တည်နေရာကတော့ ချင်းပြည်နယ်၊ တွန်းဇံမြို့နယ် ဟံဂင်ကျေးရွာအနောက်ဘက် သုံးမိုင်ခန့်အကွာမှာ နေရဥ့ရာချောင်းရဲ့ ချောင်းလက်တက်ပါ။ တီွလို့ချောင်းရဲ့ ချောင်းအဖျားပိုင်းလေးမှာ တွေ့ရှိခဲ့ရပါတယ်။

**မေး - လက်ရှိ ဆရာတို့ သွားရောက်လေ့လာခဲ့တဲ့ ရေကန်ရဲ့အနေအထားကိုလည်း ပြောပြပေးပါရှင့်။**

ဖြေ - ကျွန်တော်တို့ ရာဇဂြိုဟ်ဆည်ကနေပြီးတော့ သွားရောက်ခဲ့တာ နှစ်ခေါက်ရှိပါပြီ။ ပထမတစ်ခေါက်ကတော့ ငါးရက်လောက် ကြာပါတယ်။ ချောင်းလမ်းအတိုင်းသွားတာ ၃၂ မိုင် တစ်ခေါက်သွားပါတယ်။ နောက် တောင်ပေါ်လမ်းအတိုင်း သွားတာက သုံးရက်လောက်ကြာတယ်။ ၃၄ မိုင် ရှိပါတယ်။ အဲဒီလိုသွားကြည့်တဲ့အခါ ချောင်းလမ်းအတိုင်းသွားတာက တောင်ပြိုတဲ့ဟာကြီး ပိတ်နေတယ်။ အနားကပ်လို့မရပါဘူး။ အပေါ်ကို တက်လို့လည်းမရတော့ အောက်ကနေပဲ ဓာတ်ပုံတွေရိုက်ထားတယ်။ ဒီမြေပြိုဆည်လေးဟာ ခန့်မှန်းပေ ၁၂၀ လောက်ရှိတယ်။ အပေါ်ကို ကျွန်တော်တို့ တက်ကြည့်လို့မရတော့ အင်တာနက်ကနေပြီးတော့ စက်တင်ဘာ ၁၆ ရက်မှာ ဂြိုဟ်တုကနေ တိုင်းတာချက်အရ ၈၄ ဧကလောက် အကျယ်အဝန်းရှိပါတယ်။

**မေး - ဒီရေကန်နဲ့ပတ်သက်ပြီးတော့ ဆရာတို့ လေ့လာတွေ့ရှိချက်အပေါ်မှာ ဘယ်လိုဆောင်ရွက်သွား ဖို့ရှိပါသလဲ၊ ရေဖောက်ချဖို့ လိုအပ်ပါသလားဆရာ။**

ဖြေ - အဲဒါနဲ့ပတ်သက်ပြီး အကြမ်းဖျင်းရှင်းပြချင်ပါတယ်။ (၁) အချက်က ကျွန်တော်တို့နဲ့ ၃၂ မိုင်ဝေးပါတယ်။ ဘေးမှာရှိတဲ့ရွာတွေ ဟံဂင်တို့၊ မုန်ဇာရွာတို့၊ ဆည်ဘော်ရွာတို့က အမြင့်မှာရှိတဲ့အတွက် မထိခိုက်နိုင်ပါဘူး။ ဒီ ရာဇဂြိုဟ်ဆည်နဲ့ မြေပြိုတောင်ပြိုတဲ့ကြားမှာရှိတဲ့ ရွာတွေက အပေါ်တောင်ကုန်းမှာရှိတဲ့အတွက် အန္တရာယ်မရှိနိုင်ပါဘူး။ (၂)အချက်အနေနဲ့က ဒီရေတွေ စီးလာမယ်ဆိုရင် ရာဇဂြိုဟ်ဆည်ကိုရောက်မယ်။ ကျွန်တော်တို့ တွက်ချက်မှုအရဆိုရင် အကျယ်အဝန်းပေ ၁၂၀ လောက်ရှိတယ်ဆိုရင် ဧကပေနဲ့တွက်လိုက်ရင် ဧကပေ ၁၂၀၀၀ လောက်ရှိတယ်။ ဒါတွေအကုန်လုံး ချောင်းတစ်လျှောက်ပြိုကျဆင်းလာမယ်ဆိုရင် ချောင်းမှာ ဟိုတင်ဒီတင်နဲ့ဆိုတော့ ထက်ဝက်လောက်ပဲ ရောက်မှာပါ။ တကယ်လို့ အကုန်လုံးရောက်တယ်ဆိုရင် တောင်မှ ကျွန်တော်တို့ ရေပိုလွှဲကနေပြီးတော့ ထုတ်လို့ရပါတယ်။ ဒီရေတွေလာမယ်ဆိုရင် ရေပိုလွှဲအထက်ကို ၂ ဒသမ ၉၅ ပေလောက် ရေတက်မှာပါ။ ပုံမှန်က တစ်ပေခွဲရှိတယ်။ စုစုပေါင်းဆိုရင် ၄ ဒသမ ၄၅ ပေ လောက် တမံမှာ ဖြစ်သွားပါမယ်။ ရေပိုလွှဲကနေ ရေကျော်ကျသွားမှာပါ။ အဲဒီလိုရှိပါတယ်။ ကျွန်တော်တို့ ရေပိုလွှဲကနေလည်း ပေ ၂၀ လောက် ကျော်လို့ရပါတယ်။ ဆိုလိုတာကတော့ ကျွန်တော်တို့ ရေပိုလွှဲကြီးကို ဒီဇိုင်းထုတ်တဲ့အခါမှာ ကုဗပေ ၆၉၅၉၀၊ ဧကပေနဲ့ဆိုရင် တစ်သိန်းသုံးသောင်းကိုးထောင်၊ တစ်သိန်းလေးသောင်းလောက် ထုတ်နိုင်တယ်။ တကယ်တော့ ဧကပေ တစ်သိန်းကျော်လာရင်တောင် ထုတ်နိုင်ပါတယ်။ ဆည်အတွက် ပြဿနာမရှိနိုင်ပါဘူး။ နောက်ပြီးတော့ ဒီဆည်ထဲမှာလည်း ဆည်ဆောက်တဲ့အခါမှာ ရေသေရေမှတ် တွက်ချက်ပြီး နှစ် ၅၀ စာနုန်းထိုင်လို့ရအောင် တည်ဆောက်ထားခဲ့ပါတယ်။ ကန်ရေအမြင့်ပေ ၅၈၀၊ အောက်က ပေ ၅၀၀ ဆိုတော့ ရေသေရေမှတ် ပေ ၈၀ လောက်ရှိတဲ့အတွက် နုန်းတွေဝင်လာရင် လေးပေ၊ ငါးပေ၊ ခြောက်ပေဆိုလည်း အန္တရာယ်မရှိပါဘူးလို့ ပြောချင်ပါတယ်။ မနက်ဖြန်မှာလည်း ဒရုန်းလေယာဉ်နဲ့ အဲဒီနေရာကို ထပ်မံတိုင်းတာဖို့၊ စောင့်ကြည့်လေ့လာဖို့ရှိပါတယ်။ အဲဒါနဲ့ ပတ်သက်ပြီး ထူးခြားတာနဲ့ ပြန်ပြီးသတင်းပေးပါ့မယ်။

**မေး - ထပ်မံပြီးတော့ မိုးသည်းထန်စွာ ရွာသွန်းမယ်၊ ရာသီဥတု ထပ်မံဆိုးရွားမယ်ဆိုရင် နောက်ဆက်တွဲ ဘာတွေဖြစ်လာနိုင်ပါသလဲ။ စိုးရိမ်စရာအနေအထား ရော ရှိလာနိုင်ပါသလား ဆရာ။**

ဖြေ - မရှိပါဘူး။ ကျွန်တော်တို့ ရေပိုလွှဲမှာ တစ်စက္ကန့်ကို ကုဗပေ ၆၉၀၀၀ လောက် လွှဲလို့ရတယ်။ ဧကပေနဲ့တွက်ရင် တစ်သိန်းလေးသောင်းလွှဲလို့ရတယ်။ ပြိုကျလာပြီး ရေစီးလာရင်တောင်မှ အခု ကျွန်တော်တို့တွက်ထားတဲ့ဟာက အများဆုံး ဧကပေ ၁၂၀၀၀ ကို နိုင်အောင်လွှဲလို့ရတယ်။ အရင်တုန်းကလည်း မိုးရာသီမှာ ရေလွှဲခဲ့ပြီးသားဖြစ်ပါတယ်။ ၁၃ ပေခွဲ၊ ၁၄ ပေခွဲလောက်အထိကို ရေပိုလွှဲကနေ ရေကျပြီးသားဖြစ်တဲ့အတွက် အန္တရာယ်မရှိပါဘူးလို့ ပြောချင်ပါတယ်။

**မေး - ဆရာတို့ လေ့လာတွေ့ရှိချက်တွေ၊ ကြည့်ရှုခဲ့တဲ့ အနေအထားတွေကို အများပြည်သူကို အသိပေးချင်တာ၊ ပြောချင်တာများ ရှိပါသေးသလား ဆရာ။**

ဖြေ - ဟုတ်ကဲ့ ရှိပါတယ်။ တောင်ပြိုတဲ့ဆည်နဲ့ပတ်သက်ပြီးတော့ အန္တရာယ်မရှိပါဘူးလို့ ပြောချင်ပါတယ်။ သွားကြည့်တဲ့အခါမှာ အထက်မှာ ရေစီးပြီးထွက်နေတယ်ဆိုတော့ မိုးရွာရင်လည်း အဲဒီနေရာကနေ စီးပြီးထွက်နေမယ်။ တမံကြီး လုံးဝပိတ်ထားတာမျိုး မရှိဘူး။ သွားပြီး ကွင်းဆင်းကြည့်တဲ့အခါမှာလည်း ပိတ်ထားတာမရှိပါဘူး။ မိုးရွာရင်လည်း အဲဒီကနေ ရေစီးပြီးတော့ ပေါက်သွားမှာပါ။ အဲဒီရေက အောက်ကိုစီးလာတဲ့အခါကျရင်လည်း အန္တရာယ်မရှိပါဘူး။ ဧကပေ တစ်သိန်းသုံးသောင်းကျော်လောက်အထိ ရေပိုလွှဲက လွှတ်လို့ရပါတယ်။ အန္တရာယ်မရှိပါဘူးလို့ ပြောချင်ပါတယ်။ ရာဇဂြိုဟ်ဆည်အတွက်လည်း အန္တရာယ်မရှိပါဘူး။ ရာဇဂြိုဟ်အောက်က ရွာတွေအတွက်လည်း အန္တရာယ်မရှိပါဘူး။ စိုးရိမ်စရာမရှိပါဘူးဆိုတာ တင်ပြချင်ပါတယ်။

ကျေးဇူးတင်ပါတယ် ဆရာ။

**ကလေးမြို့နယ် ဆည်တော်ရွာအထက် ၂၃ မိုင်အကွာရှိ တွန်းဇံမြို့နယ် တောင်ပေါ်ဒေသတွင်သဘာဝအလျောက်ဖြစ်ပေါ်လာသောရေကန်(Landslide Dam) နေရာပြ ရေခံပုံရိပ် ဂြိုဟ်တုဓာတ်ပုံ**




ရှင်းလင်းချက်
တိမ်များဖုံးအုပ်နေရာ
ဂြိုဟ်တုမှတွေ့ရှိသည့် ရေကန်



မြေပြိုဆည်သို့ သွားသော လမ်းအခြေအနေကို တွေ့ရစဉ်။

# တောင်ကျရေ အရှိန်ပြင်းကျဆင်းလာမှုကြောင့် ကွန်ကရစ်အုတ်ခုံနှစ်ခုနှင့်တံတားတစ်စင်း မျောပါ

**ကျောက်တံခါး စက်တင်ဘာ ၁၇**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် အင်းပတ်လည်ကျေးရွာအုပ်စုရှိ အင်းပတ်လည်ရွာနှင့် ဘုံတောရွာသို့ ဆက်သွယ်ထားသည့် အိုင်တုံချောင်းကိုဖြတ်ကာ အောက်ခံကွန်ကရစ်အုတ်ခုံအပေါ် ပိုင်းသံပေါင်ရက်မနှင့် သစ်သားခင်း အကျယ် ခြောက်ပေ၊ အမြင့် ပေ ၂၀၊ တံတားအရှည် ၁၈၇ ပေ လူကူးတံတားသည် စက်တင်ဘာ ၁၇ ရက် နံနက် ၁ နာရီခန့်က တောင်ကျရေ အရှိန်ကြောင့် ကွန်ကရစ်အုတ်ခုံနှစ်ခုံနှင့်အတူ တံတားအရှည် ၁၁၆ ပေခန့် ရေစီးထဲမျောပါသွားခဲ့သည်။

အဆိုပါတံတားသည် ၂၀၁၃ ခုနှစ်ကစ၍ မြို့နယ်စည်ပင်ခွင့်ပြုရန်ပုံငွေနှင့် ပြည်သူထည့်ဝင်ငွေဖြင့် စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၄ ခုနှစ် မိုးတွင်းကာလတွင် တောင်ကျရေကြောင့် ပထမအကြိမ် တံတားအရှည် ပေ ၆၀ ခန့် ရေထဲမျောပါခဲ့သည်။ ကျေးရွာနေပြည်သူများ တင်ပြတောင်းခံခြင်းကြောင့် ၂၀၁၅ ခုနှစ် ဇွန်လတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ပြည်သူများပူးပေါင်း၍ ပြန်လည်ပြုပြင်တည်ဆောက်ခဲ့ရာ ဒုတိယအကြိမ် တောင်ကျရေကြောင့် ရေထဲမျောပါသွားခဲ့သော အင်းပတ်လည် ဘုံတောလူကူးတံတားကို အမှီပြုသွားလာနေရသော ကျေးရွာခြောက်ရွာမှ အိမ်ပေါင်း ၉၅၃ အိမ်၊ လူဦးရေပေါင်း ၄၁၇၂ ဦးတို့သည် သွားလာရေးတွင် ခက်ခဲမှုများနှင့် ကြုံတွေ့ရပြီး ကျောင်းသား ကျောင်းသူ ၁၀၀ ကျော် ပညာသင်ကြားရာတွင် လမ်းပန်းဆက်သွယ်မှု ခက်ခဲနေခြင်းကြောင့် အဆိုပါတံတားကို အမြန်ဆုံး ပြန်လည်ပြုပြင်ပေးနိုင်ရေး ဒေသခံများက လိုလားလျက်ရှိကြောင်း သိရသည်။ **ခင်ကို(ကျောက်တံခါး)**



# ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများ လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၁၇**

ရေကြီးရေလျှံမှုများကြောင့် ဘေးသင့်ပြည်သူများအတွက် အလှူငွေများ လှူဒါန်းပွဲကို စက်တင်ဘာ ၁၇ရက် နံနက်ပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပရာ ကိုရီးယားသမ္မတနိုင်ငံ IBK(Industrial Bank of Korea)မှ ဒုတိယဥက္ကဋ္ဌ Mr.Yoon,Joon-Kooအဖွဲ့က အလှူငွေအမေရိကန်ဒေါ်လာ ၅၀၀၀၀ ကို ပေးအပ်လှူဒါန်းရာ အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူးကိုယ်စား လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးကြည်က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တိုင်းဒေသကြီး/ ပြည်နယ်အလိုက် မိုးရွာမည့် အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၁၇**

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန သတင်းထုတ်ပြန်ချက်အရ စက်တင်ဘာ ၁၈ ရက်တွင် မကွေးတိုင်းဒေသကြီး၌ နေရာကျဲကျဲ၊ ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ **(မြန်မာ့အလင်း)**

# ရေဘေးသင့်ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၇**

ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများကို နေပြည်တော်ရှိ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးရုံးများသို့ လာရောက်လှူဒါန်းလျက်ရှိရာ စက်တင်ဘာ ၁၇ ရက်တွင် Industrial Bank of Korea က အမေရိကန်ဒေါ်လာ ၅၀၀၀ ကို လှူဒါန်းရာ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးကြည်ကလက်ခံယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။


ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၌ ဆရာကြီးဦးဘမြင့်၊ ဆရာမကြီးဒေါ်တင်ရီ၊ သားသမီးမြေး တစ်စု၊ မိုးဆမ်းပန်းတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးက ငွေကျပ် ၅၀၀၀၀ ကို လက်ခံရရှိသည့်အတွက် ဇူလိုင် ၂၉ ရက်မှ စက်တင်ဘာ ၁၇ ရက်အထိ အလှူရရှိငွေစုစုပေါင်းမှာ ကျပ် ၃၉၁၄၄၆၀၃၂၀၊ အမေရိကန်ဒေါ်လာ ၁၈၄၂၇၀၁ ဒသမ ၉၇၊ ထိုင်းဘတ် ၅၄၁၀၀၊ တရုတ်ယွမ် ၇၅၃၀၀၊ ယူရို ၄၂၀၊ ဂျပန်ယန်း ၂၉၆၀၀၀၊ ဩစတြေးလျဒေါ်လာ ၅၇၀၊ စင်ကာပူဒေါ်လာ ၁၀၀၀ ဖြစ်ပြီး အဆိုပါလက်ခံရရှိသော အလှူငွေနှင့် ပစ္စည်းများကို ရေဘေးသင့်ပြည်သူများသို့ ထောက်ပံ့လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**


**ရေကြီးမှုမတိုင်မီ မိုးလေဝသသတင်းကို အမြဲမပြတ် နားထောင်ပါ**

# ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၇**

ဧရာဝတီမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဟင်္သာတမြို့တွင် တစ်ပေခွဲခန့်၊ ဇလွန်မြို့တွင် နှစ်ပေခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အထက်ကျော်နေပြီး နောက်သုံးရက်အတွင်း တစ်ပေခန့်ကျဆင်းနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းကို ဂရပ်ဖြင့်ဖော်ပြထားသည်။ **(သတင်းစဉ်)**





# ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့တွင် ငဝန်မြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် နှစ်ပေခွဲခန့်ကျော်လွန်နေပြီး နောက်ငါးရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက် တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းကို ဂရပ်ဖြင့်ဖော်ပြထားသည်။ **(သတင်းစဉ်)**





# ငဝန်မြစ်ရေ ပြန်မကျသောကြောင့် အမကကျောင်း ရက်အကန့်အသတ်မရှိ ပိတ်

**ငါးသိုင်းချောင်း စက်တင်ဘာ ၁၇**

ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ ငဝန်မြစ်ရေသည် စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းနှင့် မွန်းတည့် ၁၂ နာရီတိုင်းထွာချက်အရ စိုးရိမ်ရေမှတ်အထက် ၂ ဒသမ ၅၅ ပေတွင် အတက်အကျမရှိ တန်းလျက်ရှိနေပြီး မြစ်ကမ်းဘေး မြေနိမ့်ပိုင်းရှိ ကွင်းလျားကျေးရွာအုပ်စု ရေကျော်အမကကျောင်းကို စက်တင်ဘာ ၁၆ ရက်မှစ၍ ရက်အကန့်အသတ်မရှိ ယာယီပိတ်ထားရသည်။

အဆိုပါ ကျောင်းပတ်ဝန်းကျင်ရှိ ရေအနက်မှာ ၁၀ ပေမှ ၁၂ ပေခန့်ရှိပြီး ကျောင်းသား ကျောင်းသူများ၏ သွားလာရေးအခက်အခဲရှိနေသဖြင့် ယာယီပိတ်ထားရကြောင်း၊ မြစ်ရေပြန်လည်ကျဆင်းသွားပါက ပြန်လည်ဖွင့်လှစ်သင်ကြားမည် ဖြစ်ကြောင်းနှင့် ကျေးရွာအတွင်း မြစ်ရေအခြေအနေကိုလည်း အမြဲမပြတ် သတိထားစောင့်ကြည့်လျက်ရှိကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

**စိုးမင်းဦး(ပြန်/ဆက်)**

# မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၁၇**

ရေဘေးအန္တရာယ်များကြောင့် အိမ်ထောင်စုများ ရေဘေးသင့်ပြီး လူအများ သေဆုံးမှုဖြစ်ပေါ်ခဲ့သည့်အတွက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ရေဘေးသင့်ဒေသများသို့သွားရောက်၍ အလှူငွေများ၊ အစားအသောက်၊ အဝတ်အထည်၊ ဆေးဝါးစသည့်ပစ္စည်းများ၊ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးမှုများအား ပြန်လည်ပြုပြင်ရန်အတွက် မတည်ထောက်ပံ့ငွေများနှင့် ပျက်စီးချို့ယွင်းသည့် အခြေခံစာသင်ကျောင်းများ ပြုပြင်လှူဒါန်းမှုများကို ပြုလုပ်ကြသည်။

ရှေးဦးစွာ စစ်ကိုင်းတိုင်းဒေသကြီးသို့ အလှူငွေကျပ် ၃၂၈၀၀၀၀၊ ပြုပြင်ရန်မတည်ငွေကျပ် ၁၀၀၀၀၀၀၀ နှင့် ကလေးမြို့နယ်ရှိ အခြေခံစာသင်ကျောင်းအတွက် ငွေကျပ် ၃၀၀၀၀၀၀၀ တို့ကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီးသို့ အလှူငွေကျပ် ၅၆၂၄၃၀၀၊ ပြုပြင်ရန် မတည်ငွေကျပ် ၁၀၀၀၀၀၀၀ နှင့် စေတုတ္တရာမြို့နယ် ဒုံချောင်းကျေးရွာ အခြေခံမူလတန်းလွန်ကျောင်းအတွက် ငွေကျပ် ၃၀၀၀၀၀၀၀ တို့ကိုလည်းကောင်း၊ ချင်းပြည်နယ်သို့ အလှူငွေကျပ် ၆၀၀၀၀၀၀ နှင့် ပြုပြင်ရန်မတည်ငွေကျပ် ၁၀၀၀၀၀၀၀ တို့ကိုလည်းကောင်း၊ ရခိုင်ပြည်နယ်သို့ အလှူငွေကျပ် ၂၅၀၀၀၀၀၊ ပြုပြင်ရန်မတည်ငွေကျပ် ၁၀၀၀၀၀၀၀ နှင့် ပြည်နယ်ရှိ အခြေခံကျောင်းအတွက် ငွေကျပ် ၃၀၀၀၀၀၀၀ တို့ကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးသို့ အလှူငွေကျပ် ၁၈၃၃၄၀၀၀ ကိုလည်းကောင်း၊ ကချင်ပြည်နယ် ဖားကန့်မြို့နယ် မန်ပန်ကျေးရွာ အခြေခံမူလတန်းကျောင်းအတွက် ငွေကျပ် ၂၅၀၀၀၀၀၀ ကိုလည်းကောင်း၊ ပညာရေးဝန်ကြီးဌာနသို့ ရေဘေးသင့်ကျောင်းများနှင့် ကျောင်းသား ကျောင်းသူများ ပြန်လည်ထူထောင်ရေးအတွက် ငွေကျပ် ၁၅၀၀၀၀၀ ကိုလည်းကောင်း လှူဒါန်းကြသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဇွန်လမှ စက်တင်ဘာ ၁၁ ရက်အထိ ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းထောက်ပံ့မှုများမှာ စုစုပေါင်းငွေကျပ် ၁၉၂၂၃၈၃၀၀ ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ညောင်တုန်းမြို့ရှိ ရေကာတာများ အခြေအနေကောင်းမွန်၊ စိုးရိမ်ဖွယ်မရှိ

**ညောင်တုန်း စက်တင်ဘာ ၁၇**

ဧရာဝတီမြစ်ရေမှာ ညောင်တုန်းမြို့၌ဆက်လက်မြင့်တက်ခြင်းမရှိဘဲ စက်တင်ဘာ ၁၆ ရက်နေ့က မြင့်တက်ခဲ့သော ၂၄ ဒသမ ၉ ပေအတိုင်းပင် ယနေ့တွင်လည်း တည်ရှိနေပြီး မကြာမီ ပြန်လည်ကျဆင်းတော့မည်ဖြစ်ကြောင်း ခန့်မှန်းထားသဖြင့် စိုးရိမ်ဖွယ်ရာမရှိကြောင်း သိရသည်။

ညောင်တုန်းမြို့ကို ပတ်ကာထားသောရေကာတာမှာလည်း ရေလျှံခြင်း၊ ရေစိမ့်ခြင်းများမရှိဘဲ လွန်ခဲ့သောလက စိုးရိမ်ခဲ့ရသော ၁၁ လမ်း၊ ၁၂ လမ်း၊ လမ်း ၃၀တို့ရှိ ရေကာတာများတွင်လည်း အခြေအနေကောင်းမွန်လျက်ရှိသည်။

ညောင်တုန်းမြို့၏ အခြေအနေမှာ စိုးရိမ်ဖွယ်ရာမရှိသဖြင့် ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ကယ်ဆယ်ရေးစခန်းများသို့ ရွှေ့ပြောင်းထားရန် အစီအစဉ်မရှိကြောင်း သိရသည်။

"ညောင်တုန်းမြို့မှာလည်း အသွားအလာမပျက် စည်ကားလျက်ရှိပါတယ်။ သတင်းစာမှာ ညောင်တုန်းမြို့ရဲ့ ဧရာဝတီမြစ်ရေသတင်းဖတ်ရတော့ ညောင်တုန်းမြို့မှာရှိတဲ့ မိဘတွေအတွက် စိုးရိမ်သွားရတယ်။ ညောင်တုန်းမြို့ကို ဖုန်းဆက်မေးကြည့်တော့မှ အခြေအနေပုံမှန်ရှိကြောင်း သိရမှ စိတ်အေးရတယ်။သက်ကြီးရွယ်အိုများနဲ့ ကလေးသူငယ်တွေကို ကယ်ဆယ်ရေးစခန်းပို့ဖို့ အစီအစဉ်မရှိကြောင်း သိရလို့လည်း စိတ်အေးရပါတယ်။ သတင်းရေးသားသူကိုကြည့်လိုက်တော့ ဒေသခံသတင်းသမားမဟုတ်ဘဲ အခြားမြို့နယ်က သတင်းသမားဖြစ်နေတယ်၊ နယ်ကျော်သတင်းမျိုးကို အသေအချာလေ့လာပြီး ရေးသင့်ပါတယ်" ဟု ရန်ကုန်မြို့ရောက် ညောင်တုန်းမြို့သား ကိုမင်းထွန်းက ပြောသည်။

"နယ်ကျော်သတင်းမျိုးရေးရင် အခြေအနေ အဖြစ်မှန်ကို အသေအချာလေ့လာပြီး ရေးသင့်ပါတယ်။ မှန်းဆရေးသားတာမျိုး မဖြစ်သင့်ဘူး၊ "ရပ်ဝေးရောက်နေသူတွေ စိတ်ပူစရာဖြစ်ကြရတယ်၊ ဖုန်းတွေလည်း မကြာခဏဆက်ပြီး မေးကြရတယ်" ဟု ညောင်တုန်း မြို့မှ ဦးဟန်သောင်းက ပြောသည်။ ညောင်တုန်းမြို့နယ်တစ်နယ်လုံးရှိ ရေကာတာများမှာ ကြံ့ခိုင်လျက်ရှိသဖြင့် စိုးရိမ်ဖွယ်ရာမရှိသည့်အပြင် ရေကာတာများကိုလည်း နေ့/ည စောင့်ကြပ်လျက်ရှိကြောင်း သိရသည်။ **နေလင်း(ညောင်တုန်း)**



# လုံခြုံမှုအဆင့်အတန်း ပိုမိုမြင့်မားသော ဆန္ဒမဲလက်မှတ်များကို အောက်တိုဘာလ တတိယပတ်နောက်ဆုံးထား အပြီးသတ်ပုံနှိပ်သွားမည်

သတင်း - မင်းသစ်၊ မြတ်စန္ဒီသင်းဇော်
ဓာတ်ပုံ - ရဲထွဋ်

ရန်ကုန် စက်တင်ဘာ ၁၇

**၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုမည့် ဆန္ဒမဲလက်မှတ်များကို ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းက တာဝန်ယူရိုက်နှိပ်လျက်ရှိသည်။**

**ဆန္ဒမဲလက်မှတ်များ ရိုက်နှိပ်ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ပြည်တွင်း ပြည်ပ မီဒီယာများသို့ အသိပေးရှင်းလင်းပွဲကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း (ဗဟိုပုံနှိပ်စက်ရုံ) အစည်းအဝေးခန်းမ၌ ကျင်းပသည်။**



အဆိုပါ အသိပေးရှင်းလင်းပွဲတွင် ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ညွှန်ကြားရေးမှူး ဦးဝင်းဦးခိုင်၊ ညွှန်ကြားရေးမှူး(ပုံနှိပ်) ဦးဇော်ဇော်ထွန်းနှင့် လက်ထောက်ညွှန်ကြားရေးမှူး (ပုံနှိပ်) ဦးထွန်းထွန်းနိုင်တို့တက်ရောက်ကြပြီး ပြည်တွင်း ပြည်ပ မီဒီယာ ၄၆ ခုမှ မီဒီယာအဖွဲ့ဝင် စုစုပေါင်း ၇၁ ဦးတို့တက်ရောက်ကြသည်။

ရှေးဦးစွာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်က ရွေးကောက်ပွဲကော်မရှင်သို့ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေစာအုပ်နှင့် လုပ်ငန်းလမ်းညွှန် ၁၀ မျိုးအား အမှာအုပ်ရေ ၅ ဒသမ ၂၆ သိန်း ပုံနှိပ်ထုတ်လုပ်အပ်နှံပြီးဖြစ်ကြောင်း။

ရွေးကောက်ပွဲကော်မရှင်သို့ ကြိုတင်ဆန္ဒမဲလက်မှတ်စာအိတ်အနေဖြင့် ၂၀၁၀ ပြည့်နှစ်က ကဲ့သို့ပင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်တို့အတွက် ၃၁ သိန်းစီနှင့် တိုင်းရင်းသား လူမျိုးစုလွှတ်တော်အတွက် ခုနစ်သိန်း စုစုပေါင်း ကြိုတင်ဆန္ဒမဲလက်မှတ်စာအိတ် သိန်း ၁၀၀ ကို ပုံနှိပ်ဆောင်ရွက်ခဲ့ကြောင်း။

ရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်လိုသော စက္ကူအမျိုးအစားများကို ရွေးချယ်သတ်မှတ်ပြီး ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ဆန္ဒမဲလက်မှတ် ပုံနှိပ်မည့်စက္ကူကို နိုင်ငံပိုင်သတင်းစာများတွင် ၁၇-၁-၂၀၁၅ ရက်မှ ၂၀-၁-၂၀၁၅ ရက်အထိ တင်ဒါခေါ်ယူ၍ ပြန်ကြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးဦးစီး၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူများနှင့် ရွေးချယ်အတည်ပြုခဲ့ပါကြောင်း၊ ၁၈-၂-၂၀၁၅ ရက်တွင် တင်ဒါဈေးဆစ်၍ အင်ဒိုနီးရှားနိုင်ငံ PT Pura စက်ရုံမှ တင်သွင်းသည့် လုံခြုံရေးအမှတ်အသားပါ Colour W/F Paper (80 gsm) အား ရွေးချယ်ခဲ့ပြီး Megalink Co., Ltd. မှ စက္ကူ ၁၀၅၀ တန်အား တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၄၃၅ ဖြင့် ဝယ်ယူခဲ့ပါကြောင်း၊ ထိုသို့ဝယ်ယူရာတွင်လည်း လုံခြုံရေးရေစာအမှတ်အသားပါ စက္ကူအား ပြင်ပသို့ မရောက်ရှိစေရေးအတွက် Megalink Co., Ltd. နှင့် စာချုပ်ချုပ်ဆို ဝယ်ယူခဲ့ပါကြောင်း၊ Megalink Co., Ltd. အနေဖြင့်လည်း အင်ဒိုနီးရှားနိုင်ငံရှိ PT Pura စက်ရုံနှင့် ပြင်ပအခြားနိုင်ငံများသို့ တင်ပို့မှုမရှိစေရေးအတွက် စာချုပ်ချုပ်ဆို ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၁၅ မေလတွင် စက္ကူထုတ်လုပ်မှုအခြေအနေအားစစ်ဆေးရန် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သော အဖွဲ့ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကိုယ်စားလှယ်တစ်ဦးလိုက်ပါ၍ အင်ဒိုနီးရှားနိုင်ငံရှိ PT Pura စက်ရုံသို့ သွားရောက်စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း ကနဦးရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မဲလက်မှတ်ရိုက်နှိပ်မည့် စက္ကူတွင်ပါရှိသော လုံခြုံရေးရေစာအမှတ်အသားမှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တံဆိပ်(Logo)အား စက္ကူအသားတွင် ထည့်သွင်းပုံနှိပ်ထားခြင်းဖြစ်ပြီး အလင်းရောင်တွင် ထောင်၍ကြည့်ရှုပါက တွေ့မြင်ရမည်ဖြစ်ကြောင်း။

ထို့အပြင် ဆန္ဒမဲလက်မှတ်များ၏ လုံခြုံမှုအဆင့်အတန်းအား ပိုမိုမြင့်မားစေရန်အတွက် ဆန္ဒမဲလက်မှတ်၏ နောက်ကျောဘက်အခြမ်းတွင် လွှတ်တော်ရပ်များအလိုက် ခွဲခြား၍ အမှတ်အသားများကို ပြည်သူ့လွှတ်တော်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် တံဆိပ်(Logo) အား လေးထောင့်ဘောင်ခတ်၍ အစိမ်းရောင်ဖြင့် ပုံနှိပ်ဆောင်ရွက် ထားရှိကြောင်း။

အမျိုးသားလွှတ်တော်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် တံဆိပ်(Logo)အား ဆဋ္ဌဂံဘောင်ခတ်၍ အပြာရောင်ဖြင့် ပုံနှိပ်ဆောင်ရွက်ထားရှိကြောင်း။

တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် တံဆိပ် (Logo) အား အဝိုင်းဘောင်ခတ်၍ မရန်းရောင်ဖြင့် ပုံနှိပ်ဆောင်ရွက်ထားရှိကြောင်း။

တိုင်းရင်းသားလူမျိုးစု လွှတ်တော်ကိုယ်စားလှယ်အတွက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်တံဆိပ် (Logo)အား မရန်းရောင်ဖြင့် ပုံနှိပ်ဆောင်ရွက်ထားရှိကြောင်း။

ဆန္ဒမဲလက်မှတ်များအနေဖြင့် ပါဝင်ယှဉ်ပြိုင်သည့် နိုင်ငံရေးပါတီများမှကိုယ်စားလှယ် ဦးရေပေါ် မူတည်၍ ဆန္ဒမဲလက်မှတ် အရွယ်အစားမှာ ပြောင်းလဲသွားမည်ဖြစ်ကြောင်း၊ ဆန္ဒမဲလက်မှတ်အရွက် ၅၀ လျှင် စာအုပ်တစ်အုပ်ချုပ်ပြီး ယင်းစာအုပ်ပေါ်တွင်လည်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အမည်၊ လွှတ်တော်အမည်၊ မဲဆန္ဒနယ်အမည်တို့ကို ပုံနှိပ်ဆောင်ရွက်ပြီး မဲဆန္ဒနယ်မြေများ၏ အမှာစောင်ရေပေါ် မူတည်၍ ပုံနှိပ်ပြီးဖြစ်သော စာအုပ်များတွင် စာအုပ်နံပါတ်များအား လွဲမှားမှုမရှိစေရေးအတွက် ပုံနှိပ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ယင်းစာအုပ်များအား အနောင့်ကပ်ဆောင်ရွက်ရာတွင်လည်း ပြည်သူ့လွှတ်တော်အတွက် အစိမ်းရောင်ကို အသုံးပြုပြီး အမျိုးသားလွှတ်တော်အတွက် အပြာရောင်ကို အသုံးပြုထားကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်အတွက် အညိုရောင်ကို အသုံးပြုထားပြီး တိုင်းရင်းသားလူမျိုးစု ကိုယ်စားလှယ်အတွက် အဝါရောင်ကို အသုံးပြုဆောင်ရွက်ထားပါကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းကြောင့် လွှဲပြောင်းထောက်ပံ့ရာတွင် လည်းကောင်း လွှတ်တော်ရပ်အလိုက် ခွဲခြားရာတွင် လည်းကောင်း အလွယ်တကူဆောင်ရွက်နိုင်ပြီး အဝေးမှကြည့်ရှုပါကလည်း သိသာထင်ရှားနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပုံနှိပ်ဆောင်ရွက်မည့် ဆန္ဒမဲလက်မှတ်စောင်ရေများအနေဖြင့် ပြည်သူ့လွှတ်တော်အတွက် အမျိုးအစား ၃၃၀ အမှာစောင်ရေ ၄၀ ဒသမ ၄၀ သန်း၊ အမျိုးသား လွှတ်တော်အတွက် ၁၆၈ မျိုး အမှာစောင်ရေ ၃၈ ဒသမ ၃၅ သန်း၊ တိုင်းဒေသကြီးလွှတ်တော်အတွက် ၆၃၆ မျိုး အမှာစောင်ရေ ၃၉ ဒသမ ၆၃ သန်း၊ တိုင်းရင်းသားလူမျိုးစု ကိုယ်စားလှယ်များအတွက် ၂၉ မျိုး အမှာစောင်ရေ ၇ ဒသမ ၁၇ သန်း စုစုပေါင်း ၁၁၆၃ မျိုးအတွက် ၁၂၅ ဒသမ ၅၅ သန်း လျာထားပုံနှိပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် နေပြည်တော်နယ်မြေရှိ ပုံနှိပ်စက်ရုံများတွင် အမျိုးအစား ၃၃၀ အတွက် ၄၀ ဒသမ ၀၀ သန်းနှင့် ရန်ကုန်နယ်မြေရှိ ပုံနှိပ်စက်ရုံများတွင် ၈၃၃ မျိုး အတွက် ၈၅ ဒသမ ၅၅ သန်း စုစုပေါင်း ၁၂၅ ဒသမ ၅၅ သန်း လျာထားပုံနှိပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ပုံနှိပ်ဆောင်ရွက်မည့် ဆန္ဒမဲလက်မှတ်များသည် လက်ရှိမဲဆန္ဒရှင် အရေအတွက်ပေါ်မူတည်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ မှာကြားခြင်းဖြစ်ပြီး ရွေးကောက်ပွဲမကျင်းပမီကာလအတွင်း မဲဆန္ဒရှင်စာရင်းပြောင်းလဲမှုရှိနိုင်သည့်အတွက် ဆန္ဒမဲလက်မှတ်စောင်ရေသည်လည်း ထပ်မံပြောင်းလဲနိုင်မည်ဖြစ်ကြောင်း။

ယခုနှစ်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှပေးပို့သည့် အမှာစာများအရ ဝင်ရောက်ယှဉ်ပြိုင်သည့် နိုင်ငံရေးပါတီများမှာ ၉၂ ခုရှိပြီး တစ်သီးပုဂ္ဂလဝင်ရောက်ယှဉ်ပြိုင်မှုအနေဖြင့် ၃၀၁ ဦးရှိကြောင်း။

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကြီးအတွက် ဆန္ဒမဲလက်မှတ်များ ပုံနှိပ်ဆောင်ရွက်ရန် မူလက ၂၆-၈-၂၀၁၅ ရက်တွင် စတင်၍ ပုံနှိပ်ခြင်းလုပ်ငန်းအား ၇-၁၀-၂၀၁၅ ရက် အပြီးသတ်ဆောင်ရွက်ရန် လျာထားပါကြောင်း၊ သို့သော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကိုယ်စားလှယ်လောင်းများ စိစစ်ခြင်းကို ၃၁-၈-၂၀၁၅ ရက်အထိ ပြင်ဆင်သတ်မှတ်လိုက်ပြီး ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းနှင့် ပုံနှိပ်ဆောင်ရွက်မည့် အမှာစောင်ရေ စာရင်းကို ၇-၉-၂၀၁၅ ရက်မှသာ စတင်ပေးပို့လာသဖြင့် လျာထားရက်ထက် ၁၂ ရက်နောက်ကျဆောင်ရွက်ခဲ့ကြောင်း ရှင်းလင်းပြောကြားသည်။

ဆန္ဒမဲလက်မှတ်များ ပုံနှိပ်ဆောင်ရွက်ခြင်းအား ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းအနေဖြင့် နေပြည်တော်နယ်မြေရှိ စက်ရုံများတွင် ၁၁-၉-၂၀၁၅ ရက်မှ စတင်ပုံနှိပ်ဆောင်ရွက်နိုင်ခဲ့ပြီး ရန်ကုန်နယ်မြေရှိ ပုံနှိပ်စက်ရုံများတွင် ၁၃-၉-၂၀၁၅ ရက်မှသာ စတင်ပုံနှိပ်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပို့ဆောင်ရေးခက်ခဲသည့် မဲဆန္ဒနယ်မြေများဖြစ်သော ရခိုင်၊ ချင်း၊ ကရင်၊ မွန်မှ စတင်၍ ပုံနှိပ်ထုတ်လုပ်လျက်ရှိကြောင်း၊ ဆန္ဒမဲလက်မှတ် ပုံနှိပ်ထုတ်လုပ်ခြင်းကို ၂၁-၁၀-၂၀၁၅ ရက် နောက်ဆုံးထားရှိ၍ ရက် ၄၀ ဖြင့် အပြီးသတ်ပုံနှိပ်ထုတ်လုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ပြည်ပသို့ပေးပို့မည့် ဆန္ဒမဲလက်မှတ်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အမှာစာရရှိသည့်နေ့မှစတင်၍ ၁၄ ရက်အတွင်း ပုံနှိပ်ထုတ်လုပ်လွှဲပြောင်းနိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ပုံနှိပ်ဆောင်ရွက်ပြီးဖြစ်သော ဆန္ဒမဲလက်မှတ်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ၁-၁၀-၂၀၁၅ ရက်မှစတင်ပြီး နယ်မြေဒေသဝေးကွာသည့် မဲဆန္ဒနယ်မြေများသို့ ပို့ဆောင်နိုင်ရေးအတွက် စတင်လွှဲပြောင်းထောက်ပံ့သွားရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လွှဲပြောင်းထောက်ပံ့ခြင်းကို ၂၅-၁၀-၂၀၁၅ ရက်တွင် နောက်ဆုံးအပြီးသတ်လွှဲပြောင်းထောက်ပံ့သွားမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်တွင်း ပြည်ပ သတင်းမီဒီယာများ၏ မေးမြန်းမှုများကို ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ညွှန်ကြားရေးမှူး ဦးဝင်းဦးခိုင်တို့က ပြန်လည်ရှင်းလင်းဖြေကြားကြပြီး အသိပေးရှင်းလင်းပွဲကို နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ရုပ်သိမ်းလိုက်သည်။

## ငဖဲမြို့နယ် ကျေးရွာများတွင် ပန်းရန်အတတ်ပညာသင်တန်းနှင့် ဆိုင်ကယ်ပြင်သင်တန်းများဖွင့်

**ငဖဲ စက်တင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ်အတွင်း သဘာဝဘေးအန္တရာယ် (ရေဘေး) ကြောင့် ပျက်စီးဆုံးရှုံးခဲ့သော ကျေးရွာများတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအစီအစဉ်ဖြင့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ပန်းရန်အတတ်ပညာသင်တန်းကို နယ်ဇောကျေးရွာ၌ သင်တန်းသား သင်တန်းသူ ၄၀ ဖြင့် စက်တင်ဘာ ၁၄ ရက်မှ ၁၈ ရက်အထိ ငါးရက်ကြာ ဖွင့်လှစ်မည်ဖြစ်သည်။

အလားတူ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများ ထပ်မံဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ဆိုင်ကယ်ပြုပြင်ရေးသင်တန်းကို ငဖဲမြို့နယ် ပင်ဦးကျေးရွာအုပ်စု ညောင်ကိုင်းကြီးကျေးရွာ၌ သင်တန်းသားသင်တန်းသူ ၁၀ ဦးဖြင့် စက်တင်ဘာ ၁၂ ရက်မှ ၂၄ ရက်အထိ ၁၀ ရက်ကြာ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

## အများပြည်သူသို့ အသိပေးပန်ကြား

**ရန်ကုန် စက်တင်ဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန် ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရေးနှင့် ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်အတွက် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ၊ ဓာတ်အားလိုင်းနှင့် မလွတ်သော သစ်ပင်/သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ဆောင်ရွက်လျက်ရှိသည်။

၁၉-၉-၂၀၁၅ ရက်နေ့တွင် တောင်ဥက္ကလာပမြို့နယ်(သစ္စာဥယျာဉ်အိမ်ရာ ၃၊ ၄၊ ၇၊ ၁၀၊ ၁၄/၁) ရပ်ကွက်များ၊ လှိုင်သာယာမြို့နယ် (၆၊ ၈၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆) ရပ်ကွက်များ၊ ရွှေပြည်သာမြို့နယ်ရှိ စက်မှုဇုန် (၂၊ ၃၊ ၄) နှင့် CNG ဆိုင်အချို့တွင် နံနက် ၉ နာရီမှ မွန်းလွဲ ၁ နာရီအတွင်း အချိန်ပိုင်းဓာတ်အားပိတ်၍ လုပ်ငန်းဆောင်ရွက်မည်ဖြစ်သည်။

ယင်းသို့ဓာတ်အားပိတ်လုပ်ငန်းဆောင်ရွက်ခြင်းကြောင့် အဆင်မပြေမှုများ၊ အခက်အခဲများဖြစ်ပေါ်လာပါက နားလည်ခွင့်လွှတ်ပေးပါရန် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းက အများပြည်သူများသို့ အသိပေးပန်ကြားထားကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# မြဝတီ-သဃ်န်းညီနောင်-ကော့ကရိတ် လမ်းသစ်ဖွင့်လှစ် လွှဲပြောင်းနိုင်ရေး နယ်မြေရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့



**နေပြည်တော် စက်တင်ဘာ ၁၇**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကောင်းမူကျေးရွာအနီးတစ်ဝိုက်တွင် အခြေပြုသည့် ကျော်သက်နှင့် စောဆန်းအောင်ခေါင်းဆောင်သော ကလိုထူးဘော ကရင်အစည်းအရုံး(KKO)အဖွဲ့သည် နိုင်ငံတော်အစိုးရနှင့် တပ်မတော်၏ မူဝါဒများကို ဆန့်ကျင်လျက် မူးယစ်ဆေးဝါးထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း၊ မြဝတီ-သဃ်န်းညီနောင်-ကော့ကရိတ်ကားလမ်းများပေါ်တွင် တရားမဝင်အကောက်စခန်းများဖွင့်လှစ်၍ ခရီးသွားပြည်သူလူထုထံမှ ငွေကြေးအဓမ္မကောက်ခံခြင်း၊ ၎င်းတို့ အခြေပြုကျေးရွာဝန်းကျင်တွင် အဓမ္မဆက်ကြေးငွေကောက်ခံခြင်းနှင့် လူသစ်စုဆောင်းခြင်းများ ပြုလုပ်လျက်ရှိသည့် သတင်းများဖြစ်ပေါ်ခဲ့၍ ယင်းသို့ မလုပ်ဆောင်ရန် ပြည်နယ်အစိုးရနှင့် နယ်မြေခံတိုင်းစစ်ဌာနချုပ်တို့က အကြိမ်ကြိမ်သတိပေးအကြောင်းကြားခဲ့သော်လည်း လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ ဆက်၍လုပ်ဆောင်လျက်ရှိရာ ဟန့်တားခြင်း၊ ပညာပေးစည်းရုံးပြောဆိုခြင်းများ ဆောင်ရွက်ခဲ့သည်။

ကရင်ပြည်နယ် ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မေ ၂၆ ရက်က မြဝတီမြို့ရှိ ရွှေတိဂုံပုံတူ စွယ်တော်ပွားစေတီဌာပနာသွင်းအခမ်းအနား တက်ရောက်ရန်နှင့် ကော့ကရိတ်-မြဝတီ-မဲဆောက် အာရှလမ်းမသစ် ဖောက်လုပ်ပြီးစီးမှု အခြေအနေစစ်ဆေးရန်ကော့ကရိတ်မြို့မှ ထွက်ခွာစဉ် ကျော်သက်နှင့် စောဆန်းအောင် ခေါင်းဆောင်သည့် KKOအဖွဲ့က ကရင်ပြည်နယ် ဝန်ကြီးချုပ်လိုက်ပါလာကြောင်းသိလျက်နှင့် မင်းမဲ့စရိုက်ပုံစံဖြင့် ရပ်တန့်တားဆီးခဲ့သဖြင့် တပ်မတော်ကငြိမ်းချမ်းရေးလုပ်ငန်းများ မထိခိုက်စေရေးအတွက် အလားတူမပြုလုပ်ရန် သတိပေးပြောကြားခဲ့သည်။

ထပ်မံ၍ နိုင်ငံတော်အဆင့်အကြီးအကဲ၏ အာရှလမ်းမသစ်ကြီးဖွင့်လှစ်ရေး ခရီးစဉ်အတွက် အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့်အဖွဲ့ဝင်များက နယ်မြေနှင့် လမ်းကြောင်း လုံခြုံရေးစစ်ဆေးရန် ဇူလိုင် ၂ ရက်က ဘားအံ-ကော့ကရိတ်-မြဝတီ လမ်းကြောင်းအတိုင်း ထွက်ခွာလာစဉ် ကော့ကရိတ်မြို့မှအထွက် ကျော်သက်နှင့် စောဆန်းအောင်အဖွဲ့က အကြောင်းမဲ့ စတင်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် တိုင်းမှူးယာဉ်တန်းအပါအဝင် လုံခြုံရေးစစ်သည်များက ပြန်လည်သတိပေးပစ်ခတ်ခဲ့ရာ ၎င်းတို့က လက်နက်ကြီးများဖြင့် တိုးမြှင့်ပစ်ခတ်ခဲ့သည်။ ၎င်းအဖွဲ့၏ မင်းမဲ့စရိုက်ဆန်ဆန် အကြိမ်ကြိမ်ဆောင်ရွက်နေမှုများကို တပ်မတော်အနေဖြင့် ဆက်လက်သည်းခံနိုင်ခြင်းမရှိ၍ တပ်မတော်စစ်ကြောင်းများနှင့် နယ်ခြားစောင့်တပ်(BGF) တို့ပူးပေါင်း၍ ဇူလိုင် ၂ ရက်မှစတင်ပြီး နယ်မြေရှင်းလင်းခြင်းများ စတင်ဆောင်ရွက်ခဲ့ရသည်။

တိုက်ပွဲစတင်ဖြစ်ပွားသည့်နေ့မှစ၍ မြဝတီ-သဃ်န်းညီနောင်-ကော့ကရိတ် လမ်းဟောင်းနှင့် လမ်းသစ်အားကျော်သက်နှင့်စောဆန်းအောင်အဖွဲ့က စတင်ပိတ်ဆို့ထားခဲ့ပြီး စစ်ရေးနှင့်မသက်ဆိုင်သော ချောင်းတောင်ကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်းအား လက်နက်ကြီးဖြင့်ပစ်ခတ်ခြင်း၊ အစိုးရပိုင်ပစ္စည်းဖြစ်သော လှိုင်ကွယ်ကျေးရွာအနီး ရော်ဘာခြံအတွင်းရှိ အဆောက်အအုံနှစ်လုံးအား မီးရှို့ဖျက်ဆီးခြင်းနှင့် ဒေသခံပြည်သူလူထုများ အထိတ်တလန့်ဖြစ်စေရန်ရည်ရွယ်၍ ကော့ကရိတ်မြို့ လူနေရပ်ကွက်များအတွင်းသို့ လက်နက်ကြီးများဖြင့် သုံးကြိမ် နှောင့်ယှက်ပစ်ခတ်ခြင်းများ ပြုလုပ်ခဲ့သည်။

ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေး၊ ဒေသအတွင်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေးအတွက် တပ်မတော်စစ်ကြောင်းများနှင့် နယ်ခြားစောင့်တပ် (BGF)တို့ ပူးပေါင်း၍ နယ်မြေရှင်းလင်းခြင်းများကို ဇူလိုင် ၂ ရက်မှ ၉ ရက်အထိ ဆောင်ရွက်ခဲ့ရာ မြဝတီ-သဃ်န်းညီနောင်-ကော့ကရိတ် ကားလမ်းဟောင်းပေါ်၌ ထိတွေ့တိုက်ပွဲဖြစ်ပွားမှု ၁၅ ကြိမ်၊ ကားလမ်းသစ်ပေါ်၌ ထိတွေ့တိုက်ပွဲဖြစ်ပွားမှု ၁၇ ကြိမ် ဖြစ်ပွားခဲ့ပြီး လမ်းဟောင်းအား ဇူလိုင် ၈ ရက်တွင် လည်းကောင်း၊ လမ်းသစ်အား ဇူလိုင် ၉ ရက်တွင်လည်းကောင်း ထိန်းချုပ်နိုင်ပြီး ပြန်လည်ဖွင့်လှစ်ပေးခဲ့သည်။

ထို့အပြင် ကျော်သက်နှင့် စောဆန်းအောင်အဖွဲ့ အကြွင်းအကျန်များ ခိုအောင်းနေထိုင်မှု မရှိစေရေးအတွက် တပ်မတော်စစ်ကြောင်းများနှင့် နယ်ခြားစောင့်တပ် (BGF) တို့က နယ်မြေရှင်းလင်းခဲ့ရာ ၎င်းတို့အခြေပြုခဲ့သောနေရာများ၌ မူးယစ်ဆေးဝါးထုတ်လုပ်မှု လေးကြိမ်ဖော်ထုတ်နိုင်ခဲ့ပြီး ကာလတန်ဖိုး ခန့်မှန်းငွေကျပ် သိန်းပေါင်း ၂၅၉၂ သိန်းကျော်ရှိ WY စာတန်းပါ စိတ်ကြွရူးသွပ် ဆေးပြား စုစုပေါင်း ၈၆၄၀၅၇ ပြားနှင့် မူးယစ်ဆေးဝါး ထုတ်လုပ်သော စက်ပစ္စည်းအစိတ်အပိုင်းများအား သိမ်းဆည်းရမိခဲ့သည်။

အဆိုပါဖြစ်စဉ်ဖြစ်ပွားချိန်အတွင်း ဆုံဆည်းမြိုင်နယ်မြေ၌ အခြေပြုလျက်ရှိသည့် ကလိုထူးဘော ကရင်အစည်းအရုံး(KKO)အဖွဲ့ ဌာနချုပ်ကလည်း ကျော်သက်နှင့် စောဆန်းအောင်၏ လုပ်ရပ်များကို လက်မခံနိုင်သဖြင့် ၎င်းတို့အဖွဲ့က ဇူလိုင် ၂၁ ရက်တွင် ထုတ်ပယ်ခဲ့ကြောင်း ကြေညာခဲ့သည်။ ကျော်သက်နှင့် စောဆန်းအောင်၏ လက်အောက် အဖွဲ့များအနေဖြင့်လည်း တပ်မတော်စစ်ကြောင်းများ၏ နယ်မြေရှင်းလင်းမှုနှင့် ပြည်သူလူထုမှ မထောက်ခံမှုတို့ကြောင့် တပ်ဖွဲ့ဝင် ၈၉ ဦးသည် လက်နက်၊ ခဲယမ်းများ နှင့်အတူ တပ်မတော်စစ်ကြောင်း အသီးသီးသို့ ဥပဒေ ဘောင်အတွင်း လက်နက်ဖြင့် ဝင်ရောက်ခိုလှုံခဲ့ကြသည်။

ထိုသို့ ဖြစ်ပွားစဉ် ကျော်သက်သည် နောက်လိုက်အနည်းငယ်ဖြင့် မူလအခြေပြုရာ ကောင်းမူရွာမြောက်ခြမ်းမှတစ်ဆင့် မဲသဝေါပြန့်သို့လည်းကောင်း၊ စောဆန်းအောင် ခေါင်းဆောင်သောအဖွဲ့သည် ကောင်းမူရွာတောင်ဘက်ခြမ်းမှတစ်ဆင့် KKOဌာနချုပ်ရှိရာသို့လည်းကောင်း ဆုတ်ခွာ၍ သွားရောက်ပူးပေါင်းသော်လည်း KKO ဌာနချုပ်က ထုတ်ပယ်ပြီးဖြစ်၍ လက်မခံခဲ့ရာမှ အဖွဲ့များကွဲကာ လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ခဲ့ပြီး စောဆန်းအောင်မှာ နောက်လိုက်အနည်းငယ်ဖြင့် မဲသဝေါပြန့်သို့ ထွက်ပြေးလွတ်မြောက်သွားခဲ့သည်။

မြဝတီ-သဃ်န်းညီနောင်-ကော့ကရိတ် လမ်းဟောင်းအား မူလအတိုင်း ပြန်လည်သွားလာနိုင်ရေး၊ လမ်းသစ်အား ဖွင့်လှစ်နိုင်ရေးနှင့် နယ်မြေဒေသအတွင်း တည်ငြိမ်အေးချမ်းရေးတို့အတွက် တပ်မတော် စစ်ကြောင်းများနှင့် နယ်ခြားစောင့်တပ်တို့ ပူးပေါင်း၍ နယ်မြေရှင်းလင်းခဲ့ရာ ထိတွေ့တိုက်ပွဲဖြစ်ပွားမှု စုစုပေါင်း ၄၈ ကြိမ်ဖြစ်ပွားခဲ့ကာ တပ်မတော်မှ အရာရှိ၊ စစ်သည် ခုနစ်ဦး နိုင်ငံအတွက် အသက်ပေးလှူခဲ့ရပြီး ၂၉ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကာ တစ်ဦးပျောက်ဆုံးခဲ့သည်။ ကျော်သက်နှင့် စောဆန်းအောင်အဖွဲ့ထံမှ ဖမ်းဆီးရမိ ၂၆ ဦး၊ အလောင်းခြောက်လောင်း၊ ဥပဒေဘောင်အတွင်းဝင်ရောက်သူ ၈၉ ဦး၊ လက်နက်မျိုးစုံ ၁၆၅ လက်၊ ကျည်မျိုးစုံ ၂၁၆၅၆ တောင့်၊ ဗုံးသီးမျိုးစုံ အလုံး ၄၀၀၊ မိုင်းမျိုးစုံ ၃၂၆ လုံး၊ ကျည်အိမ်မျိုးစုံ ၃၅၈ ခု၊ လက်ပစ်ဗုံးမျိုးစုံ ရှစ်လုံး၊ ယာဉ်မျိုးစုံ ၁၄ စီးနှင့် WY စာတန်းပါ စိတ်ကြွရူးသွပ် ဆေးပြား ၈၆၄၀၅၇ ပြားတို့ သိမ်းဆည်းရမိခဲ့သည်။

တပ်မတော်နှင့် နယ်ခြားစောင့်တပ်(BGF)တို့က နယ်မြေရှင်းလင်းနိုင်ခဲ့ခြင်းကြောင့် မြဝတီ-သဃ်န်းညီနောင်-ကော့ကရိတ်လမ်းသစ် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၃၀ ရက်တွင်ကျင်းပနိုင်ခဲ့ပြီး ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် Dr. Somkid Jatusripitak တို့ တက်ရောက်၍ အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့သည်။

ယခင်ကလမ်းအရှည် ၃၉ မိုင် ၄ဖာလုံရှိသော မြဝတီ-ကော့ကရိတ် ကားလမ်းဟောင်းသည် အတက်တစ်ရက်နှင့် အဆင်းတစ်ရက်စနစ်ဖြင့် သွားလာခဲ့ရပြီးယာဉ်မောင်းချိန်မှာလည်းယာဉ်ကြီး ရှစ်နာရီနှင့် ယာဉ်ငယ်ခြောက်နာရီကြာမြင့်ခဲ့သည့်အပြင် လမ်းကြောင်းပေါ်တွင် ယာဉ်တစ်စီးပိတ်ဆို့ပါက မဖြေရှင်းနိုင်ချိန်တွင် ယာဉ်တန်းများ ရပ်တန့်မှုဖြစ်ပေါ်ပြီး ကုန်စည်စီးဆင်းမှုနှင့် ခရီးသွားပြည်သူလူထုများ၏ ခရီးသွားလာမှုအား များစွာထိခိုက်ခဲ့သည်။

ယခုအခါ အရှည် ၂၈ မိုင် ၄ ဖာလုံရှိ ကော့ကရိတ်-မြဝတီ-မဲဆောက် အာရှလမ်းမ နိုင်လွန်ကတ္တရာလမ်းမကြီးမှာ ယာဉ်ကြောအသွား၊ အပြန်ပါဝင်ပြီး ၄၅ မိနစ်အတွင်းသာ မောင်းနှင်ရသဖြင့် ပြည်သူများ ခရီးသွားလာမှု လွယ်ကူလျင်မြန်အဆင်ပြေစေပြီး ကုန်စည်စီးဆင်းမှုလည်း သွက်လက်မြန်ဆန်ထိရောက်သည့်အပြင် အသက်စည်းစိမ်ဥစ္စာ လုံခြုံရေးအရလည်း အန္တရာယ်ကင်းစွာ သွားလာနိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ဆောင်ရွက်

**ဆိပ်ဖြူ စက်တင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် အနောက်ကံကွင်းကျေးရွာတွင် စက်တင်ဘာ ၁၅ရက်နှင့် ၁၆ ရက်တို့၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ၄ှက်ဖျားနှင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။ အဆိုပါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို မြို့နယ်ဆရာဝန်ကြီး ဦးဆောင်ပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ကျေးရွာမှတာဝန်ရှိသူများ ပူးပေါင်းကာ ဖုံး၊ သွန်၊ လဲ၊ စစ်နှင့် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။ ထိုသို့ ဆောင်ရွက်ရာတွင် အိမ်ထောင်စု ၁၁၃ စု လူဦးရေ ၅၇၄ ဦး၊ ငါးနှစ်အောက်ကလေး ၂၀၄ ဦးရှိပြီး မိုးတွင်းကာလဖြစ်ပွားတတ်သော ရောဂါများ ကြိုတင်ကာကွယ်ရေးတွင် သွေးလွန်တုပ်ကွေးရောဂါကို ယခင်ကလေးသူငယ်များသာ ဖြစ်ပွားခဲ့ရာမှ ယခုအခါ လူကြီးများလည်းဖြစ်ပွားနေသဖြင့် သတိပြုရန်လိုအပ်ကြောင်း သိရသည်။ **စိုးလင်းနိုင်(ပြန်/ဆက်)**

## ဘက္ကရီအီးဒ်နေ့

**နေပြည်တော် စက်တင်ဘာ ၁၇**

၁၃၇၇ ခုနှစ် တော်သလင်းလဆန်း ၁၂ရက် (၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၅ရက်) သောကြာနေ့သည် အီဒွလ်အဿွာဟာ(ဘက္ကရီအီးဒ်)နေ့ ဖြစ်သည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ရုံးများ၏ ပိတ်ရက်အဖြစ် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများ အက်ဥပဒေပုဒ်မ ၂၅အရ အများပြည်သူတို့၏ အလုပ်ပိတ်ရက်ဖြစ်သည်။ **(မြန်မာ့အလင်း)**

# ခရိုင်အဆင့် မိုးစပါးထွန်တုံးပိတ်

**တပ်ကုန်း စက်တင်ဘာ ၁၇**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင်၌ ခရိုင်အဆင့် မိုးစပါး ထွန်တုံးပိတ်ပွဲကို တပ်ကုန်းမြို့နယ် ညောင်တုန်းအိုင်ကျေးရွာအုပ်စု၌ စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းက ကျင်းပသည်။



အဆိုပါ ထွန်တုံးပိတ်ပွဲတွင် ပုလဲသွယ်စပ်မျိုးစပါးကို သိပ္ပံနည်းကျ စိုက်စနစ် (GAP)ဖြင့် စိုက်ပျိုးမှုကို ကောက် စိုက်သမလုံမေများက သရုပ်ပြခဲ့ကြသည်။ ထွန်တုံးပိတ်ပွဲသို့ အနီးဝန်းကျင်ကျေးရွာများမှ တောင်သူလယ်သမားများ တက်ရောက်ခဲ့ကြသည်။

ဥတ္တရခရိုင်စိုက်ပျိုးရေးဦးစီးဌာနသည် ၂၀၁၅-၂၀၁၆ ခုနှစ် မိုးစပါးစိုက်ရာသီတွင် မိုးစပါး ၇၈၃၈၇ ဧကစိုက်ပျိုးရန် လျာထားသတ်မှတ်ခဲ့သော်လည်း ယနေ့အထိ ၈၁၅၆၅ ဧကစိုက်ပျိုးပြီး ဖြစ်သဖြင့် လျာထားဧကထက် ၃၁၇၈ ဧက ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်း-မောင်ကျော်ကြီး**
**ဓာတ်ပုံ-သက်ထက်**



တောင်ငူမြို့ အမှတ်(၂၀)ရပ်ကွက်မှ အသက် (၁၀၁)နှစ်ကျော်ရှိ အဘွားဒေါ်ပုအား နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုလွှာပေးအပ်ချီးမြှင့်ပွဲ၌ စက်တင်ဘာ ၁၆ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဝင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နီလာစိုးတို့က ထောက်ပံ့ငွေကျပ်နှစ်သိန်းနှင့် ဂုဏ်ပြုလွှာချီးမြှင့်စဉ်။ သူရ(တောင်ငူ)

# မဲဆန္ဒရှင်များအလွယ်တကူသိရှိရန် အခက်အခဲများရှိ၊ မဲပေးချိန်၌ အခက်အခဲများမရှိစေရန် ပြင်ဆင်သွားမည်

သတင်းဆောင်းပါး
တင်ဝင်းလေး(ကြည့်မြင်တိုင်)

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကြီး ကျင်းပတော့မည်ဖြစ်သည်။ ရွေးကောက်ပွဲကြီးတွင် ပါဝင်မဲပေးနိုင်ကြမည့် အခြေခံမဲဆန္ဒရှင်များ၏ အမည်စာရင်းကို ဒုတိယအကြိမ်အဖြစ် တစ်နိုင်ငံလုံးတွင် စက်တင်ဘာ ၁၄ ရက်မှ စတင်၍ ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ရုံးများတွင် ကပ်ထားကြေညာပြီးဖြစ်သည်။

စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုသူများရှိသကဲ့သို့ မသိလိုက်မသိဘာသာနေကြသူများလည်း ရှိနေသည်။ ဒုတိယအကြိမ် ထပ်မံကြေညာသည့် ပထမတစ်ရက်၊ နှစ်ရက်မှာပင် ယခင်ပထမအကြိမ်ကထက် လာရောက်ကြည့်ရှုသူ ပိုမိုများပြားကြောင်းကို တွေ့ရှိရသည်။

သို့သော် လာရောက်ကြည့်ရှုသူတိုင်း၏ တူညီသော တုံ့ပြန်သံက “ရှာလို့လည်း မတွေ့ဘူး” ဟု ဆိုကြသည်။ “ပထမကြေညာစဉ်တုန်းက ပုံစံတစ်မျိုး အခုကြေညာတာ ပုံစံတစ်မျိုးဖြစ်သွားပြန်ပြီ” ဟု ဆိုကြသည်။

ပထမတစ်ကြိမ် အခြေခံမဲစာရင်းများ ကြေညာစဉ်က လမ်းအလိုက်၊ အိမ်နံပါတ်စဉ်အလိုက် စာရင်းပြုစုကြေညာသွားခြင်းဖြစ်သည်။ ထို့အတွက် မဲဆန္ဒရှင်များအနေဖြင့် အလွယ်တကူ ရှာဖွေတွေ့မြင်နိုင်ခဲ့ခြင်းဖြစ်သည်ဟု ဆိုကြသည်။ သို့သော် ပထမအကြိမ် အခြေခံမဲစာရင်းကြေညာစဉ်က အမည်များမှားယွင်းမှု၊ အမည်နှစ်ခါပြန်ပါမှု၊ မှတ်ပုံတင်နံပါတ်များ လွဲချော်မှု၊ မွေးသက္ကရာဇ်များ မှားယွင်းစွာ တူညီနေမှု၊ သေဆုံးသူများ ပါဝင်နေမှု စသည့် အမှားပေါင်းများစွာဖြင့် ထွက်လာခဲ့ခြင်းဖြစ်သည်။

ထိုအမှားများစွာကို ပြင်ဆင်ပေးနိုင်ရန် ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲရုံးများကို တစ်လနီးပါးကြာဖွင့်၍ ဆောင်ရွက်ပေးခဲ့သည်ဟု ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမြအောင်က ပြောပြခဲ့သည်။ ထိုကဲ့သို့ မှားယွင်းမှုများကို ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲတိုင်းက ပုံစံ ၃/ပုံစံ ၄၊ ပုံစံ ၄(က)တို့ဖြင့် ပြင်ဆင်ဖြည့်စွက်၍ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများကို တင်ပြကြရခြင်းဖြစ်သည်ဟု သိရသည်။

ထိုအမှားများကို ပြင်ဆင်၍ ဒုတိယအကြိမ် ပြန်လည်ကြေညာသည့်အခါတွင် မဲဆန္ဒရှင်များ၏ အသံက ယခင်ပထမတစ်ကြိမ်ထက် ပိုမိုကျယ်လောင်လာခဲ့သည်။ အချို့အချို့သော မဲဆန္ဒရှင်တို့၏ ယခင်မှားယွင်းမှုအတိုင်း မပြောင်းမလဲ၊ ပြန်လည်ပါလာခြင်းရှိသည်ဟု ကြည့်ပြီးသူအများက ဆိုကြသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း အချို့သော မြို့နယ်များမှ မိတ်ဆွေများနှင့် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ သတင်းထောက်တစ်ဦးအား လှမ်းဆက်သွယ်မေးမြန်းကြည့်ရာတွင်လည်း ထိုအတိုင်းတွင် ပြန်လည်ပြောကြားကြသည်။

ထို့ထက်ဆိုးသည်မှာ ယခင်ကလမ်းအလိုက်စီ၍ ကြေညာရာမှ ယခုအခါ အိမ်နံပါတ် ဂဏန်းအလိုက် စီသွားခြင်းဖြစ်သည်။ ဥပမာ ကကြီးလမ်းမှ ထိပ်စီးဂဏန်း အိမ်နံပါတ်(၁)မှ အိမ်ထောင်စုပြီးပါက ခခွေးလမ်းမှ ထိပ်စီးဂဏန်း အိမ်နံပါတ်(၁)၏ အိမ်ထောင်စုကို စီ၍ ရိုက်ခြင်းဖြစ်သည်။ ရပ်ကွက် တစ်ရပ်ကွက်တွင် လမ်းငါးလမ်းရှိသည်ဆိုပါက ထိုလမ်းငါးလမ်းမှ အိမ်နံပါတ် ထိပ်စည်းနံပါတ်တူများကို တန်းစီယူသွားခြင်းဖြစ်သည်။ လမ်းတစ်လမ်းမှ အိမ်နံပါတ် တစ် ပြီးပါက နောက်တစ်လမ်းမှ အိမ်နံပါတ်တူများကို စီရိုက်ခြင်းဖြစ်၍ ထိုစာမျက်နှာအုပ်စုတွင် အိမ်နံပါတ်(၁)၊ အိမ်နံပါတ်(၁၁)၊ အိမ်နံပါတ်(၁၀၀) စသည်ဖြင့်ပါသွားမည်ဖြစ်သည်။ ထို့အပြင် အိမ်နံပါတ်တူတစ်ခုတည်းတွင် အိမ်ထောင်စုနှစ်ခုရှိပါက အမည်အက္ခရာစဉ်ကို ပြန်ယူ၍ ရိုက်ခြင်းကြောင့် မဲစာရင်းတွင် အိမ်ထောင်စုတစ်ခုတည်းတွင် ဖြစ်သော်လည်း မဲစာရင်းတွင် အခြားအိမ်ထောင်စုမှ သူတို့၏ အမည်များက ကြားညှပ်ပါဝင်လာခဲ့ပြန်သည်ကို တွေ့ရသည်။ ထို့ကြောင့် သား၊ သမီးတို့က အပေါ်က၊ အဖေအမေက အောက်က ဖြစ်နေသည်။ ထို့အတွက် လာရောက်ကြည့်ရှုသူများအနေဖြင့် အသစ်အဆန်းဖြစ်ပြီး ရှာဖွေရခက်ခဲနေကြခြင်းကို လေ့လာတွေ့ရှိရသည်။

ပထမအကြိမ် ကြေညာစဉ်က လွယ်ကူစွာကြည့်ရှုနိုင်ခဲ့ကြပြီး ဒုတိယအကြိမ်ပြန်လည်ကြေညာရာတွင် မည်သို့သော အကြောင်းအရာအခက်အခဲများကြောင့် ဖြစ်ပေါ်လာရသည်ကို သိလိုသည့်အတွက် မိမိနေထိုင်ရာ ကြည့်မြင်တိုင် မြို့နယ်အထွေထွေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိန်သန်းနှင့်တွေ့ဆုံမေးမြန်းခဲ့သည်။ ဥက္ကဋ္ဌ ဦးစိန်သန်းက “ကျွန်တော်တို့လည်း အသံတွေပြန်ကြားနေရပါတယ်။ အခု ဒုတိယအကြိမ်ထုတ်ပြန်တဲ့ အခြေခံမဲစာရင်းကို ဝါရှင်တန်အခြေစိုက် လူမှုအဖွဲ့အစည်းတစ်ခုဖြစ်တဲ့ IEFS က နည်းပညာအကူအညီပေးမှုနဲ့ Software တည်ဆောက်ပြီး ပြုစုခဲ့တာပါ။ မြန်မာ့နည်း၊ မြန်မာ့ဟန်၊ မြန်မာ့မှုနဲ့ မတူညီတဲ့အတွက် အခက်အခဲလေးတွေ ဖြစ်ပေါ်လာခဲ့ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ပကတိ မြေပြင်အနေအထားနဲ့ ကွာခြားသွားခဲ့ပါတယ်။ ပထမနာမည်ကို အက္ခရာစဉ်အလိုက်လည်းကောင်း၊ နောက်တစ်ဖန် လမ်းအမည်နဲ့ ပြင်ဆင်၍လည်းကောင်း စီရိုက်ခဲ့ကြပါတယ်။ အခုနောက်ဆုံး ထွက်လာတာက အိမ်နံပါတ် ဂဏန်း ထိပ်စီးတူနဲ့ ပြန်စီသွားတာဖြစ်ပါတယ်။ ဒါကို မဲဆန္ဒရှင်များအနေနဲ့ ရင်းနှီးကျွမ်းဝင်တဲ့ အမြင်အတွေ့အကြုံမရှိကြသေးတဲ့အတွက် အခက်အခဲတစ်ခုထပ်မံဖြစ်ပေါ်လာတာပါ။ ပထမကြေညာစဉ်က အမှားတွေ ပြန်ပါလာတယ်ဆိုတာလည်း ပြင်ဆင်ခဲ့ပေမယ့် Software ချို့ယွင်းချက်ကြောင့် ထပ်မံအမှားများ ပါလာရခြင်းဖြစ်ပါတယ်။ ဒါတွေကိုလည်း ပြင်ဆင်ဆဲဖြစ်ပါတယ်။ မဲပေးခါနီး နောက်ဆုံးမဲရုံမှာကပ်တဲ့အချိန်ကြရင် အားလုံးနီးပါး မှန်သွားနိုင်ပါတယ်” ဟု ရှင်းလင်းပြောကြားခဲ့သည်။

မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိန်သန်းက ပင်ဆက်လက်၍ “နောက်ဆုံးတစ်ကြိမ် ကြေညာဖို့အတွက် မဲဆန္ဒရှင်များ လွယ်ကူစွာ နားလည်သိမြင်နိုင်တဲ့ Software version အသစ်တစ်ခုနဲ့ ပြင်ဆင်သွားဦးမှာပါ။ မဲမပေးမီ နှစ်ပတ်အလိုလောက်မှာ ထွက်လာပြီး မဲရုံတိုင်းမှာ ကပ်ထားကြေညာပေးသွားမှာပါ။ နောက်ဆုံးကပ်ပြီးတဲ့အခါ မှားယွင်းမှုလေးတွေ ထပ်ရှိနေရင်လည်း ရပ်ကွက်ကော်မရှင်နဲ့ ဖွဲ့/ထောက်အဖွဲ့က ထိုမဲဆန္ဒရှင်မှန်ကန်ကြောင်းထောက်ခံပေးရင် အဆင်ပြေပြေလွယ်လွယ်ကူကူ နဲ့ မဲပေးသွားနိုင်မှာပါ”

“နောက်တစ်ခုက မဲပေးရက် တစ်ပတ်မတိုင်မီရက်အတွင်းမှာ မဲပေးပိုင်ခွင့်ရှိတဲ့(မဲစာရင်းတွင်ပါပြီး)သူများကို မဲပေးခွင့် “မဲဆန္ဒရှင် သက်သေခံလက်မှတ်” လေးတွေကို ရပ်ကွက်ကော်မရှင်အဖွဲ့ဝင်များက အိမ်တိုင်ရာရောက် ကြိုတင်ပေးသွားမှာဖြစ်ပြီး အဲဒီမှာအမည်၊ မှတ်ပုံတင်နံပါတ်၊ အိမ်အမှတ်စတာတွေက အမှန်ဆုံးဖြစ်သွားမှာပါ” ဟု ရှင်းလင်းပြောကြားခဲ့သည်။

“နောက်ဆုံးအနေနဲ့ပဲ မဲဆန္ဒရှင်တစ်ဦးဟာ မဲနှစ်ခါပေးသွားတယ်ဆိုတဲ့ အဖြစ်မျိုးမဖြစ်ရအောင် စီစဉ်ဆောင်ရွက်ထားမှုလည်းရှိပါတယ်။ အဲဒါက မဲပေးပြီးတဲ့သူရဲ့ ညာဘက်လက်သန်း လက်သည်းခွံမှာ ၂၄ နာရီကြာခံတဲ့ မင်တစ်မျိုးနဲ့ တို့ပေးလိုက်မှာမို့ နောက်တစ်ကြိမ်ဘယ်လိုမှ မဲလာရောက်ပေးလို့ မရနိုင်တော့ပါဘူး” ဟု ဆောင်ရွက်ထားမှုကိုလည်း သိခွင့်ရခဲ့သည်။

မဲပေးပိုင်ခွင့်ရှိသူ ပြည်သူတစ်ဦးတစ်ယောက်၏ မဲတစ်ပြားသည် ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် အုတ်တစ်ချပ်သဲတစ်ပွင့်ပမာ အရေးပါတန်ဖိုးရှိလှပေသည်။ ထိုတန်ဖိုးရှိလှသော မဲတစ်ပြားအလဟဿမဆုံးရှုံးရေးမှာ မဲဆန္ဒရှင်များ၏ အဓိကအကျဆုံးသော တာဝန်တစ်ရပ်ဖြစ်သည်။ အမိနိုင်ငံတော်ကိုချစ်သူတိုင်း၏ တာဝန်မှာ ပါဝင်မဲထည့်ရေးပင်ဖြစ်သည်။ မဲထည့်ခွင့်ရရှိရေးအတွက် ကြေညာထားသည့် မဲစာရင်းတွင် မိမိအမည်ပါရှိရေးသည် အရေးအကြီးဆုံးဖြစ်သည်။

ထို့အတွက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိန်သန်းက “အသက် ၁၈ နှစ်ပြည့်ပြီးသူ နိုင်ငံသားတိုင်း မဲပေးပိုင်ခွင့်ရှိပါတယ်။ မဲပေးပိုင်ခွင့်ရှိသူတိုင်းရဲ့ အမည်စာရင်းကိုလည်း စိစစ်ပြီးကြေညာထားပြီးဖြစ်ပါတယ်။ ဒါ့ကြောင့် ကြေညာထားတဲ့ မဲဆန္ဒရှင်များစာရင်းကို မိမိကိုယ်တိုင်ဖြစ်စေ၊ မိမိ မိသားစုဝင်တစ်ဦးတစ်ယောက်ကဖြစ်စေ လာရောက်တိုက်ဆိုင်စစ်ဆေးကြပါ။ မိမိအမည်မပါရင်ဖြစ်စေ၊ အခြားအချက်အလက်တစ်ခုခု လွဲမှားနေရင်ဖြစ်စေ အချိန်မီပြုပြင်ပေးနိုင်ဖို့အတွက် ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲရုံးများမှာ သတ်မှတ်ပုံစံရယူပြီး ပြင်ဆင်ဖြည့်စွက်ပေးကြပါလို့ တိုက်တွန်းလိုပါတယ်။ နောက်တစ်ချက်က မိမိမဲစာရင်းကို www.uecmyanmar.org မှာ ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်ဆိုတာကို သတင်းကောင်းလေးလည်းပေးချင်ပါတယ်” ဟု အသိပေးတိုက်တွန်းနှိုးဆော်စကားဖြင့် အဆုံးသတ်ခဲ့သည်။

# အင်ဒိုနီးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသား ၁၇၆ ဦးအနက် ၁၆ ဦးမှာ လူကုန်ကူးခံခဲ့ရ

**ရန်ကုန် စက်တင်ဘာ ၁၇**

အင်ဒိုနီးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသား ၁၇၆ ဦးအနက် ၁၆ ဦးမှာ လူကုန်ကူးမှုခံခဲ့ရကြောင်း အမှတ်(၆) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ တပ်ဖွဲ့စုမှူး ရဲမှူး ရဲဝင်းအောင်က စက်တင်ဘာ ၁၆ ရက်က ပြောသည်။

အင်ဒိုနီးရှားနိုင်ငံရှိ အန်ဘွန်၊ တန်ဂျွန်ပီနန်၊ မယ်လာဘိုးကျွန်းတို့တွင်ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများကို အဆိုပါနိုင်ငံရှိ မြန်မာသံရုံးနှင့် ရွှေ့ပြောင်းသွားလာ နေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM) တို့၏ အကူအညီဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ မြန်မာနိုင်ငံသားအဖြစ် အတည်ပြုချက်ရရှိပြီး သူတို့ကို မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ပေးလျက်ရှိရာ စက်တင်ဘာလဆန်းမှစ၍ ၁၆ ရက်အထိ (၅)ကြိမ် ပို့ဆောင်ပေးနိုင်ခဲ့ပြီး မြန်မာနိုင်ငံသား ၁၇၆ ဦး နေရပ်အသီးသီးသို့ ပြန်လည်ရောက်ရှိခဲ့ရာ ယင်းတို့အနက်မှ ၁၆ ဦးမှာ လူကုန်ကူးခံခဲ့ရကြောင်း သိရသည်။

“ပြန်ရောက်လာတဲ့ သူတွေထဲမှာ လူကုန်ကူးခံခဲ့ရသူတွေပါတယ်။ သူတို့အနေနဲ့သွားတုန်းက ရေရေရာရာမရှိဘဲသွားခဲ့ကြတယ်။ တစ်ဖက်နိုင်ငံရောက်တော့ ပွဲစားတွေနဲ့တွေ့ပြီး လူကုန်ကူးခံခဲ့ရတယ်။ ပွဲစားကလည်း တစ်ဖက်နိုင်ငံကဖြစ်တဲ့အပြင် နာမည်ကျတော့လည်း အပြည့်အစုံမသိတော့ ဥပဒေအရ အရေးယူဖို့ အခက်အခဲရှိနေပါတယ်။ အခု လူကုန်ကူးခံခဲ့ရသူတွေ အတွက်ကိုလည်း သက်ဆိုင်ရာတိုင်းဒေသကြီးနဲ့ ပြည်နယ်က လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ကို သတင်းပေးပို့ တိုင်ကြားပြီး ဆက်လက်ဖော်ထုတ်သွားနိုင်အောင် ဆောင်ရွက်သွားမှာပါ” ဟု ရဲမှူး ရဲဝင်းအောင်က ပြောသည်။

ထိုသို့ လူကုန်ကူးခံခဲ့ရသူအများစုမှာ တစ်ဖက်နိုင်ငံသို့ တရားမဝင်သွားရောက်ခဲ့ပြီး အလုပ်လက်မဲ့ဖြစ်သည့်အချိန်မျိုးတွင် အလုပ်အကိုင်ရှာဖွေပေးသည့် ပွဲစားများကတစ်ဆင့် လူကုန်ကူးခံခဲ့ရကြောင်း သိရသည်။

“ဒီနိုင်ငံကနေတစ်ဆင့် လူကုန်ကူးခံရတာနည်းတယ်။ ထိုင်းနိုင်ငံကနေတစ်ဆင့် အင်ဒိုနီးရှားလှေတွေပေါ်ကို လူကုန်ကူးခံရတာများပါတယ်။ အင်ဒိုနီးရှားရေပြင် ရောက်သွားတဲ့ လူတော်တော်များများကတော့ လူကုန်ကူးခံခဲ့ရတာပါ။ အခု ကျွန်တော်တို့အနေနဲ့ လူတွေအများကြီး ပြန်လည်ကယ်တင်နိုင်ခဲ့တယ် ဆိုပေမယ့် တိတိကျကျပြောပြနိုင်သူတွေလောက်သာ လူကုန်ကူးမှုနဲ့ အမှုဖွင့်အရေးယူနိုင်ဖို့ ချိတ်ဆက်ဆောင်ရွက်မှုတွေ လုပ်နေပါတယ်” ဟု လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ရဲမှူးကြီး ခင်မောင်လှက ပြောကြားသည်။

ယင်းသို့ ပြန်လည်ရောက်ရှိလာသည့်သူများအနက်မှ လူကုန်ကူးခံခဲ့ရသူ ၉၈ ရာခိုင်နှုန်းသည် တစ်ဖက်နိုင်ငံမှတစ်ဆင့် အင်ဒိုနီးရှားနိုင်ငံသို့ ရောက်ရှိနေခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်၍ လူပွဲစားတို့၏ အမည်နှင့် နေရပ်လိပ်စာတို့ကို မမှတ်မိသဖြင့် အမှုဖွင့်အရေးယူရန် ခက်ခဲနေပြီး တိကျစွာပြန်လည်ပြောဆိုနိုင်သူများကိုသာ ဥပဒေအရအရေးယူဆောင်ရွက်ပေးသွားနိုင်ရန် စီစဉ်ထားကြောင်း အဆိုပါ ရဲမှူးကြီးထံမှ သိရသည်။

ထို့အပြင် အင်ဒိုနီးရှားနိုင်ငံရှိ အဆိုပါကျွန်းတို့တွင် ကျန်ရှိနေသည့် မြန်မာနိုင်ငံသား ၁၃၈ ဦးကိုလည်း သက်ဆိုင်ရာမှ စစ်ဆေးမှုများပြုလုပ်၍ ပြန်လည်ရောက်ရှိလာပါကလည်း လူကုန်ကူးမှုခံခဲ့ရခြင်း ရှိ၊ မရှိ စစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ထပ်မံသိရှိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**ဇော်ကြီး(ပဏ္ဍိတ)**



စက်တင်ဘာလအတွင်း အင်ဒိုနီးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် ရေလုပ်သားများကိုတွေ့ရစဉ်။

# မွေးရာပါ အလုံးအကျိတ်ဝေဒနာခံစားနေရသည့် ဆင်းရဲချို့တဲ့ကလေးငယ်အား ကူညီပါ

**ပုသိမ် စက်တင်ဘာ ၁၇**



ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ရွှေမြင်တင်ကျေးရွာ ချောင်းကြီးပိုင်းရပ်ကွက်တွင် မိဘများနှင့် အတူနေထိုင်သည့် အသက် သုံးနှစ်အရွယ် ကလေးငယ် မဝင်းလဲ့လဲ့ဖြိုးမှာ မျက်နှာပေါ်ရှိ မွေးရာပါအလုံးအကျိတ်ကြီး ဝေဒနာခံစားနေရသောကြောင့် ၎င်းကိုခွဲစိတ်ကုသရန် မိဘများမှ ငွေကြေးမတတ်နိုင်ကြ၍ အလှူရှင်များ လိုအပ်လျက်ရှိကြောင်း ONE TO ONE ပြည်သူ့ကူညီရေးအဖွဲ့မှ သိရသည်။

အဆိုပါဝေဒနာ ခံစားနေရသော ကလေးငယ်၏ မျက်နှာပေါ်ရှိ မွေးရာပါ အလုံးအကျိတ်မှာ ယခုအခါ တဖြည်းဖြည်းကြီးထွားလာသဖြင့် ပုသိမ်မြို့ရှိ မြတ်စေတနာလူမှုရေးအသင်းနှင့် ONE TO ONE ပြည်သူ့ကူညီရေးအဖွဲ့တို့က တာဝန်ယူဆေးကုသပေးရန်အတွက် လုပ်ဆောင်နေကြကြောင်းသိရပြီး အဆိုပါ မွေးရာပါ အလုံးအကျိတ်ကြီးဝေဒနာခံစားနေရသည့် မဝင်းလဲ့လဲ့ဖြိုးအား ဆေးရုံတင် ခွဲစိတ်ကုသရန်အတွက် ကုန်ကျစရိတ် လွန်စွာများပြားသောကြောင့် လှူဒါန်းလိုသော စေတနာရှင် အလှူရှင်များအနေဖြင့် ONE TO ONE ပြည်သူ့ကူညီရေးအဖွဲ့မှ ကိုဝမ်း ဖုန်း-၀၉-၂၅၃၆၄၄၄၅၅၊ ၀၉-၉၆၂၃၆၅၅၇၇ နှင့် မောင်လူပျော် ဖုန်း-၀၉-၄၀၂၅၇၇၁၄၃၊ ၀၉-၇၉၇၁၁၂၀၅၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း ONE TO ONE ပြည်သူ့ကူညီရေးအဖွဲ့မှ သိရသည်။ **တင်လှမောင်**

## ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် မုတ်သုံလေအားနည်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေသည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ထစ်ချုန်းရွာမည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။ **(မိုး/ဇလ)**

# မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၇**

နမ့်ခမ်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၅ ရက်က နမ့်ခမ်းမြို့နယ် တွန်ပုတ်ကျေးရွာအဝင်လမ်းထိပ်တွင် နမ့်ပန်ကျေးရွာဘက်မှ လမ်းလျှောက်လာသူ လောက်ဆူနှင့် အောင်ကြည်တို့ နှစ်ဦးအားရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ၇၇ ခွက် (ဘိန်းဖြူ အလေးချိန် ၀ ဒသမ ၉၂၄ ကီလို) နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀၈၀ တို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူစက်တင်ဘာ ၁၅ ရက်က နောင်ချိုမြို့အဝင် အေးရှားဝေါတိုးဂိတ်အနီးတွင် ပန်ဆန်းဘက်မှ ပြင်ဦးလွင်ဘက်သို့ သန်းလူ မောင်းနှင်လာသော မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၆၀၀၊ ဘိန်းဖြူဆပ်ပြာခွက် ၁၈ ခွက် (ဘိန်းဖြူ ၀ ဒသမ ၁၉၈ ကီလို) နှင့် ဘိန်းစိမ်း ၁ ဒသမ ၅ ကီလို တို့ကိုလည်းကောင်း၊ စက်တင်ဘာ ၁၅ ရက်က တောင်ကြီးမြို့ စဝ်စံထွန်းရပ်ကွက် ဥတ္တရာရုံဘုန်းကြီးကျောင်းအနီး လမ်းလျှောက်လာသူ ရွှေသွေးနှင့် စောလေးတို့ နှစ်ဦးအား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**



# ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့၏ လှုပ်ရှားမှု သတင်းပုံရိပ်များ

**ရန်ကုန် စက်တင်ဘာ ၁၇**

**ဖမ်းဆီးနည်း(ဆင့်ပွား)သင်တန်းဖွင့်လှစ်**

ဖမ်းဆီးနည်း(ဆင့်ပွား)သင်တန်း အမှတ်စဉ်(၉/၂၀၁၅)ဖွင့်ပွဲကို စက်တင်ဘာ ၁၄ ရက်က ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၌ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး ဦးစီးအရာရှိ (ပထမတန်း) ဒုတိယရဲမှူးကြီးမင်းဇော်ဦးက သင်တန်းဖွင့်မိန့်ခွန်းပြောကြားပြီး အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများ၊ နည်းပြများနှင့် သင်တန်းသား ရဲတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

သင်တန်းကို စက်တင်ဘာ ၁၄ ရက်မှ ၂၅ ရက်အထိဖွင့်လှစ်ကာ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ရှိ ခရိုင်/မြို့နယ်ရဲတပ်ဖွဲ့ဝင်အရာရှိ၊ အခြားအဆင့် ၃၅ ဦးအား ပို့ချပေးသွားမည်ဖြစ်သည်။

**ဆိုင်ကယ်ကယ်ရီသမားကို ဓားဖြင့်ထိုးသူ အချိန်တိုအတွင်း ဖမ်းဆီး**

စက်တင်ဘာ ၉ ရက် နံနက် ၃ နာရီ ၄၅ မိနစ်တွင် သန်လျင်မြို့နယ်နေ ဆိုင်ကယ် ကယ်ရီမောင်းသူ ဦးဝင်းညွန့်သည် သန်လျင်မြို့ ငွေသန်းဝင်း(၂) လမ်းထိပ်၌ ခရီးသည် စောင့်ဆိုင်းစဉ် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦး တို့ရောက်ရှိလာပြီး ဆိုင်ကယ်ကယ်ရီငှားရမ်းရာမှ စကားများခဲ့ကြသည်။

ထို့နောက် အမျိုးသားက ချုပ်ကိုင်ပေးပြီး အမျိုးသမီးက အသင့်ပါလာသော ဓားဖြင့်ထိုး၍ ဦးဝင်းညွန့်တွင် ထိုးသွင်းဒဏ်ရာတစ်ချက် ရရှိခဲ့သဖြင့် သန်လျင်မြို့မရဲစခန်းက အမှုဖွင့်ကာ စုံစမ်းဖော်ထုတ်ခဲ့သည်။

စုံစမ်းစစ်ဆေးချက်များအရ အခင်းဖြစ်နေရာအနီးရှိ ရေမြောင်းအတွင်းမှ ပြစ်မှုကျူးလွန်ရာတွင်အသုံးပြုခဲ့သော အရိုးအသွားရှစ်လက်မခန့်ရှိ စတီးဓားတစ်ချောင်းကိုတွေ့ရှိ သိမ်းဆည်းရမိခဲ့ပြီး တိမ်းရှောင်သွားသည့် အမျိုးသားနှင့် အမျိုးသမီးတို့မှာ သန်လျင်မြို့နယ်နေ လင်မယားဖြစ်ကြောင်း သိရသည်။

၎င်းတို့အား ဖမ်းဆီးရမိရေးအတွက် တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင် များက စုံစမ်းဆောင်ရွက်ခဲ့ရာ ယင်းနေ့ညနေတွင် မြတ်သူအောင် (၂၆ နှစ်)နှင့် မအိတုံ (ခ)မဆွေဆွေဦး (၁၈နှစ်)တို့ နှစ်ဦးကို သုံးခွမြို့နယ် သဲကုန်းကျေးရွာ၌တွေ့ရှိ ဖမ်းဆီးရမိ ခဲ့ပြီး ပြစ်မှုကျူးလွန်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိသည်။

**မိုင်းအခြေခံသဘောတရားနှင့် ကာကွယ်ရေးပစ္စည်းများ ကိုင်တွယ်နည်း (ဆင့်ပွား)သင်တန်းဖွင့်**

မိုင်းအခြေခံသဘောတရားနှင့် မိုင်းအန္တရာယ် ကာကွယ်ရေးပစ္စည်းများ ကိုင်တွယ်အသုံးပြုနည်း (ဆင့်ပွား)သင်တန်း အမှတ်စဉ်(၂/၂၀၁၅) သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၁၄ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့) မြို့နယ်ရှိ အဆင့်မြင့်မွမ်းမံလေ့ကျင့်ရေးသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့၊ အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမြင့်ထွေးက သင်တန်းဖွင့်အမှာစကားပြောကြားခဲ့ပြီး အခမ်းအနားသို့ မြို့နယ်ရဲတပ်ဖွဲ့မှူးများနှင့် တာဝန်ရှိသူများ၊ နည်းပြများ၊ သင်တန်းသားရဲတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

သင်တန်းကို စက်တင်ဘာ ၁၄ ရက်မှ ၂၅ ရက်အထိ ဖွင့်လှစ်ကာ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ရှိ ခရိုင်/မြို့နယ်ရဲတပ်ဖွဲ့များမှ တပ်ဖွဲ့ဝင်အရာရှိ/အခြားအဆင့် ၄၀ အား ပို့ချပေးသွားမည်ဖြစ်သည်။

**သတင်းစဉ်(ရန်ကုန်)အဖွဲ့**

# လင်းခေးခရိုင် မောက်မယ်မြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားထပ်မံဖမ်းမိ

**မောက်မယ် စက်တင်ဘာ ၁၇**

မောက်မယ်မြို့နယ် မြို့မရဲစခန်းမှူး ဒုတိယရဲမှူးကျော်သီဟ ဦးစီး၍ စက်တင်ဘာ ၁၅ ရက်က မိုးနဲ-မောက်မယ် ကားလမ်းပေါ် ဝမ်မကာကျေးရွာအနီးမှ မူးယစ်ဆေးဝါးသတင်းအရ စောင့်ဆိုင်းနေစဉ် မိုးနဲမြို့မှ မောက်မယ်ဘက်သို့ မောင်းနှင်လာသော (Kyaw Bo) အမျိုးအစား 125 ဦးကြူဝင်း(၅၀ နှစ်)၏ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ ဆိုင်ကယ်နောက်တွင် စီးနင်းလိုက်ပါလာသည့် ဒေါ်ပါအေး(၄၅ နှစ်)သယ်ဆောင်လာသော WY စာတန်းပါ ပန်းရောင်ဆေး ပြား ၅၆၅ ပြားနှင့် အစိမ်းရောင်ဆေးပြားငါးပြား စုစုပေါင်းဆေးပြား ၅၇၀ ကိုတွေ့ရှိသိမ်းဆည်းပြီး ဦးကြူဝင်းနှင့် ဒေါ်ပါအေးတို့အား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**စိုင်းမျိုးသန့်(ပြန်/ဆက်)**

# လောင်းကစားသူများဖမ်းမိ

**ရေတာရှည် စက်တင်ဘာ ၁၇**

တောင်ငူခရိုင်အတွင်းတရားမဝင် လောင်းကစားမှုများ ယခင်ကထက် များပြားလျက်ရှိကာ ရဲစခန်းများက ဖမ်းဆီး အရေးယူဆောင်ရွက်နေစဉ် စက်တင်ဘာ ၁၅ ရက်က ရေတာရှည်မြို့နယ်အတွင်းရှိ နှစ်လုံးထီရောင်းချသူများကို ဖမ်းဆီးရမိခဲ့သည်။

ယင်းနေ့ မွန်းတည့် ၁၂ နာရီခန့် သာဂရနယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ညီညီလွင် ဦးစီး တပ်ဖွဲ့ဝင်များသည် သာဂရကျေးရွာ အုပ်စု ဒေဝသာစည်ကျေးရွာနေ ထွန်းတင်(၄၉နှစ်) ၏ အကြော်ဆိုင်၌ တရားမဝင်နှစ်လုံးထီ ရောင်းချနေကြောင်း သတင်းအရ ဝင်ရောက်ဖမ်းဆီးခဲ့ရာ ဆိုင်အတွင်းရှိ ထိုင်ခုံပေါ်မှ နှစ်လုံးထီရောင်းချရာတွင် အသုံးပြုသောစာရွက်/ စာတမ်းများ ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေ စက္ကူ ရောရာငွေကျပ် ၁၂၀၀၀ တို့ကို လည်းကောင်း၊ ဆွာနယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ကျော်ညိုလင်း ဦးစီးအဖွဲ့သည် ယင်းနေ့ ညနေ ၄ နာရီခန့် ရှမ်းရွာနှင့် ဆွာမြို့သို့သွားသော လမ်းပေါ်တွင်စက်ဘီးစီးလာသော ဆွာမြို့ မြောက်ပိုင်းရပ်ကွက်နေ သန်းဦး(၄၆နှစ်) အား မသင်္ကာသဖြင့် စစ်ဆေးရှာဖွေစဉ် နှစ်လုံးထီရောင်းချရာ၌ အသုံးပြုသော စာရွက်/စာတမ်းများ၊ လောင်းကြေးငွေစက္ကူရောရာငွေကျပ် ၃၇၉၀၀ တို့နှင့် အတူ ဖမ်းဆီးရမိခဲ့၍ သက်ဆိုင်ရာ နယ်မြေရဲစခန်းအလိုက်အမှုဖွင့်ထားသည်။

**ကိုလွင်(ဆွာ)**

# ခြောက်ဘီးယာဉ်နှင့် ဆိုင်ကယ်တိုက်မိ၊ ဆိုင်ကယ်မောင်းသူသေဆုံး

**ဂန့်ဂေါ စက်တင်ဘာ ၁၇**

စက်တင်ဘာ ၁၄ ရက် ညနေ ၆ နာရီ ၄၅ မိနစ်က ဂန့်ဂေါမြို့နယ် သင်တောကျေးရွာ၏ အနောက်ဘက် ဂန့်ဂေါ-ကလေး ကားလမ်းမိုင်တိုင် အမှတ် ၃၄/၃ နှင့် ၃၄/၄ အကြားတွင် ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ သွားရောက် စစ်ဆေးရာ ၎င်းလမ်းအတိုင်းမုံရွာဘက်မှ တမူးဘက်သို့ ဘုတလင်မြို့နယ် သခွတ္တနယ်ကျေးရွာနေ စိုင်းဝေဖြိုး (၂၂နှစ်) မောင်းနှင်သော ၃ခ/--- လီဖန်း အပြာရောင် ခြောက်ဘီးယာဉ်သည် ကွမ်းသီးအိတ်များ တင်ဆောင်မောင်းနှင်လာစဉ် ၎င်းလမ်းအတိုင်း ဟံသာဝတီကျေးရွာဘက်မှ ကန်သာကျေးရွာဘက်သို့ ဂန့်ဂေါမြို့နယ် ကန်သာကျေးရွာနေသူ နုမောင် (၂၈နှစ်) မောင်းနှင်စီးနင်းလာသည့် ကန်ဘို ၁၂၅ အနက်ရောင် ဆိုင်ကယ်ကို မျက်နှာချင်းဆိုင် ဝင်ရောက်တိုက်မိရာ နုမောင်တွင် ဒဏ်ရာများရရှိခဲ့၍ မြောက်ခင်ရမ်း တိုက်နယ်ဆေးရုံသို့ ပို့အပ်ကုသစဉ် သေဆုံးသွားသဖြင့် ယာဉ်မဆင်မခြင် မောင်းနှင်သူ စိုင်းဝေဖြိုးအား ဂန့်ဂေါမြို့နယ် ကန်နယ်မြေရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# မတ်ပဲဆေးပြားသောက်ပြီး အမျိုးသမီးတစ်ဦးသေဆုံး

**မင်းလှ စက်တင်ဘာ ၁၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့ အမှတ်(၂) ကန်ကြီးတန်းရပ်ကွက် ကံဦးကွက်သစ်(၂) လမ်းတွင် စက်တင်ဘာလ ဒုတိယပတ်က မတ်ပဲဆေးပြားသောက်၍ အမျိုးသမီးတစ်ဦး သေဆုံးမှုဖြစ်ပွားခဲ့သည်။

မနီလာဝင်း (၂၉ နှစ်) သည် ငွေရေးကြေးရေးအဆင်မပြေဖြစ်ရာမှ စိတ်ညစ်ပြီး ပဲများသိုလှောင်ရာတွင် ပိုးမထိုးစေရန်အတွက် အသုံးပြုသော မတ်ပဲဆေးပြား သောက်သဖြင့် မိဘဆွေမျိုးများက မင်းလှပြည်သူ့ဆေးရုံသို့ တင်ပို့ကုသစဉ် ညဉ့်နက်ပိုင်းတွင် သေဆုံးသွားသည်။

အခင်းဖြစ်ပွားမှုနှင့်ပတ်သက်၍ မင်းလှမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ပေါက်စ (ပြန်/ဆက်)**


## ယာဉ်မောင်းအလိုရှိသည်

ယာဉ်မောင်း ကျားတစ်ဦး (အိမ်စီးကားမောင်းရန်)
မြို့တွင်းနယ်ဝေးကျွမ်းကျင်စွာ မောင်းနိုင်ရမည်။
လုပ်သက် ၁၀နှစ်နှင့် အထက်ရှိရမည်။
လိုအပ်ပါက အချိန်ပိုမောင်းနှင်နိုင်ရမည်။
ပညာအရည်အချင်း အနည်းဆုံး တက္ကသိုလ်ဝင်တန်း၊
ကိုးတန်းအောင်လက်မှတ်ပြနိုင်ရမည်။
(Bonus+OT ခံစားခွင့်ရှိသည်။)

**ဆက်သွယ်ရန်လိပ်စာ - တိုက် ၃၁၊ အခန်း၁၁၊ ရွှေအုန်းပင်အိမ်ရာ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ (ရုံးချိန်အတွင်းသာ) ဖုန်း-၀၉-၈၆၃၇၁၆၉၊ ၀၉-၂၅၉၂၅၉၁၀၂၊ ၀၁-၈၆၀၅၀၂၀**



## လူပျောက်



တက္ကသိုလ်ဝင်တန်းကျောင်းသား ဖော်ပြပါ ဓာတ်ပုံရှင် မောင်မြတ်မင်းကျော် (၁၇)နှစ်(အသားညို၊ အရပ်ရှည်) ၆-၉-၂၀၁၅ရက် ည၉နာရီခန့်တွင် ကျူရှင်မှအပြန် အိမ်သို့မရောက်ဘဲ ပျောက်နေပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။

သွေးဆောင်ဖြားယောင်းခေါ်ထားပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

သား မြတ်မင်းကျော် တစ်အိမ်သားလုံးစိတ်ပူနေသည်။ ရှိတဲ့၊ ရောက်တဲ့နေရာက အမြန်ဆက်သွယ်ပါ။သားဆန္ဒရှိသလို ဆောင်ရွက်ပေးပါမည်။

**ကြီးကြီး**

**၁၄(A)၊ ယုဇနဥယျာဉ်မြို့တော်(ဒဂုံဆိပ်ကမ်း) ဖုန်း-၀၉-၇၉၉၄၅၅၄၈၇၉၊ ၀၉-၄၄၈၀၁၈၅၉၂**



## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ စက်ရုံနှင့် မော်တော်ယာဉ်ဌာနတွင် အသုံးပြုရန်အတွက် လိုအပ်သောဒီဇယ်ဆီ ဂါလန် ၁၀၀၀၀၀ကို ဌာနအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ ဈေးနှုန်းလွှာပိတ်ရက်မှာ ၂၁-၉-၂၀၁၅ရက် မွန်းတည့် ၁၂နာရီဖြစ်ပြီး တင်ဒါပုံစံတစ်စုံလျှင် ကျပ်၁၀၀၀၀ (ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် မြို့တော်ခန်းမ (ပထမထပ်) ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေး ဌာနစုတွင် ဝယ်ယူနိုင်ပါသည်။

အသေးစိတ်အချက်အလက်များကို ဖုန်း-၃၈၈၇၃၂သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အတွင်းရေးမှူး**
**ပစ္စည်းဝယ်ယူရေးအဖွဲ့**



## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်အထက-၂ တက္ကသိုလ်ဝင်တန်း(F)မှမတွယ်တာထွန်း MGDN-၀၅၀၅၈၆၏ ဖခင်အမည်မှန်မှာ ဦးသန်းဝင်းထွေး ဖြစ်ပါကြောင်း။ **ဦးသန်းဝင်းထွေး**



## အမည်ပြောင်း

မြောင်းမြမြို့၊ (၈)ရပ်ကွက်၊ အမှတ် ၈၂ နေ ဦးကျော်မိုးသန်း၏သမီး အထက (၁)၊ ပထမတန်း(က)မှ မမေမြတ်မွန်မွန်အား မအိမ့်မြတ်မျိုးပိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **မအိမ့်မြတ်မျိုးပိုင်**



## ကြော်ငြာစာ

**(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)**
**သထုံခရိုင်တရားရုံးတော်**
**၂၀၁၅ခုနှစ် တရားမအထွေထွေမှုအမှတ် -၁၁**
**ကွယ်လွန်သူဦးစိန်ရွှေ၏ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

သထုံမြို့၊ ဘင်လှိုင်ရပ်ကွက် ပရိုးကိုးလမ်း၊ အမှတ်၆၃၃၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးစိန်ရွှေ၏ ကျန်ရစ်သော ပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်လှကြည်၊ ဒေါ်မဝင်းတို့က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၁၅ခုနှစ် စက်တင်ဘာ ၂၅ရက် (၁၃၇၇ခုနှစ် တော်သလင်းလဆန်း ၁၂ရက်)၌ ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးစိန်ရွှေ၏ကျန်ရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည်အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်ဆိုင်ဆိုရန်သင့်လျော်မည်ဟုထင်မြင်လျှင်)ဆိုခဲ့သော ၂၀၁၅ခုနှစ် စက်တင်ဘာ ၂၅ရက် (၁၃၇၇ခုနှစ် တော်သလင်းလဆန်း၁၂ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့် သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်လှကြည်၊ ဒေါ်မဝင်းတို့၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၁၅ခုနှစ် စက်တင်ဘာ ၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ထိန်မင်း)**
**ခရိုင်တရားသူကြီး**

# မြန်မာ ယူ-၁၉ အသင်းနှင့် ထိုင်း ယူ-၁၉ အသင်းတို့ ခြေစမ်းမည်

**ရန်ကုန် စက်တင်ဘာ ၁၇**

စက်တင်ဘာလ နောက်ဆုံးပတ်တွင် စတင်ကျင်းပမည့် အာရှယူ-၁၉ ခြေစစ်ပွဲအတွက် ပြင်ဆင်နေသည့် မြန်မာ ယူ-၁၉ အသင်းနှင့် ထိုင်း ယူ-၁၉ အသင်းတို့ သည် စက်တင်ဘာ ၂၀ ရက်တွင် ခြေစမ်းကစားမည်ဖြစ်သည်။ အဆိုပါ ခြေစမ်းပွဲကို ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ညနေ ၅ နာရီတွင် စတင်ကျင်းပမည်ဖြစ်သည်။

မြန်မာ ယူ-၁၉ အသင်းသည် အာရှခြေစစ်ပွဲ ယှဉ်ပြိုင်ရန်အတွက် စက်တင်ဘာ ၄ ရက်ကတည်းက လေ့ကျင့်မှုများပြုလုပ်ခဲ့ပြီး လက်ရှိတွင် ပဏာမကစားသမား ၂၃ ဦးဖြင့်လေ့ကျင့်လျက်ရှိသည်။ မြန်မာ ယူ-၁၉ အသင်းသည် ဩဂုတ်လအတွင်းက ကျင်းပခဲ့သည့် အာဆီယံ ယူ-၁၉ ပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့သည့် အသင်းကို အခြေခံကာ ဖွဲ့စည်းထားခြင်းဖြစ်ပြီး နည်းပြချုပ်အဖြစ် ဂုတ်ဖရိုင်းဒရစ်၊ လက်ထောက်နည်းပြများအဖြစ် ဦးညီညီလတ်နှင့် ဦးအောင်ခိုင်၊ ဂိုးနည်းပြအဖြစ် ဦးအောင်ကျော်ကျော်တို့က ကိုင်တွယ်လျက်ရှိသည်။ မြန်မာ ယူ-၁၉ အသင်းသည် ခြေစစ်ပွဲအတွက် ပြင်ဆင်သည့်အနေဖြင့် ပြည်တွင်းအသင်းများနှင့် ခြေစမ်းပွဲများ ဆက်တိုက်ကစားလျက်ရှိပြီး ထိုင်းနှင့်ခြေစမ်းပွဲမှာ ခြေစစ်ပွဲမတိုင်မီ နောက်ဆုံးကစားသည့် ခြေစမ်းပွဲလည်းဖြစ်သည်။ ထိုင်း ယူ-၁၉ အသင်းမှာ အာဆီယံယူ-၁၉ ပြိုင်ပွဲတွင် ပူပူနွေးနွေး ဗိုလ်စွဲထားသည့် အသင်းဖြစ်ပြီး ယင်းအသင်းကိုပင် အခြေခံကာ ဖွဲ့စည်းထားခြင်းဖြစ်သည်။ မြန်မာအသင်းနှင့် ထိုင်းအသင်းတို့မှာ အာဆီယံ ယူ-၁၉ ပြိုင်ပွဲတွင် တွေ့ဆုံခဲ့ဖူးခြင်းမရှိသော်လည်း ပြိုင်ပွဲမတိုင်ခင် ထိုင်းနိုင်ငံ၌ ခြေစမ်းကစားခဲ့ရာ မြန်မာအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

အာရှယူ-၁၉ ခြေစစ်ပွဲတွင် မြန်မာအသင်းမှာ အုပ်စု(G)၌ ဗီယက်နမ်၊ ဟောင်ကောင်၊ ဘရူနိုင်း၊ တီမောအသင်းတို့နှင့်အတူ ကျရောက်နေပြီး ထိုင်းအသင်းမှာ အုပ်စု(H)၌ တောင်ကိုရီးယား၊ စင်ကာပူ၊ တရုတ်(တိုင်ပေ)နှင့် မြောက်မာရီနာအသင်းတို့နှင့်အတူ ပါဝင်နေသည်။ မြန်မာအသင်းနှင့် ထိုင်းအသင်းတို့မှာ ယင်းခြေစစ်ပွဲများကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး စက်တင်ဘာ ၂၈ ရက်မှ အောက်တိုဘာ ၆ ရက်အထိ ကျင်းပမည်ဖြစ်သည်။



အာရှခြေစစ်ပွဲအတွက် ပြင်ဆင်နေသည့် မြန်မာ ယူ-၁၉ အသင်းတွင် ဂိုး-စိုးအာကာ(ဖွဲ့ကပင်)၊ ဘုန်းသစ္စာမင်း၊ ဆန်းဆက်နိုင်(MFF Youth)၊ နောက်တန်း-သူရိန်စိုး(ရန်ကုန်)၊ ရဲရင့်အောင်၊ စိုးမိုးထွန်း၊ ရဲမင်းသူ၊ မြတ်မင်းသူ(MFF Youth)၊ ကျော်သူထွန်း (ရတနာပုံ)၊ ချမ်းမြေ့ထွန်း၊ ဝင်းမိုးကျော်၊ ဇင်မျိုးထက်(မကွေး)၊ အလယ်တန်း-ထူးခန့်လွင်(ရန်ကုန်)၊ ကောင်းချစ်နိုင်(ဆောက်သမ်း)၊ စစ်မင်း(ဇေယျာရွှေမြေ)၊ ဇင်ဖြိုးအောင်(ဖွဲ့ကပင်)၊ ဈာနေရသူ၊ နိုင်မင်းသူ(MFF Youth)၊ ဇော်ဝင်းထွန်း(မြဝတီ)၊ ရှေ့တန်း-အောင်မိုးသူ (MFF Youth)၊ ရွှေကို(မကွေး)၊ အောင်ဇင်ဖြိုး(Horizon) နှင့် အာကာ(မြဝတီ) တို့ ပါဝင်ကြသည်။

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ- ဖိုးသော်ဇင်**

# လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၇**

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် JUNIOR GOLF MYANMAR (JGM) နှင့် PUN HLAING ဂေါက်ကွင်းမှ ကြီးမှူးကျင်းပသော PUN HLAING JUNIOR GOLF CHAMPIONSHIPS 2015 ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဒုတိယနေ့ ၁၈ ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၃ ရက် ညနေပိုင်းက ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်ရှိ ပန်းလှိုင်ဂေါက်ကလပ်၌ ကျင်းပသည်။

ဒုတိယနေ့ ၁၈ ကျင်းပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ JUNIOR GOLF MYANMAR မှ ဦးကျော်မျိုးထွန်းက အသက်(၁၀-၁၂)နှစ် ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၁၇၇ ချက်ဖြင့် မင်းသံလွင်အောင်က တတိယ၊ စုစုပေါင်းရိုက်ချက် ၁၇၆ ချက်ဖြင့် ကောင်းမြတ်ကျော် ဒုတိယ၊ စုစုပေါင်း ရိုက်ချက် ၁၆၄ ချက်ဖြင့် ဖြိုးဇံက ပထမ၊ ပန်းလှိုင်ဂေါက်ကွင်းမှ Marketing Manager မစန္ဒာက အသက်(၁၃-၁၅) နှစ်ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၁၅၅ ချက်ဖြင့် မသင်းဝေခိုင်က တတိယ၊ စုစုပေါင်းရိုက်ချက် ၁၅၅ ဖြင့် ရာဇာအောင်က ဒုတိယ၊ စုစုပေါင်းရိုက်ချက် ၁၄၇ ချက်ဖြင့် သီဟမျိုးဆက်က ပထမ၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူးနှင့် JUNIOR GOLF MYANMAR ဆပ်ကော်မတီဥက္ကဋ္ဌ ဦးမြင့်အောင်က အသက်(၁၆-၁၈)နှစ်ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၁၇၀ ဖြင့် အောင်အောင်ထန်က တတိယ၊ စုစုပေါင်းရိုက်ချက် ၁၆၅ ချက်ဖြင့် သန်းထွန်းအောင်က ဒုတိယ၊ စုစုပေါင်းရိုက်ချက် ၁၆၁ ချက်ဖြင့် မပွင့်ဖူးနဒီခိုင်က ပထမတို့အား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပန်းလှိုင်ဂေါက်ကွင်းမန်နေဂျာ Mr.Jeff က အသက်(၁၉-၂၄) နှစ် ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၁၆၀ ဖြင့် ဝေယံလင်းက တတိယ၊ စုစုပေါင်းရိုက်ချက် ၁၅၅ ချက်ဖြင့် မင်းနိုင်စိုးက ဒုတိယ၊ စုစုပေါင်းရိုက်ချက် ၁၅၁ ဖြင့် သီဟဌေးက ပထမတို့အား ဆုများပေးအပ်ချီးမြှင့်လိုက်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ငွေကျပ် ၂၀၀ တန် ထီ အောက်တိုဘာ ၁ ရက် ဖွင့်မည်

**ရန်ကုန် စက်တင်ဘာ ၁၇**

(၃၂၁)ကြိမ်မြောက် ငွေကျပ် ၂၀၀ တန် အောင်ဘာလေသိန်းဆု ဖွင့်ပွဲကို အောင်ဘာလေသိန်းဆုဌာနခွဲတည်ရှိရာ အမှတ် ၃၈၄ မဟာဗန္ဓုလလမ်းနှင့် ၃၇ လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ အောက်တိုဘာ ၁ ရက်(ကြာသပတေးနေ့) နံနက် ၈ နာရီမှ စတင်၍ တစ်ရက်တည်းဖြင့်အပြီး ဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါ ထီဖွင့်ပွဲတွင် ဆုကြီးတစ်ဆုချင်းစနစ်အရ ငွေကျပ်သိန်း ၁၅၀၀ တစ်ဆု၊ ငွေကျပ်သိန်း ၁၀၀၀ နှစ်ဆု၊ ငွေကျပ်သိန်း ၅၀၀ ငါးဆု၊ ငွေကျပ်သိန်း ၃၀၀ ခြောက်ဆု၊ ငွေကျပ်သိန်း ၂၀၀ ခုနစ်ဆု၊ ငွေကျပ်သိန်း ၁၀၀ ၁၈ ဆု၊ ငွေကျပ်သိန်း ၅၀ ဆု ၂၀၊ ငွေကျပ် ၂၅ သိန်းဆု ၂၀၊ ငွေကျပ် ၁၀ သိန်းဆု ၃၀၊ ငွေကျပ် ငါးသိန်း ၃၄ဆု၊ ဝေဝေဆာဆာ ပဒေသာဆုမဲစနစ်များမှ အက္ခရာနှင့် ရှေ့ဂဏန်းငါးလုံးတူ ၁၀ ယူနစ်အတွက် ငွေကျပ် သုံးသိန်းဆု ၁၀၀၊ အက္ခရာနှင့် ရှေ့ဂဏန်းလေးလုံးတူ ၁၀ ယူနစ်အတွက် ငွေကျပ်နှစ်သိန်းဆု ၁၀၀၀၊ အက္ခရာနှင့် ရှေ့ဂဏန်းသုံးလုံးတူ ကိုးယူနစ်အတွက် ငွေကျပ်တစ်သိန်းဆု ၉၀၀၀ နှင့် အက္ခရာနှင့် ရှေ့ဂဏန်းနှစ်လုံးတူ သုံးယူနစ်အတွက် ငွေကျပ် ငါးသောင်းဆု ၃၀၀၀၀ အပါအဝင်ဆုမဲပေါင်း ၄၀၂၄၃ ဆု ခွဲဝေပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မျိုးဆက်သစ်မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲများ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁၇**

မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး မြန်မာမီဒီယာဂရုက စီစဉ်သည့် မျိုးဆက်သစ် Myanmar Fight မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲများကို စက်တင်ဘာ ၂၀ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူအားကစားရုံ၌ ကျင်းပမည်ဖြစ်ကာ လက်ဝှေ့ဝါသနာရှင်များ အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

ပြိုင်ပွဲတွင် ကောင်းကောင်း(ဘိလပ်မြေစက်ရုံ)နှင့် နိုင်မျိုးလွင်(ရွှေကျားမင်း)၊ ရဲထွဋ်(ရွှေကျားမင်း)နှင့် သဲကြီး(T&T)၊ အောင်ကျော်ကျော်(နဂါးနီ)နှင့် အောင်မျိုးမင်း(ရွှေကျားမင်း)၊ ရွှေဖားစည်(ဘိလပ်မြေစက်ရုံ)နှင့် စောဟဲနေဗလူ(ရွှေကျားမင်း)၊ စောနယ်လ်ဆင်(ရွှေကျားမင်း)နှင့် ကျော်ဇင်(ရွှေသောင်ရင်း)၊ ရှိတာ(T&T) နှင့် ကိုကိုအောင်(ထွန်းသွင်)၊ ဖွဲလင်းအောင်(နဂါးနီ)နှင့် ထယ်ကြီး(S.T.L)တို့က သုံးချီပွဲကိုလည်းကောင်း၊ ဆင်ရိုင်းလေး (ရွှေသောင်ရင်း)နှင့် ဖူးသစ်(ဘိလပ်မြေစက်ရုံ)တို့က လေးချီစိန်ခေါ်ပွဲ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

အဆိုပါ မျိုးဆက်သစ်လက်ဝှေ့သမားများသည် တပေါင်းလပြည့်နေ့ ရွှေစည်းခုံဘုရားပွဲတွင် သုံးချီ၊ လေးချီ၊ ငါးချီပွဲများ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**


## ဘဝအလှ ထီးဒါနစာအုပ်

ထီးအလှူ ကြီးသူပဖြစ်မြဲဟူသော ရှေးစကားနှင့်အညီ ဆိုင်ရာဆိုင်ရာ ရွေးချယ်ခံရာဒေသ၌ ရွေးချယ်ခံရလျက် အကြီးအကဲဖြစ်နည်း၊ ဘဝမှာ လှပစွာရပ်တည်နိုင်အောင် ကုသိုလ်ပြုနည်း၊ သော္ဌသစေတီ (၆)ဆူ တည်နည်းနှင့် ဘုရားမှာ ထီးလှူဒါန်းရကျိုးအမျိုးမျိုးတို့ကို ပိဋကစာပေလာသည့်အတိုင်း ဖော်ပြထားသည်။

**လှရတနာဆရာတော် ဘဒ္ဒန္တနာရဒါဘိဝံသ ရေးသားပူဇော်သည်။**

**ရန်ကုန်သစ္စာမဏ္ဍိုင်စာပေ ဖုန်း-၀၉-၅၁၂၅၂၈၅၊ မန္တလေး နဂါးစာပေ**



## ဖုန်းဆင်းကတ်ဝယ်သည်

ZAW MOBILE

73;49;86;50;51

**09-5528000, 09-43064000**



## အမြန်ရောင်းမည်

ဒဂုံဆိပ်ကမ်းမြို့နယ်၊ ငါး၊ ငါးဝိ၊ ငါးခြောက် ဇုန်(၄) ရန်ကုန်လမ်း။ ပေ (၈၀×၁၂၀) အကျယ်၊ ရေ မီး ပါဝါမီတာ အပါအဝင် အုတ်တံတိုင်းခတ်ပြီး ဂိုဒေါင်နှင့် အလုပ်သမားတန်းလျားပါရှိပြီး ဈေးနှုန်း သိန်း ၉၀၀။

ဖျာပုံခရိုင်၊ ဒေးဒရဲမြို့နယ်၊ (လမုဝကျေးရွာ)၊ ၃ ဒသမ ၅၈ ဧက၊ ပုံစံ ၁၀၅ ပြီး ဈေးနှုန်း သိန်း ၁၅၀။

**ဖုန်း-၀၉-၇၃၁၄၈၃၈၃၊ ၀၉-၂၅၀၇၃၇၀၄၅၊ ၀၉-၂၅၇၁၆၆၂၂၆**


**အမည်ပြောင်း** ဦးတင်စိုး-ဒေါ်မြတိုးတို့၏သား နေပြည်တော် အထက (၇)ဒုတိယတန်း (A) မှ မောင်ရှိုင်းဝဏ္ဏအောင်အား မောင်ဝင်းကိုကိုဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ဝင်းကိုကို**

**ပျောက်ဆုံးကြောင်း** ကျွန်တော် ဦးချမ်းဟိန်းကြွယ် ၁၂/ဒဂမ(နိုင်)၀၀၆၁၃၉ ၏ Passport No. M 121141 စာအုပ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၃၁၉၂၇၄၅**

## ဒုတိယအကြိမ်အာစရိယပူဇော်ပွဲ အစည်းအဝေးဖိတ်ကြားခြင်း

၁၉၇၈ မှ ၁၉၈၃ခုနှစ်ထိ ပုသိမ်ကောလိပ်၊ ပုသိမ်ဒီဂရီကောလိပ် ရူပဗေဒ ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲကို ၂၀၁၆ ခုနှစ်တွင် ကျင်းပပြုလုပ်ပါမည်။လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၀-၉-၂၀၁၅ ရက် နံနက် ၁၀:၀၀ နာရီ ရန်ကုန်မြို့၊ ဝါးတန်းလမ်း၊ DOREEN စားသောက်ဆိုင်တွင် ကျင်းပပြုလုပ်ပါမည်။ လုပ်ငန်းကော်မတီအသစ်ဖွဲ့စည်းမည် ဖြစ်ပါသဖြင့် ရပ်ဝေး ရပ်နီးမှ သူငယ်ချင်းများ တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။ ဖုန်း-၀၉-၅၁၁၈၇၁၄၊ ၀၉-၇၈၉၉၃၃၀၄၁၊ ၀၉-၇၃၁၅၈၉၈၃၊ ၀၉-၇၈၅၃၁၁၄၁၆ တို့သို့ ဆက်သွယ်နိုင်ပါသည်။

**ဆရာကန်တော့ပွဲဖြစ်မြောက်ရေးကော်မတီ**

## ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး လျှောက်ထားခြင်း

ယာဉ်အမှတ် AA/8844 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး လျှောက်ထားခြင်း

ယာဉ်အမှတ် 1H/4965 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**


Y.E.S. Since 1994

B.A.(Hons.)(English), M.A.(ESL)(Hawaii, USA)

International English Language Centre

| | | | |
|---|---|---|---|
| **Basic Spoken English** | | **Grammar Foundation Course** | |
| Mon to Thurs-10:00-12:00am | 14 Sep | Sat & Sun - 9:00-12:00am | 5 Sep |
| Mon to Thurs-1:00-3:00pm | 14 Sep | Mon to Thurs - 1:00-2:30 pm | 14 Sep |
| Sat & Sun - 9:00-12:00 am | 19 Sep | Mon to Thurs - 3:30-5:00 pm | 14 Sep |
| Sat & Sun - 12:30-3:30 pm | 19 Sep | **Structure & Written Expression** | |
| Mon to Thurs-7:30-9:30 am | 21 Sep | Sat & Sun - 3:30-6:30pm | 12 Sep |
| Mon to Thurs-1:00-3:00pm | 21 Sep | Mon to Thurs - 1:00-3:00 pm | 14 Sep |
| MontoThurs 3:00-5:00-7:00pm | 21 Sep | Sat & Sun - 9:00-12:00am | 26 Sep |
| **Pre-Intermediate English** | | Sat & Sun - 12:30-3:30 pm | 10 Oct |
| Mon to Thurs-5:00-7:00 pm | 7 Sep | **Academic Preparation for IELTS** | |
| Mon to Thurs-7:30-9:30 am | 21 Sep | Mon to Thurs - 10:30 - 12:30am | 21 Sep |
| Mon to Thurs-10:00-12:00 am | 21 Sep | **SAT** Mon to Thurs -3:30-5:00pm | 21 Sep |
| **Basic Writing Course** | | **IELTS** (Foundation) Mon&Thurs 5:30to7:00pm | 21 Sep |
| Mon to Thurs - 3:00-4:30 pm | 28 Sep | **IELTS** (Test Practice) Sat&Sun 10:30to12:30am | 19 Sep |
| **Vocabulary Enrichment Course** | | **IELTS** (Speaking) Sat&Sun 1:00to3:30pm | 19 Sep |
| Mon to Thurs - 3:30-5:00 pm | 21 Sep | **Academic Writing Course** | |
| | | San & Sun - 5:00 - 7:00 pm | 19 Sep |

No.190, 2nd Flr.,28th St.(Upper), Pabedan Tsp. Ph: 01-243950, 246910


## CLAIMS DAY NOTICE
## MV ORIENTAL TREASURE

Consignees of cargo carried by MV. ORIENTAL TREASURE are here by notified that the vessel will arrive on about 19-9-15 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims a gainst this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့်သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၈၆**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

# ရေတံခါးနှင့် သဘာဝဂေဟစနစ်

ဘုန်းတင်လှိုင်

**မြန်မာနိုင်ငံ၏ မြစ်ဝကျွန်းပေါ်အရပ်ဒေသ၊ ပင်လယ်နှင့်နီးသောအရပ်ဒေသများတွင် အချို့သော မြေနိမ့်ဒေသတို့သည် ဒီရေတက်ရောက်မှုကြောင့် လည်းကောင်း၊ မိုးများပြီးမြစ်ရေကြီးမှုကြောင့် လည်းကောင်း၊ မြစ်ရေများ၊ ဆားငန်ရေများတက်ရောက်ကာ စိုက်ပျိုး၍ မရနိုင်အောင် ရေလွှမ်းမိုးမှုများရှိပါသည်။**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ထန်းတပင်၊ တွံတေး၊ ရန်ကုန်၊ သန်လျင်၊ ခရမ်း၊ သုံးခွ၊ ကျောက်တန်း၊ ကော့မှူး၊ ကျိုက်ထော်နှင့်ကွမ်းခြံကုန်းမြို့နယ်စသည့် မြစ်ဝကျွန်းပေါ်အောက်ပိုင်းအရပ်ဒေသများတွင် အောင်မြင်ဖြစ်ထွန်းသည့် စိုက်ပျိုးရေးလုပ်ငန်းများနှင့် မြို့၊ ရွာများ ရေကြီးမှုအန္တရာယ်မှ ကာကွယ်ပေးနိုင်ရန် တာပတ်ခြင်း၊ ရေနုတ်မြောင်းတူးဖော်ခြင်းနှင့် ရေထိန်းတံခါးတည်ဆောက်ပေးခြင်းတို့ကို နိုင်ငံတော်က ဆောင်ရွက်ပေးခဲ့ပါသည်။

**သုံးခွရေထိန်းတံခါး**

သုံးခွမြို့မှ နှစ်မိုင်ခန့်ကွာဝေးသော ရွာသစ်ကျေးရွာအနီး နန့်ယောချောင်းပေါ်တွင် ဧရိယာ ဧက ၁၅၀၀၀ အကျိုးပြုသည့် (၆ × ၁၂)ပေ အရွယ်အစား ၂၁ ပေါက်ရှိ ကွန်ကရစ်ရေတံခါးတစ်ခုကို ဆည်မြောင်းဦးစီးဌာနက ၂၀၀၅-၂၀၀၆ ခုနှစ်တွင် တည်ဆောက်ခဲ့ပါသည်။ အလားတူ သုံးခွမြို့နယ် တကောချောင်းပေါ်တွင် တကောရေထိန်းတံခါး၊ သန်လျင်မြို့နယ် ခရမ်းချောင်းပေါ်တွင် ခရမ်းရေထိန်းတံခါး နှင့်ကျောက်တန်းမြို့နယ် ကဒပ္ပနချောင်းပေါ်တွင် ကဒပ္ပနရေထိန်းတံခါးတို့ တည်ဆောက်ပေးခဲ့ပါသည်။

သုံးခွရေထိန်းတံခါး၏ အတွင်းဘက် သုံးခွမြို့နယ်အနောက်ခြမ်းရှိ ကွင်းများမှာ အနိမ့်ကွင်းများဖြစ်သဖြင့် မိုးစပါးစိုက်ပျိုးရာတွင် ရေကြီးနစ်မြုပ်မှု နှစ်စဉ်ရင်ဆိုင်ခဲ့ပါသည်။ သုံးခွရေထိန်းတံခါးတည်ဆောက်ပြီး နောက်ပိုင်းတွင် ရေကြီးနစ်မြုပ်မှုလျော့နည်းသက်သာခဲ့ပါသည်။ ယခုနှစ် ၂၀၁၅-၂၀၁၆ မိုးဦးကာလအမီ သုံးခွမြို့နယ် မကျည်းကန်ရွာမှ ညောင်နီရွာကိုဖြတ်၍ သန်လျင်မြို့နယ် ဘောချောင်းအထိ အလျား ၆ ဒသမ ၅ မိုင်ရှည်သော ရေနုတ်မြောင်းကို တူးဖော်ပေးခဲ့ပါသည်။ ကွင်းရေများကို ဘောချောင်း ရေထိန်းတံခါးမှတစ်ဆင့် ပဲခူးမြစ်အတွင်းသို့ တိုက်ရိုက်ထုတ်နုတ်ပေးနိုင်ခဲ့သဖြင့် ရေပေါ်ကန်ကျေးရွာအပါအဝင် နှစ်စဉ်ရေကြီးနစ်မြုပ်ခဲ့ရသော တမံကြီးကွင်းနှင့် ညောင်နီကွင်းများ ရေကြီးနစ်မြုပ်မှုမှ ကင်းဝေးခဲ့ရပါသည်။

**ရေထိန်းတံခါးနှင့်ဒီဇိုင်းပုံစံ**

ရေထိန်းတံခါးများတည်ဆောက်ရာတွင် ရေထိန်းတံခါးများ၏ ဒီဇိုင်းပုံစံကို ဒီရေအတက်အကျ၊ သဘာဝဖြစ်စဉ်အပေါ် အခြေခံ၍ ဒီရေကျသည့်အမြင့် အမှတ်ပေါ်မူတည်ပြီး အလိုအလျောက်ရေထုတ်နုတ် နိုင်ရန်နှင့် ရေကြီးနစ်မြုပ်သော လယ်မြေဧရိယာ ရေဆင်းဧရိယာ (Catchment)ပေါ်မူတည်ပြီး ရေတံခါးများ အရွယ်အစား အပေါက်အရေအတွက်တို့ကို တွက်ချက်တည်ဆောက်ရပါသည်။

**မိုင် ၃၀ စိမ်းလန်းစိုပြည်ရေး**

သုံးခွရေထိန်းတံခါးသည် မိုင် ၃၀ စိမ်းလန်းစိုပြည်ရေးစီမံကိန်းမှ လုပ်ငန်းငယ်တစ်ခုဖြစ်ပြီး မိုင် ၃၀ စိမ်းလန်းစိုပြည်ရေး၏ အစိတ်အပိုင်းတစ်ခုအနေဖြင့်လည်း အကျိုးပြုပါသည်။ ပဲခူးမြစ်အနောက်ခြမ်းတွင် ရေအရင်းအမြစ်များရှိပြီး ရေလှောင်တမံများ တည်ဆောက်ကာ ပဲခူးမြစ်၏ အရှေ့ခြမ်းကို ပို့ဆောင်သည့်နည်းလမ်းများဖြင့် ဆောင်ရွက်ခဲ့ကြပါသည်။ တည်ဆောက်ပြီး ကောလိယ၊ ဘိုင်းဒါးနှင့်ဘောနီ ရေလှောင်တမံတို့မှ ပိုလျှံရေများကို နဂါးပေါက်ရေထိန်းတံခါးနှင့် ပဂိုင်တာ ရေသွင်းတံခါးတို့မှ လည်းကောင်း၊ တည်ဆောက်ပြီး ဝါးကတုတ်ရေလှောင်တမံမှ မိုးယွန်းကြီးအင်းသို့ ဖြည့်ပေးကာ ပိုလျှံရေများကို မိုးယွန်းကြီးရေထိန်းတံခါးမှ လည်းကောင်း၊ တည်ဆောက်ပြီး ကိုဒူကွဲ၊ စလူနှင့်ရွှေလောင်း ရေလှောင်တမံများမှ သိုလှောင်ရေများအပြင် ဇောင်းတူရေလွှဲဆည်မှ ပိုလျှံရေများကို စွန်ပိချောင်းအတွင်းနှင့် ကျိုက်လှရေသွယ်မြောင်းအတွင်းသို့လည်းကောင်း ပဲခူး-စစ်တောင်းတူးမြောင်းအတွင်းသို့ ရေဖြည့်ပေးနိုင်ပါသည်။ ပဲခူး-စစ်တောင်းတူးမြောင်းအတွင်းသို့ ရောက်ရှိလာသော ရေချိုများကို ပုဂံ-ညောင်ပင်ရေလွှဲ ပေါက်မှ တစ်ဆင့် မိုင် ၃၀ စိမ်းလန်းစိုပြည်ရေးတူးမြောင်းမကြီးအတွင်းသို့ ရောက်ရှိကာ ခရမ်းချောင်းအတွင်းသို့ စီးဝင်စေပါသည်။ ရေချိုများကို စစ်တောင်းမြစ် အတွင်းသို့ စီးထွက်မသွားစေရန် ကင်မွန်းခြံရေထိန်းတံခါးဖြင့်လည်းကောင်း၊ ပဲခူးမြစ်အတွင်းသို့လည်းစီးထွက်မသွားစေရန် တာ၀၊ ပိုင်ကျုံ၊ ရွှေလေ့နှင့် ခရမ်းရေထိန်းတံခါး အသီးသီးတို့မှလည်းကောင်း ထိန်းသိမ်းပေးပါသည်။

စိမ်းလန်းမြောင်းမကြီးမှတစ်ဆင့် ခရမ်းချောင်းအတွင်းသို့ ပေးသွင်းလာသည့် ရေချိုများကို သုံးခွမြို့နယ် အနောက်ခြမ်းသို့ရောက်ရန် ခရမ်းချောင်းဝဲဘက်ခြမ်းတွင်ရှိသော ကျုံ့တု၊ လှဘီလူးနှင့် ပုဂံတောင် ရေသွင်းတံခါးတို့က နန့်ယောချောင်းသို့ ဖြည့်တင်းပေးပြီး သုံးခွရေထိန်းတံခါးမှထိန်းကာ လိုအပ်သလိုပေးဝေနိုင်သည့်အပြင် ပဲခူးမြစ်ရေ၊ ရေငန်ချိန်မရောက်မီ စိုက်ပျိုးရန်သင့်မသင့် စမ်းသပ်စစ်ဆေးပြီး ဘောချောင်း ရေတံခါးမှတစ်ဆင့် စိုက်ပျိုးရေပေးဝေနိုင်ပါသည်။ ရေပေါ်ကန်ကျေးရွာအပါအဝင် ချောင်းဆုံအရပ်ဒေသတွင်ရှိသည့် လယ်ယာမြေများနှင့် ကျေးရွာများစိုက်ပျိုးရေသာမက သောက်သုံးရေပါရရှိမည်ဖြစ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီး မိုင် ၃၀ ဝန်းကျင် (အရှေ့ခြမ်း)စီမံကိန်းကြီး အောင်မြင်ပြီးစီးပါက စိုက်ပျိုးမြေဧရိယာအနေဖြင့် ပဲခူးတိုင်းဒေသကြီးတွင် ဧက ၁၀၀၀၀ နှင့် ရန်ကုန်တိုင်းဒေသကြီးတွင် ဧက ၅၅၀၀၀ စုစုပေါင်း ဧက ၆၅၀၀၀ အကျိုးပြုနိုင်မည်ဖြစ်ပါသည်။ ရန်ကုန်မြို့တော်မိုင် ၃၀ ဝန်းကျင်(အရှေ့ခြမ်း)စီမံကိန်းသည် ပဲခူးတိုင်းဒေသကြီးမှ ရေချိုများကို ရန်ကုန်တိုင်းဒေသကြီးသို့ စိုက်ပျိုးရေပို့လွှတ်ပေးသောလုပ်ငန်းဖြစ်သဖြင့် နယ်စပ်ဖြတ်ကျော် စိုက်ပျိုးရေးဖွံ့ဖြိုးမှုစီမံကိန်း (Tranboundary Agriculture Development Project) တစ်ခုလည်းဖြစ်ပါသည်။

**ရေတံခါးနှင့်သဘာဝဂေဟစနစ်**

သဘာဝဂေဟစနစ် (Natural Eco-System)သည် သဘာဝပတ်ဝန်းကျင်နှင့်သက်ရှိတို့ ဆက်သွယ်သည့်စနစ်ဖြစ်ပါသည်။ သုံးခွရေထိန်းတံခါးသည် ၁၂ ပေအကျယ် ၂၁ ပေါက်ပါရှိသဖြင့် ရေသွားလမ်းအကျယ်မှာ ၂၅၂ ပေ ရှိပါသည်။ မိုးတွင်းကာလတွင် ရေတံခါးများအပြည့်ဖွင့်ပေးထားသဖြင့် ရေစီးရေလာကောင်းမွန်ပါသည်။ ရေသယံဇာတ ငါးပုစွန်မျိုးစုံ ဝင်ထွက်ရာ



အောက်ပိုင်းမှ တွေ့မြင်ရသော သုံးခွရေထိန်းတံခါး

လမ်းကြောင်း (Fish Passage) ပွင့်နေသည့်အပြင် ရေနေသတ္တဝါများမျိုးပွားရန် ပြောင်းရွှေ့ကျက်စားနိုင်ခြင်း (Spawning Migration) နှင့် အစာရှာဖွေစားသောက်နိုင်ခြင်း (Feeding Migration) တို့ကြောင့် သဘာဝဂေဟစနစ်များ ပျက်စီးမှုမရှိကြောင်း တွေ့ရှိရပါသည်။ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ် (Climate Change)ကြောင့် ရေသယံဇာတများ ထိခိုက်မှုရှိနိုင်ပါသည်။ ကမ္ဘာအနှံ့နေရာဒေသများစွာတို့တွင်လည်း ငါးသယံဇာတများ လျော့နည်းနေကြောင်း သိရှိရပါသည်။

**လမ်းပန်းဆက်သွယ်ရေး**

မျက်မှောက်ခေတ်ကာလ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ခရီးသွားလာမှုကို ရေလမ်းကြောင်းထက် ကုန်းလမ်းကြောင်းမှ သွားလာနေကြပါသည်။ ကျေးရွာချင်းဆက်လမ်းများ၊ မြို့ပြနှင့်ကျေးလက် ဆက်သွယ်လမ်းများမှာလည်း ကွန်ကရစ်လမ်းများဖြစ်၍ ရာသီမရွေးသွားလာနေကြပြီဖြစ်သည်။ သုံးခွမြို့နယ်တွင် သုံးခွမြို့(၉)ရပ်ကွက်ထိပ်မှ ရေပေါ်ကန်ကျေးရွာအထိ သုံးမိုင်ခန့်ရှည်သော လမ်းကို ရှစ်ပေအကျယ် ငါး လက်မ ထုရှိ ကွန်ကရစ်လမ်းကို ၂၀၁၂ ခုနှစ်တွင် ခင်းပြီးဖြစ်သဖြင့် ယခင်ရေလမ်းခရီး ရေတက်၊ ရေကျစောင့်ရန်မလိုဘဲ ၂၄ နာရီပတ်လုံး ရာသီမရွေး၊ မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ သွားလာနေပြီဖြစ်ပါသည်။

**တောင်သူတို့၏ပွဲတင်သံ**

သုံးခွမြို့နယ် ရေပေါ်ကန်ကျေးရွာမှ တောင်သူကြီး ဦးစိန်လှိုင်နှင့်ညောင်နီကျေးရွာမှ တောင်သူကြီး ဦးစိန်သောင်း+၄ တို့က သုံးခွရေထိန်းတံခါးနှင့် ပတ်သက်၍ ယခုနှစ် မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးသော်လည်း သုံးခွရေတံခါးအထက်ပိုင်းရှိ ချောင်းများတူးဖော်ပေးသဖြင့် ရေများအချိန်တိုအတွင်း ပြန်ကျကာ သီးနှံများပျက်စီးမှုမရှိကြောင်း၊ လယ်ယာမြေများတွင် ရေငန်ဝင်ရောက်မှုမရှိတော့သဖြင့် မိုးစပါးအထွက်နှုန်းကောင်းမွန်လာကြောင်း၊ ရေထိန်းတံခါးက ရေထိန်းပေးထားသဖြင့် အနိမ့်ကွင်းများတွင် ပဲသီးနှံကို အချိန်မီစိုက်ပျိုးနိုင်ပြီး သီးထပ်စွမ်းအားပိုမိုရရှိလာကြောင်း၊ နွေရာသီတွင် ရေချိုသိုလှောင်ပေးထားသဖြင့် ကျေးရွာရှိ သောက်သုံးရေကန်များ ခန်းခြောက်မှုမရှိဘဲ တစ်နှစ်ပတ်လုံးအသုံးပြုနိုင်ကြောင်း ပြောသည်။ ထို့ပြင် ရေဆွဲအားကောင်းမွန်ရန်အတွက် ညောင်နီကျေးရွာနှင့် သုံးခွရေထိန်းတံခါးကြားချောင်းကွေ့ ၁၀ ကွေ့ကို အဖြောင့်တူးဖော်ပေးရန်၊ ရေထိန်းတံခါးနှင့် ရှမ်းစုကျေးရွာအကြား ရေစီးရေလာကိုအနှောင့်အယှက်ဖြစ်စေသော ချုံနွယ်ပိတ်ပေါင်းများကို ရှင်းလင်းဖယ်ရှားပေးရန်နှင့် ရေတံခါးအထက်ပိုင်းနှင့်အောက်ပိုင်းရှိ နုန်းခုံများကို စက်အားဖြင့် တူးဖော်ဖယ်ရှားပေးပါရန် တင်ပြတောင်းဆိုလာကြသည်။ သုံးခွမြို့သို့ သွားရောက်သည့်အခါ ယခင်ရေလမ်းကြောင်းအသုံးပြုနေကြရာမှ ယခုကွန်ကရစ်လမ်းများခင်းထားနိုင်သဖြင့် ရေလမ်းကြောင်းထက် ကုန်းလမ်းကြောင်းက ပိုမိုအဆင်ပြေပြီး အချိန်တိုအတွင်း ရောက်ရှိကြောင်း၊ ကျေးလက်နေပြည်သူလူထုတို့၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးနှင့်လူမှုရေးတို့ ယခင်နှင့်မတူ တိုးတက်လာကြောင်း ဝမ်းသာအားရ ပြောကြားခဲ့သည်။

**အကျိုးကျေးဇူးများ**

မြစ်ဝကျွန်းပေါ်နှင့်ပင်လယ်နှင့်နီးသောအရပ်ဒေသများတွင် ရေထိန်းတံခါးများ တည်ဆောက်ပေးခြင်းဖြင့် မိုးရာသီကာလ ပင်လယ်ဒီရေကျချိန် လယ်ကွင်းများမှ ပိုလျှံရေများကို ရေထိန်းတံခါးများမှတစ်ဆင့် ရေထုတ်နုတ်ပေးခြင်းဖြင့် လယ်ယာမြေများရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်ပြီး ရေတော်၊ မိုးတော် စိုက်ပျိုးနိုင်ခြင်း၊ နွေရာသီကာလ လယ်ယာမြေများသို့ ပင်လယ်ဆားငန်ရေနှင့် ဆားငန်နုန်းများ ဝင်ရောက်ခြင်းကို ကာကွယ်တားဆီးပေးနိုင်ခြင်းဖြင့် လယ်ယာမြေများ ဆားငန်ဓာတ်ပေါက်ခြင်းမှ ကာကွယ်ပေးနိုင်ခြင်း၊ မိုးနှောင်းကာလ ရေချိုထိန်းထားသဖြင့် နှစ်ကာလကြာလာသည့်အခါ နီးစပ်ရာ မြို့ပြကျေးရွာများနှင့် လယ်မြေဧရိယာများတွင် မြေအောက်ရေ (Underground Water Table) သည် ရေငန်များတဖြည်းဖြည်းဆုတ်ယုတ်လာပြီး ရေချို (Level) မြင့်တက်လာသဖြင့် မြေအောက် ရေချိုထုတ်ယူသုံးစွဲနိုင်ခြင်း (ရေငန်ကိုရေချိုဖြင့်ဖိခြင်း) ရေထိန်းတံခါးများအတွင်းဘက်ရှိ ချောင်းများတိမ်ကောမှုကို ကာကွယ်ပေးနိုင်ခြင်း၊ မိုးနှောင်းကာလတွင် ရေချိုထိန်းသိမ်းပေးထားသဖြင့် ဒေသခံပြည်သူများနှင့် ကျွဲ၊ နွားတိရစ္ဆာန်များအတွက် သောက်သုံးရေရရှိလာခြင်းနှင့် မီးဘေးအန္တရာယ်အတွက် အသုံးပြုနိုင်ခြင်း၊ ဆောင်းသီးနှံများအတွက် လယ်ယာမြေများ အစိုဓာတ်ထိန်းသိမ်းပေးနိုင်ခြင်း၊ ရေတံခါး၏အတွင်းပိုင်းတွင် ရေလမ်းခရီးအသုံးပြုနိုင်ခြင်း၊ ရန်ကုန်မြို့တော်ဝန်းကျင်မိုင် ၃၀ စိမ်းလန်းစိုပြည်ရေး စီမံကိန်းအောင်မြင်ပြီးစီးသွားသည့်အခါ ပဲခူး-စစ်တောင်းတူးမြောင်းမှ ပေးဝေမည့်ဖြည့်တင်းရေများကို ရေထိန်းတံခါးများ ဖြင့် သိုလှောင်ထိန်းသိမ်း၍ နွေစပါးနှင့်အခြားသီးနှံများ ရေတင်စိုက်ပျိုးနိုင်ခြင်း၊ ရေထိန်းတံခါးများ၏ ကုန်းတွင်းပိုင်းတွင် ရေချိုပုစွန်နှင့် ရေချိုငါးများ ပေါများလာခြင်း၊ မြို့ပြကျေးလက်ဒေသတို့နှင့်နီးသဖြင့် ပြည်သူလူထုလာရောက်အပန်းဖြေအနားယူနိုင်ခြင်းစသည့်အကျိုးကျေးဇူးများရရှိခံစားနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ၁၉၅၈-၅၉ ခုနှစ်မှစတင်ပြီး ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်၌ ကတ္တူကြီးရေတံခါးကို တည်ဆောက်ခဲ့သည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်း တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးတို့တွင် အဓိကကျသော ရေတံခါးပေါင်း ၃၁ ခု တည်ဆောက်ပြီးစီးခဲ့သည်။ အကျိုးပြုဧရိယာမှာ ဧက ၄၄၅၉၀၀ ဖြစ်ပါသည်။ ရေတံခါးများကို ပုံမှန်ဆောင်ရွက်ရမည့်လုပ်ထုံးလုပ်နည်းများ (Rule and Regulation)အတိုင်းဖွင့်ခြင်း၊ ပိတ်ခြင်းနှင့် ပြုပြင် ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်ပါသည်။ သုံးခွရေထိန်းတံခါးကို အောက်ဘက်ကဖျက်ပြီး တံတားအသွင်ပြောင်းလိုက်ပါက စီမံကိန်းရည်ရွယ်ချက်များ ပျက်ပြယ်သွားမည်ဖြစ်ပါသည်။ လယ်ယာမြေများလည်း ရေငန်ဖုံးလွှမ်းသည့်ရေကြီးကွင်း၊ ရေနက်ကွင်းများ ဖြစ်သွားပါမည်။ လက်ရှိသဘာဝချောင်းမြောင်းများလည်း ရေငန်နုန်းများဝင်ရောက်ဖုံးလွှမ်းသွားပြီး တဖြည်းဖြည်းတိမ်ကောပျောက်ကွယ်သွားနိုင်ပါသည်။ သို့ဖြစ်ပါ၍ သဘာဝဂေဟစနစ်မပျက်သော ရေထိန်းတံခါးများအကြောင်းကို ပြည်သူလူထုသိရှိနားလည်သဘောပေါက်နိုင်ရန် ရှင်းလင်းရေးသားလိုက်ရပါသည်။

# အသွင်သစ်နှင့်စက်တင်ဘာလထုတ် သုတပဒေသာစာစောင်ထွက်ပြီ




၁၉၇၃ ခုနှစ် ဇူလိုင်လမှစတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၄၀ကျော်စာချစ်သူများလက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့အပြောင်းအလဲများ ပြုလုပ်ပြီး လစဉ်ထုတ်ဝေလျက်ရှိသည်။

အသက် ၁၈ နှစ်မှ ၂၅ နှစ်အတွင်းရှိ လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားပြီး အသွင်သစ်ဖြင့် ထုတ်လုပ်လိုက်သော သုတပဒေသာစာစောင်(စက်တင်ဘာလ)ကို ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

စက်တင်ဘာလထုတ်သုတပဒေသာ စာစောင်တွင် ဆရာ ဒေါက်တာခင်မောင်ညို၊ ကောင်းသန့်၊ သန့်လွင်ထွန်း၊ တင်ညွန့်၊ ကိုဇော်ငွေး(ယဉ်ကျေးမှု)တို့၏ "ခေတ်သစ်လူငယ်များအတွက်စွမ်းဆောင်ရည်မြှင့်တင်ရေး" မျက်နှာဖုံးဆောင်းပါးများ၊ အပြင်ရွေးကောက်ပွဲဆိုင်ရာဆောင်းပါးများ၊ အတွေးအခေါ်နှင့် တက်ကျမ်းဆိုင်ရာ ဆောင်းပါးများ၊ နိုင်ငံတကာနှင့် သိပ္ပံနည်းပညာဆိုင်ရာ ဆောင်းပါးများအပြင် ကဗျာ၊ ဟာသ၊ ဝတ္ထုတို၊ ဖြစ်ရပ်မှန်၊ ကျန်းမာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာဆောင်းပါးများကို ရောင်စုံဖြူ/မည်း သရုပ်ဖော်ပုံဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

အဆိုပါသုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၂၅၀၀နှုန်းဖြင့် စာပေဗိမာန်စာအုပ်ဆိုင်၊ အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း-၀၆၇-၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်ဆိုင် အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း ၊ ရန်ကုန်မြို့ စာပေဗိမာန်စာအုပ်ဆိုင် ၈၆လမ်း ၂၁လမ်းနှင့် ၂၂လမ်းကြား မန္တလေး ဖုန်း -၀၂-၃၀၁၈၆ ရန်ကုန်မြို့ရှိစာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့်မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံ ဝယ်ယူရရှိပြီးလက်ကားမှာယူလိုပါက စာပေဗိမာန်စာအုပ်ဆိုင်အမှတ်(၅၂၉-၅၃၁)၊ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈ သို့ဆက်သွယ် မှာယူနိုင်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# မော်တော်ယာဉ်ဥပဒေပြဋ္ဌာန်းပြီးနောက် ရန်ကုန်မြို့ ခရီးသည်တင်ယာဉ်လိုင်းအချို့ ပြေးဆွဲမှုရပ်နား

ရန်ကုန် စက်တင်ဘာ ၁၇

**စက်တင်ဘာ ၇ ရက် ရက်စွဲဖြင့် ပြည်ထောင်စုလွှတ်တော်မှ ၂၀၁၅ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၅၅ ဖြစ်သော မော်တော်ယာဉ်ဥပဒေကို ပြဋ္ဌာန်းလိုက်ပြီး အများပြည်သူသိရှိနိုင်ရန် စက်တင်ဘာ ၁၀ ရက်နှင့် ၁၁ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြပေးထားသည်။**

ယင်းဥပဒေပါ ပြစ်ဒဏ်တွင် အနည်းဆုံး ငွေကျပ် ၅၀၀၀၀ ထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ တစ်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးကိုဖြစ်စေ ချမှတ်နိုင်သည့် တားမြစ်ချက်ပုဒ်မများ၊ ငွေကျပ်သိန်း ၅၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်နိုင်သည့် တားမြစ်ချက်ပုဒ်မများအပြင် အခြားသတ်မှတ်ချက် ပြစ်ဒဏ်များကို ပြည့်စုံစွာဖော်ပြထားသည်။

ယခင်ရှိခဲ့သော မော်တော်ယာဉ်ဥပဒေဟောင်းအရ ပြစ်ဒဏ်ငွေများမှာ ကျပ် ထောင်ဂဏန်းသာရှိရာမှ ယခုဥပဒေသစ်တွင် အနည်းဆုံး ကျပ် သောင်းဂဏန်းဝန်းကျင်ရှိလာသည်ဆိုသည့် သတင်းစကားများကြောင့် စက်တင်ဘာ ၁၅ ရက်မှစ၍ ရန်ကုန်မြို့တွင်း ပြေးဆွဲနေသော ခရီးသည်တင် ယာဉ်လိုင်းအချို့တွင် ပြေးဆွဲမှုရပ်ဆိုင်းသည့် ယာဉ်များရှိလာသည်။ ယာဉ်လိုင်းတစ်ခုတွင် ယာဉ်အစီးရေ ၆၀ ကျော် ပြေးဆွဲရာမှ ၁၀ စီးသာ ပြေးဆွဲမှုရှိသည်ဟု စက်တင်ဘာ ၁၆ ရက်ထုတ် ပုဂ္ဂလိကနေ့စဉ်သတင်းစာတွင် ဖော်ပြထားသည်ကို ဖတ်ရှုရသည်။

စက်တင်ဘာ ၁၆ ရက်တွင်လည်း ပြေးဆွဲမှုရပ်နားသော ယာဉ်များရှိနေဆဲဖြစ်ရာ လမ်းမများပေါ်တွင် ပုံမှန်ရက်ထက် အနည်းငယ် ယာဉ်ကြောရှင်းလာသည်။ ဘုန်းကြီးလမ်း စံပြရုပ်ရှင်ရုံအနီး အင်းစိန်ဘက်သွား မှတ်တိုင်လမ်းဆုံတွင် ကွေ့ကြောနေရာ လိုင်းကားကြီးများ စီတန်းပိတ်ဆို့ခြင်းများ ယခုရက်တွင် နည်းလာသည်ဟု ယင်းမှတ်တိုင် အနီး အလုပ်လုပ်ကိုင်သူတစ်ဦးက ဆိုသည်။

ယခင်ရှိပြီး ဥပဒေဟောင်းပါ ပြစ်ဒဏ်များအပေါ် ယာဉ်လုပ်သားများ လေးစားလိုက်နာမှုအားနည်းလာသည်ကို ရန်ကုန်မြို့တွင်း နေ့စဉ် ယာဉ်လိုင်းစီးခရီးသည်များ မြင်တွေ့နေရသည်။ ပြဋ္ဌာန်းလိုက်သော ဥပဒေအသစ် စတင်ကျင့်သုံးမှု မရှိသေးသော်လည်း ယာဉ်လိုင်းပြေးဆွဲမှုရပ်နားခြင်းများဖြင့် ဆန့်ကျင်ဆန္ဒဖော်ထုတ်ခြင်းမှာ မဖြစ်သင့်ကြောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာသူများအတွက် ပြစ်ဒဏ်များသည်စိုးရိမ်ဖွယ်ရာ မရှိကြောင်း မြောက်ဒဂုံမြို့နယ်မှ ကျောက်တံတားမြို့နယ် သို့အလုပ်လာရောက်လုပ်ကိုင်နေသူ ကိုဝေအောင်က သုံးသပ်ပြောဆိုသည်။

တံခါးဖွင့်မောင်းခြင်း၊ မှတ်တိုင်တွင် ယာဉ်မရပ်ဘဲ ခရီးသည်အတင်အချပြုလုပ်ခြင်း၊ မီးနီဖြတ်ခြင်း၊ ယာဉ်ကြော ပြောင်းပြန်မောင်းခြင်း၊ ယာဉ်ကြောလုမောင်းခြင်း၊ ခရီးသည်များ ထိခိုက်ဒဏ်ရာရသည်အထိ ယာဉ်မောင်းခြင်းများ၊ ယာဉ်အကူမောင်းနှင်ခြင်းများကို ရန်ကုန်မြို့တွင်း နေ့စဉ်မြင်တွေ့ရဆဲဖြစ်သည်။

**ခင်ဆိုင်**

■

# မြစိမ်းရောင်ကျေးရွာစီမံကိန်း သင်တန်းဖွင့်လှစ်

**မင်းလှ စက်တင်ဘာ ၁၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်သည့် မြစိမ်းရောင်ကျေးရွာစီမံကိန်း သင်တန်းဖွင့်ပွဲအခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးခန်းမ၌ စက်တင်ဘာလဒုတိယပတ်က ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်မြစိမ်းရောင်ကော်မတီဥက္ကဋ္ဌ ဒေါ်သန်းသန်းချိုက မြစိမ်းရောင်စီမံကိန်းရည်ရွယ်ချက်များနှင့် သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကော်မတီဝင် ဦးအေးကြူက ကော်မတီဝင်ခုနစ်ဦးဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားသည်။

ကျေးရွာပေါင်း ၂၄၇ ရွာမှ ကျေးရွာရှစ်ရွာရှိ မြစိမ်းရောင်ကော်မတီဝင် ၇၂ ဦးအား သင်တန်းကာလ သုံးရက်ကြာ ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ပေါက်စ (ပြန်/ဆက်)**

# လယ်ယာသုံးစက်ကိရိယာကိုင်တွယ်ထိန်းသိမ်းမောင်းနှင်မှု အခြေခံသင်တန်းဖွင့်

**သထုံ စက်တင်ဘာ ၁၇**

အမှတ်(၈၈) စက်မှုလယ်ယာစခန်း သထုံတွင် လယ်ယာသုံးစက်ကိရိယာများ ကိုင်တွယ်မောင်းနှင်မှုသင်တန်း (၂/၂၀၁၅) ကို စက်တင်ဘာ ၁၆ ရက်မှ ၂၆ ရက်အထိ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

"ပြောင်းလဲလာတဲ့ ရာသီဥတုနဲ့ လယ်ယာလုပ်သားရှားပါးလာတာတွေကြောင့် တောင်သူတွေက ဒီစက်ကိရိယာတွေကို ပိုပြီး အသုံးပြုလာပါတယ်။ ဒါကြောင့် ဒီလိုခေတ်မီစက်တွေကို ရင်းနှီးကျွမ်းဝင်ပြီး စနစ်တကျ ကိုင်တွယ်နိုင်ဖို့ လိုအပ်လာပါတယ်။ ဒီလို တတ်မြောက်ခြင်းအားဖြင့် အချိန်ကုန်တာ၊ ဆီကုန်တာ လုပ်အားစတာတွေ အတော်များများ သက်သာနိုင်ပြီး အကျိုးများပါတယ်" ဟု မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးရားကိုင်ထန်းက ပြောကြားသည်။



အဆိုပါ သင်တန်းဖွင့်ပွဲတွင် ပြည်နယ် စိုက်ပျိုးရေးဝန်ကြီး ဦးမျိုးညွန့်နှင့် ပြည်နယ်စက်မှုလယ်ယာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်ဆန်း တို့က သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ လက်တွေ့ပြသမည့် စက်များကို လိုက်လံကြည့်ရှုလေ့လာခဲ့ကြသည်။ ယင်းသင်တန်းတွင် သထုံမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၀ စုမှ တောင်သူ ၃၀ တို့ကို ဒီဇယ်အင်ဂျင်၊ လက်တွန်းထွန်စက်၊ ကောက်စိုက်စက်၊ ရိတ်သိမ်းခြွေလှေ့စက်နှင့် ထွန်စက်ကြီးတို့အား စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းမောင်းနှင်နိုင်ရန် အခြေခံနည်းစနစ်များကို နှစ်ပတ်ကြာ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သက်ဦး (သထုံ)**

# ဒက္ခိဏခရိုင်၌ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု (အခြေခံ)သင်တန်းဖွင့်

**နေပြည်တော် စက်တင်ဘာ ၁၇**

တောင်သူများအနေဖြင့် လယ်ယာသုံးစက်ကိရိယာများကို ကျွမ်းကျင်ပိုင်နိုင်စွာ မောင်းနှင်ပြင်ဆင်နိုင်ရန်အတွက် နေပြည်တော်စက်မှုလယ်ယာဦးစီးဌာနမှ စက်တင်ဘာ ၁၄ ရက်က လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု (အခြေခံ) သင်တန်းကို အမှတ်(၈၄)စက်မှုလယ်ယာစခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးစက်မှုလယ်ယာဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စိုးကအမှာစကားပြောကြားပြီး မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးထွန်းထွန်းဦးက သင်တန်းဖွင့်လှစ်ရခြင်းနှင့် သင်တန်းစည်းကမ်းချက်များကို ပြောကြားသည်။ ထို့နောက်တိုင်းဒေသကြီးစက်မှုလယ်ယာဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများက သင်တန်းသားများအား သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့သည်။

သင်တန်းတွင် ကျေးရွာများရှိ တောင်သူများ၏ သားသမီးသင်တန်းသား ၃၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ စက်တင်ဘာ ၁၄ ရက်မှ ၂၅ ရက်အထိ ဖြစ်ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# ကျေးရွာအရောက် စိုက်ပျိုးရေးနှင့် မွေးမြူရေးသင်တန်းဖွင့်

**ထားဝယ် စက်တင်ဘာ ၁၇**

ကျေးလက်နေပြည်သူများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူး၍ ဒေသခံပြည်သူများအား ကျေးရွာအရောက် အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ စက်တင်ဘာ ဒုတိယပတ်က တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် ကထောင်းနီးကျေးရွာ ဓမ္မဝိဟာရကျောင်းတိုက်၌ စိုက်ပျိုးရေးနှင့် မွေးမြူရေးသင်တန်းဖွင့်လှစ်ခဲ့သည်။

သင်တန်းတွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာသိန်းဇော်က မွေးမြူရေးနှင့် ကာကွယ်ကုသရေးအကြောင်းများကို လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှစိုက်ပျိုးရေး၊ မြေအသုံးချရေးတာဝန်ခံ ဒေါ်သန်းသန်းဝင်းက စိုက်ပျိုးရေးလုပ်ငန်းများတွင် သိပ္ပံနည်းကျစနစ်ဖြင့် စိုက်ပျိုးရေးကိုလည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန စိုက်ပျိုးရေး၊ သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်ချယ်ရီက မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးနည်း၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲနည်း၊ ပိုးသတ်ဆေးစနစ်တကျသုံးစွဲနည်း၊ သဘာဝဓာတ်မြေဩဇာများ ပြုလုပ်သုံးစွဲနည်းများကိုလည်းကောင်း ပညာပေးဆွေးနွေးပို့ချခဲ့သည်။

**ဖိုးရွှေသွန်း(ထားဝယ်)**

# မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေလွှဲပြောင်း

**သထုံ စက်တင်ဘာ ၁၇**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်သည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် သထုံခရိုင်အတွင်းရှိ မြစိမ်းရောင်ကျေးရွာ ၁၆ ရွာသို့ ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို သထုံမြို့နယ်ငါးသားဖောက်စခန်း၌ စက်တင်ဘာလ ဒုတိယပတ်က ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဦးစီးမှူး ဦးမျိုးကြည်ကအမှာစကားပြောကြားပြီး မြစိမ်းရောင် နှင့်ပတ်သက်သည့် အချက်အလက်များနှင့် ဆောင်ရွက်မည့် ဝင်ငွေတိုးပွားရေးလုပ်ငန်းများကိုရှင်းလင်းခဲ့ပြီး လည်ပတ်ရန်ပုံငွေဆုံးရှုံးမှုမရှိစေရေး စနစ်တကျစီမံဆောင်ရွက်သွားရန် မှာကြားခဲ့သည်။ ထို့နောက် ပြည်နယ်နှင့် ခရိုင်ဦးစီးမှူးများက မြစိမ်းရောင်ရန်ပုံငွေကျပ်သိန်း ၃၀၀ ကို ကျေးရွာများသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# “ခ”ယာဉ်မောင်းလိုင်စင်လျှောက်ထားသူ နေ့စဉ် ၈၀၀ နီးပါးခန့်အထိ မြင့်တက်လျက်ရှိ

**ရန်ကုန် စက်တင်ဘာ ၁၇**

ရန်ကုန်မြို့ပေါ်၌ မော်တော်ယာဉ်အစီးရေ များပြားလာသည်နှင့်အမျှ တောင်ဥက္ကလာပမြို့နယ်ရှိ ကညန(မြင်သာ) ရုံးတွင် ‘ခ’ယာဉ်မောင်းလိုင်စင် လာရောက်လျှောက်ထားသူဦးရေမှာ နေ့စဉ် ၈၀၀ နီးပါးခန့်အထိ မြင့်တက်လျက်ရှိပြီး ယခင်နှစ်များထက် ပိုမိုများပြားလျက်ရှိကြောင်းသိရသည်။ ပြီးခဲ့သည့် တစ်နှစ်ခွဲ၊ နှစ်နှစ်ခန့်ကအထိ ‘ခ’ယာဉ်မောင်းလိုင်စင် လာရောက်လျှောက်ထားသူဦးရေမှာ တစ်လလုံးတွင် ထောင်ဂဏန်းခန့်သာရှိခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ်အတွင်း ကညန(မြင်သာ)သို့ ‘ခ’ယာဉ်မောင်းလိုင်စင် လာရောက်လျှောက်ထားသူဦးရေမှာ နေ့စဉ်များပြားလျက်ရှိပြီး ဩဂုတ်လဆန်းပိုင်းတွင် တစ်ရက်လျှင် ၈၀၀ နီးပါးရှိခဲ့ကာ နောက်ဆုံးအပတ်တွင် ၅၀၀ ကျော်ရှိခဲ့ကြောင်း၊ လိုင်စင်လျှောက်ထားသူဦးရေမှာ လစဉ် ၁၅၀၀၀ ခန့်အထိရှိလာသဖြင့် ယခင်ကထက် အဆပေါင်းများစွာ မြင့်တက်နေကြောင်း ကညန(မြင်သာ)ယာဉ်မောင်းလိုင်စင် စစ်ဆေးရေးဌာနမှသိရသည်။

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန(မြင်သာ) ယာဉ်မောင်းလိုင်စင်စစ်ဆေးရေးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မူမူလွင်က “ယာဉ်မောင်းလိုင်စင်လျှောက်ထားသူတွေအနေနဲ့ ကနဦးရေးဖြေအောင်မြင်ဖို့ လိုအပ်ပါတယ်။ ရေးဖြေမှာပါဝင်တဲ့ ယာဉ်စည်းကမ်းလမ်းစည်းကမ်း တွေကို ယာဉ်မောင်းနေတဲ့ကာလပတ်လုံး အမြဲသိထားရမှာဖြစ်ပြီး လမ်းကြောင်းပေါ်မှာသုံးရမယ့် အချက်တွေဖြစ်ပါတယ်။ ရန်ကုန်မြို့ပေါ်မှာ ယာဉ်တွေများပြားလာတာနဲ့အမျှ အခုနောက်ပိုင်း ၂၀၁၅ ခုနှစ်အတွင်း လိုင်စင်လျှောက်ထားသူတွေလည်း များပြားလာတာ တွေ့ရပါတယ်။ ကျွန်မတို့ ကညနအဖွဲ့တွေကလည်း လိုင်စင်ကို လက်လွတ်စပယ် မထုတ်ပေးပါဘူး၊ တကယ်ယာဉ်မောင်းတာ တတ်ကျွမ်းမှ၊ သိမှ ထုတ်ပေးတာပါ၊ ဒါမှလည်း ယာဉ်တိုက်မှု accident တွေကို လျှော့ချနိုင်မှာပါ၊ ယာဉ်မောင်းတဲ့သူတွေက ယာဉ်စည်းကမ်းကိုသိပြီး လိုက်နာဖို့လိုအပ်ပါတယ်”ဟု ပြောသည်။



ယာဉ်မောင်းလိုင်စင် စစ်ဆေးရေးဌာနတွင် ‘ခ’ လိုင်စင်ကို အများဆုံးလာရောက်ထုတ်ယူလေ့ရှိကြပြီး ‘ဂ၊ ဃ၊ င’ လိုင်စင်များမှာ သက်တမ်းတိုးလျှောက်ထားကြသော လိုင်စင်များဖြစ်သည်။ ‘ခ’ယာဉ်မောင်းလိုင်စင် ကနဦးလျှောက်ထားမှုတွင် တစ်ဦးချင်းအလိုက် ကိုယ်ရေးရာဇဝင် အချက်အလက်များပေးခြင်း၊ ဓာတ်ပုံရိုက်ကူးခြင်း၊ အမြင်အာရုံနှင့် အရောင်ခွဲစစ်ဆေးခြင်း၊ ကညနမှထုတ်ဝေသော မော်တော်ယာဉ်ဥပဒေစာအုပ်ကို အခြေခံကာ အဆိုပါစာအုပ်မှ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအချက်များဖြေဆိုခြင်း၊ Psycho test ဖြေဆိုခြင်းများကို ပြုလုပ်ရပြီး သတ်မှတ်အမှတ် ၄၀ ရရှိလျှင် အောင်မြင်ကြောင်းသိရသည်။

ထို့နောက် ရွာသာကြီး ကညနတွင် လက်တွေ့ယာဉ်မောင်းခြင်းကို သတ်မှတ်ပွိုင့်များအလိုက် မောင်းနှင်ဖြေဆိုရပြီး အောင်မြင်မှသာလျှင် ‘ခ’ယာဉ်မောင်းလိုင်စင်ထုတ်ပေးခြင်းဖြစ်ကြောင်း ကညန(မြင်သာ)ယာဉ်မောင်းလိုင်စင် စစ်ဆေးရေးဌာနမှ သိရသည်။ **စိုးဝင်း(SP)**



## ခြေတုနှင့် ဘီးတပ်ကုလားထိုင်များ လှူဒါန်း

**ရွှေကျင် စက်တင်ဘာ ၁၇**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်အတွင်းမှ မြေမြှုပ်မိုင်းကြောင့် ကိုယ်အင်္ဂါချို့ယွင်းခဲ့ရသော ဒေသခံပြည်သူများအား ငြိမ်းချမ်းမြန်မာ ကူညီထောက်ပံ့ရေးဖောင်ဒေးရှင်းနှင့် World Education တို့ ပူးပေါင်း၍ ခြေတုနှင့် ဘီးတပ်ကုလားထိုင်များကို စက်တင်ဘာ ၁၅ ရက်က ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

လှူဒါန်းပွဲကို ရွှေကျင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေဝင်း၊ ငြိမ်းချမ်းမြန်မာ ကူညီထောက်ပံ့ရေးဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးသန့်ဇင်နှင့် World Education မှ ဒေါ်ခင်မာအောင်တို့က ဘီးတပ်ကုလားထိုင်နှစ်စီးနှင့် ခြေတု ၁၅ ချောင်းကို ကိုယ်အင်္ဂါချို့ယွင်းနေသော ဒေသခံပြည်သူများထံ ပေးအပ်လှူဒါန်းခဲ့သည်။ **ပိန်းဇလုပ်သိန်းညွန့်**

## မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်

**ကျောက်ဖြူ စက်တင်ဘာ ၁၇**

ကျောက်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် စီမံကိန်းပါ မြစိမ်းရောင်ကျေးရွာ ၁၃ ရွာ ရန်ပုံငွေပေးအပ်ပွဲကို စက်တင်ဘာ ၁၅ ရက်က ကျောက်ဖြူခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးသိန်းက မြစိမ်းရောင်စီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး စီမံကိန်းပါ ကျေးရွာများအား အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၀၀ စီကို ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများထံသို့ ပေးအပ်သည်။

အဆိုပါ အခမ်းအနားသို့ ကျောက်ဖြူခရိုင် အုပ်ချုပ်ရေးမှူး၊ ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးနှင့် မြို့နယ်အထောက်အကူပြုကော်မတီအတွင်းရေးမှူးနှင့် ခရိုင်နှင့်မြို့နယ် မြစိမ်းရောင်ကြီးကြပ်မှုကော်မတီဝင်များ၊ ကျေးရွာ ၁၃ ရွာမှ ကော်မတီဝင်များတက်ရောက်ပြီး ကျေးရွာတစ်ရွာလျှင် အရင်းမပျောက် လည်ပတ်ရန်ပိုငွေသိန်း ၃၀၀ နှုန်းဖြင့် ကျေးရွာ ၁၃ ရွာအတွက် ငွေကျပ်သိန်း ၃၉၀၀ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သက်ထက်**

## ကျောင်းကျန်းမာရေးအသိပညာပေးဟောပြော

**မြစ်ကြီးနား စက်တင်ဘာ ၁၇**

ကျောင်းသား ကျောင်းသူများ ကျန်းမာပျော်ရွှင်စွာပညာသင်ကြားနိုင်ရေးအတွက် ကျောင်းကျန်းမာရေး အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၆ ရက်က မြစ်ကြီးနားမြို့ ရောရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း (ခွဲ) အလက(၆) ရှိ ရွှေသွေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ ကချင်ပြည်နယ်ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာနမှဒုဦးစီးမှူး ဦးဘောမ်ဇုန်းက စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း၊ ကျောင်းကျန်းမာရေးဌာနမှ တာဝန်ခံ ဆရာဝန်ဒေါက်တာ ဖြိုးနန္ဒာဆွေက သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားရခြင်းနှင့် ရောဂါလက္ခဏာများ၊ ကူးစက်ပုံနည်းလမ်းများ ကြိုတင်ကာကွယ်ခြင်းနည်းလမ်းများကိုလည်းကောင်း၊ ကျောင်းကျန်းမာရေးဌာနမှ သွားဘက်ဆိုင်ရာ ဆရာဝန် ဒေါက်တာအေးအိဖြိုးက သွားကျန်းမာရေးဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

**မိုဃ်းကျ(မြစ်ကြီးနား)**

### စာအုပ်စာပေ လူ့မိတ်ဆွေ

## ကျေးရွာသောက်သုံးရေကန် တူးဖော်ပေး

**တောင်သာ စက်တင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် ထောက်ရှာကျင်းကျေးရွာ၌ သောက်သုံးရေကန်ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရန်ပုံငွေကျပ်သိန်း ၈၀ ဖြင့် တူးဖော်ပေးလျက်ရှိကြောင်း သိရသည်။

ထောက်ရှာကျင်းကျေးရွာသည် မြေအောက်ရေတွင်းတူးဖော်၍မရသည့် ကျေးရွာဖြစ်ရာ သောက်သုံးရေကို သုံးမိုင်ခန့်ဝေးသည့် ပန်းပေါင်းကျေးရွာမှ သွားရောက်သယ်ယူ၍ အသုံးပြုနေရသဖြင့် သောက်သုံးရေ အခက်အခဲဖြစ်နေမှု အဆင်ပြေစေရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သောက်သုံးရေကန်ကို တူးဖော်ပေးခြင်းဖြစ်သည်။ ရေကန်တူးဖော်နေမှုကို မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်၊ မြင်းခြံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးကျုံးလျှန်ဗွိုင်း၊ တောင်သာမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ညွန့်နှင့်အဖွဲ့က စက်တင်ဘာ ၁၄ ရက်တွင် ကွင်းဆင်းကြည့်ရှုခဲ့ပြီး ရေဝင်လမ်းကြောင်းများအခြေအနေ၊ ကန်ပေါင်ခိုင်ခံ့မှုရှိစေရေးနှင့် လုပ်ငန်းများအချိန်မီပြီးစီးအောင် ဆောင်ရွက်ရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံအလယ်ပိုင်းဒေသသည် မိုးနည်းရေရှားဒေသဖြစ်ပြီး သောက်သုံးရေရှားပါးခက်ခဲသည့် နေရာအများအပြားရှိရာ နိုင်ငံတော်အစိုးရက မြေအောက်ရေတွင်းများတူးဖော်ပေးခြင်း၊ ရေကန်များတူးဖော်ပေးခြင်း၊ ဆည်တာတမံများတည်ဆောက်ပေးခြင်းဖြင့် ရေရှားပါးသည့်ဒေသများမှ ပြည်သူများ အဆင်ပြေစေရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

## မူးမြစ်ကမ်းပါးပြိုခြင်းကြောင့် နေအိမ်ပြောင်းရွှေ့ရသူများအား ထောက်ပံ့ငွေပေးအပ်

**ခင်ဦး စက်တင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်အတွင်း ရေကြီး၍ မူးမြစ်ကမ်းပါးပြိုခြင်းကြောင့် နေအိမ်များပြောင်းရွှေ့ခဲ့ရသော အိမ်ထောင်စုများအား ရွှေဘိုခရိုင်စီမံခန့်ခွဲမှုကော်မတီနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီများက ထောက်ပံ့ငွေများကို စက်တင်ဘာ ၁၅ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။

ထောက်ပံ့ငွေပေးအပ်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပြီး ရွှေဘိုခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးထူးလွင်က အမှာစကားပြောကြားကာ ပြောင်းရွှေ့ခဲ့ရသော နေအိမ်ရှစ်လုံးမှ မိသားစုများအား နေအိမ်တစ်လုံးလျှင် အိမ်ပြောင်းရွှေ့ရေးနှင့် ဆောက်လုပ်စရိတ် ငွေကျပ်တစ်သိန်းစီကို အိမ်ပိုင်ရှင်များထံသို့ တာဝန်ရှိသူများက တစ်ဦးချင်းစီ ထောက်ပံ့ပေးအပ်ခဲ့သည်။

ရေကြီး၍ မူးမြစ်ကမ်းပါးပြိုခြင်းကြောင့် သက်ပေးကျေးရွာအုပ်စု ဇီးတောကျေးရွာတွင် နေအိမ်လေးလုံး၊ လက်ပံကွက်ကျေးရွာတွင်နေအိမ် လေးလုံးတို့ ပြောင်းရွှေ့ခဲ့ရကြောင်း သိရသည်။ **ခင်ဦးစိုးဝေ**



## ကျေးလက်ဒေသ မီးလင်းရေးအတွက် ဆိုလာများတပ်ဆင်ပေး

**ထီးလင်း စက်တင်ဘာ ၁၇**

ထီးလင်းမြို့နယ်အတွင်းရှိ ကျေးရွာရှစ်ရွာ၌ လျှပ်စစ်ဓာတ်အား အသုံးပြုနိုင်ရေးအတွက် ဆိုလာနှင့် ဆက်စပ်ပစ္စည်းများ အစုံ ၄၈၀ ကို ထီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာများသို့ ကွင်းဆင်းတပ်ဆင်ပေးလျက်ရှိကြောင်း သိရသည်။ ညောင်ရွာ၊ ညောင်ပောင်းရွာနှင့် တိရွာများတွင် စက်တင်ဘာ ၁၄ ရက်က ဆိုလာများသွားရောက်တပ်ဆင်ပေးခဲ့ရာ ထီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးအောင်ကိုလတ်က ဆိုလာနှင့် ဆက်စပ်ပစ္စည်းများပေးအပ်ရခြင်းအကြောင်းနှင့် အသုံးပြုပုံများကို ဒေသခံပြည်သူများအား ရှင်းလင်းပြောကြားပြီး ဆိုလာအစုံ ၁၄၀ ကို တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# အသည်းအဆီဖုံးရောဂါ

ပါမောက္ခခင်မောင်ဝင်း (အသည်း)

**အသည်းအဆီဖုံးခြင်း**

အသည်းအဆီဖုံးရောဂါဟာ အခုအခါမှာ လူနာတော်တော်များများမှာ တွေ့လာရပြီး ကမ္ဘာပေါ်မှာ အဖြစ်အများဆုံး ရောဂါတစ်ခု ဖြစ်လာတဲ့အတွက် အရေးကြီးတဲ့ ကျန်းမာရေးပြဿနာတစ်ခု ဖြစ်လာပါတယ်။

အသည်းထဲမှာ အဆီဖုံးနိုင်တဲ့ ရောဂါတွေကတော့ အများကြီးပဲ။ ပြောရမယ်ဆိုရင် အရက်သောက်တဲ့လူတွေတိုင်းမှာ အသည်းမှာအဆီဖုံးပါတယ်။ ဒါပေမယ့် အရက်သောက်တဲ့လူတွေမှာဖြစ်တဲ့ အသည်းအဆီဖုံးတာနဲ့ အရက်မသောက်ဘဲ အသည်းအဆီဖုံးတဲ့ရောဂါဟာ ကွာခြားပါတယ်။ ဒါကြောင့် နေ့စဉ်အမြဲတွေ့နေရတဲ့ အသည်းအဆီဖုံးရောဂါဆိုတာ အရက်မသောက်တဲ့လူတွေမှာဖြစ်တဲ့ အသည်းအဆီဖုံးရောဂါကို ပြောတာပါ။ အင်္ဂလိပ်လိုပြောရမယ်ဆိုရင်တော့ Non- Alcoholic Fatty Liver Disease လို့ ခေါ်ပါတယ်။ အတိုပြောရမယ်ဆိုရင် NAFLD လို့ရေးပြီး နက်ဖဲလ်ဒီလို့ အသံထွက်ပါတယ်။ ကမ္ဘာ့လူဦးရေရဲ့ ၃၀ ရာခိုင်နှုန်းလောက်မှာ ဖြစ်ပါတယ်။ ဝတာနဲ့ ဆက်စပ်နေတာပေါ့။ ဘော်ဒီဝိတ်တွေများ၊ အဆီတွေများပြီး ဝိတ်တွေတက်တော့ အသည်းထဲမှာ အဆီတွေရောက်ကုန်တာပေါ့။

အသည်းအဆီဖုံးရောဂါ ဘာလို့ဖြစ်တာလဲဆိုတာကို ဖြေရမယ်ဆိုရင် ကြက်မကြီးနဲ့ ကြက်ဥ ဘယ်ကစဖြစ်တာလဲဆိုတာကို ပြောရမလို ဖြစ်နေတယ်။ ဘာလို့လဲဆိုတော့ အသည်းအဆီဖုံးရတာရဲ့ အစက အင်ဆူလင်မတိုးတော့တာ (Insulin resistance) ကြောင့် စတယ်လို့ဆိုတယ်။ အဲဒီမှာတင် သွေးချိုတွေတက်၊ ဝိတ်တွေတက်ပြီး သွေးထဲမှာ အဆီတွေများလာပြီး အသည်းထဲကို အဆီတွေရောက်ကုန်တယ်။ အဲဒီမှာတင် အင်ဆူလင်က မတိုးတော့ဘူး။ အင်ဆူလင်မတိုးတော့ သွေးချိုတွေ တက်မယ်။ ဒီလိုနဲ့ လုံးချာပတ်ချာလည်ပြီး ဘယ်ကဘယ်လိုစမှန်းမသိပဲ အသည်းထဲမှာ အဆီတွေတစ်ဖြည်းဖြည်းများလာပြီး အသည်းအဆီဖုံးရောဂါ ဖြစ်တော့တာပေါ့။

အလွယ်ဆုံး အရှင်းဆုံး ပြောရမယ်ဆိုရင် အစားအသောက် အနေအထိုင် မဆင်မခြင် လွန်လွန်ကျူးကျူးစား၊ အဆီတွေစား၊ အချိုတွေစား၊ ကိုယ်လက်လှုပ်ရှားမှုက မရှိဆိုတော့ ဝိတ်တွေတက်၊ တစ်ကိုယ်လုံးမှာ အဆီတွေ ဖုံး၊ အသည်းထဲမှာလည်း အဆီတွေဖုံးမယ်။ အဲလို အသည်းနဲ့ တစ်ကိုယ်လုံးမှာ အဆီတွေဖုံးတော့ သွေးချိုတွေကိုထိန်းဖို့ ပန်ကရိယကထုတ်ပေးတဲ့ အင်ဆူလင်တွေဟာ သူလုပ်ရမယ့် အလုပ်တွေ မလုပ်နိုင်တော့ဘူး၊ အင်ဆူလင် ရဆစ်(စ်)တင့်ရတယ်၊ အင်ဆူလင် မတိုးတော့ဘူးပေါ့။

အင်ဆူလင်ရဲ့ အဓိက အလုပ်တာဝန်က သွေးထဲမှာ အချိုဓာတ် ဂလူးကို့စ်တွေ များလာရင် အဲဒါတွေကို ဆဲလ်တွေထဲ ဝင်အောင်လုပ်ပေးရပါတယ်။ အဲတော့မှ ဆဲလ်တွေက ဂလူးကို့စ်ကို သုံးနိုင်ပါမယ်။ ပြီးတော့ သွေးထဲမှာလည်း အချိုဓာတ်တွေ ပုံမှန်ပြန်ဖြစ်သွားပါမယ်။

ဒါပေမယ့် အခုပြောခဲ့သလို အင်ဆူလင် မတိုးတော့ဘူးဆိုရင် ဂလူးကို့စ်တွေ ဆဲလ်တွေထဲကို မဝင်နိုင်တော့ဘဲ သွေးထဲမှာ သွေးချိုဓာတ်တွေ များနေပါမယ်။ ဆေးအခေါ် ဟိုင်ပါဂလိုင်ဆီးမီးယား (hyperglycaemia) ဖြစ်တယ်လို့ ပြောရမှာပါ။ သွေးထဲမှာ ဂလူးကို့စ်တွေ များနေတော့ အဲလို ပိုလျှံနေတဲ့ ဂလူးကို့စ်တွေကို အဆီတွေအဖြစ်ပြောင်းပြီး သိမ်းရပါတော့တယ်။ အကျိုးဆက်က အသည်းဆဲလ်တွေထဲမှာ အဆီတွေများကုန်တာပေါ့။ အဲဒါကြောင့် အသည်းအဆီဖုံးရောဂါ ရတော့တာပေါ့။


အင်ဆူလင်ရဲ့ နောက်အလုပ်တာဝန်တစ်ခုကတော့ ကိုယ်ခန္ဓာအနှံ့အပြားမှာ အဆီတွေပျော်ထွက်မလာအောင် ကာကွယ်ပေးရပါတယ်။ ဒါပေမယ့် အခုနကပြောခဲ့သလို အင်ဆူလင်မတိုးတော့ဘူး၊ အင်ဆူလင်အလုပ်မလုပ်တော့ဘူးဆိုတော့ အဆီတွေပျော်မလာအောင် ထိန်းမထားနိုင်တော့ဘူးပေါ့။ အကျိုးဆက်ကတော့ ဗိုက်ခေါက်၊ ပေါင်၊ တင်ပါး၊ ရင်သား စတဲ့ နေရာအနှံ့မှာရှိတဲ့အဆီတွေ ပျော်ကုန်ပါတယ်။ အဲလို အဆီတွေ ပျက်ပျယ်ပျော်သွားတာကို လိုင်ပိုလိုင်းဆစ် (Lipolysis) လို့ ခေါ်ပါတယ်။ အဆီတွေပျော်လာတော့ သွေးထဲမှာ အဆီတွေများလာပြီး အဲဒီအဆီတွေက အသည်းဆဲလ်တွေထဲကိုရောက်ပြီး အသည်းအဆီဖုံးတော့တာပေါ့။

အသည်းဆဲလ်တွေထဲကို အဆီတွေဝင်လာတဲ့အခါမှာ အဆီတွေကနေ အသည်းဆဲလ်တွေကို ပျက်စီးစေပြီး အသည်းဆဲလ်တွေသေကုန်မယ်၊ အသည်းတွေရောင်ပါမယ်။ အဲလို အဆီတွေကြောင့် အသည်းရောင်တာကို စတီယာတို ဟက်ပတိုက်တစ်(စ်) (steato hepatitis) လို့ ခေါ်ပါတယ်။ စတီယာတိုဆိုတာက အဆီ၊ ဟက်တိုက်တစ်(စ်)ဆိုတာက အသည်းရောင်တာ၊ စတီယာတို ဟက်ပတိုက်တစ် ဆိုတော့ အဆီကြောင့် အသည်းဆဲလ်တွေ ပျက်စီးကုန်တာကို ပြောတာပေါ့။

ရှေ့မှာပြောခဲ့သလိုပဲ အရက်ကြောင့်မဟုတ်ဘဲ အဆီကြောင့် အသည်းတွေရောင်တယ်ဆိုတာကို 'Non Alcoholic Steato Hepatitis' နက်(ရှ်) (NASH) လို့ ခေါ်ပါတယ်။



အဲလို အဆီတွေကနေပြီး အသည်းဆဲလ်တွေကို



အသည်းဆဲလ်တွေထဲ အဆီဝင်နေပုံ

တိုက်ရိုက်ပျက်စီးအောင် လုပ်သလို အဆီတွေရဲ့ တခြားအန္တရာယ်တွေ ရှိပါသေးတယ်။

အဲဒါတွေကတော့ အသည်းထဲမှာ ရောက်နေတဲ့ အဆီတွေကြောင့် ဆဲလ်တွေထဲမှာ ရှိတဲ့ အတွန် (atom)တွေကို ပျက်စီးစေပြီးတော့ အောက်ဆီဒင့် မော်လီကျူးလ်တွေ ထွက်လာမယ်။ အောက်ဆီဒင့်တွေကြောင့် ဆဲလ်တွေမှာ စထရက်တွေ ရကုန်မယ်။ အဲဒါကို အောက်ဆီဒေးတစ် စထရက်(စ်) (oxidative stress) လို့ ခေါ်ပါတယ်။

အောက်ဆီဒေးတစ်စထရက်(စ်)ဆိုတာ မျက်စေ့နဲ့မမြင်သာဘဲ တော်တော်ကိုကြောက်စရာကောင်းတဲ့ ဇီဝဖြစ်စဉ်အကျိုးဆက်တွေကို ဖြစ်စေတာပါ။ ဒီလို စထရက်(စ်)တွေကြောင့် ဆိုင်တိုကိုင်း (cytokine) လို့ခေါ်တဲ့ ဓာတုဇီဝပရိုတိန်းတွေ ထွက်ပေးပါတယ်။ အဲဒီ ဆိုင်တိုကိုင်းတွေဟာ အသည်းဆဲလ်တွေကို သေစေတယ်။ အသည်းထဲမှာ အနာရွတ်တွေထင်စေတယ်။

ဒီလိုနဲ့ အသည်းအဆီဖုံးတာကို ဂရုမစိုက်ဘဲထားလိုက်တော့ နှစ်တွေကြာတဲ့အခါမှာ အသည်းတစ်ခုလုံးမှာ အနာရွတ်တွေပျံ့သွားတော့ အသည်းခြောက်တယ်ဆိုတာ ဖြစ်သွားတာပေါ့။ ဒါကြောင့် အရင်တုန်းက ဘာမှ ဂရုစိုက်စရာမလိုဘူးလို့ထင်ခဲ့တဲ့၊ အရေးမကြီးတဲ့ ရောဂါတစ်ခုလို့ ယူဆထားခဲ့တဲ့ အသည်းအဆီဖုံးရောဂါဟာ စနစ်တကျ မစစ်ဆေး၊ မကုသဘူးဆိုရင် နောက်ဆုံးမှာ အသည်းခြောက်ရောဂါဖြစ်တဲ့အဆင့်အထိ ရောက်သွားနိုင်ပါတယ်။ ပိုဆိုးတာက အသည်းအဆီဖုံးရောဂါဟာ အသည်းခြောက်ရောဂါနဲ့တင် ရပ်မနေတော့ပဲ အသည်းကင်ဆာဖြစ်တဲ့အထိ တဆက်တည်းသွားမှာပါလို့ ပြောချင်ပါတယ်။



အာထရာဆောင်း (Ultrasound)

**ရောဂါလက္ခဏာတွေ**

အသည်းအဆီဖုံးရောဂါသည်တွေက များသောအားဖြင့် ဘာရောဂါလက္ခဏာမှ မပြပါဘူး၊ ဘာမှလည်း မခံစားရပါဘူး။ ဒါပေမယ့် တစ်ချို့လူနာတွေမှာတော့ ညာဘက်တစ်ခြမ်းအောင့်တယ်၊ ပုဆိုး၊ ထဘီ တင်းတင်းဝတ်လို့ မရဘူး၊ ကားဆောင့်ရင် ဗိုက်ရဲ့ ညာဘက်က နာတယ်ဆိုတာမျိုးတွေ ဖြစ်တတ်ပါတယ်။ အဲလိုတွေ ခံစားရတဲ့အခါမှာ တစ်ခါတလေ အမီးဘားဝမ်းကိုက်ပိုး အသည်းရောင်ရောဂါနဲ့လွဲမှားပြီး မက်ထရိုနီတာဇော၊ တင်နီတဇောဆိုတဲ့ ဆေးတွေတိုက်ပြီးကုရင် လူနာတွေမလိုအပ်ဘဲနဲ့ ဆေးဒဏ်တွေ ခံရပါလိမ့်မယ်။ လူနာတွေရဲ့ဗိုက်ကို စမ်းကြည့်လိုက်ရင် အသည်းကြီးနေတာလည်း တွေ့နိုင်ပါတယ်။ ခြုံပြီးပြောရမယ်ဆိုရင်တော့ အသည်းအဆီဖုံးရောဂါရဲ့ သတ်သတ်မှတ်မှတ်ရောဂါလက္ခဏာလို့ မရှိပါဘူး။

**စမ်းသပ်စစ်ဆေးမှုတွေ**

အသည်းအဆီဖုံးရောဂါရှိတယ်လို့ထင်ရင် ပထမဆုံးနဲ့ အလွယ်ဆုံး စစ်ဆေးရမှာကတော့ တယ်လီဗီးရှင်းဓာတ်မှန်လို့ခေါ်တဲ့ အာလ်ထရာဆောင်း (Ultrasound) နဲ့ ဗိုက်ကို စစ်ဆေးရမှာပါ။ အသည်းထဲမှာ အဆီများမများဆိုတာကို တော်တော်လေး မှန်အောင်ပြောနိုင်ပါတယ်။ ပိုပြီးသေချာချင်ရင်တော့ စီတီစကင် CT Scan နဲ့ MRI ဓာတ်မှန်တွေဆက်ပြီးရိုက်သင့်ရင် ရိုက်ရပါမယ်။

အသည်းအဆီဖုံးတာ သေချာပြီဆိုတော့မှ အသည်းဟာ ထိခိုက်ပျက်စီးနေပြီလား၊ အသည်းရောင်နေပြီလားဆိုတာကို ဆက်ပြီးစစ်ရပါမယ်။

အရက်ကြောင့်မဟုတ်တဲ့ ရိုးရိုးအသည်းအဆီဖုံး (Non Alcoholic Fatty Liver NAFL) အဆင့်ကနေ အသည်းထိခိုက်ပျက်စီးတဲ့ နက်ရှ် NASH (Non-Alcoholic Steato Hepatitis) အဆင့်ကို ရောက်သွား/မသွား စစ်ဆေးဖို့အရေးကြီးပါတယ်။

ဘာလို့လဲဆိုတော့ NAFL ရိုးရိုးဆိုရင် ဆေးဝါးတွေနဲ့သုံးပြီးကုဖို့ မလိုပါဘူး။ အစားအသောက် အနေအထိုင် လိုက်ဖ်စတိုင် (life style) ကို ပြင်ရုံပဲလုပ်ရမှာပါ။ ဒါပေမယ့် NASH အဆင့်ကို ရောက်ပြီဆိုရင်တော့ ထိရောက်တဲ့ဆေးဝါးကုသမှုတွေ လုပ်ရမှာပါ။ ဒါမှသာ အသည်းရောင်တဲ့ အဆင့်ကနေ အသည်းခြောက်တဲ့အဆင့်ကို ဆက်ကူးမသွားပါဘူး။

**အသည်းထိခိုက်မှု ရှိ မရှိ စစ်ရမှာတွေ**

အသည်းဆဲလ်တွေ ပျက်စီးမှု ရှိမရှိဆိုတာကို သိရအောင် အလွယ်ဆုံး စစ်ဆေးမှုကတော့ သွေးထဲမှာရှိတဲ့ ALT, AST ဆိုတဲ့ အင်ဇိုင်းတွေကို စစ်ရပါမယ်။ ALT နဲ့ AST ဆိုတဲ့ အင်ဇိုင်းတွေဟာ ပုံမှန်အားဖြင့် အသည်းဆဲလ်တွေထဲမှာပဲရှိရမယ့် အင်ဇိုင်းတွေပါ။ အကြောင်းတစ်စုံတစ်ရာကြောင့် အသည်းဆဲလ်တွေ ပျက်စီးပေါက်ကွဲသွားပြီဆိုရင်တော့ ALT နဲ့ AST တွေ သွေးထဲမှာ မြင့်တက်နေမှာပါ။ အထူးသဖြင့် AST က ALT ထက်ပိုများနေမှာပါ။ ဒါကြောင့် ALT နဲ့ AST တက်နေတယ် ဆိုရင် အသည်းဆဲလ်တွေ ပျက်စီးနေတာ သေချာပြီ၊ ဒီလူနာဟာ NASH အဆင့်ကို ရောက်နေပြီလို့ ကောက်ချက်ချရပါမယ်။

အသည်းအဆီဖုံးရောဂါသည် တစ်ယောက်မှာ ALT နဲ့ AST မတက်ဘူးဆိုရင် အသည်းပျက်/မပျက် သိဖို့ရာ အကောင်းဆုံးစစ်ဆေးမှုကတော့ Liver Biopsy လို့ခေါ်တဲ့ အသည်းအသားစယူပြီး စစ်ဆေးတာပါပဲ။ အင်္ဂလိပ်လိုပြောရမယ်ဆိုရင်တော့ Liver Biopsy is the gold standard ပါ။ အသည်းအသားစမယူပဲ အသည်းရောင်/မရောင် စမ်းသပ်စစ်ဆေးနိုင်တဲ့ အာလ်ထရာဆောင်း တစ်မျိုးဖြစ်တဲ့ ဖိုင်ဗရိုစကင် (Fibroscan) ဆိုတဲ့ စစ်ဆေးမှုတွေစပြီး စမ်းသပ်တဲ့အဆင့်ကို ရောက်နေပါပြီ။ ဒါပေမယ့် လက်ရှိအနေအထားမှာတော့ အသည်းရောင်/မရောင် NASH ဟုတ်မဟုတ် သေချာပေါက်သိချင်ရင် အသည်းအသားစယူပြီး စစ်ဆေးရမှာပါ။



# လာလီဂါပွဲစဉ်(၄)မှာ စီရော်နယ်ဒို ဂိုးတွေသွင်းဦးမှာလား



မိုးမြင့်လင်းလက်

စပိန်မြေက လာလီဂါပွဲစဉ်(၄)ကို စက်တင်ဘာ ၁၉ ရက်နဲ့ ၂၀ ရက်တွေမှာ ဆက်လက်ယှဉ်ပြိုင်ကစားမှာ ဖြစ်ပါတယ်။ ဒီပွဲစဉ်မှာတော့ ချန်ပီယံလိဂ်အုပ်စုပွဲစဉ်တွေနွဲ့ထားရလို့ ပွဲပမ်းနေတဲ့ ထိပ်တန်းအသင်းတွေဟာ ရလဒ်ကောင်းကို ဖော်ဆောင်နိုင်မလား ကြည့်ရမှာ ဖြစ်ပါတယ်။ ဒ့ါအပြင် စပိန်လာလီဂါမှာ ထာဝရဂိုးသွင်းအများဆုံးစံချိန်ကို ချိုးဖို့ ငါးဂိုးသာလိုတော့တဲ့ ရီးရဲမက်ဒရစ်တိုက်စစ်မှူး စီရော်နယ်ဒိုရဲ့ ဂိုးသွင်းနိုင်မှု စွမ်းရည်ကလည်း ဘယ်လောက်ထိရှိလာမလဲဆိုတာ ပရိသတ်တွေအတွက် မကြည့်မဖြစ် ဆွဲဆောင်မှုရှိနေတဲ့ အချက်လည်း ပါဝင်နေတာမို့ ရင်ခုန်စရာတော့ ကောင်းနေတာအမှန်ပါပဲ။

### ရီးရဲမက်ဒရစ်နှင့် ဂရန်နာဒါ

ဒီနှစ် လာလီဂါမှာခြေစွမ်းကောင်းတွေ တစ်ပွဲထက်တစ်ပွဲ ပိုမိုပြသလာနိုင်တဲ့ ရီးရဲမက်ဒရစ်တို့ဟာ အခုပွဲမှာလည်း နိုင်ပွဲရအောင် ပုံဖော်ဦးမှာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ လာလီဂါပွဲစဉ်(၃)မှာ အက်စ်ပန်းညိုကို တစ်ဦးတည်း ငါးဂိုး အထိ သွင်းယူထားတဲ့ စီရော်နယ်ဒိုဟာ ဒီပွဲမှာ ဂိုးသွင်းနိုင်ဦးမလားဆိုတာ စိတ်ဝင်စားစရာပါပဲ။ ရီးရဲမက်ဒရစ်ဟာ ဂရန်နာဒါအသင်းနဲ့ ဆုံတိုင်း ဂိုးပြတ်သွင်းပြီး အနိုင်ယူလေ့ရှိသလို နောက်ဆုံးတွေ့ခဲ့တဲ့ ပွဲမှာလည်း ကိုးဂိုးအထိ သွင်းနိုင်ခဲ့လို့ အခုပွဲမှာ ဂရန်နာဒါတို့ ဂိုးအလျှုပေးဦးမလားဆိုတာ စောင့်ကြည့်ရမှာပါ။ အနိုင်ရလဒ်ကို အိမ်ရှင်တို့ပဲ ထုဆစ်ပုံဖော်ပါလိမ့်မယ်။

### အီဘာနှင့် အက်သလက်တီကို

ပြီးခဲ့တဲ့ ပွဲစဉ်(၃)မှာ ဘာစီလိုနာကို ရှုံးခဲ့တဲ့ အက်သလက်တီကိုဟာ အခုပွဲမှာတော့ နိုင်ပွဲပြန်ရှာဖို့ ကြိုးစားပါလိမ့်မယ်။ ဒါပေမယ့် ဒီနှစ်လာလီဂါမှာ သုံးပွဲကစားပြီးချိန်မှာ ရှုံးပွဲမရှိသေးတဲ့ အီဘာကို အိမ်ကွင်းလည်း ဖြစ်နေတာမို့ အက်သလက်တီကိုတို့ အလေးအနက်ထားပြီး ကစားရပါလိမ့်မယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ သုံးပွဲရလဒ်ကို ကြည့်ရင် အက်သလက်တီကိုတို့ပဲ နိုင်ပွဲတွေချည်း ရယူထားနိုင်ပါတယ်။ လက်ရှိခြေစွမ်းအရ ပွဲကျပ်အဖြစ် ကစားရပေမယ့် အက်သလက်တီကို ကပ်ပြီး နိုင်ပွဲ ရသွားနိုင်ပါတယ်။

### ဂီတာဖေးနှင့် မာလာဂါ


ဒီနှစ် လာလီဂါမှာ နိုင်ပွဲမရသေးတဲ့ ဂီတာဖေးတို့လည်း ဒီပွဲမှာ နိုင်ပွဲရအောင် အားထုတ်ဖို့ရှိနေပါတယ်။ ဂီတာဖေးရဲ့ ခြေစွမ်းက ခံစစ်ပိုင်းအားနည်းသလို တိုက်စစ်မှူးတွေကလည်း စွမ်းဆောင်ရည်ကျဆင်းနေပါတယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံး သုံးပွဲရလဒ်ကိုကြည့်ရင် ဂီတာဖေးက နှစ်ပွဲ နိုင်ပြီး မာလာဂါတို့က တစ်ပွဲနိုင်ထားပါတယ်။ အိမ်ကွင်းမှာ ခြေပေါ်အောင် ကစားတတ်တဲ့ ဂီတာဖေးတို့ အမှတ် စတင်ရယူမယ့် ပွဲဖြစ်ပါလိမ့်မယ်။

### ဗလင်စီယာနှင့် ဘက်တစ်

သရေပွဲတွေများနေတဲ့ ဗလင်စီဟာတို့ဟာ အခုပွဲအိမ်ကွင်းလည်း ဖြစ်တာမို့ အမှတ်ပြည့်ရအောင် စွမ်းဆောင်တော့မှာဖြစ်ပါတယ်။ ရီးရဲမက်ဒရစ်ကို ရှုံးခဲ့ပေမယ့် ဗီလာရီးရဲနဲ့ ဆိုစီဒက်အသင်းတွေကို အနိုင်ရအောင် ကစားထားတဲ့ ဘက်တစ်ရဲ့ ခြေစွမ်းကို လျှော့တွက်လို့ မရတာတော့အမှန်ပါပဲ။ ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ သုံးပွဲရလဒ်ကိုကြည့်ရင် အိမ်ကွင်းမှာ ဗလင်စီယာတို့က ဂိုးပြတ်သွင်း နိုင်ပွဲရယူခဲ့တာမို့ အခုပွဲမှာ ဘက်တစ်တို့ အမှတ်ဗလာနဲ့ အိမ်ပြန်ရကိန်းဆိုက်သွားနိုင်ပါတယ်။


### ဆိုစီဒက်နှင့် အက်စ်ပန်းညို

ရီးရဲမက်ဒရစ်ကို ခြောက်ဂိုးပြတ်ရှုံးထားတဲ့ အက်စ်ပန်းညိုတို့ဟာ အခုပွဲမှာလည်း ခက်ခဲဦးမှာ ဖြစ်ပါတယ်။ အိမ်ကွင်း၊ အဝေးကွင်းတွေမှာ သရေပွဲတွေဖြစ်နေတဲ့ ဆိုစီဒက်တို့လည်း ဒီပွဲမှာတော့ နိုင်ပွဲကို စတင်ဖော်ထုတ်ဖို့ ကြိုးစားပါလိမ့်မယ်။ ဆိုစီဒက်ဟာ အိမ်ကွင်းမှာ ဆိုရင် အက်စ်ပန်းညိုကို အနိုင်ရအောင် ကစားလေ့ရှိတာမို့ ရလဒ်ကောင်းဆိုတာ အိမ်ရှင်တို့ အတွက် ဖြစ်ပါလိမ့်မယ်။



## အဆုံးသတ်မသေချာတဲ့ စတာလင်း

လီဗာပူးမှ ခေါ်ယူခဲ့တဲ့ မန်စီးတီး လူငယ်တိုက်စစ်မှူး စတာလင်းဟာ အဆုံးသတ် သေချာအောင် ကစားဖို့ စတီဗင်ဂျရတ်က တိုက်တွန်းပြောဆိုလိုက်ပါတယ်။ စတာလင်းဟာ ဂျူဗင်တပ်စ်နဲ့ ကစားခဲ့တဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ အပိုင်ကန်သွင်းခွင့်တွေ လွဲချော်ခဲ့ပါတယ်။ ဒီအတွက် မန်စီးတီးအသင်းအနေနဲ့ နိုင်ခြေရှိပေမယ့် နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်သွားခဲ့ရပါတယ်။ စတာလင်းအနေနဲ့ အပိုင်ကန်သွင်းခွင့်တွေရခဲ့ပေမယ့် ဂိုးရအောင် ကန်သွင်းနိုင်ခဲ့ခြင်းမရှိခဲ့ပါဘူး။ ဒီအတွက် မန်စီးတီးပရိသတ်တွေအတွက် စိုးရိမ်စရာဖြစ်ခဲ့ပါတယ်။ စတီဗင်ဂျရတ်က လီဗာပူးကစားဖော်ဟောင်း စတာလင်းကို ပိုကောင်းအောင် ကစားရမယ်လို့ တိုက်တွန်းပြောဆိုလိုက်ပါတယ်။ စတာလင်းဟာ ပြီးခဲ့တဲ့ နွေရာသီမှာ လီဗာပူးမှ မန်စီးတီးက ပေါင် ၄၉ သန်းနဲ့ ခေါ်ယူခဲ့တာပါ။ လက်ရှိအခြေအနေမှာတော့ စတာလင်းဟာ ပေးရတဲ့တန်ကြေးနဲ့ စာရင်ထိုက်တန်အောင် ခြေစွမ်းပြကစားနိုင်ခြင်းမရှိသေးဘူးလို့ ဆိုပါတယ်။ စတာလင်းရဲ့ ကန်သွင်းချက်တွေဟာ ဂျူဗင်တပ်စ်အသင်း ဂိုးသမားအတွက် မပင်မပန်း ဖမ်းသွားတာတွေ့ရပါတယ်။ ဂိုးသမားတစ်ယောက်ကို ပြင်ဆင်ချိန်မရဘဲ လျှပ်တပြက်ကန်သွင်းတဲ့ ဂိုးသွင်းမှုတွေ မဟုတ်ဘူးလို့ ဆိုပါတယ်။ ဒီအတွက် စတာလင်းအနေနဲ့ အများကြီးကြိုးစားဖို့ လိုတယ်လို့ ဂျရတ်က ဆိုပါတယ်။



## မန်ယူနောက်တန်းအတွက် အခက်ဖြစ်လာဖွယ်ရှိ

မန်ယူအသင်းရဲ့ အဓိကနောက်တန်းကစားသမားတစ်ဦးဖြစ်တဲ့ လူကီရှောဟာ ညာဘက်ခြေထောက် ဒဏ်ရာပြင်းပြင်းထန်ထန်ရရှိသွားပါတယ်။ ဟိုင့်ဟိုဗင်နဲ့ ကစားတဲ့ပွဲမှာ ညာဘက်ခြေထောက်အရိုးအက်မှု နှစ်ခုဖြစ်သွားခဲ့ပါတယ်။ ဒ့ီအတွက် အနည်းဆုံး ခြောက်လလောက် အနားယူရလိမ့်မယ်လို့တော့ နည်းပြဗန်ဟားလ်က ဆိုပါတယ်။ ပေါင် ၂၇ သန်းနဲ့ ခေါ်ယူခဲ့တဲ့ လူကီရှောဟာ မန်ယူမှာ အဓိက အားထားရတဲ့ ကစားသမားတစ်ဦး ဖြစ်ပါတယ်။ အသက် ၂၀ အရွယ်ရှိတဲ့ အင်္ဂလန်ကစားသမားဟာ ဟိုင့်ဟိုဗင်နဲ့ ကစားခဲ့တဲ့ ချန်ပီယံလိဂ်ပွဲမှာ အောက်စီဂျင်ပေးပြီး ကုသခဲ့ရပါတယ်။ ညာဘက်ခြေထောက်မှာ အရိုးအက်မှု နှစ်နေရာဖြစ်သွားခဲ့တဲ့အတွက် အနည်းဆုံး ခြောက်လအနားယူရလိမ့်မယ်လို့ နည်းပြ ဗန်ဟားလ်က အတည်ပြုပြောဆိုလိုက်ပါတယ်။

## ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမား ဖြစ်လာနိုင်တဲ့ ပေါ့ဂ်ဘာ

ဂျူဗင်တပ်စ်ကစားသမား ပေါ့ဂ်ဘာဟာ ပြီးခဲ့တဲ့နှစ်က ခြေစွမ်းပြကစားလာပြီးတဲ့နောက် ပရီမီယာလိဂ်ထိပ်တန်းကလပ်တွေက ခေါ်ယူဖို့ ကြိုးစားခဲ့ကြပေမယ့် မအောင်မြင်ခဲ့ပါဘူး။ ဂျူဗင်တပ်စ် တိုက်စစ်မှူး ပေါ့ဂ်ဘာဟာ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဖြစ်လာလိမ့်မယ်လို့ မန်ယူနောက်တန်းကစားသမားဟောင်း ဖာဒီနန်က ပြောဆိုလိုက်ပါတယ်။ ပေါ့ဂ်ဘာဟာ Ballon d'or ဆုရနိုင်တဲ့ ကစားသမားပါ။ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဖြစ်လာနိုင်ပါတယ်လို့ ဖာဒီနန်က ဆိုပါတယ်။ မန်ယူနည်းပြဟောင်း ဖာဂူဆန် အနေနဲ့ ပေါ့ဂ်ဘာကို ထွက်ခွာခွင့်ပေးခဲ့တာဟာ မှားယွင်းမှု တစ်ရပ်ပါပဲလို့ ဖာဒီနန်ကပြောဆိုလိုက်ပါတယ်။ သူဟာ မန်ယူနဲ့အတူ သုံးပွဲသာ ပွဲထွက် ကစားရပြီးနောက် ၂၀၁၂ ခုနှစ်က မန်ယူမှ ဂျူဗင်တပ်စ်သို့ ပြောင်းရွှေ့သွားခဲ့ပါတယ်။ အသက် ၂၂ နှစ်အရွယ်သာရှိသေးတဲ့ ပေါ့ဂ်ဘာဟာ အခုအချိန်မှာ ဂျူဗင်တပ်အသင်းနဲ့အတူ အကောင်းဆုံး ခြေစွမ်း ပြကစားနေတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ နွေရာသီက ပရမီယာလိဂ် ထိပ်သီးကလပ်တွေက ခေါ်ယူဖို့ အပြိုင်အဆိုင် ကြိုးစားခဲ့ပေမယ့် မအောင်မြင်ပါဘူး။ ဂျူဗင်တပ်စ်က ပေါ့ပ်ဘာ ပြောင်းရွှေ့မှုအတွက် ပေါင် ၇၃ သန်းအထိ တောင်းဆိုခဲ့တာပါ။ ပရီမီယာလိဂ်အသင်းတွေအနေနဲ့ ခေါ်ယူနိုင်ခဲ့ခြင်းမရှိခဲ့ပါဘူး။ ပေါ့ဂ်ဘာကလည်း သူ့အနေနဲ့ အကောင်းဆုံး ဘောလုံးသမားဖြစ်ချင်တယ်လို့ ဆိုပါတယ်။ သို့ပေမယ့် အဲဒီလိုဖြစ်အောင် ကစားနိုင်ခြင်းတော့ မရှိသေးပါဘူး။



ကောင်းမြတ်သူ ➢➢ စုစည်းသည်။

# တာချီလိတ်မြို့နယ်အတွင်း ကိုယ်စားလှယ် ၆၈ ဦး ဝင်ရောက်ယှဉ်ပြိုင်မည်

**တာချီလိတ် စက်တင်ဘာ ၁၇**

နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် ရွေးကောက်ပွဲတွင် လွှတ်တော်သုံးရပ်အတွက် တာချီလိတ်ခရိုင်အတွင်းမှ ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်း စုစုပေါင်း ၆၈ ဦးရှိကြောင်း သိရသည်။

ပြည်နယ်လွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်များသို့ တာချီလိတ်ခရိုင်အတွင်းမှ ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်း စုစုပေါင်း ၆၈ ဦးရှိပြီး ပါတီအနေဖြင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး



**မဲဆန္ဒရှင်စာရင်း ကြေညာထားမှုကို ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ ကြည့်ရှုစစ်ဆေးစဉ်။**

ပါတီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ အမျိုးသား ဒီမိုကရေစီအင်အားစု၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ၊ ရှမ်းအမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်၊ လားဟူတိုင်းရင်းသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ အာခါအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်များ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ တာချီလိတ်ခရိုင်တွင် ထူးခြားချက်မှာ ဗမာ၊ အင်း၊ အာခါ၊ လားဟူ၊ ကယန်း၊ ကချင်၊ ပဒေါင်၊ လီဆူး စသည့် တိုင်းရင်းသားခုနှစ်မျိုးမှ ကိုယ်စားလှယ်လောင်းများ အများဆုံး ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။

မဲရုံအနေဖြင့် ၅၈ ရုံ လျာထားပြီး မဲပေးခွင့်ရှိသူဦးရေမှာ လက်ရှိအချိန်တွင် ကိုးသောင်းခွဲခန့်ရှိကြောင်း သိရသည်။ ဆက်လက်၍ ရက်ပေါင်း ၁၈၀ ထက်မနည်းနေထိုင်သည့် ပုဂ္ဂိုလ်များနှင့် ဝန်ထမ်းများ မဲပေးနိုင်ရန်အတွက်လည်း လက်ခံဆောင်ရွက်လျက်ရှိကာ နိုင်ငံခြားပညာသင်သွားသူများ၊ အလုပ်သွားရောက်လုပ်ကိုင်နေသူများအနေဖြင့်လည်း မဲပေးနိုင်ရန် ကြိုတင်မဲများကို မြန်မာနိုင်ငံသံရုံးမှတစ်ဆင့် အောက်တိုဘာ ၁၀ ရက်အထိ ဆက်လက်လက်ခံသွားမည်ဖြစ်ရာ အောက်တိုဘာ ၁၀ရက်မတိုင်မီအထိ တဖြည်းဖြည်း ထပ်မံတိုးတက်လာဦးမည်ဖြစ်ကြောင်း သိရသည်။

ရွေးကောက်ပွဲကာလအတွင်း နယ်စပ်ဒေသများတွင် အဓိကအရေးကြီးသည့် မဲရုံလုံခြုံရေးအပိုင်းအတွက်လည်း တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့၏ အစီအမံဖြင့် ရဲအရာရှိများ ဦးစီးပြီး လုံခြုံရေးများ စနစ်တကျ ချထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူးနှင့် အဖွဲ့ဝင်များသည် တာချီလိတ်မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး ၁၈ ခုသို့လည်းကောင်း၊ တာလေမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး ခုနှစ်ခုသို့လည်းကောင်း၊ ကျိုင်းလပ်မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး ခြောက်ခုသို့လည်းကောင်း သွားရောက်ကြည့်ရှုခဲ့ကာ သက်ဆိုင်ရာ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ယခုတစ်ကြိမ် မဲစာရင်းထုတ်ပြန်ခြင်းသည် နောက်ဆုံးအကြိမ်ဖြစ်၍ မဲဆန္ဒရှင်ပြည်သူများ နစ်နာမှုမရှိစေရန် ဆောင်ရွက်သွားရန်မှာကြားပြီး ထုတ်ပြန်ထားသော မဲစာရင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

**မြင့်မိုရ်(တာချီလိတ်)**

# ကိုရီးယားနိုင်ငံထုတ် လယ်ယာသုံးစက်ကိရိယာများ လက်တွေ့မောင်းနှင်သရုပ်ပြ

**တောင်ကြီး စက်တင်ဘာ ၁၇**



သမဝါယမဝန်ကြီးဌာနမှ အရစ်ကျရောင်းချပေးသည့် ကိုရီးယားနိုင်ငံ Daedong ကုမ္ပဏီထုတ် လယ်ယာသုံးစက်ကိရိယာများ လက်တွေ့မောင်းနှင်အသုံးချမှု သရုပ်ပြပွဲကို တောင်ကြီးမြို့နယ် တောင်လေးလုံးကျေးရွာ၌ စက်တင်ဘာ ၁၄ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်(၈) ရပ်ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးရေးသည်လည်း လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ပါဝင်လျက်ရှိကြောင်း၊ ယခု Daedong လယ်ယာသုံးစက်ကိရိယာများ သရုပ်ပြရှင်းလင်းပွဲပြုလုပ်ရသည့် ရည်ရွယ်ချက်မှာ လယ်ယာသုံးစက်ကိရိယာများ ဝယ်ယူသူများအနေဖြင့် စနစ်တကျမောင်းနှင်အသုံးပြုတတ်စေရန်နှင့် စက်ကိရိယာများ၏ အရည်အသွေး၊ စက်စွမ်းအင်များ၏ အခြေအနေကို သမဝါယမအသင်းသားတောင်သူများနှင့် အခြားစိတ်ဝင်စားသောတောင်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန်ဖြစ်ကြောင်း၊ ဝယ်ယူသည့်အချိန်တွင် လက်ငင်းပေးရမည့်ငွေ (Down Payment) အနေဖြင့် စက်တန်ဖိုး၏ ၁၀ ရာခိုင်နှုန်း ပေးသွင်းရမည်ဖြစ်ပြီး ကျပ်သိန်း ၅၀ အောက်ပစ္စည်းကို ငါးနှစ်အရစ်ကျ၊ ကျပ်သိန်း ၂၀၀ အောက်ပစ္စည်းကို ခြောက်နှစ်အရစ်ကျ၊ ကျပ်သိန်း ၂၀၀ အထက်ကို ခုနစ်နှစ် အရစ်ကျပေးဆပ်ရမည်ဖြစ်ကြောင်း ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးအောင်ကျော်ညွှန့်က ပြောကြားသည်။

သမဝါယမအသင်းသား တောင်သူလယ်သမားများအနေဖြင့် မိမိတို့ဝယ်ယူထားသော လယ်ယာသုံးစက်ကိရိယာများကို ကျွမ်းကျင်စွာ တပ်ဆင်မောင်းနှင် အသုံးပြုနိုင်ရန် လွန်စွာအရေးကြီးလှပြီး စက်ကိရိယာများ မောင်းနှင် အသုံးပြုရာတွင် ဆောင်ရန်၊ ရှောင်ရန်များကို သိရှိလိုက်နာမှသာ တာရှည်ခံပြီး မိမိတို့အတွက် အကျိုးကျေးဇူးဖြစ်ထွန်းစေမည်ဖြစ်ကြောင်းလည်း ဝန်ကြီးက ဆက်လက်ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ် သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ယုယုအေးက အမှာစကားပြောကြားပြီး Daedong ကုမ္ပဏီမှ Mr.Junghan Hyung က လယ်ယာသုံး စက်ကိရိယာပစ္စည်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် Daedong လယ်ယာသုံးစက်ကိရိယာအင်ဂျင် စက်ကောင်ရေ (၉၀၊ ၇၆၊ ၆၀၊ ၃၅) စသည့် စက်များကို လက်တွေ့ထွန်ယက်မောင်းနှင်သရုပ်ပြခဲ့သည်။ သရုပ်ပြပွဲသို့ ပြည်နယ် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး၊ ပြည်နယ်သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးနှင့် Daedong ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ရှမ်းပြည်နယ် တောင်ပိုင်းနှင့် မြောက်ပိုင်းသမဝါယမအသင်းဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တောင်သူလယ်သမားများ တက်ရောက်ခဲ့သည်။

**မောင်မောင်သန်း(တောင်ကြီး)**

# မောက်မယ်မြို့နယ်၌ ကျေးရွာ မြေငှားဂရန် နှစ် ၃၀ ထုတ်ပေး

**လင်းခေး စက်တင်ဘာ ၁၇**

ကျေးရွာ မြေငှားဂရန် နှစ် ၃၀ ထုတ်ပေးခြင်းအခမ်းအနားကို လင်းခေးခရိုင် မောက်မယ်မြို့နယ် ကောင်းမူးဖိတ် (စေတီဖြူ)ကျေးရွာ၌ စက်တင်ဘာ ၁၂ ရက်က ကျင်းပသည်။

အခမ်းအနားတွင်လင်းခေးခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ကျေးရွာ မြေငှားဂရန် ထုတ်ပေးရေးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးမြင့်က ကောင်းမူးဖိတ်ကျေးရွာမှ ဂရန်ရရှိသူ ၂၈ ဦးကို နှစ် ၃၀ မြေငှားဂရန်များ ထုတ်ပေးခဲ့သည်။ **(ယာပုံ)**



လင်းခေးခရိုင် မောက်မယ်မြို့နယ် ကောင်းမူးဖိတ် (စေတီဖြူ) ကျေးရွာအနေဖြင့် ရှမ်းပြည်နယ်အတွင်းရှိ ၁၄ ခရိုင် မြို့နယ် ၅၅ မြို့နယ်အနက် ပထမဦးဆုံး မြေငှားဂရန်ထုတ်ပေးသော ကျေးရွာတစ်ရွာဖြစ်ပြီး စက်တင်ဘာ ၁၇ ရက်တွင် မိုးနဲမြို့နယ် ဆွန်မရမ်းကျေးရွာ၊ စက်တင်ဘာ ၂၁ ရက်တွင် မိုင်းပန်မြို့နယ် နားလောကျေးရွာ၊ စက်တင်ဘာ ၂၅ ရက်တွင် လင်းခေးမြို့နယ် ပုန်းထွန်ကျေးရွာတို့တွင် ဆက်လက်ထုတ်ပေးမည်ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**



# ရေစကြို ခုတင် (၁၀၀) ဆေးရုံ၌ ထရန်စဖော်မာသစ် တပ်ဆင်

**ရေစကြို စက်တင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့ရှိ ခုတင်(၁၀၀)ဆေးရုံ၌ လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိသုံးစွဲနိုင်ရန်အတွက် ၂၀၀ ကေဗွီအေ ထရန်စဖော်မာသစ်တစ်လုံးကို တိုးချဲ့တပ်ဆင်လျက်ရှိကြောင်း သိရသည်။

"ယခင် ခုတင်(၅၀)ဆေးရုံအဆင့်မှာ ၅၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံးတပ်ဆင်အသုံးပြုခဲ့ပါတယ်။ ယခု ခုတင်(၁၀၀)ဆေးရုံဖြစ်လာတော့ ဝန်ထမ်းအိမ်ရာတွေ တိုးလာတယ်။ ခွဲစိတ်ခန်း၊ လူနာခန်း၊ အထူးကြပ်မတ်ဆောင်၊ ဒီဂျစ်တယ်ဓာတ်မှန်ခန်း၊ အယ်လ်ထရာဆောင်းအခန်း၊ ရုံးခန်းစတာတွေလည်း တိုးလာတယ်။ လက်ရှိထရန်စဖော်မာနဲ့ ဘယ်လိုမှ အဆင်မပြေနိုင်တဲ့အတွက် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်သန်းက လွှတ်တော်မှာ တင်ပြတောင်းခံခဲ့တဲ့အတွက် လွှတ်တော်ရဲ့ခွင့်ပြုချက်နဲ့ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ခွင့်ပြုငွေနဲ့ ၁၁ ကေဗွီအေဓာတ်အားလိုင်း ဝဒသမ ၁ မိုင်နဲ့ ၂၀၀ ကေဗွီအေ ထရန်စဖော်မာအသစ်တစ်လုံး တိုးချဲ့တာဖြစ်ပါတယ်"ဟု မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးမြင့်သိန်းက ပြောသည်။ ထရန်စဖော်မာသစ် တပ်ဆင်လိုက်သဖြင့် ဆေးရုံတွင် လျှပ်စစ်ဓာတ်အား အပြည့်အဝ ရရှိသုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

ရေစကြိုခုတင်(၅၀)ဆေးရုံကို နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် ခုတင်(၁၀၀)ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးခဲ့ပြီး ဆေးရုံနှင့် လိုက်လျောညီထွေဖြစ်စေရန် သမားတော်များ၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများ၊ အခြားဝန်ထမ်းများကိုပါ တိုးတက်ခန့်ထားပေးကာ တိုးချဲ့နှစ်ထပ်လူနာဆောင်ကိုလည်း ဆောက်လုပ်ပေးထားကြောင်း သိရသည်။ ထို့အပြင် နိုင်ငံတော်ခွင့်ပြုငွေ ကျပ်သိန်း ၆၀၀၀ ဖြင့် ၁၅၆×၅၆ ပေရှိ ခြောက်ခန်းတွဲလေးထပ် ဝန်ထမ်းအိမ်ရာကိုလည်း မကြာမီတည်ဆောက်မည်ဖြစ်ကာ မြေနေရာရွေးချယ်ထားပြီးဖြစ်ကြောင်း သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

# မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ရပ်ကွက်၊ကျေးရွာနှင့် တိုက်နယ်ပေါင်းစုံ အမျိုးသားအလွတ်တမ်းဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

**ဘားအံ စက်တင်ဘာ ၁၇**

ကရင်ပြည်နယ် ဘားအံမြို့နယ် အုပ်ချုပ်ရေးမှူးဖလား ရပ်ကွက်၊ ကျေးရွာနှင့် တိုက်နယ်ပေါင်းစုံ အမျိုးသားအလွတ်တမ်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဘားအံမြို့ အောင်သံလွင်ဘောလုံးကွင်း၌ စက်တင်ဘာ ၁၅ ရက်က ကျင်းပခဲ့သည်။

ဗိုလ်လုပွဲတွင် အမှတ်(၄)ရပ်ကွက်နှင့် အမှတ်(၅)ရပ်ကွက်တို့ ယှဉ်ပြိုင်ကစားကြရာတွင် အမှတ်(၄)ရပ်ကွက်က ခြောက်ဂိုး-ငါးဂိုးဖြင့် အနိုင်ရခဲ့ကြောင်း သိရသည်။ ထို့နောက် ပြိုင်ပွဲတစ်လျှောက်အကောင်းဆုံး အားကစားသမားဆု၊ ဗိုလ်လုပွဲနေ့ အကောင်းဆုံးအားကစားသမားဆု၊ ဒုတိယဆုရရှိသော အမှတ်(၅)ရပ်ကွက်အသင်းအား တစ်ဦးချင်းဆု၊ အသင်းလိုက်ဆုနှင့် ဒုတိယဒိုင်းဆု၊ ပထမဆုရရှိသော အမှတ်(၄)ရပ်ကွက်အသင်းအား တစ်ဦးချင်းဆု၊ အသင်းလိုက်ဆုနှင့် တံခွန်စိုက်ဆုဖလားဆုများကို ပြည်နယ်ခေတ္တဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။

ပြိုင်ပွဲကို ပြည်နယ်အတွင်းရှိ အားကစားသမားများ အားကစားစိတ်ဓာတ်ဖွံ့ဖြိုးတိုးတက်စေရန်၊ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ပြီး နိုင်ငံတကာပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ရာ၌ အောင်ပွဲဆွတ်ခူးနိုင်စေရန် ရည်ရွယ်၍ ဩဂုတ် ၁၂ရက်မှ စတင်ကျင်းပခဲ့ကာ ရပ်ကွက်၊ကျေးရွာနှင့်တိုက်နယ်များမှ အသင်း ၁၆ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **နေမျိုးလွင်(ပြန်/ဆက်)**

# ဝါးအခြေခံလက်မှုထည် သင်တန်းဆင်းပွဲ ဗန်းမောက်မြို့နယ်၌ ကျင်းပ

**ဗန်းမောက် စက်တင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်ခဲ့သော ဝါးအခြေခံလက်မှုထည်သင်တန်းဆင်းပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံးခန်းမ၌ စက်တင်ဘာ ၁၄ ရက်က ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးကျော်သန်းက အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးငြိမ်းက မိမိတို့သင်ယူတတ်မြောက်ထားသည့် ပညာများကို အစဉ်အမြဲလေ့လာပြီး လက်တွေ့ကျကျအသုံးချကြရန် မှာကြားခဲ့သည်။ ထို့နောက် သင်တန်းဆရာမ ဒေါ်သန်းသန်းထွေးက ဝါးအခြေခံလက်မှုထည်ပစ္စည်းများနှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးငြိမ်းက သင်တန်းဆရာမအား လက်ဆောင်ပစ္စည်းများနှင့် သင်တန်းဆင်းသူများအား သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ခဲ့သည်။ အဆိုပါသင်တန်းကို မြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိရန်နှင့် ဝင်ငွေတိုးပွားစေရန်ရည်ရွယ်၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနက ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းကာလမှာ တစ်လကြာမြင့်ကာ သင်တန်းသားသင်တန်းသူ ၂၀ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ချောင်းကူးသံကူကွန်ကရစ်တံတားသစ် တည်ဆောက်

**ပုလဲ စက်တင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် အလယ်ဘုံကျေးရွာ၌ မိုးကောင်းရိုးချောင်းကူး သံကူကွန်ကရစ်တံတားသစ်ကို ပုလဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ်လမ်းဦးစီးဌာနအင်ဂျင်နီယာများ၏ ကြီးကြပ်မှု၊ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄)မှ စက်ယန္တရားကူညီမှုများဖြင့် တည်ဆောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ မိုးကောင်းရိုးချောင်းကူး သံကူကွန်ကရစ်တံတားသစ်သည် အရှည်ပေ ၆၀၊ အကျယ် ၁၅ ပေ၊ အမြင့် ပေ ၂၀ ရှိသည့် သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ကြောင်း သိရသည်။ တံတားဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်သန်းက "ဒီသံကူကွန်ကရစ်တံတားသစ်တည်ဆောက်နိုင်ရေးအတွက် ရွာမှာရှိတဲ့ ဥတ္တရာကျောင်းဆရာတော်နဲ့ ဓမ္မာရာမကျောင်းဆရာတော်တို့ရဲ့ ဦးဆောင်မှုဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဒီတံတားက အလယ်ဘုံရွာမနဲ့ အလယ်ဘုံရွာသစ်ကို ဆက်သွယ်ပေးတဲ့ တံတားဖြစ်ပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀ က မိုးကောင်းရိုးချောင်းကူးသစ်သားတံတားဟာ ချောင်းရေနဲ့ မျောပါပြီးကတည်းက တံတားသစ်ပြန်ပြီးမတည်ဆောက်နိုင်တာကြောင့် ရွာသူရွာသားတွေရော၊ ကျောင်းသားကျောင်းသူတွေရော သွားလာဆက်သွယ်မှုမှာ ဒုက္ခရောက်နေတာ ကြာခဲ့ပါပြီ။ အခုတော့ ရာသီမရွေးသွားလာနိုင်တော့မှာဖြစ်ပါတယ်"ဟု ပြောသည်။

**မင်းခန့်စိုး(ဧယျာမြေ)**

# ပြင်ဦးလွင်၌ ကျောက်သပြေပင်များ ရှားပါးလာ

**ပြင်ဦးလွင် စက်တင်ဘာ ၁၇**

ပြင်ဦးလွင်မြို့နှင့် အနီးဝန်းကျင်ရှိ ကျေးရွာများ၌ ယခင်က အလေ့ကျပေါက်သော ကျောက်သပြေပင်များမှာ ယခုအခါ ရှားပါးလာလျက်ရှိကြောင်းနှင့် အပင်များရှားလာသဖြင့် သပြေပန်းခူးယူရောင်းချသူများမှာလည်း အခက်တွေ့လာကြကြောင်း သိရသည်။

ကျောက်သပြေပင်များသည် ယခင်က ပြင်ဦးလွင်မြို့နှင့် ပတ်ဝန်းကျင်တွင် အလေ့ကျပေါက်ရောက်ပြီး သပြေပန်း ခူးရောင်းသူများအနေဖြင့် မည်သည့်တောတောင်အနီးဝန်းကျင်သို့မဆို သွားရောက်ခူးယူခြင်းဖြင့် ကျောက်သပြေပန်းများကို အလွယ်တကူ ရရှိနိုင်သည်။ ပြင်ဦးလွင်ဒေသခံများမှာလည်း သပြေခက်သက်သက် မဟုတ်ဘဲ အရိုးကိုင်းငုတ်ပါရှိသည့် ကျောက်သပြေပန်းများကို ဘုရားပန်းအိုးထိုးရာတွင် ကြာရှည်ခံခြင်းကြောင့် ပိုမိုကြိုက်နှစ်သက်ကြသည်။ ယခင်က ကျောက်သပြေပင်များ ပေါများခဲ့သော်လည်း ယခုအခါ သပြေပင်များ ရှားပါးလာသဖြင့် ပန်းခူးရောင်းသူများနှင့် အသုံးပြုသူများ အခက်တွေ့နေခြင်းဖြစ်သည်။

ပြင်ဦးလွင်ဒေသတွင် ဘုရားပွဲများနှင့် အခမ်းအနားပွဲများတွင် လိုအပ်သော အောင်သပြေပန်းများကို မန္တလေးမြို့မှ တင်ပို့ရောင်းချကြပြီး သာမန်ဘုရားပန်းနှင့် ပန်းအလှအိုးများတွင်မူ ဒေသခံကျောက်သပြေများကိုသာ အသုံးများသည်။ ကျောက်သပြေပန်းသည် ဒေသအနီး တစ်ဝိုက်တွင်သာ ခူးယူရောင်းချခြင်းဖြစ်သဖြင့် ဈေးသက်သာခြင်း၊ ကြာရှည်အထားခံခြင်းတို့ကြောင့် ဒေသခံများ ကြိုက်နှစ်သက်ကြသော်လည်း ယခုအခါ ရှားပါးလာသဖြင့် မန္တလေးမှ တင်ပို့နေသော အောင်သပြေပန်းများကိုသာ သုံးစွဲနေကြရကြောင်း ဒေသခံတစ်ဦးက ပြောသည်။

**သက်နိုင်(ပြင်ဦးလွင်)**



# ဆိုင်ကယ် ၁၇ စီး ခိုးယူသူသုံးဦးအား မန္တလေးမြို့၌ဖမ်းဆီးရမိ

**မန္တလေး စက်တင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်အတွင်း၌ ဆိုင်ကယ်တစ်စီးနှင့်အတူ မသင်္ကာဖွယ်တွေ့ရသူတစ်ဦးကို တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များက စစ်ဆေးရာမှ ဆိုင်ကယ် ၁၇ စီး ခိုးယူထားမှုကို ဖော်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး တိုင်းရဲအကူတပ်ဖွဲ့ခွဲမှ ရဲအုပ်အောင်ဆွေလင်း၊ ရဲအုပ်ဝင်းထွေးနှင့် တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၅ ရက်က နယ်မြေလုံခြုံရေး သတင်းစုံစမ်းနေစဉ် ပြည်ကြီးတံခွန်မြို့နယ် ရွှေလီထွန်းဘီယာဆိုင်အနီး၌ ဆိုင်ကယ်တစ်စီးနှင့်အတူ မသင်္ကာဖွယ်တွေ့ရှိရသော မင်းအောင်(ခေါ်)မှုတ်ကဒူးအား တိုင်းရဲအကူတပ်ဖွဲ့ခွဲမှူးရုံးသို့ ခေါ်ယူစစ်ဆေးရာ မန္တလေးမြို့ပေါ်၊ စဉ့်ကိုင်မြို့နယ်နှင့် ပြင်ဦးလွင်မြို့နယ်များ၌ ဆိုင်ကယ်မျိုးစုံ ၁၇ စီးကို စိုင်းမိုးထွေး(ခေါ်)ဘန်မွေးနှင့် မြင့်သိန်းဌေး(ခေါ်)အီလန်တို့နှင့်အတူ ခိုးယူခဲ့ကြောင်း ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

စစ်ဆေးပေါ်ပေါက်ချက်များအရ ၎င်းတို့သုံးဦးအား ပြည်ကြီးတံခွန်မြို့မရဲစခန်း၊ အောင်ပင်လယ်နယ်မြေရဲစခန်း၊ အုန်းချောနယ်မြေရဲစခန်း၊ ပုသိမ်ကြီးမြို့မရဲစခန်း၊ စဉ့်ကိုင်မြို့မရဲစခန်း၊ ပြင်စာနယ်မြေရဲစခန်းနှင့် ပြင်ဦးလွင်မြို့မရဲစခန်းများက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**

# စစ်ကွင်းဓာတ်အားစက်ရုံ တည်ဆောက်ပြီးစီး

**ပဲခူး စက်တင်ဘာ ၁၇**

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) သာယာဝတီခရိုင် မင်းလှမြို့နယ် စစ်ကွင်းမြို့ လျှပ်စစ်မှူးရုံး၏ အုပ်ချုပ်မှုနယ်မြေအတွင်းရှိ မြို့နယ်လျှပ်စစ်ရုံးဝန်းအတွင်းတွင် ဒေသခံပြည်သူများ လျှပ်စစ်ဗို့အားပြည့်မီစွာ သုံးစွဲနိုင်ရေး (၃၃/၁၁)ကေဗွီ (၅) အမ်ဗွီအေစစ်ကွင်းဓာတ်အားခွဲစက်ရုံအား တည်ဆောက်ခဲ့ရာ စက်တင်ဘာ ၁၃ ရက်တွင် လုပ်ငန်းအားလုံးပြီးစီးပြီဖြစ်၍ ဓာတ်အားစတင်လွှတ်ပေးခဲ့ကြောင်း သိရှိရသည်။

ယခင်က စစ်ကွင်းမြို့ လျှပ်စစ်မှူးရုံး၏ အုပ်ချုပ်မှုနယ်မြေအတွင်းရှိ ဓာတ်အားသုံးစွဲသူများအား (၃၃/၁၁)ကေဗွီ မင်းလှဓာတ်အားခွဲရုံမှ (၁၁)ကေဗွီလိုင်း ၉ဒသမ၅ မိုင်ခန့် ရှည်လျားစွာ ဓာတ်အားရယူဖြန့်ဖြူးပေးခဲ့ရကြောင်း သိရသည်။

**ရွှေဝင်း**

## နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်





**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၂စ/၂၃၈၂ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

**"ရွှေပြည့်စုံ" ဟော့ပေါ့၏ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားမူပိုင်ဖြစ်ကြောင်း**

**အများသိစေရန်ကြေညာခြင်း**

ဦးသိန်းထွေး ၁/မညန(နိုင်)၀၉၈၆၇၁သည် ဖော်ပြပါကုန်အမှတ်တံဆိပ် အမည်အမှတ်အသားဖြင့် **"ရွှေပြည့်စုံ"** ဟော့ပေါ့မှ အသားလုံး၊ အသားကင်တို့ကို ဖြန့်ချိရောင်းချသွားရန် ရန်ကုန်မြို့စာချုပ်စာတမ်းရုံး၌ မူပိုင်အဖြစ် မှတ်ပုံတင်သွင်းပြီးဖြစ်ပါသည်။




မှတ်ပုံတင်အမှတ်-၄/၁၁၀၇၉/၂၀၁၅



မှတ်ပုံတင်အမှတ်-၄/၁၁၀၈၀/၂၀၁၅

ဖော်ပြပါ ထူးရှယ်ဘဲကင်ကြက်ကင်နှင့် ရသာကောင်းတံဆိပ်အမည်အမှတ်အသားတို့ဖြင့် အသားလုံး၊ အသားကင်တို့ကို **"ရွှေပြည့်စုံ"** ဟော့ပေါ့ဆိုင်မှ Ready Made ထုတ်လုပ်ဖြန့်ချိရောင်းချသွားမည်ဖြစ်ပါသည်။

အဆိုပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို အခြားမည်သူတစ်ဦးတစ်ယောက်မှ တုပပြုလုပ်ဖြန့်ဖြူးရောင်းချခြင်း မပြုလုပ်ရန် တားမြစ်အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမျိုးမော် B.Sc (Maths.) H.G.P, DL**
**အထက်တန်းရှေ့နေ**
**E-mail : myomaw 2007 @ gmail.com**

**တိုက်(၆/၁/၃)၊ ဆရာများရိပ်သာ၊**
**လှိုင်တက္ကသိုလ်နယ်မြေ၊ လှိုင်မြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၅၆၆၈၃**

**ဖခင်အမည်မှန်**

ဒဂုံမြောက်ပိုင်း အထက(၅) အဋ္ဌမတန်း (E)မှ မမော်မော်သိမ့်၏ဖခင်အမည်မှန်မှာ ဦးမြသောင်း ၁၂/သခန(နိုင်)၀၈၆၇၃၅ ဖြစ်ပါကြောင်း။

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 8I/3940. MMP M.P.V(MMP. MPV 01) M/B(4X2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ယဉ်ယဉ်စိုး ၁၀/မဒန(နိုင်)၀၀၄၉၆၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၄ဂ/၉၃၇၃ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

**သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း**

ရန်ကုန်မြို့၊ ၅၃ ရပ်ကွက်၊ ပုဂံလမ်း၊ အိမ်အမှတ်(၁၅၇/က)နေ ကျွန်တော် ဦးခင်ဝင်း ၁၂/တမလ(နိုင်)၀၂၉၇၇၄ ၏သား မောင်အောင်ထိုက် ၁၂/ဒဂတ(နိုင်)၀၅၂၅၆၈ သည် ဖခင်ဖြစ်သူ၏ ဆိုဆုံးမမှုကိုမနာခံဘဲ မိမိစိတ်ထင်ရာပြုမူဆောင်ရွက်ခဲ့သည့်အပြင် မိသားစု၏ ဂုဏ်သိက္ခာညှိုးနွမ်းစေရန် ပြုလုပ်ပြီး နေအိမ်မှထွက်သွားသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဖခင် ဦးခင်ဝင်း

# အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**တောင်ကြီး စက်တင်ဘာ ၁၇**

၂၀၁၅ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အခမ်းအနားကို ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ ပြည်နယ်သစ်တောဦးစီးဌာနရုံးရှိ ရတနာခန်းမ၌ စက်တင်ဘာ ၁၆ ရက်က ကျင်းပခဲ့ကြောင်းသိရသည်။

အိုဇုန်းလွှာပျက်စီးမှုကြောင့် ခရမ်းလွန်ရောင်ခြည်လှိုင်းများ ကမ္ဘာမြေပြင်ပေါ် ကျရောက်သည့်အခါ လူ့ကျန်းမာရေး၊ စိုက်ပျိုးရေး၊ ဂေဟစနစ်၊ ကုန်ပစ္စည်းနှင့် ရာသီဥတုအပေါ် ထိခိုက်မှုဖြစ်စေကြောင်း၊ လူသားများ၏ ကျန်းမာရေးအနေဖြင့် အရေပြားကင်ဆာ၊ မျက်စိတိမ်စွဲရောဂါ၊ ခုခံအင်အားကျဆင်းမှုများ ဖြစ်စေနိုင်ပြီး စိုက်ပျိုးရေးတွင် သီးနှံကြီးထွားမှုကိုဟန့်တားခြင်း၊ သီးနှံများ၏ အာဟာရဖြစ်မှုကျဆင်းစေ၍ အဆိပ်အတောက်ဖြစ်မှုများကို တိုးပွားစေခြင်းများ ဖြစ်နိုင်ကြောင်း၊ ဂေဟစနစ်တွင် အပင်ပုံသဏ္ဌာန်များကို ပြောင်းလဲစေခြင်း၊ အပင်နှင့်ပိုးမွှားမျှတမှုကို ပျက်စီးစေခြင်း၊ ပင်လယ်အတွင်းရှိ အပင်ငယ်နှင့် သတ္တဝါငယ်များကို ထိခိုက်ပျက်စီးစေခြင်းများဖြစ်နိုင်၍ ကမ္ဘာကြီးပူနွေးစေမှုနှင့် ရာသီဥတုပြောင်းလဲမှုများကိုလည်း ဖြစ်ပေါ်စေနိုင်သောကြောင့် အိုဇုန်းလွှာပျက်စီးမှု၏ ဆိုးကျိုးသက်ရောက်မှုများသည် ဇီဝမျိုးစုံမျိုးကွဲများနှင့် ပတ်ဝန်းကျင်အပေါ် ဆိုးရွားပြင်းထန်လှပါကြောင်း ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးခွန်သိန်းမောင်က အမှာစကားပြောကြားသည်။

ထို့နောက် အိုဇုန်းလွှာကာကွယ်ရေးဆိုင်ရာပညာပေးဗီဒီယိုကိုပြသပြီး တက်ရောက်လာသည့်တာဝန်ရှိသူများက ခန်းမအပြင်ဖက်တွင် ခင်းကျင်းပြသထားသော အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဓာတ်ပုံပိုစတာများကို ကြည့်ရှုခဲ့ကြသည်။

အဆိုပါ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အခမ်းအနားသို့ ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး၊ ပြည်နယ်ဥပဒေချုပ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းသားကျောင်းသူများနှင့် ဆရာဆရာမများ တက်ရောက်ခဲ့ကြသည်။

**မောင်မောင်သန်း(တောင်ကြီး)**




# ဂုဏ်ယူဝမ်းမြောက်ခြင်း

၁၄.၉.၂၀၁၅ ရက်နေ့၊ **Kempinski Hotel - Naypyitaw** ၌ ကျင်းပပြုလုပ်သော အင်္ဂလန်နိုင်ငံ၊ လန်ဒန်အခြေစိုက် **"Euromoney"** အဖွဲ့အစည်း၏ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံမှ

## ကမ္ဘောဇဘဏ်လီမိတက် အား

EUROMONEY AWARDS FOR EXCELLENCE 2015

## " Best Bank in Myanmar - 2015 "

ဆုကိုပေးအပ်ချီးမြှင့်ခဲ့သည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ယခုထက်ပိုမိုတိုးတက်အောင်မြင်ပါစေကြောင်း၊ နိုင်ငံတော်နှင့်ပြည်သူများ အကျိုးစီးပွားအတွက်လည်း ပိုမိုထောက်ကူအကျိုးပြုနိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း

# Cafe Inle ဓာတ်ပုံပြိုင်ပွဲသို့ ဓာတ်ပုံပညာရှင် ၁၂၀ဦးက ပုံပေါင်း ၆၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်

**မန္တလေး စက်တင်ဘာ ၁၇**

ဓာတ်ပုံပညာရပ်ကို လေ့လာဆည်းပူးနေကြသည့် ရွက်ပုန်းသီးပညာရှင်များ ပေါ်ထွက်လာစေရန် ရည်ရွယ်ချက်ဖြင့် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်(၃၂)လမ်းနှင့် (၃၃)လမ်းကြား၊ (၆၄) လမ်းထောင့်ရှိ Cafe Inle နှင့် အထက်မြန်မာပြည် ဓာတ်ပုံအသင်းတို့ ပူးပေါင်းစီစဉ်သည့် Cafe Inle Photo Contest ၂၀၁၅ ဓာတ်ပုံပြိုင်ပွဲသို့ မြန်မာပြည်အနှံ့အပြားမှ ဓာတ်ပုံပညာရှင် ၁၂၀ ဦးက ပြိုင်ပွဲဝင်ဓာတ်ပုံပေါင်း ၆၁၅ ပုံဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

အဆိုပါဓာတ်ပုံပြိုင်ပွဲကို Cafe Inle ဆိုင်ဖွင့်လှစ်ခြင်း တစ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ကျင်းပခြင်းဖြစ်ပြီး ပြိုင်ပွဲဝင်များ စိတ်ကြိုက်ယှဉ်ပြိုင်နိုင်စေရန်အတွက် My Best အမည်ဖြင့် ပြိုင်ပွဲ ခေါင်းစဉ်ပေးကာ ဓာတ်ပုံအမျိုးအစား သတ်မှတ်ထားခြင်း မရှိဘဲ ဝင်ရောက်ယှဉ် ပြိုင်နိုင်ကြောင်း Cafe Inle မှ စီစဉ်သူဦးသန်းထွဋ်က ပြောကြားသည်။

"အထက် မြန်မာပြည် ဓာတ်ပုံအသင်းရဲ့ ကူညီပေးမှုကြောင့် ဒီပြိုင်ပွဲကိုလုပ်ဖြစ်တာပါ။ ယုံကြည်စွာ လာရောက်ပြိုင်ပွဲဝင်ကြတဲ့ ပညာရှင်တွေနဲ့ ဝါသနာရှင်တွေအားလုံးကို ကျေးဇူးအထူးတင်ပါတယ်။ ကျွန်တော်က အင်းသားဖြစ်တဲ့အတွက် ဆိုင်ဖွင့်ပွဲကိုလည်း အင်းအမျိုးသားများ ဆုံစည်းရာနေ့မှာဖွင့်လှစ်ခဲ့တာဖြစ်လို့ ဒီနေ့လေးကို အမှတ်တရဖြစ်အောင် ဒီပြိုင်ပွဲကို နှစ်စဉ်ခေါင်းစဉ်ပြောင်းပြီးကျင်းပသွားမှာပါ" ဟု ဦးသန်းထွဋ်က ပြောသည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို စက်တင်ဘာ ၁၂ ရက်ထိလက်ခံခဲ့ပြီး စက်တင်ဘာ ၁၉ ရက်တွင် စတင်ရွေး ချယ်၍ ၂၇ ရက်တွင် ဆုရဓာတ်ပုံစာရင်းများကို ကြေညာပေးသွားမည်ဖြစ်သည်။

ဆုချီးမြှင့်ပွဲကို အောက်တိုဘာ ၂၃ ရက်တွင် Cafe Inle ၌ ကျင်းပသွားမည်ဖြစ်ပြီး ပထမ၊ ဒုတိယ၊ တတိယဆုများနှင့် နှစ်သိမ့်ဆု ငါးဆု အပြင် Cafe Inle စိတ်ကြိုက်ဆုများကိုလည်း ရွေးချယ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ဆုရဓာတ်ပုံများကို ပြက္ခဒိန်ထုတ်ဝေသွားရန် စီစဉ်ထားကြောင်းလည်း သိရသည်။

**မင်းထက်အောင်( မန်းကိုယ်ပွား)**




# ဂုဏ်ယူဝမ်းမြောက်ခြင်း

၁၄.၉.၂၀၁၅ ရက်နေ့၊ **Kempinski Hotel - Naypyitaw** ၌ ကျင်းပပြုလုပ်သော အင်္ဂလန်နိုင်ငံ၊ လန်ဒန်အခြေစိုက် **"Euromoney"** ၏ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံမှ **ကမ္ဘောဇဘဏ်လီမိတက်** အား

EUROMONEY ACHIEVEMENT IN CSR 2015

## "Euromoney Achievement Award for Corporate Social Resposibility (CSR)"

ဆုကိုပေးအပ်ချီးမြှင့်ခဲ့သည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ပြည်သူလူထုအကျိုးစီးပွားအတွက် ပိုမိုပံ့ပိုးထောက်ကူလှူဒါန်းမှုများ ပြုလုပ်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း










## အများသိစေရန်ကြေညာခြင်း


မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်၊ ဘူတာရပ်ကွက်၊ ကွင်းအမှတ် ၂၀၆၉(ခ)၊ ကျောက်ပန်းတောင်း၊ ဦးပိုင်အမှတ်(၂၆၈/၆၈၉)ဟုခေါ်တွင်သော ဝဒသမ ၂၇၄၈ဧက၊ မြို့မြေအမျိုးအစား ဒေါ်မှီ အမည်ပေါက်မှာ ကျွန်ုပ်၏မိတ်ဆွေ ဦးသန်းထွန်း (ဘ) ဦးအောင်သန်း ၁၂/သကတ(နိုင်)၀၂၄၉၃၇၊ အမှတ်(ခ/၁၁၀၉)၊ နဝရတ် ၆ လမ်း၊ ၉/ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးမှ လက်ဝယ်ထားဝယ်ယူပိုင်ဆိုင်လျက်ရှိပြီး အဆိုပါမြေကွက်ကို စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ကြောင်းနှင့် ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်မရှိဘဲ အဆိုပါမြေကွက်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း၊ တစ်နည်းနည်းအရ လွှဲပြောင်းခြင်း ပြုလုပ်ခွင့်မရှိကြောင်း တားမြစ်အပ်ပါသည်။ အကယ်၍ ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ အထက်ပါကိစ္စများကို ဆောင်ရွက်ခဲ့ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးကျော်သူမြင့်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၁၁၁)**
**ဖုန်း-၀၉-၄၂၀၀၁၀၅၆၉**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မုဒိတာအိမ်ရာ(၂)၊ တန်ဖိုးနည်းကွန်ဒို၊ အခန်းအမှတ်(၂ဘီ/၈၇၉)ဟုခေါ်တွင်သည့် တိုက်ခန်းမှာ တော်ဝင်မိသားစုကုမ္ပဏီလီမိတက်ထံမှ ဦးဘရန်အောင် ၁/ဗမန(နိုင်)၀၄၉၀၆၆ နှင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန်းဝင်းမေ ၁၄/မအန(နိုင်)၀၀၅၆၃၃ တို့အမည်ဖြင့် ချေးငွေစနစ်ဖြင့် စာချုပ်ချုပ်ဆိုဝယ်ယူခဲ့ပါသည်။ ဦးဘရန်အောင်သည် ၎င်းတိုက်ခန်းပိုင်ဆိုင်မှုအစုကို ဒေါ်စန်းဝင်းမေအား လွှဲပြောင်းရောင်းချခဲ့ပြီးဖြစ်ပါသဖြင့် ဒေါ်စန်းဝင်းမေမှ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကမ္ဘောဇဘဏ်လီမိတက်တွင် ပိုင်ဆိုင်မှုစာချုပ်၊ စာရွက်စာတမ်းများထုတ်ယူခြင်း၊ တော်ဝင်မိသားစုကုမ္ပဏီလီမိတက်တွင် အမည်ပြောင်း လျှောက်ထားခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အမည်ပြောင်းလျှောက်ထားခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ညွှန်ကြားချက်အရ-**

**ဒေါ်အိသီရိကြူ**
**LL.B, M.A (Business Law)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၅၃၃)**
**အမှတ်(၃၇)၊ အနော်ရထာလမ်း၊ ၁၄ ရပ်ကွက်၊ ကျောက်ကုန်း၊ ရန်ကင်းမြို့နယ်၊**
**ဖုန်း-၀၉-၄၃၁၆၃၄၀၅**



## အမည်မှန်

လားရှိုးမြို့ အထက(၁)တက္ကသိုလ်ဝင်တန်း(G)မှ (ဘ) ဦးသိန်းအောင်၏ သားအမည်မှန်မှာ စိုင်းလှမြင့်(ခ)စိုင်းလှမြင့်သိန်း ဖြစ်ပါကြောင်း။

**စိုင်းလှမြင့်(ခ)စိုင်းလှမြင့်သိန်း**

## ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅/ရွှေပေါက်ကံ၊မြေကွက်အမှတ် ၃၈၀၊ မြေကွက်တည်နေရာအမှတ် ၃၈၀၊ ၁၅/ရွှေပေါက်ကံ၊ မြောက်ဥက္ကလာပမြို့နယ် ဦးမောင်ဆင့် ၁၂/ဒဂန(နိုင်)၀၀၄၄၉၃ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဖခင်ဦးမောင်ဆင့်၊ မိခင်ဒေါ်တင်မြကွယ်လွန်သဖြင့် ဦးလွှမ်းမိုးဆင့် ၁၃/တကန(နိုင်)၁၂၂၉၇၆ က တစ်ဦးတည်းသောသားတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ ပိုင်ဆိုင်မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ လူနေရပ်ကွက်မြို့သစ်၊ မြေကွက်အမှတ်(၃၈၁)၊ အမှတ်(၁၆၀)၊ အောင်သီရိလမ်း၊ မြို့သစ်ရပ်ကွက်နှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါမြေပေါ်တွင် ကန်ထရိုက်တာ ဦးလှဝင်း ၁၂/တမန(နိုင်)၀၃၀၄၃၅နှင့် မြေရှင် ဒေါ်ခင်ဌေး ၁၂/ဒပန(နိုင်)၀၃၆၁၈၁တို့သည် ၂၀၁၄ခုနှစ် မတ် ၅ရက်တွင် ကန်ထရိုက်စနစ်ဖြင့် နှစ်ခန်းတွဲငါးထပ်ဆောက်လုပ်ရန် မြေရှင်နှင့် အထွေထွေကိုယ်စားလှယ်လွှဲအပ်ပေးခဲ့ပြီဖြစ်သော်လည်း ကန်ထရိုက်တာမှ ယနေ့တိုင် မည်သည့်ကိစ္စကိုမျှ ဆောင်ရွက်ပေးခြင်းမရှိသဖြင့် အခန်းပေး၊ အခန်းယူစာချုပ်နှင့် အထွေထွေကိုယ်စားလှယ်လွှဲအပ်ထားခြင်းကို ကန်ထရိုက်တာဘက်မှ ပျက်ကွက်သဖြင့် ၁၅-၈-၂၀၁၅ ရက်မှစ၍ အပြီးအပြတ်ဖျက်သိမ်းကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သီတာခင်လတ် LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၅၂၆၅)**
**အမှတ်(၁၆၁)၊ ကျိုက္ကဆံလမ်း၊ နတ်မောက်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၃၁၀၂၂၈၈၃၊ ၀၉-၂၅၄၃၈၁၈၂၇**

## ပျောက်ဆုံးကြောင်း

ဦးသောင်းမင်း ၅/ထကန(နိုင်) ၀၃၄၃၁၄ ပါမစ်အမှတ် ISP IDV 8 15-16. 20005 . 12-8-15. ID(No) 742436. 14-8-15စာရွက်များ ပျောက်ဆုံးသွားပါ၍ ဖုန်း-၀၉-၃၁၈၇၈၉၈၂ သို့ ဆက်သွယ်ပါရန်။

## ပျောက်ဆုံးကြောင်း

ဒေါ်မေသက်ဆွေ ၉/မနမ(နိုင်) ၀၈၅၉၁၄ ပါမစ်အမှတ် ISP IDVY 8 15-16.4193 . 12-8-15. ID(No) 741498. 12-8-15 စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါ၍ တွေ့ရှိက ဖုန်း-၀၉-၃၁၈၇၈၉၈၂တို့သို့ ဆက်သွယ်ပါရန်။






23
မဆလာ

Ph : 01-393301, 09-5038955


## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးစိုးမြင့်(ခ)ဦးဖိုးဖလံ ၁၀/သဖရ(နိုင်)၁၆၇၆၄၅သည် ကျိုက်ထိုမြို့နယ်၊ ကင်းပွန်းချောင်ရပ်ကွက်၊ အပေါ်ပိုင်းလမ်း၊ အမှတ်(N/၂၉၅)ဟုခေါ်တွင်သော ဧရိယာ ၂၁သမ၄၂၉ဧကရှိ မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ သီးပင်စားပင်များအပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်ကို ၂၀၁၀ ခုနှစ် ဒီဇင်ဘာလကုန်တွင် ဦးဝင်းမောင်၏ဇနီး ဒေါ်သင်းသင်းခိုင်ထံမှ ဦးစိုးမြင့်(ခ)ဦးဖိုးဖလံ၊ ဒေါ်ငွေခင်က အသိသက်သေများဖြစ်ကြသော ဦးဘရီ၊ မအိအိခိုင်၊ ဒေါ်ရင်တို့ ရှေ့မှောက်တွင် အပြီးအပိုင် ဝယ်ယူလက်ရှိဖြစ်ခဲ့ပါသည်။

၎င်းမြေကွက်သည် ဦးစိုးမြင့်(ခ) ဦးဖိုးဖလံ၊ ဒေါ်ငွေခင်မှ ၂၀၁၀ ခုနှစ် ဒီဇင်ဘာလအကုန်မှစ၍ ယနေ့တိုင် ဝယ်ယူပိုင်ဆိုင်ခဲ့ပါကြောင်းနှင့် ၎င်းခြံအတွင်းသို့ တစ်စုံတစ်ဦးမှ ဝင်ရောက်ကျူးကျော်ခြင်း၊ ဖျက်ဆီးခြင်းများပြုလုပ်ပါက ဥပဒေကြောင်းအရ အရေးယူရလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇာနည်ရှိန်း**
**အထက်တန်းရှေ့နေ**
**စဉ်-၄၅၂၅၂**
**အမှတ် (၄၇၀)၊ (၉)လမ်း၊ မြိုင်သာယာရပ်၊ မော်လမြိုင်မြို့**

## အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်ခြင်း

သန်လျင်မြို့၊ မြို့ဟောင်းအလယ်ရပ်ကွက်၊ ဗိုလ်ချုပ်နေဝင်းလမ်း၊ အမှတ် (၁၀၆)နေ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၁၂/သလန(နိုင်)၀၆၃၉၉၃ကိုင်ဆောင်သူ ဒေါ်မြမှီ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဒေါ်မြမှီ၏သားဖြစ်သူ ကိုမင်းဇော်(ဘ)ဦးထွန်းရီ ၁၂/သလန(နိုင်)၀၀၂၅၈၁သည် မိဘစကားကို နားမထောင်ဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်သွားပါသဖြင့် ကိုမင်းဇော်အား ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**

| | | |
|---|---|---|
| **ဦးမြအေး** | **ဒေါ်ဝင်းမင်းသန်း LL.B** | **ဒေါ်စိုးစိုးကြည် LL.B, D.B.L** |
| **(စဉ်-၁၈၇၃၂)** | **(စဉ်-၂၆၀၇၆)** | **(စဉ်-၈၈၆၇)** |

**အထက်တန်းရှေ့နေများ** **တရားလွှတ်တော်ရှေ့နေ**
**အမှတ် (၁၂)၊ ပြည်တော်သာလမ်း၊ မြို့သစ်အရှေ့ရပ်ကွက်၊ သန်လျင်မြို့**


UMTA
မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း

ကျင်းပမည့်အချိန် - နံနက်(၉)နာရီ
ကျင်းပမည့်နေရာ - UMFCCI Office Tower

အမှုဆောင်ကော်မတီ



စိန်ငါးလုံး အဆီကျ ဝမ်းမှန်ဆေး


## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**တရားမကျင့်ထုံးကိုဒဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀(၁)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး နယ်တရားမရုံး၌**
**၂၀၁၅ ခုနှစ် တရားမကြီးအမှုအမှတ်-၂၂၄**

| | | |
|---|---|---|
| ဦးသိန်းမြင့် | **နှင့်** | ၁။ ဦးသောင်းဦးလွင် |
| | | ၂။ ဒေါ်မေသဇင်မြင့်နိုင် |
| | | ၃။ ဦးဆလိုင်းစိန်မောင် |
| **တရားလို** | | **တရားပြိုင်များ** |

အမှတ် ၃၂၊ သမိန်ဗရမ်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ယခုလိပ်စာမသိ)နေ ဒေါ်မေသဇင်မြင့်နိုင် သိစေရမည်။


သင့်အပေါ်၌ ဦးသိန်းမြင့်က တိုက်ဆောက်လုပ်မှုကြောင့် တရားလို၏နေအိမ်ပျက်စီးမှုအတွက် နစ်နာကြေးငွေရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၅ရက် (၁၃၇၇ခုနှစ် တော်သလင်းလဆန်း ၁၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် စက်တင်ဘာ ၁၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ငြိမ်းမြင့်)**
**တွဲဖက်ခရိုင်တရားသူကြီး(၄)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

**ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးရုံ အောက်တိုဘာလ၊ ၁၀-၁၁၊ (၅၂)ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်**

(Account No. 007-50100701690301)




## ဂန္ဓဝင်ရွှေပုဂံ Travels & Tours

**Promotion Trips**

| | | |
|---|---|---|
| ဗန်ကောက် | (၅)ရက် | USD 470 |
| စင်ကာပူ | (၄)ရက် | USD 630 |
| ဟောင်ကောင် | (၅)ရက် | USD 1000 |
| ပီကင်း၊ ရှန်ဟိုင်း | (၆)ရက် | USD 1200 |
| ဂျပန် | (၆)ရက် | USD 1700 |

**Regular Trips**

| | | |
|---|---|---|
| ဂရိ (အထူး Santorini) + တူရကီ | (၁၁)ရက် | USD 4800 |
| ဘူတာန် | (၄)ရက် | USD 1900 |
| ဂျာမနီ၊ ချက်၊ ဟန်ဂေရီ၊ ပိုလန် | (၁၀)ရက် | USD 3900 |
| ပြင်သစ်၊ အီတလီ၊ ဆွစ်ဇာလန် | (၁၀)ရက် | USD 3800 |
| အမေရိကန် (NY, DC, LA, S.F, Las Vegas) | (၁၄)ရက် | USD 6700 |

Corporate

Hot Line 09 - 73003772

## SUN FAR TRAVELS & TOURS CO., LTD.

Location, Car Parking

Service

Head Office: Tel: 01-243 993
Bahan Branch: Tel: 01-555 771
Yuzana Branch: Tel: 01-206 188

SUN FAR

Tel: 01-2301 999

### မျောက်ဆုံးကြောင်း

### ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပ မြို့နယ်၊ အထက(၁) တက္ကသိုလ်ဝင်တန်း (G)မှ မချိဇင်ထက်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးဦးသန့် ဖြစ်ပါကြောင်း။
**ဦးဦးသန့် ၁၂/ဥကမ(နိုင်)၀၇၁၂၇၄**

### ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ၁၃ ရပ်ကွက်နေ မနှင်းသက်ထားဝေ၏ ဖခင်အမည်မှန်မှာ ဦးမောင်မျိုး (ခ) ဦးနေမျိုးဦး ၁၄/ငပတ(နိုင်)၁၆၄၄၇၂ ဖြစ်ပါသည်။

### ဖခင်အမည်မှန်

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း I မှ (မောင်ကျော်လွင်ဦး)၏ ဖခင်အမည်မှန်မှာ ဦးတင်ထွေး ၆/ထဝန(နိုင်)၀၉၄၆၃၅ ဖြစ်ပါကြောင်း။

**Volvo (290) BLC**
**(2) စီးရောင်းရန်ရှိသည်။**
**Ph: 09-33261444,**
**09-781260134**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဥပဒေအကြံပေးများ

ဦးခင်မင်းထိုက် LL.B, DBL
ဒေါ်နှင်းသက်ရည် LL.B

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5G/1544 မစ်ဆူဘီရှီကန်တာ H.TRUK (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးသက်နောင် ၉/ခအဇ(နိုင်)၀၂၁၆၀၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး)၊ ရန်ကုန်မြို့**

### ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ် မြေတိုင်းရပ်ကွက်အမှတ် သကတ-၁/တိုးချဲ့ မြေကွက်အမှတ် ၄၁၈/ခ ၂၀×၆၀၊ မြေကွက်တည်နေရာအမှတ် ၄၁၈/ခ၊ တေးဥယျာဉ် ၁၄ လမ်း၊ ၇ ရပ်ကွက်၊ လှိုင်သာယာမြို့နယ် (ဦးလှဝေ ၁၂/ကမရ(နိုင်)၀၅၁၆၈၆) အမည်ပေါက်ပါမစ်မြေအား အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူထားသူ ဦးသန်းမင်းစိုး ၁၂/လသယ(နိုင်)၀၅၂၄၈၀ မှ ဦးလှဝေအမည်ပေါက် မြေချပါမစ်ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ လှိုင်သာယာမြို့နယ် စည်ပင်သာယာရေးကော်မတီမှ ပါမစ်ပျောက်ဆုံးသည့်မြေကွက်နှင့်ပတ်သက်၍ စိစစ်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀မြေငှားစာချုပ်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ကြီးပွားရေး(တောင်)၊ မြေကွက်အမှတ် ၃၂၇/က၊ မြေကွက်တည်နေရာအမှတ် ၃၂၇/က၊ အောင်သိဒ္ဓိလမ်း၊ ကြီးပွားရေး(တောင်)၊ သဃ်န်းကျွန်း (ဒေါ်တင်လှ)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်တင်လှထံမှ ၆-၇-၂၀၁၃ ရက်စွဲပါ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်ဥမ္မာကျော် ၁၃/တကန(နိုင်)၁၉၆၉၅၇ မှ ဂရန်သစ်လျှောက်ထားလာရာ တင်ပြပါ ပါမစ်မစုံလင်သဖြင့် ခိုင်လုံသောအထောက်အထားဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဒေါ်တင်လှ
### (မကွေးမြို့)
### အသက်(၇၈)နှစ်

မကွေးမြို့၊ မြို့မရပ်၊ ဘုရားလမ်း၊ အမှတ် ၆၁နေ (ဦးရွှေကြူ-ဒေါ်သန်းကြည်)တို့၏သမီး၊ (ဦးမောင်မောင်အေး)၏ဇနီး၊ ဦးဝင်းဇော်ဦး-ဒေါ်နီလာဦး၊ ဦးဝင်းမော်ဦး-ဒေါ်သင်းသင်းအေး၊ ဦးစိုးနိုင်ဝင်း-ဒေါ်သီတာအေး၊ ဦးစန်းရွှေ-ဒေါ်စန္ဒာအေး၊ ဒေါ်သန္တာအေးတို့မိခင်၊ မောင်အားမာန်၊ မောင်ရဲဘုန်းထက်၊ မရွှန်းဝတီဦးတို့၏အဘွားသည် ၁၂-၉-၂၀၂၅ရက် မွန်းလွဲ ၂း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၉-၂၀၂၅ရက်တွင် မကွေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်စန်း (မုံရွာမြို့)
### အသက်(၇၁)နှစ်

ကလောမြို့နေ ဗိုလ်မှူးကြီးခင်မောင်အေး-ဒေါ်ယဉ်ယဉ်နွယ်တို့၏မိခင် ဒေါ်စန်း အသက်(၇၁)နှစ်သည် ၁၂-၉-၂၀၂၅ရက်(စနေနေ့) နံနက် ၉း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းရပါသည်။

ဗိုလ်မှူးကြီးသက်နိုင်-ဒေါ်မော်
ဆအတ(၄)မိသားစု

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်စန်း (မုံရွာမြို့)
### အသက်(၇၁)နှစ်

ကလောမြို့နေ ဗိုလ်မှူးကြီးခင်မောင်အေး-ဒေါ်ယဉ်ယဉ်နွယ်တို့၏မိခင် ဒေါ်စန်း အသက်(၇၁)နှစ်သည် ၁၂-၉-၂၀၂၅ရက်(စနေနေ့) နံနက် ၉း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းရပါသည်။

ဗိုလ်မှူးနေမျိုးထိုက်-ဒေါ်ခိုင်စုဝေ

## ဝမ်းနည်းကြေကွဲခြင်း

ကိုလေးဖြူ၊ ကိုအင်ဲတို့၏မိခင်ကြီး ဒေါ်စောမေ(ခ)ဒေါ်မေသည် ၁၁-၉-၂၀၂၅ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုဝင်များနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

IRON CROSS ညီအစ်ကိုများ
ဗညားနိုင်၊ ခရမ်း၊ ချစ်စမ်းမောင်၊
ခင်မောင်သန့်၊ မျိုးကြီး၊ ဝိုင်ဝိုင်း

## ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ ဘောဂဗေဒဌာန၊ ပါမောက္ခ ဒေါက်တာနီလာမြင့်ထူး၏ခဲအို၊ ဒေါ်မာလာမြင့်ထူး၏ခင်ပွန်း ဦးမင်းအောင်(လက်ထောက်အုပ်ချုပ်ရေးမှူးဟောင်း၊ မြောက်ဒဂုံ၊ စည်ပင်) အသက်(၄၉)နှစ်သည် ၉-၉-၂၀၂၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဘောဂဗေဒဌာန နှင့် EMDevS 12th Batch
ရန်ကုန်စီးပွားရေးတက္ကသိုလ်

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာတိုးနန္ဒာကျော်
### အသက်(၄၀)

ဒေါက်တာတိုးနန္ဒာကျော် လက်ထောက်ဆရာဝန် (အရေပြား) သဃ်္ဃန်းကျွန်း စံပြဆေးရုံကြီးသည် ၁၂-၉-၂၀၂၅ရက် ညနေ ၄း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် အရေပြားရောဂါအထူးကု မိသားစုဝင်တစ်ဦး ဆုံးရှုံးရခြင်းကို အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

အရေပြားရောဂါအထူးကုဌာန
ရန်ကုန်ပြည်သူ့ဆေးရုံကြီး

## သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆ ဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ပေါ့ဆမှုတို့ကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်း မပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူး မျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များအနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြ ထိန်းသိမ်းမှုမရှိသော နေရာများမှ လမ်းကူးပါက **"ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး"** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ကန် ဒါယိကာမကြီး
## ဒေါ်သန်းစီ (ရေပေါ်ကန်ကျေးရွာ)
### (ရွှေကျင်အသင်း၏ကန်တော့ခံ)
### အသက်(၈၆)နှစ်

သုံးခွမြို့နယ်၊ ရေပေါ်ကန်ကျေးရွာနေ (ဦးကျော်လှ-ဒေါ်အေးစိန်)၏သမီး၊ ရွှေကျင်မြို့နယ်နေ(ဦးဝွမ်းဖြူ-ဒေါ်သန်းစိန်)၏သမီးချွေးမ၊ ရန်ကုန်မြို့၊ သုဝဏ္ဏ၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (၂၉)ရပ်ကွက်၊ ဇီဇဝါလမ်း၊ စက်မှုတိုးချဲ့၊ အမှတ် ၁၃၂နေ [ဦးသန်းလွင်(ခ)ဦးကြွက်]၏ဇနီး၊ ဦးတင်ထွန်း-ဒေါ်ခင်သန်းဦး၊ (ဦးအောင်အောင်မြင့်-ဒေါ်ခင်သန်းမြင့်)၊ ဦးတင်မောင်လတ်-ဒေါ်ခင်သန်းငွေ၊ ဒေါ်တင်တင်ညို၊ ဦးအောင်မြင့်သန်း-ဒေါ်မြမြချို၊ (ဦးသန်းထိုက်)၊ ဒေါ်တင်တင်မိုးတို့၏မိခင်၊ မြေး ၁၂ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘွားသည် ၁၇-၉-၂၀၂၅ရက်(ကြာသပတေးနေ့) နံနက် ၇း၃၀နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၉-၂၀၂၅ရက် (စနေနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၉-၂၀၂၅ရက် (ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်တိုးတိုးကြည်
### လက်ထောက်စက်ရုံမှူး(ငြိမ်း)
### စက်မှု(၁)ဝန်ကြီးဌာန
### အသက်(၆၄)နှစ်

သူငယ်ချင်း ဗိုလ်တိုး ၅-၉-၂၀၂၅ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

သရဖီဆောင်မှ သူငယ်ချင်းများ

## ဦးတင့်လွင် (မြန်မာ့အလင်းသတင်းစာတိုက်)
### အသက်(၅၈)နှစ်

ရန်ကုန်မြို့နေ(ဦးကြည်-ဒေါ်စိန်ရီ)တို့၏သား၊ ရန်ကုန်မြို့နေ(ဦးစောဘဲနီ-ဒေါ်နော်ကျဲပိုး)တို့၏သားသမက်၊ ဒေါ်မြင့်မြင့်သန်း၏မောင်၊ ဦးကျော်မြင့်-ဒေါ်ညွှန့်ညွှန့်သန်း၊ (ဦးထွန်းအောင်)၊ (ဦးခင်မောင်အေး)-ဒေါ်ခင်အုန်းမြင့်၊ (ဦးအောင်ခင်)၊ ဦးယဉ်ထွန်း-ဒေါ်တင်ထွေးဝင်း၊ ဦးဇောတိက-ဒေါ်နော်နော်တို့၏အစ်ကို၊ ကိုအောင်မြင့်မြတ်-မထက်ထက်ဝေ၊ မသက်နွယ်ထွန်း၊ ကိုရန်နိုင်လွင်(မြန်မာ့အလင်းသတင်းစာတိုက်)၊ မောင်စည်သူနိုင်၊ မဆုဆုမြတ်တို့၏ဖခင်၊ ဒေါ်နော်နန်းနွယ်၏ချစ်လှစွာသောခင်ပွန်း၊ တူ၊ တူမ ကိုးယောက်တို့၏ဘကြီးသည် ၁၆-၉-၂၀၂၅ရက် (ဗုဒ္ဓဟူးနေ့) ည ၈း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၈-၉-၂၀၂၅ရက်(သောကြာနေ့)ညနေ ၃နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၉-၂၀၂၅ရက် (အင်္ဂါနေ့) နံနက်တွင် ရန်ကုန်မြို့၊ ဒဂုံအရှေ့ပိုင်းမြို့နယ်၊ (၁၁)ရပ်ကွက်၊ ပန်းဝါ ၂လမ်း၊ အမှတ် ၉၆ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
### အချစ်ဆုံးသူငယ်ချင်း
## ဒေါက်တာတိုးနန္ဒာကျော်(ခ)တိုးတိုး(မေမြို့)
### M.B.,B.S, M.Med.Sc (Dermatology)
### သဃ်္ဃန်းကျွန်းစံပြဆေးရုံကြီး
### အသက်(၄၀)

သူငယ်ချင်းများအားလုံးကို ၁၂-၉-၂၀၂၅ရက်မှာ ရုတ်တရက်ခွဲခွာသွားခဲ့တယ်။ စာတော်လွန်းပြီး ထူးချွန်ထက်မြက်တဲ့ သူငယ်ချင်း၊ ငါတို့အားလုံး အားကျဂုဏ်ယူခဲ့ရတဲ့ သူငယ်ချင်း၊ ငါတို့ ဘယ်လိုယုံကြည်ရမှာလဲ၊ ပြောမပြနိုင်အောင် ဝမ်းနည်းကြေကွဲရပါတယ်။ နောင်ဘဝဆိုတာရှိခဲ့ရင် ပျော်ရွှင်နွေးထွေးသောမိသားစု၊ သူငယ်ချင်းတွေနဲ့အတူ နင်တတ်တဲ့ ပညာတွေနဲ့ အများအကျိုးဆောင်ရွက်ရင်း သက်တမ်းပြည့်နေရပါစေ။ သူငယ်ချင်း ကောင်းရာသုဂတိလားပြီး မြင့်မြတ်တဲ့ဘုံဘဝမှာ ပျော်ရွှင်နိုင်ပါစေ။

အောင်ကိုလတ်နှင့်ချစ်သူငယ်ချင်းများ
အလက(၄) ပြင်ဦးလွင်(မေမြို့)
၁၉၈၀/၁၉၉၃

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်မေရီ
### အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ မီးဒုံးလမ်း၊ တိုက် ၁၁၇၊ အခန်း ၄နေ ဦးမြင့်အောင် (1st ENG; MONSON Co.,Ltd) တပ်မတော်(ရေ)ငြိမ်း၏ဇနီး၊ မောင်မျိုးသူသျှန် - မရည်မွန်အောင် (Raffle Co.,Ltd)၊ မောင်ချမ်းငြိမ်းဇော်တို့၏မိခင်၊ မောင်ထွန်းတောက်သျှန်၏အဘွား၊ ဦးနားမလည်-ဒေါ်ဝိုင်းတို့၏သမီး၊ ဒေါ်သန်းကျင်၊ဒေါ်တင်တင်ငွေတို့၏ညီမ၊ ဦးသန်းငွေ၊ဦးမြင့်ဝင်းတို့၏အစ်မသည် ၁၇-၉-၂၀၂၅ရက်(ကြာသပတေးနေ့) နံနက် ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၉-၂၀၂၅ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးဘုန်းဆွေ(ခ)ဦးမာ
### ရန်ကုန်မြို့၊အောင်မင်္ဂလာကားဝင်း
### အသက်(၅၆)နှစ်

မုံရွာမြို့၊ အလယ်ရပ်နေ (ဦးဘရင်-ဒေါ်ငြိမ်းခင်)၊ (ဦးအုန်းကို-ဒေါ်ပြန့်အေး)တို့၏သား၊ ဦးတင်ဆန်း(အင်/ယာချုပ်၊ ငြိမ်း)-ဒေါ်ဥမ္မာလွင်တို့၏ ညီ/မောင်၊ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ အလယ်ဘိုရွာနေ ဦးကြည်လင်-ဒေါ်ဝင်းတို့၏သားသမက်၊ ဒေါ်မြင့်မြင့်ငြိမ်း၏ ချစ်လှစွာသောခင်ပွန်းသည် ၁၇-၉-၂၀၂၅ရက်(ကြာသပတေးနေ့) နံနက် ၁း၃၃နာရီတွင် ကွယ်လွန်သွားပါ၍ ၁၉-၉-၂၀၂၅ရက်(စနေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (အောင်မင်္ဂလာကားဝင်းနေအိမ်မှ ကားများ ညနေ ၃နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်စိန်တင် (ခရမ်း)
### အသက်(၉၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်၊ကုလားကြီးစုကျေးရွာနေ(ဦးတင်ညွန့်)၏ဇနီး၊ (ဦးစန်းမြင့်)-ဒေါ်ရင်ကြည်၊ (ဦးတင်အောင်)-ဒေါ်တင်အုန်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၈) ရပ်ကွက်၊မြလေးရုံလမ်းအမှတ် ၁၀၉၆နေ ဦးအေးလွင်-ဒေါ်ဝင်း၊ ဦးသန်းလွင်-ဒေါ်အေးအေးဝင်းတို့၏ မိခင်ကြီးသည် ၁၆-၉-၂၀၂၅ရက် (ဗုဒ္ဓဟူးနေ့) ည ၁၁နာရီတွင် ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ၁၇-၉-၂၀၂၅ ရက် (ကြာသပတေးနေ့)တွင် သင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၉-၂၀၂၅ရက်(အင်္ဂါနေ့) နံနက် ၇နာရီတွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ နတ်လမ်းဒါယိကာမကြီး
## ဒေါ်အုန်းနု(ရွှေရတနာဆီစက်)
### အသက်(၉၀)

သုံးဆယ်မြို့၊ အရှေ့လက်ပန်ခုန်ရပ်ကွက်၊ လမ်းမတော်လမ်းနေ ဦးတင်ရွှေ (ရွှေရတနာဆီစက်)၏ဇနီး၊ (ဦးသိမ်းမောင်) - ဒေါ်ခင်မြင့် (သီရိရွှေဆိုင်)၊ (ဦးလှစိုး)-ဒေါ်မြကြည်၊ ဦးသန်းလွင်-ဒေါ်ခင်ခင်စီ(အမက-၁၁၂ဥက္ကဋ္ဌ)၊ဦးတင်မော်ဦး-ဒေါ်လှလှဝင်း၊ ဦးအောင်ကြီး-ဒေါ်စန်းညိုထွေး (ရွှေရတနာကုမ္ပဏီ) တို့၏မိခင်၊ မြေး ၁၃ယောက်၊ မြစ် ၁၅ ယောက်တို့၏အဘွားသည် ၁၆-၉-၂၀၂၅ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆း၁၀ နာရီတွင်ကွယ်လွန်သွားပါ၍ ၁၈-၉-၂၀၂၅ရက်(သောကြာနေ့)မွန်းလွဲ ၁နာရီတွင် ပေါက်တန်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း ဒါယိကာမကြီး
## ဒေါ်စန်းရီ
### အသက်(၉၀)

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၆)ရပ်ကွက်၊ ၂၉လမ်း(အောက်လမ်း)၊ အမှတ် ၆၄၊ ဒုတိယထပ်နေ [ဗိုလ်ကြီးထွန်းအောင်(စက်ရုံမှူး၊ငြိမ်း၊ စောင်-၂၊ စက်ရုံ၊ AVA စွပ်ကျယ်စက်ရုံ)]၏ဇနီး၊ ဦးစံထွန်းအောင်(အခွန်ဦးစီးမှူး၊ငြိမ်း)-ဒေါ်ခင်နှင်းဝေ၊ (ဦးရန်နိုင်အောင်)၊ ဦးနေဝင်းအောင် - ဒေါ်ခင်ခင်လတ် (လွှယ်ဟိန်းကုမ္ပဏီ)၊ (ဦးကျော်ဇော်အောင်)-ဒေါ်ကြည်ကြည်အေး၊ ဦးဇော်မြင့် - ဒေါ်မာလာအောင်တို့၏ မိခင်၊ ဦးကျော်မြင့်-ဒေါ်သိန်းသိန်း၊ ဒေါ်ခင်လေးနု၊ (ဗိုလ်ကြီးခင်အောင်)-ဒေါ်ခင်လေးမြတ်၊ဦးကြူဟန်-ဒေါ်ခင်မြင့်ဝင်း၊ [ဒေါ်ဘေဘီ(သီပေါ)]တို့၏ အစ်မသည် ၁၇-၉-၂၀၂၅ရက် (ကြာသပတေးနေ့) နံနက် ၉နာရီတွင် ကွယ်လွန်သွားပါ၍ ၁၉-၉-၂၀၂၅ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်မေဒီနီ (ဒေါ်ကြည်ကြည်)
### သဒ္ဒမ္မဇောတိကဓဇ (B.A)
### အသက်(၇၉)နှစ်

မန္တလေးမြို့၊ဒေါနဘွားရပ်၊ အကွက် (၈)၊ နန်းရှေ့နေ (အငြိမ်းစားရဲမင်းကြီး ဝဏ္ဏကျော်ထင် ဦးဘတူ-ဒေါ်အေးမေ) တို့၏သမီး၊(ဒေါ်အေးကြည်၊ အထက-၄)၊ ဒေါ်ရီရီကြီး (အထကအုပ်၊ ငြိမ်း) တို့၏ညီမ၊ သမားတော်ကြီး ဒေါက်တာ ဦးသက်မြင့်မောင် - ဒေါ်မီမီဂါ၊ ဒေါက်တာသက်ဦး - ဒေါ်ခင်ခင်မေ (USA)၊ ဦးစိုးတင့်-ဒေါ်ခင်သက်ဖြူ (စာရင်းစစ်၊ ငြိမ်း)တို့၏အစ်မ၊ ဒေါ်သက်ထားဦး၊ ဒေါက်တာကွန့်မြူးမောင်၊ ဒေါက်တာစန္ဒီလွင်အောင်၊ ဦးအောင်သက်ဦး၊ ဒေါ်စိုးစန္ဒီသက်ဖြူ (နည်းပြ၊ MUFL)တို့၏ ကြီးကြီး၊ တောင်ငူမြို့ ဇေယျာသီရိ မိဘမဲ့အမျိုးသမီးကလေးများ စောင့်ရှောက်ရေးကျောင်း၏ နာယကဆရာကြီးသည် ၁၆-၉-၂၀၂၅ရက် ည ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၉-၂၀၂၅ ရက် မွန်းလွဲ ၂နာရီတွင် အေးရိပ်ငြိမ် သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တနန္ဒက မဟာထေရ်မြတ်
### (ဒက္ခိဏာရာမတောင်ကျောင်းဂိုဏ်း၊ဂန္ထဝါစကဂိုဏ်းချုပ်ဆရာတော်ကြီး)
### သက်တော်(၈၈)၊သိက္ခာတော်(၆၅)ဝါ

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ ဒက္ခိဏာရာမ တောင်ကျောင်းဂိုဏ်း၏ ဂန္ထဝါစက ဂိုဏ်းချုပ်ဆရာတော်ကြီး၊ ပြည်နယ်သံဃနာယကအဖွဲ့ဝင်(ဟောင်း)၊ အချိန်ပြင်ရွာအုပ်စု၊ အချိန်ပြင်ရွာကျောင်းပဓာနနာယက အနန္တဂိုဏ်းဝင်ကျေးဇူးတော်ရှင် သက်တော်ရှည်ဆရာတော်ကြီးသည် (၁၃၇၇ခုနှစ် တော်သလင်းလဆန်း ၂ရက်) ၁၅-၉-၂၀၂၅ရက် (အင်္ဂါနေ့) မွန်းလွဲ ၂း၁၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇ ရုပ်ကလာပ်တော်ကို (၁၃၇၇ ခုနှစ် တော်သလင်းလဆန်း ၅ရက်) ၁၈-၉-၂၀၂၅ရက်တွင် ယာယီနိဗ္ဗာန်စံကျောင်းဆောင်သို့ ပင့်ဆောင်ပူဇော်ထားရှိမည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့် ရဟန်းသံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (အန္တိမအဂ္ဂိစျာပန ပွဲတော်ရက်ကို ထပ်မံကြေညာပါမည်။)

တပည့်သံဃာတော်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမများ
အချိန်ပြင်ကျေးရွာ၊ အချိန်ပြင်အုပ်စု
ရမ်းဗြဲမြို့နယ်၊ ရခိုင်ပြည်နယ်

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးညွန့်နိုင် အသက်(၈၁)နှစ်
### ဒု-ညွှန်ကြားရေးမှူး(ငြိမ်း)၊ သစ်တောဦးစီးဌာန

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၅)ရပ်ကွက်၊ ဗန္ဓုလလမ်း၊ အမှတ် ၆၁နေ [ဦးကြိုင်(ခ)ဦးဝိုင်လီ-ဒေါ်ချိတ်]တို့၏သား၊ (ဦးသန်းရွှေ-ဒေါ်မယ်နိုင်)တို့၏သားသမက်၊ ဒေါ်သန်းလှိုင်၏ခင်ပွန်း၊ ဦးကျော်ဝင်း-ဒေါက်တာဒေါ်စီစီနိုင်၊ ဦးဝင်းမော်-ဒေါ်မြတ်သန္တာ၊ ဦးအောင်ကျော်ကျော်-ဒေါ်ဥမ္မာအောင်၊ ဦးညီညီလွင်(Green Leaf Travels & Tours)-ဒေါ်လှိုင်လှိုင်မော်၊ ဦးညီညီနိုင်-ဒေါ်နှင်းစန်းလွင်တို့၏ဖခင်၊ မြေး ၁၃ယောက်တို့၏အဘိုးသည် ၁၃-၉-၂၀၂၅ရက်(တနင်္ဂနွေနေ့)နံနက် ၁၀း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယနေ့ညနေ ၅နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၉-၉-၂၀၂၅ရက်(စနေနေ့) နံနက် ၈နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးတင်ဖေ(မင်္ဂလာဈေး) မော်လမြိုင်
### အသက်(၇၈)နှစ်

မော်လမြိုင်မြို့နေ (ဦးထွန်းစိန်-ဒေါ်ရှိန်)တို့၏သား၊ ဦးမြိုင်စိန်-ဒေါ်စန်းစန်းသိန်းတို့၏အစ်ကို၊ ရန်ကုန်မြို့၊ တာမွေမြို့ နယ်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ မြို့သစ် ၂လမ်း၊ အမှတ် ၁၀၊ 3/Bနေ (ဒေါ်ငွေစိန်)၏ခင်ပွန်း၊ ဦးမြင့်ဟန်-ဒေါ်မေမေခင်၊ (ဦးလှမင်း)-ဒေါ်မာလာ၊ ဦးကျော်လင်းထွန်း-ဒေါ်ရီရီဝင်း၊ ဦးကြည်ဝင်း(Royal Garden)-ဒေါ်ချောစုတို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၁၆-၉-၂၀၂၅ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါ၍ ၂၀-၉-၂၀၂၅ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၉-၂၀၂၅ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### သုံးဆယ်မြို့အသင်း(ရန်ကုန်)
### ဂုဏ်ထူးဆောင်အသင်းဝင်
## ဒေါ်အုံးနု
### အသက်(၉၀)

ပဲခူးတိုင်းဒေသကြီး၊ သုံးဆယ်မြို့၊ အရှေ့လက်ပံခုန်ရပ်နေ ရွှေရတနာဆီစက်(ဦးတင်ရွှေ)၏ဇနီးသည်၁၆-၉-၂၀၂၅ရက် ညနေ ၆း၁၀နာရီတွင်နေအိမ်၌ကွယ်လွန်သွားပါ၍ ၁၈-၉-၂၀၂၅ရက် မွန်းလွဲ ၁နာရီတွင် နေအိမ်မှ ပေါက်တန်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။(အသင်းဝင်များလိုက်ပါပို့ဆောင်ကြပါရန်။)

အမှုဆောင်အဖွဲ့

## ဒေါ်ရွှေခိုင်မ
### အသက်(၉၀)

ကျောက်ဖြူမြို့၊ အလယ်ပိုင်းရပ်ကွက်၊ ရုံးတက်လမ်းနေ (ဦးမောင်ပု)၏ဇနီးသည် ၁၆-၉-၂၀၂၅ရက်တွင် ကွယ်လွန်သွားပါ၍ ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။[ကွယ်လွန်သူအား ရည်စူး၍ ၂၀-၉-၂၀၂၅ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အလုံမြို့နယ်၊ သိပ္ပံလမ်း၊ အမှတ် ၇၈ (ငါးလွှာ-ခ) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်ကြည် (ချိုသဲသစ်ခွ)
### အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ အမှတ်(၂)လမ်းမကြီး၊ လေးထောင့်ကန်၊ ချိုသဲသစ်ခွပန်းခြံနေ (ဦးတင်အုံး - ဒေါ်တင်ဥ)တို့၏သမီး၊ (ဦးလွန်းဘော်-ဒေါ်ဖွားမျှင်)တို့၏သမီးချွေးမ၊ ဦးမြဘော်-ဒေါ်အုံးကြည်တို့၏အစ်မ၊ ဗိုလ်မှူးကျော်ငြိမ်း(လေ၊ ငြိမ်း)၏ဇနီး၊ ဒေါ်အေးအေးကျော် (ခေတ္တ-Aus)၊ ဦးမြင့်အေးတင် - ဒေါ်ခင်ခင်ကျော် (ခေတ္တ-Aus)၊ (ဦးလှထွဋ်ကျော်)-ဒေါ်လှမျိုးစု(Myanmar Nara Apex Travels & Tours)တို့၏မိခင်၊ မဆုလဲ့တင်၊ မောင်ဇော်မြင့်ကျော်၊ မခွာဖြူထွဋ်တို့၏ဘွားဘွားသည် ၁၆-၉-၂၀၂၅ရက်(ဗုဒ္ဓဟူးနေ့)ည ၁၁း၂၅နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၉-၂၀၂၅ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [လေးထောင့်ကန်၊ ချိုသဲသစ်ခွပန်းခြံနေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ ၆လမ်း၊အမှတ်၉၃ နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။] ကွယ်လွန်သူအားရည်စူး၍ ၂၂-၉-၂၀၂၅ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိအမှတ်(၂)လမ်းမကြီး၊ လေးထောင့်ကန်၊ ချိုသဲသစ်ခွပန်းခြံ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း ဒါယိကာမကြီး
## ဒေါ်စန်းရီ
### အသက်(၉၀)

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၆) ရပ်ကွက်၊ ၂၉လမ်း(အောက်လမ်း)၊ အမှတ် ၆၄၊ ဒုတိယထပ်နေ [ဗိုလ်ကြီးထွန်းအောင်(စက်ရုံမှူး၊ငြိမ်း၊ စောင်-၂၊ စက်ရုံ၊ AVA စွပ်ကျယ်စက်ရုံ)]၏ဇနီး၊ ကိုဝင်းမင်းထွန်း-မခင်ခင်အေး (မြမဥ္ဇူကောင်းဆက် အိတ်ဆိုင်၊ မုံရွာမြို့)၊ ကိုထွန်းမင်းသူ၊ စိုင်းနန္ဒာထွန်း[(၆)ရပ်ကွက်၊ ရယက ပန်းဘဲတန်း]-မသူဇာဝင်း၊ ကိုကျော်သောင်းဦး-မပန်းအိအိဇော် (ရိုးမဘဏ်၊ ကျောက်တံတား)၊ ကိုသန့်စင်အောင်(အယ်ဒီတာ၊ မြန်မာစပယ်ရှယ်ဂျာနယ်၊E.S.P.Nဂျာနယ်)-မခိုင်ချမ်းမြေ့ဦး၊ ကိုသက်ထွန်းအောင် (အယ်ဒီတာ၊အိုလံပစ်ဂျာနယ်၊ E.S.P.N ဂျာနယ်)၊ ကိုရဲစည်သူအောင် (C.D.C 71908 & Carrival Cruise Line)-မချိုသက်မာ၊ ကိုဖွဲ့စည်သူအောင်(Fly to World Travel & Tour) တို့၏ ဘွားဘွား၊မမြမဥ္ဇူမင်း၊စည်သူကောင်းဆက်၊ ထက်ဝေယံ၊ အိမ့်သံသာထွန်း၊ သက်ထိပ်ထားဦး၊ ရှင်းထက်ကျော်၊ စစ်ပိုင်အောင်တို့၏ ဘွားဘွားကြီးသည် ၁၇-၉-၂၀၂၅ရက်(ကြာသပတေးနေ့) နံနက် ၉နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၉-၉-၂၀၂၅ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ယနေ့ မာတိကာ

**ပြင်းအား ၈ ဒသမ ၃ အဆင့်ရှိ အင်အားပြင်း ငလျင်တစ်ခု ချီလီတွင် လှုပ်ခတ်၊ လူငါးဦးသေဆုံး**

စာ ၄

**အင်ဒိုနီးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသား ၁၇၆ ဦးအနက် ၁၆ ဦးမှာ လူကုန်ကူးခံခဲ့ရ**

စာ ၁၂

# ရာဇဂြိုဟ်ဆည်နဲ့ မြေပြိုတောင်ပြိုတဲ့ကြားမှာရှိတဲ့ ရွာတွေက အပေါ်တောင်ကုန်းမှာရှိတဲ့အတွက် အန္တရာယ်မရှိနိုင်ပါ

**ဆုနှင်းလှဲ့**

မိုးသည်းထန်စွာ ဆက်တိုက်ရွာသွန်းခဲ့မှုများကြောင့် ချင်းပြည်နယ်တွင် တောင်ပြိုမှုများ ဖြစ်ပွား၍ စီးဆင်းမျောပါလာသော ရွှံ့ညွန်မြေများ တောင်ကျရေစီးကြောင်းများကို ပိတ်ဆို့ရာမှ သဘာဝတောင်ပြိုရေကန်များ၊ ရေကာတာများသဖွယ် ဖြစ်ပေါ်မှုများရှိခဲ့သည်။

ထိုသို့ ဖြစ်ပေါ်လာမှုအပေါ် ဒေသခံများက စိုးရိမ်ပူပန်နေမှုများရှိနေကြရာ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄) ကလေးမြို့ ရာဇဂြိုဟ်ဆည်မှ တာဝန်ရှိသူများက သဘာဝ တောင်ပြိုရေကန်များ၏ လက်ရှိအခြေအနေ၊ ရေများပြိုကျစီးဆင်းလာနိုင်သည့် အနေအထားနှင့် အန္တရာယ် ရှိ မရှိတို့ကို သွားရောက်

*စာမျက်နှာ ၈ ကော်လံ ၁* ◆



## ရန်ကုန်မြို့အခြေစိုက် ဩစတြေးလျ၊ ကနေဒါ၊ ဒိန်းမတ်၊ ပြင်သစ်၊ နော်ဝေ၊ ဂျပန်၊ ဆွီဒင်၊ ဗြိတိန်နှင့်အမေရိကန်သံရုံးများ၏ ပူးတွဲကြေညာချက်သည် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် မြန်မာပြည်သူများ၏ ကြိုးပမ်းအားထုတ်မှုကို လျစ်လျူပြုရာရောက် ပြည်သူများအကြား အထင်အမြင်လွဲမှားမှုများကို ဖြစ်ပေါ်စေနိုင်၍ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ပြတ်ပြတ်သားသား ဆန့်ကျင်ပယ်ချ

**သတင်းထုတ်ပြန်ချက်**

ရန်ကုန်မြို့အခြေစိုက် ဩစတြေးလျ၊ ကနေဒါ၊ ဒိန်းမတ်၊ ပြင်သစ်၊ နော်ဝေ၊ ဂျပန်၊ ဆွီဒင်၊ ဗြိတိန်နှင့် အမေရိကန်သံရုံးများက ပူးတွဲကြေညာချက်တစ်ခုကို ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့တွင် ထုတ်ပြန်ခဲ့ကြောင်း သိရှိရပါသည်။

မကြာမီကာလအတွင်းကျင်းပပြုလုပ်မည့် အထွေထွေရွေးကောက်ပွဲများသည် မြန်မာနိုင်ငံအတွက် အရေးကြီးသည်ကို အလေးထားသည့်အလျောက် နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ၌ အထွေထွေရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရန် ပူးတွဲကြေညာချက်ပါ အားပေးထောက်ခံမှုကို အသိအမှတ်ပြုပါသည်။ တစ်ဖက်၌လည်း မြန်မာပြည်သူများအားလုံး တည်ငြိမ်အေးချမ်းစွာဖြင့် တက်ကြွစွာ ဝိုင်းဝန်းကြိုးပမ်းအားထုတ်ပြင်ဆင်ဆောင်ရွက်နေသည့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်ချောမွေ့စွာ တိုးတက်ဖြစ်ပေါ်နေချိန်တွင် ပူးတွဲကြေညာချက်ကြောင့် အပြုသဘောမဆောင်သည့် မလိုလားအပ်သော အခြေအနေများ ဖြစ်ပေါ်စေနိုင်သည်ကို စိုးရိမ်မကင်းဖြစ်မိပါသည်။

*စာမျက်နှာ ၇ ကော်လံ ၁* ❀



## အိုလံပစ်ခြေစစ်ပွဲအဖြစ် မြန်မာနှင့် ဗီယက်နမ်တို့ ယနေ့ကစားမည်

**သတင်း-ညီမြတ်သော်တာ ➤ ဓာတ်ပုံ-ဖိုးသော်ဇင်**

**မန္တလေး စက်တင်ဘာ ၁၇**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ၂၀၁၆ အိုလံပစ်အမျိုးသမီးဘောလုံးပြိုင်ပွဲ အာရှဇုန် ဒုတိယအဆင့်ခြေစစ်ပွဲ တတိယနေ့ပွဲစဉ်များကို စက်တင်ဘာ ၁၈ ရက် **(ယနေ့)**တွင် မန္တလာသီရိကွင်း၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

တတိယနေ့ပွဲစဉ်အဖြစ် ညနေ ၃ နာရီခွဲတွင် ထိုင်းအသင်းနှင့် ဂျော်ဒန်အသင်း၊ ညနေ ၆ နာရီခွဲတွင် အိမ်ရှင်မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယခုပွဲသည် မြန်မာအသင်းအတွက် နောက်တစ်ဆင့်တက်ရောက်ရေး မျှော်လင့်ချက်အတွက် အရေးပါသည့်ပွဲစဉ်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုဒုတိယပွဲတွင် ထိုင်းအသင်းကို ရှုံးနိမ့်ခဲ့သောကြောင့် ဗီယက်နမ်နှင့်ပွဲမှာ အရေးပါလာခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ဗီယက်နမ်အသင်းနှင့်ပွဲတွင် သရေကျ၍ပင်မရဘဲ အနိုင်ရမှသာ ထိုင်းနှင့်တရုတ်(တိုင်ပေ)တို့ကို ဆက်လက်ဖိအားပေးနိုင်မည်ဖြစ်သည်။ ဗီယက်နမ်အသင်းသည်လည်း အဖွင့်ပွဲ၌ တရုတ်(တိုင်ပေ)အသင်းကို ရှုံးနိမ့်ခဲ့သောကြောင့် မြန်မာနှင့်ပွဲမှာအရေးကြီးနေပြီး နိုင်ပွဲမရခဲ့ပါက နောက်တစ်ဆင့်တက်ရေး မျှော်လင့်ချက်အဆုံးသတ်လုဖြစ်သွားပြီဖြစ်သည်။ စက်တင်ဘာ ၁၆ရက် ပွဲစဉ်များအပြီးတွင် တရုတ်(တိုင်ပေ)အသင်းက နှစ်ပွဲကစား နှစ်ပွဲနိုင် ခြောက်မှတ်၊ မြန်မာအသင်းက နှစ်ပွဲကစား တစ်ပွဲနိုင် တစ်ပွဲရှုံး သုံးမှတ်၊ ထိုင်းအသင်းက တစ်ပွဲကစား၊ တစ်ပွဲနိုင် သုံးမှတ်ရရှိထားသည်။ ဗီယက်နမ်နှင့် ဂျော်ဒန်အသင်းတို့သည် အမှတ်မရသေးပေ။

မြန်မာအသင်းသည် အုပ်စုအဖွင့်ပွဲတွင် ဂျော်ဒန်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သော်လည်း ထိုင်းအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ မြန်မာအမျိုးသမီးအသင်းအတွက် ယနေ့ယှဉ်ပြိုင်ရမည့်ပွဲမှာ နိုင်ပွဲမဖြစ်မနေရရှိရေးအတွက် အားကုန်ထုတ်ကစားရမည်ဖြစ်သည်။




ဒေဝယက္ခမန်းဆေးနဲ့တွေ့ရင် အဖုအကျိတ်ဆို ပေါင်ဒါဘူးထဲ ထည့်လို့ရအောင်မှုန့်သွားမယ်

ဒေဝယက္ခ အကျိတ်ကြေ အဖုမြှုမန်းဆေး


mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNNEWS

# ကြိုတင်မဲများအပေါ် သံသယဖြစ်စရာမရှိ

**ရန်ကုန် စက်တင်ဘာ ၁၇**

မဲဆန္ဒရှင် ပြည်သူများအနေဖြင့် ကြိုတင်မဲအပေါ် သံသယဖြစ်စရာ မလိုကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးကိုကိုက ပြောကြားသည်။

"မဲဆန္ဒရှင် ပြည်သူတွေအနေနဲ့ ကြိုတင်မဲအပေါ် သံသယဖြစ်စရာ မလိုပါဘူး။ ကြိုတင်မဲပေးသူတွေရဲ့ စာရင်းကို ပုံစံ ၁၃ နဲ့ ရပ်/ကျေး ကော်မရှင်ရုံးတွေမှာ ကပ်ထားပေးမှာ ဖြစ်ပါတယ်။ ဒီစာရင်းနဲ့ ကြိုတင်မဲ အရေအတွက် တိုက်ဆိုင်စစ်ဆေး ကြည့်မယ်ဆိုရင် ကြိုတင်မဲဘယ် လောက်ရှိတယ်ဆိုတာ သိနိုင်မှာ ဖြစ်တဲ့အတွက် ကြိုတင်မဲအပေါ် သံသယဖြစ်စရာမရှိပါဘူး"ဟု ဦးကိုကိုက မကြာသေးမီက ရန်ကုန်မြို့ ချက်ထရီယံဟိုတယ်၌ ပြုလုပ်သော မီဒီယာဆွေးနွေးပွဲတွင် ပြောကြားခဲ့သည်။

ပြီးခဲ့သော ၂၀၁၀ ရွေးကောက်ပွဲ ရလဒ်များအရ ကြိုတင်မဲအရေ အတွက်များ အများအပြား ထွက်ပေါ်လာမည်ကို ရွေးကောက်ခံပါတီများနှင့် မဲဆန္ဒရှင် ပြည်သူများက စိုးရိမ်ပူပန်လျက်ရှိသော်လည်း ကြိုတင်မဲပေးသူများ စာရင်းကို ရပ်/ကျေး ကော်မရှင်ရုံးများတွင် ကပ်ထားမည်ဖြစ်၍ စိုးရိမ်စရာမရှိကြောင်း သိရသည်။

ကြိုတင်မဲပုံစံနှစ်မျိုး ရှိပါသည်။ မဲဆန္ဒနယ်ပြင်ပရောက်နေ၍ ကြိုတင်မဲပေးခွင့်ရှိသူများနှင့် မဲဆန္ဒနယ်အတွင်း ရှိနေသော်လည်း ကြိုတင်မဲပေးခွင့်ရှိသူများဟူ၍ ဖြစ်သည်။ မဲဆန္ဒနယ်ပြင်ပ(သို့မဟုတ်) ပြည်ပသို့ ရောက်ရှိနေသူများသည် မိမိတို့ မဲဆန္ဒနယ်ရှိရာ အရပ်ဒေသသို့ ကြိုတင်မဲပေးလိုကြောင်း၊ မိမိတို့ အကြီးအမှူးများထံ ပုံစံ ၁၅ ဖောင် ယူဖြည့်စွက် လျှောက်ထားခြင်းဖြင့် ကြိုတင်မဲပေးနိုင်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တပ်မတော်သားများနှင့်အတူနေ မိသားစုဝင်များသည် ယင်းတို့၏ တပ်မှူးထံသို့လည်းကောင်း၊ ကျောင်းသားများ၊ သင်တန်းသားများသည် ကျောင်းအုပ်ကြီးသို့မဟုတ် ပါမောက္ခချုပ်ထံသို့လည်းကောင်း၊ ဆေးရုံအတွင်း လူနာများသည် ဆေးရုံတာဝန်ခံများထံသို့လည်းကောင်း၊ အစိုးရခွင့်ပြုချက်ဖြင့် ပြည်ပရောက်နေသူများသည် ကောင်စစ်ဝန်ထံတွင် လည်းကောင်း ကြိုတင် မဲများပေးနိုင်ကြောင်း သိရသည်။

မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် အထက်ပါ အကြီးအမှူးများထံမှ တစ်ဆင့် ကြိုတင်မဲများရယူပြီး ကြိုတင်မဲပေးမည့်သူ စာရင်းကို ရပ်/ကျေး ကော်မရှင်ရုံးတွင် ကပ်ထားရမည်ဖြစ်ကြောင်း သိရသည်။

တစ်ဖန် မဲဆန္ဒနယ်အတွင်း ရှိနေသော်လည်း ကြိုတင်မဲပေးနိုင်သူများရှိပါသည်။ ယင်းတို့မှာ မဲပေးမည့်နေ့တွင် ခရီးသွားရန်ရှိသူ၊ အနာကြီးရောဂါစွဲကပ်နေသူ၊ ရောဂါဝေဒနာပြင်းထန်စွာ ခံစားနေရသူ၊ အသက်အရွယ်ကြီးရင့်သူ၊ မီးဖွားနေသူ၊ အချုပ်အနှောင်ခံနေရသူ၊ အစိုးရအသိအမှတ်ပြု ဆေးရုံတွင်း လူနာ၊ နိုင်ငံ့ဝန်ထမ်း ယာယီတာဝန်သွားရောက်နေသူများ ဖြစ်သည်။ ယင်းသူများထံမှ ကြိုတင်မဲပေးလိုသူများသည် ကိုယ်တိုင် သို့မဟုတ် အခြားသူတစ်ဦးမှ တစ်ဆင့် ကော်မရှင်သို့ အကြောင်းကြားလျှင် ကော်မရှင်အဖွဲ့ဝင်နှစ်ဦးက အိမ်သို့လာရောက်၍ စီစဉ်ပေးရမည်ဖြစ်သည်။ မဲဆန္ဒရှင်၏ရှေ့တွင် ၎င်း၏ဆန္ဒအတိုင်း ဆန္ဒမဲပေးရမည်ဖြစ်ကြောင်း သိရသည်။

**ကြဲတိုင်းအောင်**

**ရွေးကောက်ပွဲကျင်းပရန်**


**၅၁**


**ရက်သာလိုတော့သည်။**













၂၀၁၅ ရွေးကောက်ပွဲတွင် မဲပေးရာ၌ အသုံးပြုမည့် တံဆိပ်တုံးပုံစံနမူနာ။

## အောင်လံမြို့နယ် ရပ်ကွက်၊ ကျေးရွာများတွင် မဲစာရင်းများ စတင်ကြေညာ

**အောင်လံ စက်တင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ်၌ နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် ရွေးကောက်ပွဲ၌ ဆန္ဒမဲပေးနိုင်ရေးအတွက် ရပ်ကွက်၊ ကျေးရွာများမှ မဲဆန္ဒရှင်ပြည်သူ များ သိရှိနိုင်ရန် မဲဆန္ဒရှင်ပြည်သူများ၏ အမည်စာရင်းများကို စက်တင်ဘာ ၁၄ ရက်မှစတင်၍ ဒုတိယအကြိမ်မြောက် သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲရုံးများ၌ ကြေညာထားလျက်ရှိရာ လုပ်သားပြည်သူများက မိမိ၏အမည်များ ပါ/မပါ၊ လွဲမှားမှု ရှိ/ မရှိ လာရောက်ကြည့်ရှုကြကြောင်း တွေ့ရှိရသည်။ စမ်းချောင်းရပ်ကွက်ရှိ ကော်မရှင်အဖွဲ့ခွဲရုံး၌ စက်တင်ဘာ ၁၄ ရက်က မဲဆန္ဒရှင် လုပ်သားပြည်သူများ လာရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

# အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီ (NDPD)က ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၁၇

**အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ဒီမိုကရက်တစ်ပါတီ (NDPD)ဥက္ကဋ္ဌ ဦးမောင်မောင်နီက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၁၇ ရက် ညပိုင်းက ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**




**လေးစားအပ်တဲ့ မိဘပြည်သူများခင်ဗျား-**

မဲဆန္ဒရှင်ပြည်သူအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သပါတယ်။

ကျွန်တော်ကတော့ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ဒီမိုကရက်တစ်ပါတီ (NDPD) ရဲ့ ဥက္ကဋ္ဌ ဦးမောင်မောင်နီဖြစ်ပါတယ်။ ကျွန်တော် ယခုတင်ပြမှာကတော့ (NDPD) ပါတီကိုယ်စား ပါတီရဲ့မူဝါဒသဘောထား အကျဉ်းချုပ်နှင့် လုပ်ငန်းစဉ်အချို့ပဲ ဖြစ်ပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် သမိုင်းအဆက်ဆက်မှာ ပြည်ထောင်စုဖွားအားလုံး အေးအတူပူအမျှ ဥမကွဲသိုက်မပျက် အတူတကွလက်တွဲနေထိုင်ခဲ့ပြီး လူမျိုးမရွေး၊ ဘာသာမရွေး အလွှာအသီးသီးတို့က နယ်ချဲ့တို့ကြောင့် ဆုံးရှုံးခဲ့ရတဲ့ လွတ်လပ်ရေးကို ပြန်လည်ရယူဖို့ တိုက်ပွဲဝင်ခဲ့ကြတယ်။ လွတ်လပ်ရေးရပြီးတဲ့ နောက်ပိုင်းမှာလည်း ဒီမိုကရေစီထွန်းကားတဲ့ နိုင်ငံတော်အဖြစ် တည်ဆောက်ဖို့ ပြည်ထောင်စုဖွားအားလုံး ကြိုးပမ်းခဲ့ကြတယ်။

ယခုလည်းပဲ ပြည်ထောင်စုဖွား ပြည်သူပြည်သားအားလုံးက ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရန် ဆန္ဒပြုထားသည့်အတိုင်းပဲ ကျွန်ုပ်တို့ ပါတီအနေဖြင့်လည်း ဒီမွန်မြတ်တဲ့ဆန္ဒကို အကောင်အထည်ဖော်ဖို့ ကြိုးပမ်းဆောင်ရွက်ဖို့ ဖွဲ့စည်းရခြင်းဖြစ်ပါတယ်။

**ဒီမိုကရေစီ မြတ်နိုးတဲ့ မိဘပြည်သူများခင်ဗျား-**

ကျွန်တော်ယခုတင်ပြမှာကတော့ ပါတီရဲ့ ရည်ရွယ်ချက်ဖြစ်ပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်မှာ ပြည်ထောင်စုဖွားလူမျိုးအားလုံး လူမျိုး၊ ဘာသာ ဒေသ အဆင့်အတန်း ခွဲခြားမှုမရှိဘဲ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ သာတူညီမျှခြင်း တည်းဟူသော လောကပါလတရားများကို အခြေပြုတဲ့ မြန်မာ့လူ့ဘောင်သစ်တစ်ရပ် ဖော်ဆောင်ပြီး ထာဝစဉ် တည်တံ့နိုင်ရေးအတွက် ပါတီအနေဖြင့် ဦးတည်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပါတယ်။

ဒ့ါအပြင် ပြည်ထောင်စုဖွားအားလုံး အချင်းချင်း မလိုမုန်းတီးမှုဖြစ်ပေါ်စေသည့် ပယောဂများ ဖန်တီးမှုများ ချုပ်ငြိမ်းစေပြီး အတူတကွ လက်တွဲနေထိုင်ခဲ့သည့် အစဉ်အလာရှိသည့်အတိုင်း စိတ်ညီ၊ လက်ညီ၊ ညီညီညွတ်ညွတ်ဖြင့် ပြည်ထောင်စုကြီး မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ပြုစုပျိုးထောင်သွားရန်လည်း ရည်ရွယ်ပါသည်။

ပြည်ထောင်စုကြီး စည်းလုံးညီညွတ်မှုနှင့် အချုပ်အခြာအာဏာကို မထိခိုက်သည့် ငြိမ်းချမ်းရေးလုပ်ငန်းများ၊ တည်ဆောက်ရေးလုပ်ငန်းများတွင်လည်း ပါဝင်ဆောင်ရွက်ရန် ပါတီအနေဖြင့် ရည်ရွယ်ပါတယ်။

ဖော်ဆောင်ပြီးတဲ့ နိုင်ငံတော်သစ်နှင့် မြန်မာ့လူ့ဘောင်သစ်ကို ပြည်ထောင်စုဖွားအားလုံးနှင့်အတူ ညီညီညွတ်ညွတ်ဖြင့် အစဉ်ထိန်းသိမ်းကာကွယ်စောင့်ရှောက် ပြုစုပျိုးထောင်သွားဖို့လည်း ဒီပါတီအနေနဲ့ ရည်ရွယ်ထားပါတယ်။

ပြည်ထောင်စုဖွား လူမျိုးအချင်းချင်း၊ ဘာသာအချင်းချင်း အပြန်အလှန်အသိအမှတ်ပြုမှု၊ ချစ်ကြည်လေးစားမှု၊ စာနာထောက်ထားမှု၊ ရိုင်းပင်းကူညီမှု ရရှိကြစေရေးနှင့် နားလည်မှုတည်ဆောက်ရေးကိုလည်း ကျွန်တော်တို့ပါတီအနေနဲ့ ရည်ရွယ်ထားပါတယ်။

**လေးစားအပ်တဲ့ သောတရှင် မိဘပြည်သူများခင်ဗျား-**

အထက်ပါ ရည်ရွယ်ချက်များ အောင်မြင်နိုင်ရေးအတွက် အောက်ပါ နိုင်ငံရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

နိုင်ငံသားတိုင်း စည်းကမ်းပြည့်ဝသည့် မြန်မာ့လူ့ဘောင်နဲ့ကိုက်ညီသော ဒီမိုကရေစီဖော်ဆောင်ရေးကို ချစ်မြတ်နိုး၍ အစဉ်လေးစားလိုက်နာရန် စည်းရုံးသွားမည်။

မြန်မာ့လူ့ဘောင်အတွက် အကျိုးမပြုတဲ့အတွေးအခေါ် အယူအဆများ ပပျောက်ချုပ်ငြိမ်းအောင် ပညာပေးစည်းရုံးသွားမည်။

မည်သည့်အကြမ်းဖက်ဝါဒနှင့် အခြားလက်ဝဲလက်ယာ အစွန်းရောက်သည့်ဝါဒမျိုးကိုမဆို အစဉ်အမြဲ ဆန့်ကျင်သွားမည်။

လောကပါလတရားကို အခြေပြုသည့် မြန်မာ့လူ့ဘောင်သစ်ကို အစဉ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် ပြည်ထောင်စုဖွား လူမျိုးပေါင်းစုံ အလွှာအသီးသီးတို့နှင့် တွေ့ဆုံဆွေးနွေးရေး အပြန်အလှန်ချစ်ကြည်မှု တည်ဆောက်ရေးကို ကြိုးပမ်းဆောင်ရွက်သွားမည်။

ရွေးကောက်ပွဲမှာ မိမိတို့ပါတီနှင့် ပူးပေါင်းဆောင်ရွက်လိုသော(သို့) အားပေးကူညီသောပါတီများ၏ ကိုယ်စားလှယ်လောင်းများကို အားပေးကူညီသွားမည်။

တစ်နိုင်ငံလုံးရှိ မဲဆန္ဒရှင်များက တိုက်ရိုက်ရွေးချယ်တင်မြှောက်သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှဖွဲ့စည်းပုံအခြေခံဥပဒေအရ အမည်စာရင်းတင်သွင်းသည့် တပ်မတော်သားကိုယ်စားလှယ်များနဲ့ ပူးပေါင်းပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်သွားမည်။

ပြည်ထောင်စုဖွားလူမျိုးအားလုံး လူမျိုးဘာသာအဆင့်အတန်းခွဲခြားမှုမရှိသော တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ သာတူညီမျှခြင်းနဲ့ပြည့်စုံသည့် မြန်မာ့လူ့ဘောင်သစ်တစ်ရပ်ကို ဖော်ဆောင်သွားမည်။

ပြည်ထောင်စုဖွားပြည်သူပြည်သားအားလုံး ပြည်ထောင်စုတစ်ဝန်းလုံးတွင် လွတ်လွတ်လပ်လပ်သွားလာလှုပ်ရှား အသက်မွေးဝမ်းကျောင်းပြုနိုင်ရေးကို ဆောင်ရွက်သွားမည်။

**လေးစားအပ်တဲ့သောတရှင်မိဘပြည်သူများခင်ဗျား-**

ဆက်လက်ပြီးတော့ နိုင်ငံခြားရေးမူဝါဒကို တင်ပြမှာဖြစ်ပါတယ်။

တစ်နိုင်ငံနဲ့တစ်နိုင်ငံ(အထူးသဖြင့်အိမ်နီးချင်းနိုင်ငံများနှင့်)အပြန်အလှန် ချစ်ကြည်ရင်းနှီးမှုနှင့် တစ်နိုင်ငံ၏ပြည်တွင်းရေးကို အခြားတစ်နိုင်ငံက ဝင်ရောက်မစွက်ဖက်ရေးကို အခြေခံတဲ့ဘက်မလိုက် ပေါ်လစီကိုကျင့်သုံးမည်။

ပညာရေးကဏ္ဍကို တင်ပြရမယ်ဆိုရင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အသွေးမြင့်တဲ့ပညာရေးဟာ အဓိကပဲ။ လူတစ်ဦးချင်းရဲ့ပညာအရည်အသွေးတွေ မြှင့်တင်ပေးဖို့လိုပါတယ်။ ဒါကြောင့် Teacher Oriented System ကနေ Student Oriented System ကို ဖော်ဆောင်ကြိုးပမ်းအားထုတ်သွားပါမယ်။ အခြေခံပညာကို မသင်မနေရပြဋ္ဌာန်းသွားမယ်။ နိုင်ငံတော်ကြီးတည်ဆောက်ရေးအတွက် ခေတ်မီဘက်စုံပညာရေးထွန်းကားအောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

စီးပွားရေးကဏ္ဍကို တင်ပြရမယ်ဆိုရင် ပြိုင်ဆိုင်မှုရှိတဲ့ ဈေးကွက်စီးပွားရေးစနစ်ကို အားပေးသွားပါမယ်။ နိုင်ငံတစ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်ရာမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဟာ များစွာအရေးပါပါတယ်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် **"လွတ်လပ်သော အမျိုးသားစီးပွားရေး မူဝါဒ"** ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်သွားပါမယ်။ အခြေခံမူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်၊ ဖက်စပ်ပိုင် (Joint Venture) တို့ကို ဆောင်ရွက်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာအောင် စည်းရုံးသွားပါမယ်။ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ၊ ပုဂ္ဂလိကဆေးရုံများကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားပါမယ်။ Health Insurance System တစ်ခုရေးဆွဲပြဋ္ဌာန်းပြီး စွမ်းဆောင်အကောင်အထည်ဖော်သွားပါမယ်။


လယ်ယာကဏ္ဍကိုတင်ပြရရင် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ တိုးတက်ပြောင်းလဲနိုင်ရန် ကူညီပံ့ပိုးသွားပါမယ်။ လယ်ယာထွက်ကုန်များ ရောင်းချနိုင်ရေးအတွက် ဈေးကွက်ဖန်တီးပေးပါမယ်။ လယ်ယာလုပ်ကိုင်နိုင်သူ လယ်လုပ်ပိုင်ခွင့် ရရှိစေရပါမယ်။

အလုပ်သမားထုတစ်ရပ်လုံးအတွက်လည်း Social Insurance System တစ်ခုရေးဆွဲပြီး အလုပ်သမားထုတစ်ရပ်လုံး၏ အခြေခံအခွင့်အရေးများကို အပြည့်အဝခံစားနိုင်အောင် စွမ်းဆောင်အကောင်အထည်ဖော်သွားမည်။

ပြည်သူလူထုစားဝတ်နေရေးနဲ့ပတ်သက်ပြီး တင်ပြရရင် အခြေခံစားကုန်သောက်ကုန်တွေဈေးနှုန်းတည်ငြိမ်ရေးနဲ့ ပြည်တွင်းဖူလုံရေးကို အဓိကထားဆောင်ရွက်သွားပါမယ်။ တစ်ဖက်တစ်လမ်းမှ ပို့ကုန်မြှင့်တင်ရေးကို အခြေပြုတဲ့စီးပွားရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်သွားပါမယ်။

နိုင်ငံဝန်ထမ်းအရေးနှင့်ပတ်သက်ပြီး ဝန်ထမ်းများ၏ လုပ်ခ/လစာကို ခေတ်ကာလနဲ့ လိုက်လျောညီထွေဖြစ်စေရေး၊ ဖူလုံရေးကို အဓိကထားပြီး သတ်မှတ်ဆောင်ရွက်ပေးပါမယ်။ ဒ့ါအပြင် အငြိမ်းစားဝန်ထမ်းများအတွက်လည်း မှီခိုမှုကင်းမဲ့ပြီး စားဝတ်နေရေးဖူလုံလောက်ငသော အငြိမ်းစားလစာများကို ချီးမြှင့်ပေးသွားပါမယ်။

လူ့အခွင့်အရေးနဲ့ပတ်သက်ပြီး တင်ပြရရင် လူမှုရေးတရားမျှတမှု၊ စီးပွားရေးတရားမျှတမှု၊ နိုင်ငံရေးတရားမျှတမှုရှိစေရပါမယ်။ အခြေခံဥပဒေနဲ့အညီ လွတ်လပ်စွာ ရေးသားပြောဆိုပိုင်ခွင့်၊ လွတ်လပ်စွာ စည်းရုံးပိုင်ခွင့်၊ ဘာသာတရားကို လွတ်လပ်စွာကိုးကွယ်ပိုင်ခွင့်၊ လွတ်လပ်စွာဝမ်းစာရှာပိုင်ခွင့်နှင့် နိုင်ငံတော်အတွင်း လွတ်လပ်စွာ သွားလာနေထိုင်ပိုင်ခွင့်ရှိစေရပါမယ်။




မျိုးဆက်သစ်လူငယ်များအရေးနဲ့စပ်လျဉ်းပြီး ဆက်လက်တင်ပြရရင် လူငယ်များဟာ နောင်အနာဂတ်မှာ တိုင်းပြည်ရဲ့ သားကောင်းရတနာများဖြစ်ကြတဲ့ အားလျော်စွာနိုင်ငံ့ခေါင်းဆောင်များ၊ အသိပညာရှင်များ၊ အတတ်ပညာရှင်များ၊ လုပ်သားကောင်းများဖြစ်အောင် ပြုစုပျိုးထောင်သွားပါမယ်။ ဒ့ါကြောင့် လူငယ်များကို မိမိတတ်ကျွမ်းသည့်ပညာနဲ့အညီ ထူးချွန်မှုအလိုက် ပြည်ပသို့သွားရောက် အလုပ်လုပ်ကိုင်ခွင့်၊ ပညာသင်ကြားခွင့်ပေးရပါမယ်။ တစ်ဖက်မှာလည်း လူငယ်များ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးနဲ့ နိုင်ငံတကာရေးရာ များအပေါ် အမြင်ကျယ်ရေးကို ပြုစုပျိုးထောင်ပေးပါမယ်။

တပ်မတော်ကဏ္ဍကို တင်ပြရရင် တပ်မတော်သည် အစဉ်အလာကြီးမားခဲ့သော မျိုးချစ်တပ်မတော်အဖြစ် ရပ်တည်လျက် အချုပ်အခြာတည်တံ့ခိုင်မြဲရေး၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတပ်မတော်အဖြစ် ရပ်တည်ခွင့်ရရှိစေရပါမယ်။ စာပေယဉ်ကျေးမှုနှင့် လူမှုရေးကဏ္ဍကို ဆက်လက်တင်ပြမှာဖြစ်ပါတယ်-

ပြည်ထောင်စုဖွားလူမျိုးအားလုံး၏ စာပေ၊ ဘာသာစကား၊ ဓလေ့ထုံးတမ်းစဉ်လာ၊ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းကာကွယ်ရင်း တစ်ဖက်မှာလည်း ဖွံ့ဖြိုးမှုလုပ်ငန်းများကို အားပေးကူညီသွားမည်။ အလုပ်လက်မဲ့ဖြစ်နေသူများအတွက် အလုပ်အကိုင်ရရှိစေရန် နိုင်ငံတော်ဘဏ္ဍာငွေထဲမှ လိုအပ်သလိုသုံးစွဲပြီး အလုပ်အကိုင်ဖန်တီးပေးခြင်း၊ မိဘမဲ့ကလေးများအား ကူညီစောင့်ရှောက်ခြင်း၊ သက်ကြီးရွယ်အိုများအတွက် ဘိုးဘွားရိပ်သာများ တည်ဆောက်ပေးခြင်းများ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် လမ်းပန်းဆက်သွယ်ရေးအပေါ်မူတည်သည့်အလျောက် တစ်နိုင်ငံလုံး လမ်းပန်းဆက်သွယ်ရေး လွယ်ကူအောင် လိုအပ်သလို ဆောင်ရွက်သွားပါမည်။

ကျွန်တော်တို့ **"အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီ"** ၏ ဆောင်ပုဒ်တွေကတော့-

၁- ပြည်ထောင်စုဖွား၊ ပြည်သူများ
ဘာသာလူမျိုး၊ မခွဲခြား
တန်းတူခွင့်ရေး၊ ရစေသား။

၂- ပြည်သူများအတွက်
လိုအပ်လာပြီ၊ ဒီမိုကရေစီ
ညီနောင်များအတွက်
ပေါ်ထွက်လာပြီ၊ NDPD

၃- အမျိုးသားတိုင်း ဒီမိုကရေစီရရှိရေးသည် . . . ပထမ
အမျိုးသားငြိမ်းချမ်းရေးသည် . . . အဓိက
အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးသည် . . . ပဓာန

၄- အမျိုးရေးရာ ဆောင်ရွက်ဖို့
NDPD ဝင်ကြစို့။

၅- မြန်ပြည်တစ်လွှား၊ ကျင်းပတော့မည်
ပါတီစုံညီ၊ ဒီမိုကရေစီ
အမျိုးသားတို့၊ ရွေးချယ်သင့်ပြီ
မဲတစ်ပြားနှင့် NDPD
တို့ဖြစ်ပါတယ်။

**လေးစားအပ်တဲ့မိဘပြည်သူများခင်ဗျား-**

နိဂုံးချုပ်တင်ပြရရင် ကျွန်တော်တို့ပါတီဟာ စာအုပ်ကလောင်တံဆိပ်ဖြင့် အရွေးခံမှာဖြစ်ပါတယ်။ လာမည့် ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့မှာကျင်းပမယ့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးဟာ မိမိတို့ရဲ့ မဲတစ်ပြားနဲ့ မိမိတို့လိုလား တောင့်တနေတဲ့ ဒီမိုကရေစီစနစ်၊ မိမိတို့လိုချင်တဲ့ အခွင့်အရေး၊ မိမိတို့ ဆောင်ရွက်လိုတဲ့ အမျိုးသားရေးတို့ကို ဆောင်ရွက်ခွင့်ရမှာဖြစ်တဲ့အတွက် ဒီမဲတစ်ပြားကို တန်ဖိုးရှိရှိသုံးတတ်ဖို့ အရေးကြီးလာပါတယ်။ မိမိရဲ့ မဲတစ်ပြားတန်ဖိုးကို သိရှိနားလည်ပြီး လာရောက်မဲထည့်ကြဖို့လည်း မှာကြားလိုပါတယ်။

ပြည်သူတို့အနေဖြင့် ဝေဖန်သုံးသပ်ပြီး လူမျိုးဘာသာ ခွဲခြားမှုမရှိဘဲ တန်းတူအခွင့်အရေးရအောင် ကြိုးပမ်းဆောင်ရွက်နေတဲ့၊ ဒီမိုကရေစီလိုလားတဲ့ ကျွန်တော်တို့ပါတီ၏ ကိုယ်စားလှယ်လောင်းများကို အားပေးထောက်ခံပေးကြပါ။ မိမိတို့၏မဲတစ်ပြားနဲ့ **"စာအုပ်ကလောင်"** တံဆိပ် NDPD ကို အမှန်ခြစ် ရွေးချယ်သင့်ပြီ။ အမျိုးသားရေးဆောင်ရွက်ဖို့ **"စာအုပ်ကလောင်"** တံဆိပ်ကိုမဲထည့်ကြပါစို့လို့ ပြောကြားရင်း နှုတ်ခွန်းဆက်သလိုက်ပါတယ်။

သောတရှင်အပေါင်း-

ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာတော်မူကြပါစေ။

# ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၁၇

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီအထွေထွေအတွင်းရေးမှူး ဦးတင်နိုင်သိန်းက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို စက်တင်ဘာ ၁၇ ရက် ညပိုင်းက ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**လေးစားချစ်ခင်အပ်ပါသော မိဘပြည်သူများခင်ဗျား-**

ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီက အထွေထွေအတွင်းရေးမှူး ဦးတင်နိုင်သိန်း ဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီဟာ ၂၀၁၀ ခုနှစ် ပါတီစုံအထွေထွေရွေးကောက်တင်မြှောက်ပွဲမှာ မိဘပြည်သူများရဲ့ ချစ်ခင်ယုံကြည်မှု၊ အားပေးထောက်ခံမှုကြောင့် အစိုးရဖွဲ့နိုင်ခဲ့တဲ့ပါတီဖြစ်ပါတယ်။ အဲ့ဒီအချိန်ကတည်းက မိဘပြည်သူများရဲ့ ယုံယုံကြည်ကြည် မဲပေးအပ်နှင်းလိုက်တဲ့ နိုင်ငံ့တာဝန်တွေကို ဦးထိပ်ပန်ဆင်ပြီး ပြည်သူတွေအတွက် ပြန်လည်အလုပ်အကျွေးပြု ကျေးဇူးဆပ်နိုင်အောင်အစဉ်တစိုက် ကြိုးပမ်းအားထုတ်ဆောင်ရွက်ခဲ့ပါကြောင်း ဦးစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**မိဘပြည်သူများခင်ဗျား-**

ပြည်သူတွေလိုလားနေတဲ့ ဒီမိုကရေစီနိုင်ငံအဖြစ် စတင်ပြောင်းလဲပေးခဲ့တဲ့အစိုးရဟာ ကျွန်တော်တို့ပါတီရဲ့ အစိုးရဖြစ်လို့ **"ဒီမိုကရေစီပြောင်းလဲမှုအစ ပြည်ခိုင်ဖြိုးက"** လို့ ဆိုရမှာဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံအနေနဲ့ ဒီမိုကရေစီနိုင်ငံအဖြစ် ပြုပြင်ပြောင်းလဲတည်ဆောက်ရာမှာအဆင့်(၃)ဆင့်နဲ့ ကြိုတင်ပြင်ဆင်ပြောင်းလဲခဲ့တာ ဖြစ်ပါတယ်။

ပထမအဆင့်ဖြစ်တဲ့ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးအကြိုပြင်ဆင်မှုအဆင့်တွင် ယခင်တပ်မတော်အစိုးရက ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို တိုင်းရင်းသားပြည်သူအလွှာပေါင်းစုံနဲ့ အချိန်ယူရေးဆွဲပြဋ္ဌာန်းခဲ့ပါတယ်။ အဲဒီနောက် ၂၀၁၀ ခုနှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲ ကျင်းပပေးပြီး လွှတ်တော်နဲ့အစိုးရဖွဲ့စည်းနိုင်အောင် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ရောက်ရှိအောင် ကြိုတင်ပြင်ဆင်စီစဉ်ပေးခဲ့ပါတယ်။

ဒုတိယအဆင့်ဖြစ်တဲ့ ဒီမိုကရေစီနိုင်ငံတည်ဆောက်ရန်အတွက် အသွင်ကူးပြောင်းရေးအဆင့်တွင် ပါတီဥက္ကဋ္ဌ ဦးသိန်းစိန်အနေနဲ့ နိုင်ငံတော်သမ္မတတာဝန်စတင်ထမ်းဆောင်ကတည်းက ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းတွေကို ညင်သာချောမွေ့စွာနဲ့ အောင်မြင်အောင်ဖော်ဆောင်ပေးနိုင်ခဲ့ပါတယ်။ ဒါကြောင့် နိုင်ငံတကာက အသိအမှတ်ပြုမှုနဲ့အတူ မြန်မာနိုင်ငံရဲ့ နိုင်ငံတကာဆက်ဆံရေးအခြေအနေဟာ သိသာထင်ရှားစွာ ပြောင်းလဲတိုးတက်ခဲ့တာကို မိဘပြည်သူများအားလုံး သိရှိပြီးဖြစ်ပါတယ်။

တတိယအဆင့်ဖြစ်တဲ့ ဒီမိုကရေစီရှင်သန်ဖွံ့ဖြိုးရင့်ကျက်ခိုင်မာသည့်အဆင့်ကိုမကူးပြောင်းမီ၊ ပြည်တွင်းပဋိပက္ခများနဲ့တိုင်းရင်းသား လူမျိုးစုပြဿနာများစတဲ့ စိန်ခေါ်မှုများကြောင့် တည်ငြိမ်အေးချမ်းမှုရရှိအောင် ဦးစားပေးဆောင်ရွက်ရန် လိုအပ်လာခဲ့ပါတယ်။ အထူးသဖြင့် နိုင်ငံတော်အစိုးရက အပစ်အခတ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးတို့အတွက် တိုင်းရင်းသားအဖွဲ့အစည်းအားလုံးနဲ့ တွေ့ဆုံဆွေးနွေးခြင်းဖြင့် အဖြေရှာဆောင်ရွက်ခဲ့ပါတယ်။ ဆွေးနွေးပွဲရလဒ်အောင်မြင်မှုအဖြစ် နိုင်ငံရေးအခြေခံမူနှစ်ခုဖြစ်တဲ့ လက်နက်ကိုင်ပဋိပက္ခများကို နိုင်ငံရေးနည်းလမ်းနဲ့ ဆက်လက်ဆွေးနွေးအဖြေရှာဆွေးနွေးရန်ဆိုတဲ့မူနဲ့ တိုင်းရင်းသားများရဲ့ တန်းတူရည်တူရှိမှုအတွက် ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ပြည်ထောင်စုကြီးကို ဝိုင်းဝန်းတည်ဆောက်ရေးဆိုတဲ့မူကို သဘောတူညီချက်ရရှိခဲ့ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကိစ္စကို ကျွန်တော်တို့ပါတီအနေနဲ့ မူအားဖြင့် သဘောတူပြီးဖြစ်ပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်အတွက် နိုင်ငံရေးဆွေးနွေးပွဲများကျင်းပပြီး ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုတည်ဆောက်ရာတွင် လိုအပ်မည့် ဥပဒေအချက်အလက်များသာမက၊ ဒီမိုကရေစီရှင်သန်ဖွံ့ဖြိုးရင့်ကျက်ခိုင်မာရေးအတွက် လိုအပ်မည့် ဥပဒေအချက်အလက်များကိုပါ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖြည့်စွက်ပြင်ဆင်ရန်မလွဲမသွေလိုအပ်လာမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ပြည်တွင်းငြိမ်းချမ်းရေးဆိုင်ရာ နိုင်ငံရေးဆွေးနွေးပွဲများ ပြုလုပ်ညှိနှိုင်းပြီးသည့် အချိန်အခါတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြည့်စွက်ပြင်ဆင်ရေးအတွက် ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ယခုလို ပြည်တွင်းငြိမ်းချမ်းရေးမရရှိသေးမီ ပြည်တွင်းပဋိပက္ခများ ရှိနေဆဲကာလတွင် တပ်မတော်ဟာ လွှတ်တော်၊ အစိုးရ၊ တိုင်းရင်းသားပြည်သူတို့နဲ့အတူ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရမယ့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ကျွန်တော်တို့ပါတီက ရှုမြင်ပါတယ်။

ထာဝရငြိမ်းချမ်းရေးရရှိပြီး တိုင်းပြည်တည်ငြိမ်အေးချမ်းတဲ့အချိန်မှာ တပ်မတော်ဟာ နိုင်ငံရေးထက် နိုင်ငံတော်ကာကွယ်ရေး တာဝန်ကိုပြောင်းလဲထမ်းဆောင်သွားရမှာဖြစ်လို့ လွှတ်တော်အတွင်း နိုင်ငံရေးဟာလည်း တဖြည်းဖြည်း ပြောင်းလဲသွားမှာ ဖြစ်ပါတယ်။

သို့မှသာလျှင် **"နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ဖို့ အခွန့်ရှည်တည်တံ့ခိုင်မြဲရေး"** ဆိုတဲ့ ကျွန်တော်တို့ပါတီရဲ့ ရည်မှန်းချက်အတိုင်း တစ်နိုင်ငံလုံး အေးချမ်းသာယာပြီးစီးပွားရေး ဖွံ့ဖြိုးမှုနဲ့အတူ ဒီမိုကရေစီရှင်သန်ဖွံ့ဖြိုး ရင့်ကျက်ခိုင်မာတဲ့အဆင့်သို့ မလွဲမသွေရောက်ရှိလိမ့်မယ်လို့ ယုံကြည်ပါတယ်။

နိုင်ငံအေးချမ်းသာယာရေးအတွက် **"စစ်မှန်သော ထာဝရငြိမ်းချမ်းရေးရရှိရန်"** လိုအပ်သလို၊ နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်ရန်အတွက် **"ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံအဖြစ်မှ လွတ်မြောက်ရေး"** နဲ့ **"အလယ်အလတ်အဆင့်ဝင်ငွေရှိသော နိုင်ငံအဖြစ်သို့ရောက်ရှိရေး"** ကြိုးစားဆောင်ရွက်ရန် လိုအပ်ပါတယ်။ ဒီလုပ်ငန်းစဉ်များဟာ မြန်မာနိုင်ငံအနေနဲ့ မဖြစ်မနေ လုပ်ဆောင်ရမယ့် လိုအပ်ချက်များဖြစ်တဲ့အတွက်ကြောင့် ကျွန်တော့်ပါတီရဲ့ အဓိကဦးစားပေးတာဝန်အဖြစ် ပြည်သူများနဲ့အတူ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မိဘပြည်သူများခင်ဗျား-**

ဒီမိုကရေစီနိုင်ငံအဖြစ် ထူထောင်တဲ့နေရာမှာ ဒီမိုကရေစီစနစ် ရှင်သန်ဖွံ့ဖြိုးရင့်ကျက်ခိုင်မာဖို့အတွက် အခြေခံအုတ်မြစ်ဖြစ်တဲ့ ဥပဒေ၊ နည်းဥပဒေတွေကို ခေတ်စနစ်နဲ့ကိုက်ညီအောင် လွှတ်တော်က ပြင်ဆင်ပြဋ္ဌာန်းရေးဆောင်ရွက်လျက်ရှိပါတယ်။

အစိုးရအဖွဲ့ကလည်း ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကာလမှာ ယခင်ခေတ်ဟောင်းစနစ်ဟောင်းက လုပ်နည်းလုပ်ဟန်တွေကို ပြင်ဆင်ရန်လိုအပ်တဲ့အတွက် ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များ အရှိန်မြှင့်တင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

မိမိတို့အစိုးရ စတင်တာဝန်ယူချိန်ကတည်းက တောင်သူလယ်သမားများရဲ့ လူမှုစီးပွားဘဝမြင့်မားရေးကို ဦးတည်ပြီး **"ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များ"** ကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခဲ့ပါတယ်။ ဆက်လက်ပြီး တောင်သူလယ်သမားများအတွက် အနာဂတ်ဘဝအာမခံချက်ရအောင် ဥပဒေများပြဋ္ဌာန်းပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အလားတူ ဝန်ထမ်းများလစာတိုးပေးခြင်း၊ အလုပ်သမားများအတွက် အနည်းဆုံးလုပ်ခကြေးငွေ သတ်မှတ်ပေးခြင်းတို့အပြင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများတိုးချဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးနိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ဆက်လက်ပြီး အလုပ်သမားများရဲ့ အနာဂတ်ဘဝအာမခံချက်ရရှိအောင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ပညာရေးနဲ့ကျန်းမာရေး ကဏ္ဍတွေမှာ ပိုမိုရင်းနှီးမြှုပ်နှံပြီး လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန်နဲ့ မျိုးဆက်သစ်လူငယ်တွေအတွက် ကောင်းမွန်တဲ့အနာဂတ်ကို ဖန်တီးပေးနိုင်ရန် အရည်အသွေးရှိသော နိုင်ငံတကာအဆင့်မီပညာရေးဖြစ်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

တစ်မျိုးသားလုံးလွှမ်းခြုံသည့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်က ကျန်းမာရေးအသုံးစရိတ်များကို သိသိသာသာတိုးမြှင့်အသုံးပြုလျက်ရှိပါတယ်။

အမျိုးသမီးများနှင့်စပ်လျဉ်းပြီး ကဏ္ဍတိုင်းမှာ အမျိုးသမီးများကို အမျိုးသားများနဲ့ တန်းတူပါဝင်နိုင်ရေး၊ အမျိုးသမီးများရဲ့ အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးနဲ့ အမျိုးသမီးများရဲ့အခန်းကဏ္ဍ ပိုမိုတိုးမြင့်အောင် အားပေးမြှင့်တင်သွားမှာ ဖြစ်ပါတယ်။

နိုင်ငံရဲ့ အမျိုးဂုဏ်၊ ဇာတိဂုဏ်ထိန်းသိမ်းမြှင့်တင်ရန်လိုအပ်ပါတယ်။ ဒါကြောင့်တိုင်းရင်းသားအားလုံးရဲ့ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို ထိန်းသိမ်းပြီး စာပေယဉ်ကျေးမှု၊ ရုပ်ရှင်၊ ဂီတ၊ ဇာတ်သဘင်၊ ပန်းချီ၊ ပန်းပု၊ အစရှိတဲ့အနုပညာကဏ္ဍကို အားပေးမြှင့်တင်သွားမှာ ဖြစ်ပါတယ်။

**မိဘပြည်သူများခင်ဗျား-**

နိုင်ငံသားအားလုံး တန်းတူညီမျှမှုအခွင့်အရေး၊ လွတ်လပ်မှုအခွင့်အရေး၊ တရားမျှတမှုအခွင့်အရေးတို့ကို ရရှိခံစားနိုင်ရေး လူ့အခွင့်အရေး၊ ဒီမိုကရေစီအရေးတို့ကို အလေးထားဆောင်ရွက်ပြီး တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ အစိုးရအုပ်ချုပ်ရေးယန္တရား ပိုမိုသန့်ရှင်းတိုးတက်ကောင်းမွန်ရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

နိုင်ငံရဲ့ စီးပွားရေးအခြေအနေကိုကြည့်ရင် စီးပွားရေးတံခါးဖွင့်ဆောင်ရွက်နိုင်ခဲ့မှုကြောင့် ကုန်သွယ်မှုမှာ ၂၀၁၀ ခုနှစ်ကထက် ကုန်သွယ်မှုပမာဏ ၉၁ ရာခိုင်နှုန်းတိုးတက်လာသလို ရင်းနှီးမြှုပ်နှံမှု ၄၅ ရာခိုင်နှုန်းခန့် တိုးတက်လာခဲ့ပါတယ်။

- လွန်ခဲ့တဲ့ ၄ နှစ်ကျော်ကာလအတွင်းမှာ သိသာထင်ရှားတဲ့ လူမှုစီးပွား တိုးတက်မှုများအဖြစ် လျှပ်စစ်မီး၊ မိုဘိုင်းဖုန်းနှင့် အင်တာနက်ဆက်သွယ်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဟိုတယ်ခရီးသွားလုပ်ငန်းနှင့် လေကြောင်းလိုင်း ဖွံ့ဖြိုးတိုးတက်မှု၊ ပညာရေးနဲ့ ကျန်းမာရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး အပိုင်းတွေကို တွေ့ရှိရမှာ ဖြစ်ပါတယ်။
- ယခုအခါ လျှပ်စစ်ဓာတ်အားရရှိသော ကျေးရွာပေါင်း ၂၇၀၀၀ကျော်အထိ တိုးတက် လာခဲ့ပြီး လျှပ်စစ်မီးသုံးစွဲနိုင်သည့် အိမ်ထောင်စုရာခိုင်နှုန်း ၃၀ အထိ တိုးတက်ရောက်ရှိလာကြောင်း တင်ပြအပ်ပါတယ်။
- အင်တာနက်အသုံးပြုသူ ဦးရေ ၁၈ သန်းနီးပါးထိရှိလာပြီး၊ မိုဘိုင်းဖုန်းများ၊ မော်တော်ဆိုင်ကယ်များကို ကျေးလက်နေပြည်သူများ ဈေးနှုန်းချိုသာစွာနဲ့ ပိုမိုဝယ်ယူသုံးစွဲလာနိုင်ခဲ့ပါတယ်။ အလားတူပဲ မော်တော်ကားဝယ်စီးနိုင်သူ လူလတ်တန်းစားဦးရေလည်း သိသာစွာ တိုးတက်များပြားလာခဲ့ပါတယ်။
- ယခုအခါ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မြို့ပြများသာမက ကျေးရွာချင်းဆက်လမ်းများအထိ လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်လာမှုကြောင့် ကူးသန်းရောင်းဝယ်မှုများ ပိုမိုလျင်မြန်ချောမွေ့လာစေခဲ့ပါတယ်။
- ပြည်သူများရဲ့ အသေးစား၊ အလတ်စား၊ စီးပွားရေးလုပ်ငန်းများရဲ့ ကုန်ထုတ်လုပ်မှုတိုးတက်လာအောင် အရင်းအနှီးနဲ့ နည်းပညာလိုအပ်ချက်များ ပေါင်းစပ်အားပေးမြှင့်တင်သွားမှာ ဖြစ်ပါတယ်။
- အနာဂတ်မှာ မြေမဲ့၊ အိမ်ရာမဲ့များအပါအဝင် ပြည်သူများ၏ နေထိုင်စားသောက်လုပ်ကိုင်ရေးအဆင်ပြေပြီး၊ မြေယာပြဿနာများ မဖြစ်ပွားစေရန်နှင့် မြို့ပြကျေးရွာများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် မြို့ပြကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတွေကို ရေးဆွဲဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

နိုင်ငံအတွက် သမိုင်းမှတ်တိုင် စိုက်ထူနိုင်မယ့်လုပ်ငန်းများအဖြစ် နှစ်(၃၀)ကျော်ကြာ မဆောင်ရွက်နိုင်ခဲ့တဲ့ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း၊ အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပခြင်း၊ အာဆီယံဥက္ကဋ္ဌတာဝန်ယူလျက် အာဆီယံထိပ်သီး အစည်းအဝေးများနှင့် ဆက်စပ်အစည်းအဝေးများကို ဦးဆောင်ကျင်းပခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပြီး မြန်မာပြည်သူတစ်ရပ်လုံးကိုယ်စား နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံရဲ့ဂုဏ်ကို မြှင့်တင်ပေးနိုင်ခဲ့ပါတယ်။

**မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျား-**

ကျွန်တော်တင်ပြခဲ့တဲ့ ပါတီရဲ့မူဝါဒသဘောထားလုပ်ငန်းစဉ်များအပေါ်မှာ မိဘပြည်သူများက ခြုံငုံလေ့လာသုံးသပ်ကြည့်မယ်ဆိုရင် ပါတီဥက္ကဋ္ဌနိုင်ငံတော်သမ္မတဦးသိန်းစိန်ဦးဆောင်တဲ့ အစိုးရအဖွဲ့နဲ့လွှတ်တော်အတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များအားလုံးဟာ ပြည်သူများကို အလုပ်အကျွေးပြုကျေးဇူးဆပ်နိုင်အောင် အစွမ်းကုန်ကြိုးပမ်းအားထုတ်ခဲ့တာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ ပြည်သူအားလုံးရဲ့ လိုအင်ဆန္ဒနှင့် လိုအပ်ချက်အားလုံးကို အချိန်တိုကာလအတွင်း ရာနှုန်းပြည့်မဖြည့်ဆည်းပေးနိုင်သေးသော်လည်း အတိုင်းအတာတစ်ခုထိ ပြည်သူများရရှိခံစားနိုင်တဲ့ အကျိုးရလဒ်ရအောင် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့တယ်လို့ ယုံကြည်ပါတယ်။

- ဒါ့ကြောင့် ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးတို့ကို စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်ရင်း ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကြီးတည်ဆောက်နိုင်ရေး ဦးတည်နေပြီဖြစ်လို့ ဒီအရှိန်အဟုန်ကို ဆက်လက်ဖော်ဆောင်နိုင်မယ့်ပါတီကို စဉ်းစားရွေးချယ်ပေးကြပါ။
- ပြည်သူများအေးချမ်းစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်စေရန်အတွက် တိုင်းပြည်ကိုတည်တည်ငြိမ်ငြိမ် ထိန်းသိမ်းစောင့်ရှောက်ပေးနိုင်တဲ့အစိုးရကို ဖွဲ့စည်းပေးနိုင်မယ့်ပါတီကို ဦးစားပေးစဉ်းစားရွေးချယ်ပေးကြပါ။
- ပြည်သူတို့ရဲ့ လူမှုစီးပွားဘဝအနာဂတ်မှာ ပိုမိုပြောင်းလဲတိုးတက်ကောင်းမွန်အောင် အရှိန်မြှင့်တင်ဖော်ဆောင်ပေးမယ့်ပါတီနဲ့ အရည်အချင်းရှိတဲ့ ကိုယ်စားလှယ်များကို ဦးစားပေးစဉ်းစားရွေးချယ်ပေးကြပါရန်တင်ပြရင်း နိဂုံးချုပ်အပ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

## ထုတ်လွှင့်ဖော်ပြနိုင်မှု မရှိကြောင်း အသိပေး

**နေပြည်တော် စက်တင်ဘာ ၁၇**

နိုင်ငံရေးပါတီများ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို နိုင်ငံပိုင်သတင်းစာများတွင် နိုင်ငံရေးပါတီများအား တစ်နေ့လျှင် သုံးပါတီဖြင့် အလှည့်ကျစည်းရုံး ဟောပြောခွင့်ပြုလျက်ရှိရာတွင် တိုင်းရင်းသားလူမျိုးစုများ ဖွံ့ဖြိုးရေးပါတီအနေဖြင့် လာရောက်ဟောပြောခြင်း မပြုခဲ့၍ ထုတ်လွှင့်ဖော်ပြနိုင်မှုမရှိခြင်းဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

(သတင်းစဉ်)

# ရွေးကောက်ပွဲနှင့် ရွေးကောက်ပွဲဆိုင်ရာဥပဒေပြဋ္ဌာန်းချက်များ

**၂၀၁၅ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့ (၁၃၇၇ ခုနှစ်သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက် တနင်္ဂနွေနေ့)တွင် လွှတ်တော်သီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်းကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်အမှတ်(၂၈/၂၀၁၅)ဖြင့် ဇူလိုင်လ ၈ ရက်နေ့က သတ်မှတ်ကြေညာလိုက်ပြီဖြစ်ပါသည်။ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲသည် ဒုတိယအကြိမ်ပုံမှန်ရွေးကောက်ပွဲဖြစ်သည်။ ၂၀၁၀ ခုနှစ်က ပထမအကြိမ်ပုံမှန်ရွေးကောက်ပွဲ ကျင်းပပြုလုပ်ပြီး ရွေးချယ်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်များဖြင့် မဏ္ဍိုင်သုံးရပ်ကိုဖွဲ့စည်းကာ ဒီမိုကရေစီယန္တရားကို လည်ပတ်စေခဲ့သည်။ "ရွေးကောက်ပွဲဆိုသည်မှာ မဲဆန္ဒရှင်ပြည်သူများက မိမိတို့ကိုယ်စား နိုင်ငံတော်အချုပ်အခြာအာဏာသုံးရပ်ဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများကို ကျင့်သုံးဆောင်ရွက်ကြမည့်ပုဂ္ဂိုလ်များအား မိမိတို့၏ လွတ်လပ်သည့်ဆန္ဒနှင့်အညီ ဆန္ဒမဲပေးရွေးချယ်ကြသည့် ဒီမိုကရေစီကျင့်စဉ်တစ်ရပ်"ဖြစ်ပေသည်။ သို့အတွက် ရွေးကောက်ပွဲဆိုင်ရာ သတ်မှတ်ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်ညီညွတ်လျှင် ဆန္ဒမဲပေးခြင်းသို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ရွေးကောက်ခံခြင်းဟူသည့် ဒီမိုကရေစီအခွင့်အရေးကို ကျင့်သုံးခွင့်ရှိပါသည်။**

ပွင့်လင်းမြင်သာမှုရှိပြီး လွတ်လပ်၍တရားမျှတမှုရှိသော ရွေးကောက်ပွဲ ဖြစ်စေရေးအတွက် နိုင်ငံတော်ကော်မရှင်အဖွဲ့အစည်းအဆင့်ဆင့်၊ နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများနှင့် မဲဆန္ဒရှင်ပြည်သူများက တက်ညီလက်ညီပူးပေါင်းဆောင်ရွက်ကြရန် လိုပေမည်။ ၂၀၁၅ အထွေထွေရွေးကောက်ပွဲအတွက် ပါတီ ၉၂ ပါတီနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်း ၁၀၀ ကျော်အပါအဝင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၇၇၂ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း ၉၁၃ ဦး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း ၃၅၀၄ ဦး စုစုပေါင်း ကိုယ်စားလှယ်လောင်း ၆၁၈၉ ဦးတို့ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ထုတ်ပြန်ချက်အရ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၃၃၀၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ် ၁၆၈ နယ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် ၆၆၄ နယ်နှင့် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ နယ်ဖြစ်ကြောင်း သိရသည်။ ဖော်ပြပါ မဲဆန္ဒနယ်မြေများတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် မိမိတို့ပါတီအနိုင်ရရှိရေးအတွက် မဲဆွယ်စည်းရုံးကြမည်ဖြစ်သည်။ မဲဆွယ်စည်းရုံးရေးကာလကိုလည်း (၈-၉-၂၀၁၅ နံနက် ၆ နာရီမှ ၆-၁၁-၂၀၁၅ ည ၁၂ နာရီအထိ) ရက်ပေါင်း ၆၀ ခွင့်ပြုထားပါသည်။

ဒီမိုကရေစီနိုင်ငံတိုင်းတွင် ရွေးကောက်ပွဲများကို နိုင်ငံတော်၏ ဘဏ္ဍာငွေအမြောက်အမြားကျခံ၍ အမွန်အမြတ်ထားကာ ကျင်းပကြလေ့ရှိပါသည်။ နိုင်ငံတကာနည်းတူ မြန်မာနိုင်ငံသည်လည်း ခေတ်အဆက်ဆက်တွင် ရွေးကောက်ပွဲများ အောင်မြင်စေရန်နှင့် ပြည်သူတို့၏ ဒီမိုကရေစီအခွင့်အရေးများ မဆုံးရှုံးစေရန်၊ ဥပဒေ၏ အကာအကွယ်ကို ရယူနိုင်စေရန်တို့အတွက်လိုအပ်သော ဥပဒေ၊ နည်းဥပဒေများကို သတ်မှတ်ပြဋ္ဌာန်းကျင့်သုံးခဲ့ကြောင်း တွေ့ရှိရပါသည်။ အထက်တွင် တင်ပြထားသည့်အတိုင်း ရွေးကောက်ပွဲများအောင်မြင်ရေးအတွက် နိုင်ငံတော်၊ ရွေးကောက်ပွဲကော်မရှင်၊ ပါတီများ၊ ကိုယ်စားလှယ်လောင်းများ၊ မဲဆန္ဒရှင်ပြည်သူများ၊ ပြည်တွင်းပြည်ပစောင့်ကြည့်လေ့လာသူများ၊ လူမှုအဖွဲ့အစည်းများစသည်ဖြင့် ဒီမိုကရေစီကိုချစ်မြတ်နိုးသူအပေါင်းက ၂၀၁၅ ရွေးကောက်ပွဲတွင် ဥပဒေနှင့်အညီ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်အတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရာဇသတ်ကြီးဥပဒေ၊ ရွေးကောက်ပွဲဥပဒေနှင့် နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ကျင့်ဝတ်တို့တွင် ပြဋ္ဌာန်းထားသည့် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေအကြောင်းခြင်းရာအချို့ကို ကောက်နုတ်တင်ပြလိုပါသည်။

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈) ပြဋ္ဌာန်းချက်များ**

ပုဒ်မ ၃၈(က) တွင် နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ရွေးကောက်ပွဲတင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားပါသည်။ ထို့အတူ အခန်း(၉)၊ရွေးကောက်တင်မြှောက်ခြင်းအခန်းတွင် လွှတ်တော်များသို့ ပြည်သူ့ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ခြင်းကို ပုဒ်မ ၃၉၁ မှ ၃၉၅ အထိလည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းကို ပုဒ်မ ၃၉၆ မှ ၃၉၇ အထိလည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဖွဲ့စည်းခြင်းကို ပုဒ်မ ၃၉၈ ဖြင့်လည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တာဝန်များကို ပုဒ်မ ၃၉၉ ဖြင့်လည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌသို့မဟုတ် အဖွဲ့ဝင်များအား စွပ်စွဲပြစ်တင်ခြင်းကို ပုဒ်မ ၄၀၀၊ ၄၀၁ ဖြင့်လည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်နှင့် ဆောင်ရွက်ချက်များကို ပုဒ်မ ၄၀၂၊ ၄၀၃ တို့ဖြင့်လည်းကောင်း ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။

**ပြစ်မှုဆိုင်ရာဥပဒေ(ရာဇသတ်ကြီး) ပြဋ္ဌာန်းချက်များ**

ပုဒ်မ ၁၇၁-က ဖြင့် "အရွေးခံရသူ"နှင့် "ရွေးကောက်မှုအခွင့်အရေး"၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဖော်ပြထားပါသည်။ ပုဒ်မ ၁၇၁ -ခ (၁) (၂) (၃) တို့ဖြင့် ရွေးကောက်ပွဲ၌ လာဘ်ပေးလာဘ်ယူမှုပြုခြင်းကို အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ (ရွေးကောက်ပွဲ၌ အရွေးခံရန်သော်လည်းကောင်း၊ အရွေးမခံရန်သော်လည်းကောင်း၊ မဲပေးရန်သော်လည်းကောင်း၊ မဲမပေးဘဲနေရန်သော်လည်းကောင်း ရည်ရွယ်ချက်ဖြင့် တံစိုးပေးခြင်းသည် လာဘ်ပေးလာဘ်ယူပြုခြင်းသဘောဖြစ်ပါသည်။ "တံစိုး" ၏ အဓိပ္ပာယ်ကိုလည်း ပုဒ်မ ၁၆၁ တွင် ရှင်းလင်းဖော်ပြထားသည့်အတိုင်း ငွေသို့မဟုတ် ငွေနှင့်တွက်ချက်၍ရသော ပစ္စည်းသာမက အခြားအရာများလည်း ပါဝင်ပေသည်။) ပုဒ်မ ၁၇၁ -ဂ (၁) (၂) (၃) တို့ဖြင့် မလျော်ဩဇာသုံး၍ မဲဆန္ဒရှင် သို့မဟုတ် အရွေးခံသူ၏ အခွင့်အရေးကို ထိပါးနှောင့်ယှက်ခြင်းနှင့်ပတ်သက်၍ ဖော်ပြထားပါသည်။ ပုဒ်မ ၁၇၁ -ဃ တွင် ရွေးကောက်ပွဲ၌ သူတစ်ပါးအမည်နှင့်ဖြစ်စေ၊ သက်ရှိ-မရှိသူ၏အမည်နှင့်ဖြစ်စေ မဲကိုနှစ်ကြိမ်ပေးရန်အားထုတ်ခြင်း၊ ထိုသို့ အားထုတ်ခြင်းကို အားပေးကူညီခြင်းတို့သည် သူတစ်ပါးအယောင်ဆောင်မှုမြောက်ကြောင်း ဖော်ပြထားပြီး ပုဒ်မ ၁၇၁-င တွင် " မည်သူမဆို လာဘ်ပေးယူမှုကို ကျူးလွန်လျှင် ထိုသူကို တစ်နှစ်အထိထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်" ဟု ပြဋ္ဌာန်းထားပါသည်။

ပုဒ်မ ၁၇၁ -စ တွင် ပုဒ်မ ၁၇၁ -ဂ နှင့် ၁၇၁ -ဃ အရ ပြစ်မှုကျူးလွန်သူများအား တစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟု ပြဋ္ဌာန်းထားပါသည်။ ပုဒ်မ ၁၇၁- ဆ တွင် ရွေးကောက်ပွဲ အနိုင်အရှုံးရလဒ်ကို ထိခိုက်စေရန်အကြံဖြင့် အရွေးခံရသူတစ်ဦး၏ စာရိတ္တနှင့်ပတ်သက်၍ အပြုအမူနှင့်ပတ်သက်၍ဖြစ်စေ၊ မမှန်သောအကြောင်းခြင်းရာများကို ဖော်ပြလျှင် သို့မဟုတ် ကြေညာလျှင် ထိုသူကိုငွေဒဏ်ချမှတ်ရမည်ဟု ပြဋ္ဌာန်းထားပါသည်။ ပုဒ်မ ၁၇၁ -ဇ တွင် အရွေးခံသူ၏ ခွင့်ပြုချက်မရှိဘဲ ထိုသူ၏ ရွေးကောက်ပွဲကုန်ကျစရိတ်ကို အကုန်အကျခံခြင်းအား တားမြစ်ထားပြီး ဤပုဒ်မကို ကျူးလွန်လျှင် ဒဏ်ငွေငါးရာအထိ ဒဏ်ငွေချမှတ်ရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားပါသည်။ ပုဒ်မ ၁၇၁-ဈ တွင် တည်ဆဲဥပဒေတစ်ရပ်ရပ်၊ နည်းဥပဒေတစ်ရပ်ရပ်အရ ပြုလုပ်ထားရှိရမည့် ရွေးကောက်ပွဲငွေစာရင်းကို ပြုလုပ်ထားရှိရန် ပျက်ကွက်ပါက ဒဏ်ငွေငါးရာအထိ ချမှတ်ရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားပါသည်။ ပုဒ်မ ၁၇၁ - ည တွင် မဲဆန္ဒရှင်တစ်ဦးဦးသည် မဲမပေးဘဲ ပြင်ပသို့ယူ၍ ရောင်းချခြင်း၊ အရွေးခံသူနှင့် ၎င်း၏ အကျိုးကို လိုလားသူများက မဲပြားများကို ဝယ်၍ မိမိ၏ မဲပုံးတွင်ထည့်ခြင်း၊ အတုပြုလုပ်ထားသော မဲပြားများကို မဲရုံအတွင်းသို့ သယ်၍ ထည့်ခြင်းစသည်တို့ကို ကျူးလွန်လျှင် ထိုသူအား နှစ်နှစ်အထိအလုပ်ကြမ်းနှင့် ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားပါသည်။

**ရွေးကောက်ပွဲဥပဒေပြဋ္ဌာန်းချက်များ**

ပြည်ထောင်စုလွှတ်တော်က (၁၈-၁၀-၂၀၁၁) ရက်နေ့အထိ ပြင်ဆင်ထားသည့်အတိုင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လွှတ်တော်အသီးသီးအတွက် ရွေးကောက်ပွဲဥပဒေများကို (၂၅-၇-၂၀၁၄) ရက်စွဲဖြင့် ထုတ်ဝေထားပါသည်။ အဆိုပါ ဥပဒေစာအုပ်တွင် အခန်း(၁၆)ခန်းပါဝင်ပြီး အခန်း(၁၃) တွင် ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများနှင့် ပြစ်ဒဏ်များအခန်း(၁၄)တွင် တရားမဲ့ပြုကျင့်မှုများ၊ အခန်း(၁၅)တွင် ရွေးကောက်တင်မြှောက်ခံရခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်ချက်များကို အဆုံးအဖြတ်ပေးခြင်းတို့ကို ပြဋ္ဌာန်းထားပါသည်။

အခန်း(၁၃)၊ ရွေးကောက်ပွဲဆိုင်ရာပြစ်မှုများနှင့် ပြစ်ဒဏ်များအခန်းတွင် အပိုဒ်(၅၇) မှ အပိုဒ်(၆၅)ထိ ပါဝင်ပါသည်။ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်၊ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်တို့နှင့်စပ်လျဉ်း၍ အကြမ်းဖက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ မလျော်သြဇာသုံးခြင်း၊ လိမ်လည်လှည့်ဖြားခြင်း၊ လာဘ်ပေးလာဘ်ယူပြုခြင်း၊ ဆန္ဒမဲပေးခြင်းပျက်ပြားစေရန်ဖြစ်စေ၊ ရွေးကောက်ပွဲပျက်ပြားစေရန်ဖြစ်စေ အားထုတ်ကြိုးပမ်းခြင်း၊ ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများက ထုတ်ပြန်ထားသော စာရင်းဇယားနှင့် စာရွက်စာတမ်းများကို ဖျက်ဆီးခြင်း၊ မဲလက်မှတ်ကိုဖျက်ဆီးခြင်း (သို့မဟုတ်) အခြားသူအားပေးခြင်း၊ တစ်ကြိမ်ထက်ပို၍မဲပေးခြင်း၊ မဲရုံအတွင်းသို့ ဝင်ခွင့်မရှိဘဲ ဝင်ရောက်ခြင်း၊ ဆန္ဒမဲပေးသူအား နှောင့်ယှက်ခြင်း၊ မဲရုံအတွင်း၌ဖြစ်စေ၊ မဲရုံမှကိုက် ၅၀၀ အကွာအတွင်း၌ဖြစ်စေ မဲဆွယ်ခြင်း၊ မဲမပေးရန်တိုက်တွန်းခြင်း၊ မဲရုံအတွင်း မဖွယ်မရာပြုခြင်း၊ မဲရုံမှူးအပါအဝင် မဲရုံဝန်ထမ်းများအား ဝတ္တရားနှောင့်ယှက်ခြင်း စသည်တို့ကို ကျူးလွန်လျှင် ထိုသူအား တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားပါသည်။ ထို့အတူ ရွေးကောက်ပွဲဆိုင်ရာပြစ်မှုများနှင့် စပ်လျဉ်း၍ လိမ်လည်စွပ်စွဲတိုင်တန်းကြောင်း၊ ပြစ်မှုထင်ရှားစီရင်ခံရလျှင် သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟု ပြဋ္ဌာန်းထားပြီး အပိုဒ် ၆၅(က)တွင် "ဤအခန်းပါပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ်သတ်မှတ်သည်" ဟု ဖော်ပြထားပါသည်။ ရွေးကောက်ပွဲကန့်ကွက်လွှာနှင့်ပတ်သက်၍လည်း နည်းဥပဒေအပိုဒ် ၈၇ တွင်-ယှဉ်ပြိုင်အရွေးခံသော မည်သည့်လွှတ်တော်ကိုယ်စားလှယ်လောင်းကမဆို သို့မဟုတ် မည်သည့်မဲဆန္ဒရှင်ကမဆို ရွေးကောက်တင်မြှောက်ခံရသော လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို ကန့်ကွက်လိုလျှင် ရွေးကောက်တင်မြှောက်ခံရသူ လွှတ်တော် ကိုယ်စားလှယ်၏အမည်ကို ကြေညာသည့်နေ့မှစ၍ ၄၅ ရက်အတွင်း ကော်မရှင်သို့ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်း ပြဋ္ဌာန်းထားပါသည်။

## မောင်ခိုင်မာ(အထက်မင်းလှ)

**နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ကျင့်ဝတ်သတ်မှတ်ချက်များ**

ဤကျင့်ဝတ် (Code of Conduct) ကို(၂၁-၁၀-၂၀၁၄) တွင် နိုင်ငံရေးပါတီအားလုံးမှ ဆုံးဖြတ်ခဲ့သော ကျင့်ဝတ်မူများကို အခြေခံ၍ ယာယီလုပ်ငန်းကော်မတီ (FDA, NBF, NLD, NUP, UNA နှင့် USDP) မှ မူကြမ်းရေးဆွဲခဲ့ပြီး (၃၁-၃-၂၀၁၅) တွင် နိုင်ငံရေးပါတီအားလုံးနှင့် ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (UEC) မှ ဥပဒေသုံးသပ်ချက်များကို ၂၀၁၅ ဧပြီတွင် ပြန်လည်သုံးသပ်ခဲ့ပါသည်။ (၁၅-၅-၂၀၁၅) ရက်နေ့တွင် ညှိနှိုင်းဆွေးနွေးခဲ့ပြီး နိုင်ငံရေးပါတီအားလုံးမှ သဘောတူလက်ခံခဲ့ကြသည်။ (၂၆-၆-၂၀၁၅)ရက်နေ့တွင် ဤကျင့်ဝတ်များအား ရန်ကုန်မြို့တွင် လက်မှတ်ရေးထိုးခဲ့ပြီး နိုင်ငံတကာစံချိန်စံညွှန်းမီ ရွေးကောက်ပွဲဖြစ်စေရေးအတွက် ၂၀၁၅ ရွေးကောက်ပွဲအတွက်မှ စတင်လိုက်ခြင်းဖြစ်ပါသည်။

ဤကျင့်ဝတ်တွင် အခန်းပေါင်းရှစ်ခန်းပါဝင်ပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရွေးကောက်ပွဲဥပဒေ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေတို့၏ မူဘောင်အတွင်းမှ ရေးဆွဲထားခြင်းဖြစ်ကြောင်း၊ ဤကျင့်ဝတ်သည် ဥပဒေအရတာဝန်ယူ လိုက်နာဆောင်ရွက်ရမည့် ကျင့်ဝတ်မဟုတ်သလို ဥပဒေအရ စည်းနှောင်ထားခြင်း၊ ခံဝန်ကတိပြုစေခြင်းမရှိကြောင်း၊ တစ်နည်းအားဖြင့် ဤကျင့်ဝတ်ကို ဥပဒေအဖြစ် အသုံးမပြုနိုင်ဘဲ တည်ဆဲဥပဒေမူဘောင်များနှင့် ကွဲလွဲလျှင်တည်ဆဲဥပဒေကသာ လွှမ်းမိုးစေရမည်ဖြစ်ကြောင်း အခန်း(၁) နိဒါန်းတွင် ဖော်ပြထားသည်ကို တွေ့ရပါသည်။

ဆက်လက်၍ အခန်းအလိုက်ကျင့်ဝတ်များကို အောက်ပါအတိုင်း ဖော်ပြထားပါသည်။

- အခန်း(၂)၊ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သော ပါတီများအားလုံးကို လေးစားရန်
- အခန်း(၃)၊ အငြင်းပွားမှုများကို ဖြေရှင်းရာတွင် အခြားပါတီများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန်
- အခန်း(၄)၊ ပါတီမူဝါဒများနှင့်မတူကွဲပြားမှုအား မြှင့်တင်ပေးသော မဲဆွယ်စည်းရုံးမှုများဆောင်ရွက်ရန်
  - (၁) မဲဆွယ်စည်းရုံးရေးကာလအတွင်း အခြားပါတီများအား အသရေဖျက်ခြင်း၊ ပုတ်ခတ်ခြင်းမပြုရန်
  - (၂) ပါတီမူဝါဒများနှင့်မတူကွဲပြားမှုအား မြှင့်တင်ပေးသော မဲဆွယ်စည်းရုံးမှုများ ဆောင်ရွက်ရန်
  - (၃) မဲဆွယ်စည်းရုံးမှုတွင် ဘာသာရေးနှင့်လူမျိုးရေးဆိုင်ရာ ခွဲခြားဆက်ဆံမှုပြုသော သုံးနှုန်းပြော ဆိုမှုများမပြုရ
- အခန်း(၅)၊ လုံခြုံရေး
  - (၁) မဲဆွယ်စည်းရုံးရေးပွဲများတွင် တည်ငြိမ်အေးချမ်းရေးကို ထိန်းသိမ်းရန်
  - (၂) လက်နက်ကိုင်ဆောင်၍မဲဆွယ်စည်းရုံးခြင်းမပြုရန်
  - (၃) လုပ်ငန်းစဉ်အပေါ် ချိုးဖောက်မှုနှင့်ဖြောင့်မတ်တည်ကြည်မှု
  - (၄) မိမိတို့အား ထောက်ခံသူများနှင့်ထိတွေ့ဆက်ဆံခြင်း
- အခန်း(၆)၊ တန်းတူရည်တူ ယှဉ်ပြိုင်ခွင့်ရှိသော အခြေအနေ
  - (၁) မဲဆန္ဒရှင်များ၏ ဆန္ဒမဲကို လွှမ်းမိုးရန်သော်လည်းကောင်း၊ ခြိမ်းခြောက်ရန်သော်လည်းကောင်း၊ ရည်ရွယ်၍ နိုင်ငံတော်အရင်းအမြစ်များနှင့်လုံခြုံရေးယန္တရားများကို အသုံးမပြုရန်
  - (၂) မီဒီယာ
  - (၃) မဲဆွယ်စည်းရုံးရေးလုပ်ငန်းများ၊ အသုံးစရိတ်များဆိုင်ရာ စည်းမျဉ်းဥပဒေများကိုလေးစားလိုက်နာရန်
- အခန်း(၇)၊ ကျား-မ မတူကွဲပြားမှုနှင့်မသန်စွမ်းသူများ
- အခန်း(၈)၊ စောင့်ကြည့်လေ့လာခြင်းနှင့် အကောင်အထည်ဖော်ခြင်း
  - (၁) ဤကျင့်ဝတ်အားလေးစားလိုက်နာခြင်း ရှိ/မရှိ စောင့်ကြည့်ကြပ်မတ်ခြင်းနှင့်လိုအပ်သော အရေးယူဆောင်ရွက်မှုများပြုလုပ်ခြင်း၊ လုပ်ထုံးလုပ် နည်းများရေးဆွဲရန်
  - (၂) ဆက်သွယ်ရေး

ဤကျင့်ဝတ်များကို ဥပဒေအဖြစ်အသုံးပြုနိုင်သော်လည်း ကျင့်ဝတ်မှမြှင့်တင်ပေးသည့် တန်ဖိုးများ၊ သိက္ခာများနှင့်အညီ အားထုတ်ဆောင်ရွက်သွားလျှင် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကောင်း ဖြစ်ပေမည်။

**နိုင်ငံ၏ပုံရိပ်**

ဒီမိုကရေစီနည်းလမ်းကျသော ရွေးကောက်ပွဲတစ်ရပ်ကို အောင်မြင်စွာကျင်းပနိုင် ခြင်းသည် နိုင်ငံ၏ ဂုဏ်သိက္ခာ၊ နိုင်ငံ၏ပုံရိပ်ဟု ဆိုသည့်အတွက် ရွေးကောက်ပွဲ အကြိုကာလ၊ ရွေးကောက်ပွဲ ကျင်းပနေစဉ်ကာလ၊ ရွေးကောက်ပွဲ အလွန်ကာလဟူသည့် ကာလသုံးပါးလုံးတွင် မဲဆန္ဒရှင်များ၊ ပါတီများ၊ ကိုယ်စားလှယ်လောင်းများ အပါအဝင် ပါဝင်ပတ်သက်သူအားလုံးကို ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ၊ကျင့်ဝတ်များနှင့်အညီ ဆောင်ရွက်ကြဖို့ လိုပါမည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်နှင့် ပြည်သူတို့၏ ကံကြမ္မာကို အဆုံးအဖြတ်ပေးမည့် ရွေးကောက်ပွဲများတွင် ကျွန်ုပ်တို့ မဲဆန္ဒရှင် အားလုံးသည် ဥပဒေနှင့်အညီ ကျရာကဏ္ဍမှ ပူးပေါင်းပါဝင်ကြဖို့ လိုအပ်ပါကြောင်း တင်ပြလိုက်ရပါသည်။

မြန်မာ့အလင်း

၂၀၁၅ခုနှစ်၊ စက်တင်ဘာ ၁၈ ရက်၊ သောကြာနေ့။




ပြည်တွင်းရေးရာ

**အထွက်နှုန်းတိုးရေး သဘာဝမြေသြဇာ စုပေါင်းကြဲပက်**

စာ - ၄



လူမှုစီးပွား

**စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဟောပြော**

စာ - ၅





# ဥရောပထိပ်တန်း ဂိုးသွင်းရှင်နေရာအတွက် စဉ်းစားစရာဖြစ်လာတဲ့ သောမတ်မူလာ


အောင်က

ဘွန်ဒက်စ်လီဂါရာသီ စတင်ခဲ့တာဟာ အခုဆိုရင် လေးပွဲမြောက်ခဲ့ပြီဖြစ်ပါတယ်။ လက်ရှိအချိန်မှာတော့ ဘွန်ဒက်စ်လီဂါမှာသာမက ထိပ်တန်းဥရောပကလပ်တွေရဲ့ ထိပ်ဆုံးဂိုးသွင်းရှင်ကို ကြည့်မယ်ဆိုရင် ဘိုင်ယန်မြူးနစ်အသင်းရဲ့ တိုက်စစ်မှူးမူလာဟာ လေးပွဲမှာ ခြောက်ဂိုးသွင်းယူထားပြီး လက်ရှိအချိန်မှာတော့ ဂိုးသွင်းအများဆုံးကစားသမားအဖြစ် ရှိနေပါတယ်။

ဘွန်ဒက်စ်လီဂါမှာတော့ မူလာနဲ့ ပတ်သက်ပြီး ပြောစမှတ်ပြုရတဲ့ အချက်တစ်ခုရှိပါတယ်။ အဲ့ဒါကတော့ ကံကသာ အခွင့်အရေးပေးမယ့်ဆိုရင် မူလာတို့ကတော့ ဂိုးရဖို့စိုးရိမ်စရာမရှိဘူးဆိုတဲ့စကားပါပဲ။ ဒါကလည်း မူလာရဲ့ အဆုံးသတ်ကောင်းမွန်မှုတွေနဲ့ ဂိုးသွင်းသေချာမှုတွေကြောင့် ထွက်ပေါ်လာခဲ့တဲ့ စကားလည်းဖြစ်ပါတယ်။ တိုက်စစ်မှူးမူလာဟာ ဘယ်လိုအခြေအနေမျိုးမှာဖြစ်ဖြစ် ဂိုးရရှိအောင် ဖန်တီးနိုင်စွမ်းရှိတာကလည်း လုံးဝမေ့လို့မရတဲ့ မူလာရဲ့ အရည်အချင်းလည်းဖြစ်ပါတယ်။ ဒါ့အပြင် မူလာရဲ့ နောက်ထပ် ထူးခြားမှုတစ်ခုကတော့ အချိန်မှန်နေရာမှန်ဖြစ်အောင်ကစားနိုင်ခြင်းဖြစ်ပါတယ်။ မူလာဟာကွင်းထဲမှာကစားတဲ့အခါမှာလည်း လူတိုင်းသတိထားမိတဲ့အချက်ကတော့ အခွင့်အရေးတွေကို ကြားဖြတ်ဖန်တီးနိုင်စွမ်းရှိတာပဲဖြစ်ပါတယ်။ သူ့ရဲ့ပွဲအပေါ်မှာ နားလည်နိုင်မှုစွမ်းရည်တွေဟာ အကောင်းဆုံးရှိတာကြောင့် အောင်မြင်မှုရရှိတယ်လို့လည်းဆိုနိုင်ပါတယ်။

ဒါပေမယ့် မူလာဟာ မက်ဆီလို ဘောလုံးပညာပြည့်ဝစွာနဲ့ အလိမ်အခေါက် ကျွမ်းကျင်တဲ့ ကစားသမားတစ်ဦးမဟုတ်သလို တိုက်စစ်မှူး စီရော်နယ်ဒိုလို အင်ပြည့်အားပြည့်နဲ့ အကောင်းဆုံးတိုက်စစ်ဆင်ကစားနိုင်တဲ့ ကစားသမားတစ်ဦးတော့ မဟုတ်ပါဘူး။ ကြံ့ခိုင်မှုကလည်း အကောင်းဆုံးတော့ ရှိမနေပါဘူး။ ဒါပေမယ့် သူရဲ့ပင်ကိုအရည်အချင်းဖြစ်တဲ့ ပွဲတစ်ပွဲအပေါ်မှာ နားလည်နိုင်မှုနဲ့ အခွင့်အရေးကောင်းတွေကို ဖန်တီးနိုင်မှုမှာတော့ အားလုံးထက်သာလွန်တယ်လို့ ပြောရမှာပါ။ သူဟာ အလွန်ကိုလျင်မြန်လွန်းတဲ့ ကစားသမားမျိုးမဟုတ် ပေမယ့် ကွင်းတစ်ဝက်လောက်ကလည်းက ဂိုးရရှိအောင် အကွက်မြင်တတ်မှုတွေကလည်း သူမတူအောင် ထူးချွန်မှုတစ်ခုလို့ ပြောနိုင်ပါတယ်။

**စာမျက်နှာ ၂ သို့**




**ဘွန်ဒက်စ်လီဂါပွဲစဉ် (၅)**

**သောကြာနေ့ (၁၈-၉-၁၅)**

| | | | |
|---|---|---|---|
| နံနက် ၁း၀၀ | မိန့်ဇ် | - | ဟော့ဖန်ဟိန်း |

**စနေနေ့ (၁၉-၉-၁၅)**

| | | | |
|---|---|---|---|
| ည ၈း၀၀ | ဝုဖ်ဘတ် | - | ဟာသာဘာလင် |
| ည ၈း၀၀ | ဟမ်းဘတ် | - | ဖရန့်ဖွတ် |
| ည ၈း၀၀ | ဝါဒါဘရီမင် | - | အင်ဂိုဆလပ် |
| ည ၈း၀၀ | ကိုလုံး | - | ဂလာဘတ်ချ် |
| ည ၈း၀၀ | ဒရန်စတက် | - | ဘိုင်ယန် |

**တနင်္ဂနွေနေ့ (၂၀-၉-၁၅)**

| | | | |
|---|---|---|---|
| ည ၈း၀၀ | စတုဂတ် | - | ရှော်လ်ကာ |
| ည ၁၀း၀၀ | ဒေါ့မွန် | - | လေဗာကူဆင် |
| ည ၁၀း၀၀ | အော့ဘတ် | - | ဟန်နိုဗာ |

# ရေတိုစီမံကိန်းအောက်က အင်္ဂလန်ဘောလုံးသမားများ၏ အနာဂတ်

ဝေမိုးဆက်




**၂၀၁၅ နွေရာသီအပြောင်းအရွှေ့ဈေးကွက်က စက်တင်ဘာ ၁ ရက်နေ့ကတည်းက ပိတ်ခဲ့ပြီ။ ဒါပေမယ့် အဲဒီဂယက်က အခုအထိရိုက်ခတ်တုန်းလို့ ပြောရင်ရမလား။ အထူးသဖြင့် အင်္ဂလန်ပရီမီယာလိဂ်ရဲ့ ဓနအင်အားနဲ့ အပြောင်းအရွှေ့ဈေးကွက်ကို ကိုင်လှုပ်နိုင်အား။ အဲဒါဟာ လတ်တလောမှာ ဘောလုံးရေးရာကျွမ်းကျင်သူအများစုအတွက် ဘဝင်မကျချင်စရာ အကောင်းဆုံးအကြောင်းအခြင်းအရာတစ်ရပ်လို ဖြစ်မှန်းမသိဖြစ်လာတယ်။**




ပြောမယ်ဆိုရင် အဲဒီပြီးဆုံးခဲ့ပြီးဖြစ်တဲ့ နွေရာသီအပြောင်းအရွှေ့ဈေးကွက်အတွင်းမှာ အင်္ဂလန်ကလပ်အသင်းတွေရဲ့ စုစုပေါင်းအသုံးစရိတ်ဟာ ပေါင်သန်း ၈၇၀ အထိရှိတယ်။ အဲဒီငွေပမာဏဟာ ပြီးခဲ့တဲ့ ၂၀၁၄ နွေရာသီအပြောင်းအရွှေ့ကာလတုန်းက အင်္ဂလန်ကလပ်တွေရဲ့ စံချိန်တင်သုံးစွဲခဲ့တဲ့ ငွေထက်တောင် ပေါင် ၃၅ သန်းတိတိများတယ်။ အရှင်းဆုံးအနေနဲ့ပြောရရင် ဒီဘက်ခေတ်ဘောလုံးလောကမှာ အင်္ဂလန်ပရီမီယာလိဂ်ကလပ်တွေနဲ့အပြိုင် ငွေကြေးသုံးစွဲနိုင်တဲ့လိဂ်ဆိုတာ မရှိခဲ့တဲ့အပြင် အပြောင်းအရွှေ့ဈေးကွက်တိုင်းလည်း ပရီမီယာလိဂ်ကလပ်တွေရဲ့သုံးငွေက အလျှော့မရှိဘဲ တစ်နှစ်ထက်နှစ် စံချိန်ထပ်ထပ်တင်လာတဲ့အခါ။ အဲဒါဟာ ဆွေးနွေးစရာခေါင်းစဉ်တစ်ခုလို ဖြစ်လာတယ်။

အထူးသဖြင့် အဲဒီအင်္ဂလန်ပရီမီယာလိဂ်ကလပ်တွေရဲ့ ဓနအင်အားနဲ့ပတ်သက်ပြီး ကျွမ်းကျင်သူအများစုက အကောက်အယူတစ်ခုလုပ်တယ်။ အဓိကအကြောင်းတရားကတော့ ပြည်ပသား ဘောလုံးသမားတွေ ခေါ်ယူမှုအတွက် ငွေကိုအလုံးအရင်းနဲ့ သုံးစွဲမှုပဲ။ အရှင်းဆုံးပြောရရင် ဒီနွေရာသီဈေးကွက်မှာ ပရီမီယာလိဂ်ကလပ်အသင်းတွေရဲ့ စုစုပေါင်းသုံးငွေ ပေါင် သန်း ၈၇၀ ဆိုတဲ့ပမာဏထဲမှာ ပြည်ပသားဘောလုံးသမားတွေကို ခေါ်ယူခဲ့တဲ့ငွေပမာဏဟာ ပေါင် ၅၈၅ သန်းအထိရှိတယ်။ ပြီးတော့ အဲဒီငွေပမာဏနဲ့အတူ ပြည်ပသား ကစားသမားတွေ အလုံးအရင်းနဲ့ ပရီမီယာလိဂ်ကို ထပ်ရောက်တယ်။ ဒီတော့ အဲဒီလိုအခြေအနေနဲ့ အင်္ဂလန်သား ဘောလုံးသမားလေးတွေရဲ့ အနာဂတ်ကို ချင့်ချိန်တွေးဆကြည့်တော့ ပရီမီယာလိဂ်ရဲ့ ငွေသုံးကြမ်းမှုဟာ ဝေဖန်ထောက်ပြချင်စရာလိုဖြစ်လာတယ်။

ပြောမယ်ဆိုရင် ဒီနောက်ပိုင်းခေတ်မှာ အင်္ဂလန်ပရီမီယာလိဂ်ကလပ်တွေက ဝင်ငွေအရာမှာ သိပ်ကောင်းတယ်။ အသင်းတစ်သင်းရဲ့ အခြေခံဝင်ငွေဖြစ်တဲ့ ရုပ်သံထုတ်လွှင့်ခွင့်ဝင်ငွေကိုက နင့်နေအောင်ရကြတယ်။ တန်းဆင်းသွားရတဲ့အပြင် အမှတ်ပေးဇယားရဲ့ အောက်ဆုံးတောင်ရောက်ခဲ့ရတဲ့ ကျူပီအာလိုအသင်းမျိုးတောင် ရုပ်သံထုတ်လွှင့်ခကနေ ပေါင်သန်း ၇၀ လောက်ရသွားတယ်။ အဲဒီပမာဏဟာ ဘွန်ဒက်စ်လီဂါမှာ ချန်ပီယံဖြစ်သွားတဲ့ ဘိုင်ယန်မြူးနစ်နဲ့ ပြင်သစ်ချန်ပီယံ ပီအက်စ်ဂျီတို့ထက်များသလို စီးရီးအေချန်ပီယံ ဂျူဗင်တပ်နဲ့လည်း ရင်ပေါင်တန်းနိုင်တယ်ဆိုတော့။ အပြောင်းအရွှေ့ဈေးကွက်တိုင်းမှာ ပရီမီယာလိဂ်အသင်းတွေရဲ့ ထပ်ကာထပ်ကာစံချိန်တင်ဝင်ငွေသုံးစွဲမှုတွေဟာ မထူးဆန်းသော်ငြား အဲဒီစံချိန်တင်ငွေကြေးတွေ အနက်က အများစုကို ပြည်ပသား ဘောလုံးသမားတွေခေါ်ယူမှုအတွက် အသုံးပြုမှုကျတော့ ပြဿနာတစ်ရပ်လို ဖြစ်မှန်းမသိ ဖြစ်လာရတယ်လို့ ကောက်ချက်ဆွဲကြတယ်။

အထူးသဖြင့် ပြောခဲ့ပြီးတဲ့အတိုင်း ပရီမီယာလိဂ်ဟာ ကမ္ဘာ့ဘောလုံးလောကအတွင်း ဝင်ငွေအကောင်းဆုံးလိဂ်တစ်ခုဖြစ်တာနဲ့အမျှ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ ငွေရှင်ကြေးရှင်တွေ ကမျက်စိကျပြီး ကလပ်တွေကို ဝယ်တယ်။ အဲဒီမှာ အရင်းအနှီးကလည်း ကြီးတော့ ရင်းရတဲ့ငွေကို အချိန်တိုအတွင်း ပြန်ရဖို့နဲ့ ဝင်ငွေကောင်းတဲ့ ပရီမီယာလိဂ်ကို မစွန့်ခွာရရေးအတွက် ရေတိုစီမံကိန်းတွေချမှတ်တယ်။ အရှင်းဆုံးပြောရရင် ဘောလုံးလောကမှာ ကလပ်အသင်းတစ်သင်း ဝင်ငွေကောင်းဖို့ဆိုရာမှာ အဲဒီကလပ်ရဲ့ပုံရိပ်နဲ့ တိုက်ရိုက်အချိုးကျသလို အဲဒီလိုပုံရိပ်မြင့်တက်ဖို့ဆိုတာကလည်း အောင်ပွဲ၊ နိုင်ပွဲနဲ့ ရပ်တည်မှုတည်ငြိမ်ခြင်းဆိုတာတွေအပေါ် အခြေခံတဲ့အခါ သူဌေးတွေ၊ လုပ်ငန်းရှင်တွေဟာ မိမိအသင်းအချိန်တိုအတွင်း အောင်မြင်ရေးအတွက် အင်္ဂလန်သားဘောလုံးသမားလေးတွေ ရှာဖွေမွေးထုတ်ဖို့ထက် အသင့်သုံးပြည်ပသားတွေ ခေါ်ယူမှုဆိုတဲ့ ရေတိုစီမံကိန်းကို အားပြုသထက်ပြုလာကြတဲ့အခါ ပရီမီယာလိဂ်ကလပ်တွေရဲ့ ပြည်ပသား ဘောလုံးသမားတွေ ခေါ်ယူမှုအတွက် အသုံးပြုငွေဟာ တစ်နှစ်ထက်တစ်နှစ် များများလာတယ်။

ပြောမယ်ဆိုရင် ဘောလုံးရာသီတစ်ခုမှာ အပြောင်းအရွှေ့ဈေးကွက်က နွေရာသီဈေးကွက်နဲ့ ဇန်နဝါရီဈေးကွက်ဆိုပြီး နှစ်ခုရှိတဲ့အနက် ပြီးခဲ့တဲ့ နွေရာသီဈေးကွက် လေးခုကိုပဲပြန်ကြည့်တဲ့အခါ။ အဲဒီနောက်ဆုံး နွေရာသီဈေးကွက်လေးခုမှာ ပရီမီယာလိဂ်ကလပ်တွေဟာ ပြည်ပသား ဘောလုံးသမား ခေါ်ယူမှုအတွက် စုစုပေါင်း ပေါင် နှစ်ဘီလီယံနီးပါးအထိ သုံးစွဲခဲ့တာကို တွေ့ကြရတယ်။ ၂၀၁၂ နွေရာသီဈေးကွက်တုန်းက ပေါင်သန်း ၃၀၀။ ၂၀၁၃ နွေရာသီဈေးကွက်ကျတော့ ပေါင်သန်း ၄၉၀။ ၂၀၁၄ နွေရာသီဈေးကွက်မှာကျတော့ ပေါင်သန်း ၅၃၀ နဲ့ အခု ၂၀၁၅ နွေရာသီဈေးကွက်မှာ ပေါင် ၅၈၅ သန်းအထိ သုံးပြီး ပြည်ပသားဘောလုံးသမားတွေကိုခေါ်ခဲ့တာဆိုတော့။ အဲဒီ လေးခုသော အပြောင်းအရွှေ့ဈေးကွက်ထဲမှာတင် အဲဒီငွေပမာဏနဲ့လိုက်ဖက်တဲ့ ပြည်ပသားဘောလုံးသမားတွေ ပရီမီယာလိဂ်ကို ဘယ်လောက်အထိ အလုံးအရင်းနဲ့ဝင်ရောက်ခဲ့သလဲဆိုတာ မြင်သာတယ်လို့ ထောက်ပြကြတယ်။




ဆိုပါစို့။ အပြောင်းအရွှေ့ဈေးကွက်တစ်ခုမှာ ကစားသမားဆိုတာ အဝင်အထွက်ရှိတယ်ဆိုတာမှန်တယ်။ ဒီနွေဈေးကွက်မှာတင် ဘိုဟာတာ၊ နီဂရီဒို၊ နာစတာဆစ်၊ ဒီမာရီယာ၊ ရာဖေးလ်တို့လို ပြည်ပသားတွေ ပြည်ပကို ပြန်ရောက်သွားကြတာမှန်တယ်။ ဒါပေမယ့် အဝင်အထွက်စာရင်းကမမျှဘူး။ ပြောမယ်ဆိုရင် ရှဝိန်းစတိန်ဂါ၊ ပက်ဒရို၊ ဒီဘရူနီတို့လို ပြည်ပကနေထပ်ဝင်လာတဲ့ ကစားသမားချည်းပဲ ဒီနွေဈေးကွက်မှာ အယောက် ၁၀၀ ကျော်တယ်။ ဒီတော့ အင်္ဂလန်သားဘောလုံသမားတွေရဲ့ ပရီမီယာလိဂ်မှာ ခြေချခွင့်ရဖို့ အခွင့်အရေးဆိုတာ မေးခွန်းထုတ်စရာကောင်းသထက် ကောင်းလာတယ်။ တခြား မကြည့်နဲ့ မန်စီးတီး၊ မန်ယူ၊ လီဗာပူး၊ အာဆင်နယ်နဲ့ ချယ်လ်ဆီးဆိုတဲ့ အသင်းကြီး ငါးသင်းမှာတောင် လူငယ်တွေပါမှ အင်္ဂလန်သားဆိုလို့ ၃၈ ဦးပဲရှိတော့တဲ့အခါ။ သေချာတယ်။ အင်္ဂလန်ကလပ်တွေရဲ့ ရေတိုစီမံကိန်းဟာ အင်္ဂလန်သားဘောလုံးသမားတွေရဲ့ အနာဂတ်ကို နစ်မွန်းစေတယ်လို့သာ ဆိုချင်တယ်။ ■

**ပရီမီယာလိဂ်ကလပ်အသင်းတွေရဲ့ စုစုပေါင်းသုံးငွေ ပေါင် သန်း ၈၇၀ ဆိုတဲ့ပမာဏထဲမှာ ပြည်ပသားဘောလုံးသမားတွေကို ခေါ်ယူခဲ့တဲ့ငွေပမာဏဟာ ပေါင် ၅၈၅ သန်းအထိရှိ**

## ရှေ့ဖုံးမှ

မူလာရဲ့ ခြေစွမ်းနဲ့ပတ်သက်ပြီးလည်း ဂျာမနီနည်းပြ ဂျိုချင်လိုကိုယ်တိုင်က "မူလာဟာ ရှေးရိုးမဆန်ဘဲ ဖောက်ထွက်နိုင်တဲ့ကစားသမားပါ။ သူဘောလုံးကို ဆွဲပြေးပြီဆိုရင်လည်း ဘယ်ဘက်ကို ဆွဲပြေးမယ်ဆိုတာကို ခန့်မှန်းရခက်သလို ဘယ်လိုဂိုးသွင်းမယ်ဆိုတာကိုလည်း ခန့်မှန်းဖို့ကတော့ ခက်ခဲ့ပါတယ်။ ဒါကြောင့်လည်း မူလာဟာ ခန့်မှန်းရခက်တဲ့ ကစားသမားတစ်ဦးလို့လည်း ဆိုရမှာပါ"လို့လည်း ပြောဆိုခဲ့ပါတယ်။ ဒါကြောင့် မူလာရဲ့ ဂိုးသွင်းစွမ်းရည်တွေကြောင့် အကျိုးအမြတ်အရှိဆုံးဆိုရင်တော့ ဘိုင်ယန်မြူးနစ်အသင်းနဲ့ ဂျာမနီလက်ရွေးစင်အသင်းတို့ပဲ ဖြစ်ပါတယ်။ တိုက်စစ်မှူး မူလာဟာ ဒီနှစ်ရာသီမှာ ဘိုင်ယန်မြူးနစ်အသင်းအတွက် လေးပွဲမှာ ခြောက်ဂိုးသွင်းယူပေးထားသလို ဂျာမနီလက်ရွေးစင်အသင်းအတွက်လည်း ၂၀၁၅ ရာသီမှာ သုံးပွဲကစားပြီး လေးဂိုးသွင်းယူပေးထားပါတယ်။ မူလာဟာ ပြီခဲ့တဲ့ ခြောက်ရာသီအတွင်း ငါးရာသီမှာ တစ်ရာသီကို အနည်းဆုံး ၁၀ ဂိုးကျော် သွင်းယူနိုင်ခဲ့တဲ့ ကစားသမားတစ်ဦး ဖြစ်ပါတယ်။ ဒါကြောင့် ဘိုင်ယန်မြူးနစ်အသင်းရဲ့ အောင်မြင်မှုတွေကို ကြည့်မယ်ဆိုရင် မူလာရဲ့အခန်းကဏ္ဍဟာ အရေးတကြီး ပါဝင်နေမှာဖြစ်ပါတယ်။

လက်ရှိရာသီမှာတော့ တိုက်စစ်မှူးမူလာရဲ့ စွမ်းဆောင်မှုတွေဟာ အကောင်းဆုံးရှိနေခဲ့တယ်လို့လည်း ပြောရမှာဖြစ်ပါတယ်။ လက်ရှိထွက်ပေါ်နေခဲ့တဲ့ စာရင်းဇယားတွေအရ ကြည့် မယ်ဆိုရင်လည်း မူလာရဲ့စွမ်းဆောင်မှုဟာ ၈ ဒသမ ၆၂ ရာခိုင်နှုန်းရှိပြီး လက်ရှိ ဥရောပထိပ်တန်းလိဂ်တွေရဲ့ နာမည်ကြီး ကစားသမားတွေရဲ့ စွမ်းဆောင်မှုတွေထက် ကျော်လွန် နေတာကို တွေ့ရမှာဖြစ်ပါတယ်။ဒါပေမယ့်ဒီနှစ်ရာသီမှာ မူလာအနေနဲ့ အခုလို ခြေစွမ်းပြကစား နိုင်ပြီး ဂိုးတွေသွင်းယူနိုင်တာဟာ အသင်းကို အသစ်ရောက်ရှိလာခဲ့တဲ့ ဘရာဇီးတိုက်စစ်မှူး ဒေါက်ဂလက် ကော်စတာကြောင့်လည်း ဖြစ်ပါတယ်။ ဒေါက်ဂလက် ကော်စတာဟာ နွေရာသီကမှ အသင်းကိုရောက်ရှိလာခဲ့တာဖြစ်ပေမယ့် မူလာနဲ့ အံ့သြဖွယ်ကောင်းလောက်အောင် တွဲဖက်ညီကစားနိုင်ပြီး မူလာဂိုးရရှိဖို့ကိုလည်း အကောင်းဆုံးဖန်တီးနိုင်ခဲ့ပါတယ်။ မူလာရရှိခဲ့တဲ့ ခြောက်ဂိုးကိုကြည့်မယ်ဆိုရင်တော့ ဒေါက်ဂလက်ကော်စတာ ပံ့ပိုးမှုကြောင့်ရရှိတဲ့ဂိုးက နှစ်ဂိုးရှိတာကို တွေ့ရမှာပါ။ ဒါကြောင့်လည်း ဒီနှစ်ရာသီမှာ မူလာခြေစွမ်းပြနိုင်ခြင်းဟာ ဒေါက်ဂလက်ရဲ့ ကူညီမှုတွေကြောင့်ပါတယ်လို့ ဆိုနိုင်ပါတယ်။




ဒီနှစ်ရာသီမှာ ဘိုင်ယန်မြူးနစ် အသင်းနည်းပြ ဂွာဒီယိုလာဟာ စိန်ကကစားကွက်လို့ဆိုတဲ့ ၃-၄-၃ ကစားကွက်ကို စတင်အသုံးပြုခဲ့ပါတယ်။ ဒီကစားကွက်ဟာ အခြားကစားသမားတွေအတွက် အနည်းငယ်အခက်အခဲတွေနဲ့ အသားမကျမှုတွေရှိခဲ့ပေမယ့် မူလာအတွက်ကတော့ အသားကျပြီး ခြေစွမ်းပြဂိုးတွေသွင်းယူနိုင်ခဲ့ပါတယ်။ ဒ့ါအပြင် ဘိုင်ယန်မြူးနစ်အသင်းဟာ ဒီနှစ်နွေရာသီမှာတော့ ဂျူဗင်တပ်စ်အသင်းကနေ ကွင်းလယ်ကစားသမား ဗီဒဲလ်ကို ခေါ်ယူခဲ့ပါတယ်။ ဒါကြောင့်လည်း ကွင်းလယ်ပိုင်းအတွက် ဆင်းကစားစရာတာဝန်မရှိတော့တာကြောင့် ဂိုးတွေပိုမိုသွင်းယူနိုင်ဖို့အတွက် အာရုံစိုက်လာနိုင်တာလည်းဖြစ်ပါတယ်။ ဒါကြောင့် လက်ရှိဂွာဒီယိုလာရဲ့ ကစားကွက်မှာတော့ တိုက်စစ်မှူး မူလာဟာ ဘိုင်ယန်မြူးနစ်အသင်းရဲ့ ပရိသတ်တွေအတွက်တော့ နှစ်သက်စရာကောင်းတဲ့ ဂိုးသွင်းရှင်တစ်ဦးအဖြစ် ပိုမိုတွေ့မြင်ရဖို့ရှိနိုင်ပါတယ်။

တိုက်စစ်မှူးမူလာဟာ လက်ရှိအချိန် လက်ရှိခြေစွမ်းတွေနဲ့ အသင်းရဲ့ ကစားကွက်တွေအရ ကြည့်မယ်ဆိုရင် တော့ ဒီနှစ်ရာသီမှာ မူလာဟာ ဥရောပရဲ့ ဂိုးသွင်းအများဆုံးကစားသမား တစ်ဦးအဖြစ် တွေ့မြင်ရဖို့ရှိနေပါတယ်။ ဒါကြောင့်လာမယ့်ပွဲတွေမှာ မူလာရဲ့ခြေစွမ်းနဲ့ ဂိုးတွေကိုသာ ဆက်လက်စောင့်မျှော်ကြည့်ရှုရဦးမှာဖြစ်ပါတယ်။ ■

ရခိုင်ပြည်နယ်

# လက်တွဲဝန်းရံ အားမာန်ဝင့်ထည် ရခိုင်ပြည်နယ်

ရခိုင်ပြည်နယ် သံတွဲမြို့နယ်အတွင်းရှိ ငွေမြို့၊ ကျိန္တလီဒေသများနှင့် ကျွန်တော်၏ မွေးရပ်မြေ ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် အနောက်ခြမ်းဒေသတို့သည် အနောက်ရိုးမ တောင်ထွတ်တောင်စွယ် အနည်းငယ်သာခြားနားပြီး ရေမြေချင်း ဆက်စပ်လျက်ရှိသည်။ ကျွန်တော်တို့ ငယ်စဉ်က ငါးသိုင်းချောင်း-ဂွကားလမ်းသည် ပီပီပြင်ပြင်မရှိသေး၊ လူတော်တော်များများက ဂွနှင့်ကျိန္တလီဒေသများဘက်သို့ အရောင်းအဝယ်ကိစ္စဖြင့် ခရီးသွားလျှင် အနောက်သို့ သွားသည်ဟူ၍သာ ပြောဆိုသုံးနှုန်းကြ၏။ ၎င်းတို့ဘက်မှ ရံဖန်ရံခါ နွားများလာရောင်းသည့်အခါ၌လည်း အနောက်အရပ်ကလာခြင်းဖြစ်၍ အနောက်နွားဟူ၍သာ လူသိများခဲ့သည်။ ဆိုရသော်-- ရခိုင်ပြည်နယ်နှင့် ပတ်သက်လာလျှင် ငယ်စဉ်ကတည်းက ရင်းနှီးကျွမ်းဝင်ရှိခဲ့ဖူးသည်။ သတိပြုမိသည်မှာ ရခိုင်ပြည်နယ်သည် ကျွန်တော်တို့ငယ်စဉ်ကပင် လေပြင်းမုန်တိုင်းများ မကြာခဏဝင်ရောက်တတ်သော်လည်း ဖြစ်ပေါ်လာသောဘေးဒုက္ခများကို ကြံ့ကြံ့ခံတွန်းလှန်နိုင်ခဲ့ကြကြောင်း တွေ့ရသည်။

သို့သော်ငြားလည်း ၂၀၁၅ခုနှစ် ဇွန်လနှင့် ဇူလိုင်လများအတွင်း ရခိုင်ပြည်နယ်တစ်ဝန်းလုံးတွင် ရေကြီးရေလျှံသဘာဝဘေးအန္တရာယ်များကို ကြီးမားစွာကြုံတွေ့ခဲ့ကြရသည်။ မြို့နယ်ပေါင်း ၁၇ မြို့နယ်အတွင်း လူထိခိုက်သေဆုံးမှု ၅၀ ကျော်၊ ကျွဲ/နွားတိရစ္ဆာန်များ သေကျေပျက်စီးမှု ၄၆၈၆ ကောင်၊ ရေဘေးသင့် အိမ်ထောင်စု ၁၆၃၃၆ စု၊ ရေဘေးသင့်လူဦးရေ ၉၆၁၆၅ ဦးဖြစ်ပြီး လူနေအိမ် ၁၃၄၄၇ လုံး၊ စာသင်ကျောင်း ၆၀၅ ကျောင်း၊ ဘုန်းတော်ကြီးကျောင်း ၁၂၀၊ အခြားအဆောက်အအုံများ ၄၅၅၇ လုံး၊ ဆည်ပေါင်း ၂၅၀၊ တံတားကြီး/ငယ် ၂၂ စင်း၊ ဒေသတွင်းလမ်းများ ၁၆ ခု၊ စိုက်ပျိုးမြေဧကပေါင်း ၂၁၇၂၄၆ ဧက ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။ ဆုံးရှုံးမှုတန်ဖိုး ငွေကျပ် သန်းပေါင်း ၄၅၀၀၀ ခန့်ရှိခဲ့သည်။

ယင်းကဲ့သို့ ဖြစ်ပေါ်ခဲ့မှုများကြောင့် အရေးပေါ်ကယ်ဆယ်ထောက်ပံ့ရေးလုပ်ငန်းများ၊ ပြန်လည်နေရာချထားရေးနှင့် ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်သမ္မတကြီး၏ ညွှန်ကြားချက်နှင့်အညီ ပြည်ထောင်စုဝန်ကြီးဌာနအလိုက် ဝင်ရောက်ဆောင်ရွက်ပေးသကဲ့သို့ နိုင်ငံတော်တစ်ဝန်းလုံးရှိ ရဟန်းရှင်လူပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်အလှူရှင်များကလည်း အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူ၍ ဝိုင်းဝန်းကူညီပါဝင်ခဲ့ကြကြောင်း တွေ့ရသည်။

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေသည် စက်တင်ဘာ ၉ ရက်က ရခိုင်ပြည်နယ် မင်းပြားမြို့သို့ရောက်ရှိပြီး မင်းပြားမြို့၊ ပရိယတ္တိဓမ္မိကာရုံကျောင်းတိုက် နိုင်ငံတော်ဗဟိုဝန်ဆောင် ဦးစီးပဓာနနာယက ဆရာတော်အမှူးပြုသော သံဃာတော်များအား ဖူးမြော်ကန်တော့ပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ပါသည်။ ထို့နောက် ရေဘေးသင့်ပြည်သူများအားတွေ့ဆုံအားပေးကာ မိမိတို့၏ရပ်ရွာဒေသများ မူလအခြေအနေသို့ ဆောလျင်စွာ ပြန်လည်ရောက်ရှိစေရေးအတွက် နိုင်ငံတော်အပိုင်းမှဖြည့်ဆည်းဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားပြီးနောက် ဆန်၊ အဝတ်အထည်နှင့် စောင်၊ ခြင်ထောင်များ ထောက်ပံ့ပေးအပ်ခဲ့သည်။ ထိုမှတစ်ဆင့် မြောက်ဦးမြို့သို့သွားရောက်ပြီး သျှစ်သောင်းပုထိုးတော်ကြီးဝင်းအတွင်း ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံ၍ ထောက်ပံ့ပစ္စည်းများပေးအပ်ခဲ့သည်။ ပြည်ထောင်စုဝန်ကြီးသည် ကျောက်တော်မြို့သို့ရောက်ရှိစဉ် မဟာမုနိဘုရားကြီးအား ဖူးမြော်ကြည်ညိုကာ လေအေးပေးစက်တပ်ဆင်ရန် အလှူငွေများလှူဒါန်းခဲ့ပါသည်။ ဆက်လက်၍ ရေတော်ဆရာတော်ကို ဖူးမြော်ကြည်ညိုကာ မဟာမုနိဘုရားကြီးရင်ပြင်၌ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ဆန်၊ အဝတ်အထည်နှင့် စောင်၊ ခြင်ထောင်များ ထောက်ပံ့ပေးအပ်ခဲ့သည်။



နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၏ အထက်ပါ ရခိုင်ပြည်နယ်ခရီးစဉ်အတွင်း စက်တင်ဘာ ၈ ရက်ကလည်း စစ်တွေမြို့ရှိ အရေးပေါ် ပေါင်းစပ်ညှိနှိုင်းရေးစင်တာ (ECC) သို့ သွားရောက်ကာ အရေးပေါ်ပေါင်းစပ်ညှိနှိုင်းရေးစင်တာ အဖွဲ့ဝင်များ၊ ပြည်နယ်အတွင်း နိုင်ငံတော်အစိုးရနှင့် ပူးပေါင်း၍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ တာဝန်ရှိသူများအား တွေ့ဆုံ၍ လမ်းပန်းဆက်သွယ်ရေး၊ စားနပ်ရိက္ခာ၊ သန့်ရှင်းသောသောက်သုံးရေရရှိရေးနှင့် သန့်ရှင်းရေး ကဏ္ဍများတွင် တိုးမြှင့်ပူးပေါင်းဆောင်ရွက်ရေးတို့ကို ရှင်းလင်းမှာကြားခဲ့သည်။ ဆက်လက်၍ UNOCHA၊ UNICEF ၊UNDP ၊ UNHCR၊ ICRC၊ Oxfam အဖွဲ့တာဝန်ခံများက ရခိုင်ပြည်နယ်အတွင်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များအား ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စစ်တွေမြို့ စက်ရုံစုကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိပြီး ကယ်ဆယ်ရေးစခန်းနေ ရခိုင်တိုင်းရင်းသားသွေးချင်းများနှင့်တွေ့ဆုံ၍ ပြည်နယ်အတွင်း နိုင်ငံတော်အစိုးရက အကောင်အထည်ဖော် ဆောင်ရွက်ပေးနေသော လူမှုစီးပွားဘဝများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ ကယ်ဆယ်ရေးစခန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။ အလားတူ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စစ်တွေမြို့၊ သက္ကေပြင်ကယ်ဆယ်ရေးစခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ရခိုင်ပြည်နယ်အတွင်း ၂၀၁၃ ခုနှစ် မတ်လမှစ၍ ဒုတိယသမ္မတ(၁)ဥက္ကဋ္ဌအဖြစ်တာဝန်ယူဆောင်ရွက်သော ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီက ကြီးကြပ်ညွှန်ကြား၍ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းကော်မတီ၊ ဒေသတွင်းယာယီနေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ၊ လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းကော်မတီ၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ၊ ဘက်စုံမဟာဗျူဟာရေးဆွဲရေးလုပ်ငန်းကော်မတီတို့သည် မိမိတို့လုပ်ငန်းတာဝန်၊ အခန်းကဏ္ဍများအလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိကြသည်။ အထက်ပါ လုပ်ငန်းတာဝန်များအတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ နိုင်ငံတော်သမ္မတ၏သီးသန့်ရန်ပုံငွေမှ ငွေကျပ်သန်းပေါင်း ၁၈၆၃၂ ဒသမ ၉၀၄ သန်း သုံးစွဲခဲ့သည်။

ထို့အတူ နယ်စပ်ရေးရာဝန်ကြီးဌာနသည် ပြည်နယ်အတွင်း လမ်း/တံတားလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ စွမ်းအင်၊ သာသနာရေး၊ ပြည်သူ့ဆက်ဆံရေး၊ အိမ်ရာဆောက်လုပ်ရေး၊ ရေရရှိရေး၊ စိုက်ပျိုးမြေရရှိရေး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း နယ်စပ်ဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သန်းပေါင်း ၇၃၅၇ ဒသမ ၆၅၈ သန်း သုံးစွဲဆောင်ရွက်ပေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ရခိုင်ပြည်နယ်ခရီးစဉ်အတွင်း မင်းပြားမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းနှင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်းသို့ သွားရောက်ပြီး ကျောင်းသား ကျောင်းသူများ၊ သင်တန်းသူများကိုတွေ့ဆုံကာ ထောက်ပံ့ငွေများပေးအပ်ခဲ့သည်။ ထို့အပြင် စစ်တွေ၊ ဘူးသီးတောင်၊ မောင်တော၊ ကျောက်တော်၊ တောင်ပြိုလက်ဝဲ၊ ပလက်ဝမြို့နယ်များအတွင်းရှိ အထောက်အပံ့ခံ ပရဟိတကျောင်း ခုနစ်ကျောင်းသို့ နယ်စပ်ရေးရာဝန်ကြီးဌာနက ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ဒုတိယခြောက်လပတ်အတွက် ထောက်ပံ့သည့် ဆန်ဖိုးနှင့် စားစရိတ် ထောက်ပံ့ငွေ စုစုပေါင်းငွေကျပ် ၄၇ ဒသမ ၆၈ သန်းကို သက်ဆိုင်ရာ ပရဟိတကျောင်းအလိုက် ကိုယ်စားလှယ်များထံ ထောက်ပံ့ပေးအပ်ခဲ့သည်။

ရခိုင်ပြည်နယ်သည် ရခိုင်တိုင်းရင်းသားသွေးချင်းတို့၏မြေဖြစ်သည်။ သွေးချင်းတို့၏အရေးသည် နိုင်ငံ့အရေးပင်ဖြစ်သည်။ ရခိုင်ပြည်နယ်အတွင်း မည်သည့်အရေး၊ မည်သည့်သဘာဝဘေးအန္တရာယ်ပဲ ကျရောက်ကျရောက် နိုင်ငံသားအားလုံးက ညီညာပေါင်းစုအားမာန်ထုနှင့်လက်တွဲဝန်းရံ၍ ဝိုင်းဝန်းကူညီစောင့်ရှောက်လျက်ရှိပါကြောင်း ရေးသားတင်ပြအပ်ပါသည်။

**မြင့်စိုး(နတလ)**

ကယားပြည်နယ်

## စိုက်ပျိုးရေးသင်တန်း (၆/၂၀၁၅) သင်တန်းဆင်းပွဲကျင်းပ

ကယားပြည်နယ် လွိုင်ကော်မြို့နယ်ရှိ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်ပေးသော အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စိုက်ပျိုးရေးသင်တန်း (၆/၂၀၁၅)ဆင်းပွဲကို စက်တင်ဘာလ ဒုတိယပတ်က ဇရပ်ဖြူကျေးရွာ၌ ကျင်းပရာ အခမ်းအနားသို့ မြို့နယ်ကျေးလက်ဦးစီး ဦးမျိုးသိန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အထောက်အကူပြုအဖွဲ့များ၊ သင်တန်းသား သင်တန်းသူများ၊ ကျေးရွာနေပြည်သူများ တက်ရောက်ကြသည်။ ထို့နောက် သင်တန်းဆင်းပွဲတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးမျိုးသိန်းက အမှာစကားပြောကြားပြီး သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းကို ဖွင့်လှစ်ပေးခြင်းဖြင့် ကျေးလက်နေပြည်သူများ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုအလုပ်အကိုင် အခွင့်အလမ်းများ ရရှိလာစေရန်နှင့် ရရှိလာသော အကျိုးရလဒ်များကို လက်တွေ့စိုက်ပျိုးချိန်တွင် အကျိုးရှိစွာအသုံးချနိုင်ရန်အတွက် ရည်ရွယ်ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ ယခုသင်တန်းတွင် သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလကို ရက်သတ္တနှစ်ပတ်ကြာ ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

ကချင်ပြည်နယ်

# တိုင်းရင်းသားရိုးရာ ပဒေသာကပွဲနှင့် ဂီတဆည်းဆာဖျော်ဖြေပွဲ



ကချင်ပြည်နယ် မြစ်ကြီးနား တက္ကသိုလ်က ကြီးမှူး၍ တိုင်းရင်းသားရိုးရာပဒေသာကပွဲနှင့် ဂီတဆည်းဆာဖျော်ဖြေပွဲကို စက်တင်ဘာလ ဒုတိယပတ်က အဆိုပါ တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းက အမှာစကားပြောကြားပြီး တက္ကသိုလ်ရှိ ဘာသာရပ်အသီးသီးမှ ကျောင်းသား ကျောင်းသူလေးများက ပျူ ပုဂံ၊ အင်းဝ ခေတ်အလိုက် အကများ၊ မြန်မာ့ရိုးရာ ဦးရွှေရိုးအကများဖြင့် ဝေဝေဆာဆာဖျော်ဖြေခဲ့သည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တိုင်းရင်းသား ရိုးရာပဒေသာကပွဲနှင့် ဂီတဆည်းဆာ ဖျော်ဖြေပွဲဖြစ်မြောက်ရေးကော်မတီသို့ ရန်ပုံ ငွေများပေးအပ်လှူဒါန်းခဲ့သည်။

အခမ်းအနားသို့ တာဝန်ခံပါမောက္ခချုပ် ဒေါက်တာစိုးဝင်းနှင့် ပါမောက္ခဌာနမှူးများ၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူများ တက်ရောက်ကြည့်ရှု အားပေးကြကြောင်း သိရသည်။

မိုယ်းကျ(မြစ်ကြီးနား)

# အလုပ်သမားများ လုပ်ငန်းကျွမ်းကျင်မှု သင်တန်းများဖွင့်

ထိုင်းနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံဖြစ်သော မြန်မာနိုင်ငံနယ်စပ်မြို့များရှိ လုပ်သားများ စွမ်းဆောင်ရည်မြင့်မားပြီး အလုပ်အကိုင်အခွင့်အလမ်းများပိုမိုရရှိကာ ၎င်းတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်ပြီး အလုပ်သမားဝန်ကြီးဌာနနှင့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် လုပ်သားများစွမ်းဆောင်ရည်မြင့်မားရေး အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများကို မြန်မာ-ထိုင်းနယ်စပ်မြို့ မြဝတီမြို့၌ ဩဂုတ် ၂၁ ရက်မှ ၂၃ ရက်အထိ သုံးရက်ကြာ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အလုပ်သမားများ လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာသင်တန်း တက်ရောက်ခဲ့သည့် သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၈ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သောင်ရင်းခန်းမ၌ ကျင်းပသည်။

ဆက်လက်၍ ထိုင်းနိုင်ငံလေဘာရုံးမှ တာဝန်ရှိသူတစ်ဦးက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက် နှစ်နိုင်ငံတာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်း လက်မှတ်များ ပေးအပ်ခဲ့သည်။

ယင်းသို့ဖွင့်လှစ်ရာ ကြွေပြားခင်းသင်တန်းနှင့် မော်တော်ဆိုင်ကယ်ပြင်သင်တန်းကို ခရိုင်အမျိုးသမီးရေးရာအဖွဲ့ရုံး၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ထို့အပြင် ဝေ့ရှမ်းကျေးရွာ၌ လည်း ဩဂုတ် ၂၃ ရက်မှ ၂၅ ရက်အထိ အချက်အပြုတ်သင်တန်းဖွင့်လှစ်ခဲ့ရာ အဆိုပါ သင်တန်းသုံးမျိုးတွင် စုစုပေါင်းသင်တန်းသား၊ သင်တန်းသူ ၁၀၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

ထိန်လင်းအောင်(ပြန်/ဆက်)

ပဲခူးတိုင်းဒေသကြီး

# နတ်တလင်းမြို့နယ်ရှိ သက်ငယ်ပြင်အုပ်စု၌ မီးထိန်ထိန်လင်း

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် သက်ငယ်ပြင်ကျေးရွာအုပ်စု သက်ငယ်ပြင်ကျေးရွာနှင့် သနပ်ကွင်းကျေးရွာတို့တွင် စက်တင်ဘာ ၁၅ရက်က စ၍လျှပ်စစ်မီးထိန်ထိန်လင်းနေပြီဖြစ်သည်။

မီးလင်းရေးဆောင်ရွက်ပေးသော မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးဝင်းနိုင်ထွန်းက "ကျေးရွာမီးလင်းရေးအတွက် ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်မှာ ဆောင်ရွက်ပေးတာဖြစ်ပါတယ်။ လျှပ်စစ်မီးရရှိရေးအတွက်ပြည်ထောင်စုရန်ပုံ ငွေကျပ်သန်း ၈၀ နဲ့ ကျေးလက်နေပြည်သူများက ထည့်ဝင်ငွေကျပ် ၄၃ ဒသမ ၃၆၆၆၁၃ သန်းဖြင့် မီးလင်းရေးကော်မတီများ၊ ကျေးရွာအထောက်အကူပြုအဖွဲ့၊ရပ်မိရပ်ဖတို့ ပူးပေါင်းဆောင်ရွက်တာပါ။ 315KVA ထရန်စဖော်မာ တစ်လုံး၊ 11KV လိုင်း ၂ ဒသမ ၆ မိုင် ဆောင်ရွက်သွယ်တန်းပြီး အခုဆိုရင်သက်ငယ်ပြင်ရွာနဲ့သနပ်ကွင်းရွာရှိအိမ်ခြေ ၂၇၀၊ လူဦးရေ ၁၀၈၂ ဦးတို့ကို လျှပ်စစ်မီးသုံးခွင့်ရနေတဲ့အတွက် ဝမ်းသာကြည်နူးနေကြပါတယ်"ဟု ပြောပြသည်။

အလားတူ လယ်တာငယ်ရွာ၊ ကုန်းသာရွာ၊ ကျွန်းကုန်းရွာ၊ နွယ်ခွေရွာ စသည့်ကျေးရွာများ လျှပ်စစ်မီးရရှိနေပြီဖြစ်သည်။

တင်မြင့် - နတ်တလင်း

ကရင်ပြည်နယ်

# အထွက်နှုန်းတိုးရေး သဘာဝမြေသြဇာစုပေါင်းကြဲပက်

ကရင်ပြည်နယ် ဖာပွန်မြို့နယ် မဲသလွတ်ကျေးရွာတွင် ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များဖြင့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးပြီး လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ကာ မိုးစပါးတစ်ဧကအထွက်နှုန်းတိုးစေရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနမှနည်းပညာပံ့ပိုးမှုဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ မဲသလွတ်ကျေးရွာ၊ တောင်သူဦးစောဘိုဘို၏ ပုလဲသွယ်စပ်မျိုးစပါးစိုက်ဧက ၁၅ ဧကတွင် စုပေါင်းမြေသြဇာကြဲပက်ပွဲကို စက်တင်ဘာ ၁၄ ရက်က ကျင်းပသည်။

ရှေးဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူးဦးဆန်းဦးက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးဦးထွန်းလှရွှေက စိုက်ပျိုးနည်းစနစ်မှန်ကန်ပြီး တစ်ဧကအထွက်နှုန်း တိုးရေးနှင့် သမားရိုးကျစိုက်ပျိုးရာမှ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များကို ပညာပေးရှင်းလင်းပြောကြားသည်။ ဆက်လက်၍တက်ရောက်လာကြသော မဲသလွတ်ကျေးရွာအုပ်စုအတွင်းရှိကျေးရွာများမှ တောင်သူများ က စိုက်ပျိုးရေးနှင့်ပတ်သက်သော သိလိုသည့်အချက်များနှင့် လိုအပ်ချက်များကို ခရိုင်အုပ်ချုပ်ရေးမှူးနှင့် စိုက်ပျိုးရေးဝန်ထမ်းများက ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် မဲသလွတ်ကျေးရွာ တောင်သူဦးစောဘိုဘို၏ ပုလဲသွယ်စပ်မျိုးစပါးစိုက်ဧကကိုးဧက၊ ကွင်းအမှတ် (၂)အတွင်းသို့ ဓာတ်မြေသြဇာနှင့် တောင်သုံးလုံးသဘာဝဓာတ်မြေသြဇာများကို အချိုးကျရောစပ်ပြသပြီး ခရိုင်အုပ်ချုပ်ရေးမှူး၊ စိုက်ပျိုးရေးကြီးကြပ်အဖွဲ့ဝင်များနှင့်တောင်သူလယ်သမားများက စုပေါင်းကြဲပက်ခဲ့ကြကြောင်း သိရသည်။

သိန်းစိုးမြင့် (ပြန်/ဆက်)



စစ်ကိုင်းတိုင်းဒေသကြီး

# စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြော



စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာနက ပြည်သူလူထုနှင့် အနာဂတ်မျိုးဆက်သစ်လူငယ်များအတွက် အန္တရာယ်ဖြစ်စေတတ်သည့်အစားအစာနှင့် အာဟာရဖြစ်ပြီး ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများကို ခွဲခြားသိ၍စားသုံးတတ်စေရန်အတွက် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၉ ရက်က စစ်ကိုင်းမြို့ ကျောက်ဆည်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း အာဝါသထာဂါရခန်းမနှင့် ကုန်းရွာ (၁) အခြေခံပညာအလယ် တန်းကျောင်း(ခွဲ) တို့၌ ဟောပြောခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် ကျောက်ဆည်ကျေးရွာအခြေခံပညာအထက်တန်းကျောင်းအုပ်ဆရာကြီး ဦးမျိုးသန့်ကလည်းကောင်း၊ ကုန်းရွာ(၁)အခြေခံပညာ အလယ်တန်းကျောင်းအုပ်ဆရာကြီး ဦးညွန့်ရွှေတို့က လည်းကောင်း အမှာစကားများ ပြောကြားခဲ့ကြသည်။ ဆက်လက်၍ ခရိုင်ကုန်သွယ်မှု မြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှူး ဦးစိုးအောင်က စားသုံးသူရေးရာ အကြောင်းသိကောင်းစရာများကိုလည်းကောင်း၊ ဒေါ်ချိုချိုဝင်းက အရက်၊ ဘီယာ၊ ဆေးလိပ်၊ ကွမ်းယာ စားသုံးခြင်း၏ နောက်ဆက်တွဲ ဆိုးကျိုးများကိုလည်းကောင်း၊ ဒေါ်ကေသီအောင်က မုန့်မျိုးစုံ၏ အန္တရာယ်နှင့်သိသင့်သိထိုက်သည့် အကြောင်းအရာများကိုလည်းကောင်း၊ ဦးဇော်ဝင်းနှင့် ဦးခင်မောင်ဝင်းတို့က ဆီနှင့် ဟင်းချိုမှုန့်စားသုံးခြင်း၏ နောက်ဆက်တွဲဆိုးကျိုးများကိုလည်းကောင်း ပရိုဂျက်တာများဖြင့် ဟောပြောဆွေးနွေးခဲ့ကြသည်။

ထို့နောက် စားသုံးသူရေးရာခရိုင်ဦးစီးမှူး၊ ကျောင်းအုပ်ကြီးနှင့်တာဝန်ရှိသူများက ကျောင်းဈေးတန်းသို့သွားရောက်ကြည့်ရှုပြီး ကျောင်းဈေးသည်များအား အန္တရာယ်ဖြစ်စေတတ်သည့် အစားအစာနှင့် မုန့်များကို ကျောင်းဈေး၌ ရောင်းချခြင်းမပြုရန်မှာကြားခဲ့ကြောင်း သိရသည်။

**မျိုးဝင်း (စစ်ကိုင်း)**

ရှမ်းပြည်နယ်(တောင်ပိုင်း)

# ဘိန်းအစားထိုးဆောင်းသီးနှံ မျိုးစေ့နှင့် ဓာတ်မြေဩဇာထောက်ပံ့

ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဘိန်းစိုက်ပျိုးမှုလျှော့နည်းပပျောက်စေရေးနှင့် အစားထိုးသီးနှံများ ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရန်အတွက် ဆောင်းသီးနှံ (GAP) စနစ်စိုက်ပျိုးရန် နေကြာအထူးအထွက်တိုးမျိုးနှင့် ဓာတ်မြေဩဇာပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၂ ရက်က စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးချိုချို၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်၊ စည်ပင်သာယာရေး ဦးစီးဌာနက မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုနှင့် စာရင်းအင်းဦးစီးဌာန၊ မြို့နယ်ဥပဒေအရာရှိ၊ မြို့နယ်မိုက္ကရိုဝေ့ဗ်ဌာနများမှ တာဝန်ခံများ တက်ရောက်ပြီး ခေါင်းအိကျေးရွာ၊ ရီနွဲ့ကျေးရွာ၊ ရီလုံရီကန်ကျေးရွာ၊ ကုန်းဆုံကျေးရွာနှင့် လွယ်ပေါကျေးရွာတို့မှ တောင်သူများထံ စုစုပေါင်း စိုက်ဧက ၁၀၀ စိုက်ပျိုးနိုင်ရန် နေကြာမျိုးစေ့နှင့် ဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **ကိုထွေး(ဖယ်ခုံ)**

မန္တလေးတိုင်းဒေသကြီး

# ရိတ်သိမ်းခြွေလှေ့စက် ပြုပြင်မောင်းနှင်ခြင်း သင်တန်းဆင်း



မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးလုပ်ငန်းများကို ယခင်က နွားဖြင့် ထွန်ယက်စိုက်ပျိုးခဲ့ကြရာ ယခုအခါ ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်လာပြီဖြစ်သဖြင့် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ဟူသော ဆောင်ပုဒ်နှင့်အညီ စိုက်ပျိုးရေးကဏ္ဍတွင် ခေတ်မီလယ်ယာသုံးစက်ကိရိယာများဖြင့် ပြောင်းလဲအသုံးပြုလာသည်။

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် စက်မှုလယ်ယာဦးစီးဌာန မြန်မာ့လယ်ယာသုံးစက်ကိရိယာစက်ရုံ(အင်းကုန်း)တွင် တောင်သူလယ်သမားကြီးများ ရာသီချိန်မီ ရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းများတွင် အသုံးပြုသော DKC-685/ 865 Kalaje ရိတ်သိမ်းခြွေလှေ့စက်များ ပြုပြင်ထိန်းသိမ်းမောင်းနှင်ခြင်းသင်တန်းကို ယခုလဆန်းပိုင်းက သင်တန်းဆင်းရာ တိုင်းဒေသကြီးနှင့် ပြည်နယ်စက်မှု လယ်ယာဦးစီးဌာနက ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်း၊ မောင်းနှင်ခြင်းတို့တွင် ကျွမ်းကျင်ပိုင်နိုင်စွာ မောင်းနှင်ထိန်းသိမ်းနိုင်သည့်အပြင် လုပ်ငန်းခွင်တွင် စက်ချွတ်ယွင်းခဲ့ပါက အလွယ်တကူပြုပြင်ထိန်းသိမ်းနိုင်မှုကြောင့် စက်အား သက်တမ်းပြည့် အသုံးပြုနိုင်သည်။ ကုန်ကျစရိတ်လည်းသက်သာသည့်အပြင် စပါးအလေအလွင့်မရှိဘဲ လုပ်သားရှားပါးမှု ပြဿနာကိုလည်း စက်အားဖြင့် ဖြေရှင်းနိုင်ကြောင်း သင်တန်းသားတစ်ဦး၏ ပြောပြချက်အရ သိရသည်။

**ခင်မောင်လွင်**

**ရခိုင်ပြည်နယ်**

# ဤသင်တန်းမှသည် သက်မွေးဝမ်းကျောင်းဆီ



သင်တန်း၌ လက်တွေ့သင်ပြမှုတစ်ခုကို တွေ့ရစဉ်။

ရိုးမနှင့်ပင်လယ်အကြား ခံ့ညားထည်ဝါလှပနေသည့် လဆန်းမြေ ခေါ် ရခိုင်တို့မြေ ဤမြေ၊ ဤရေ၊ ဤဒေသကား ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများအတွင်းက ကြုံတွေ့ခဲ့ရသော သဘာဝဘေးဒဏ်ကြောင့် အထိနာခဲ့ရချေပြီ။ လယ်ယာ၊ သားငါးကဏ္ဍများက အဓိကပျက်စီးစေသကဲ့သို့ ကျန်းမာရေး၊ ပညာရေးနှင့် အခြားလုပ်ငန်းများလည်း ထိခိုက်ခဲ့ရသည်။ ဤသည်များကို ဒေသခံပြည်သူများ၊ ရပ်ဝေးနေတိုင်းရင်းသားများ၊ ပြည်နယ်အစိုးရနှင့် ပြည်ထောင်စုအစိုးရတို့က ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနေကြသည်။ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ တည်ဆောက်ရာတွင် သက်မွေးဝမ်းကျောင်းသင်တန်းများ ပေးပြီး အလုပ်အကိုင်များဖန်တီးပေးခြင်းသည်လည်း အခရာကျလှပေသည်။

ဤကွက်လပ်ကို တစ်ထောင့်တစ်နေရာမှ ဖြည့်ဆည်းပေးသည့်အနေဖြင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနက ရခိုင်ပြည်နယ်စစ်တွေမြို့၌ တစ်လုံးထိုးအင်ဂျင်နှင့်ဆိုင်ကယ်ပြုပြင်ခြင်း အထူးသင်တန်းအမှတ်စဉ် (၁/၂၀၁၅) ကို ဖွင့်လှစ်ပေးလျက်ရှိကြောင်း သိရသည်။

**တက်ကြွရှင်လန်းစွာသင်တန်းခွင်မှာ**

တစ်လုံးထိုးအင်ဂျင်နှင့်ဆိုင်ကယ်ပြုပြင်ခြင်းအထူးသင်တန်းကို စစ်တွေမြို့ ကျောင်းကြီးလမ်းရှိ စစ်တွေတက္ကသိုလ်(ကျောင်းဆောင်ဟောင်း) နယ်မြေအတွင်း၌ ဖွင့်လှစ်ထားသည်။ အောက်ထပ်တွင် စာတွေ့သင်ကြားခန်း၊ လက်တွေ့သင်ကြားခန်းနှင့် ထမင်းစားခန်းရှိပြီး အပေါ်ထပ်၌ သင်တန်းသားများ အိပ်ခန်းနှင့် နားနေခန်းများကို စနစ်တကျပြုလုပ်ထားသည်။ သင်တန်းကို စက်တင်ဘာ ၁၄ ရက် နံနက်၉ နာရီက စတင်ဖွင့်လှစ်ကြောင်းနှင့် ဒီဇင်ဘာ ၄ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းခွင်သို့ရောက်သွားသည်နှင့် ဆရာများရော တပည့်များပါ တက်တက်ကြွကြွရှင်ရှင်လန်းလန်းဖြစ်နေသည်ကို မြင်တွေ့ရသည်။ ပေးမည့်သူနှင့်ရယူမည့်သူတို့ ဟန်ချက်ကညီညီညွတ်ညွတ်။ အထူးသဖြင့် သင်တန်းသားတပည့်များက စိတ်ဝင်စားပုံပေါ်နေသည်။ ပညာကိုလိုချင်ကြသည်။ အလုပ်အကိုင်ရချင်နေကြသည်။ ဤသည်မှာ ၎င်းတို့အားလုံး၏ ဆန္ဒဖြစ်သည်။ စာရေးသူမေးမြန်းကြည့်သမျှ သင်တန်းသားများက ဤဆန္ဒအတိုင်းရှိကြောင်း သိရသည်။

"ကျွန်တော်အခု အသက် ၁၇ နှစ်ရှိပါပြီ။ အလုပ်အကိုင်က မယ်မယ်ရရမရှိပါဘူး။ တစ်လုံးထိုးစက်နဲ့ ဆိုင်ကယ်ပြုပြင်ရေးအထူးသင်တန်းတစ်ခုစစ်တွေမှာဖွင့်မယ်လို့ သိရတဲ့အတွက် လျှောက်ထားပြီးတော့လာတက်တာပါ။ ဒီလုပ်ငန်းကို ဝါသနာလည်းပါပါတယ်။ မဖြစ်မနေတတ်မြောက်အောင်လည်း ကြိုးစားသွားမယ်လို့ ဆုံးဖြတ်ထားပါတယ်။ သင်တန်းပြီးရင်လည်း ဒီပညာနဲ့အလုပ်လုပ်ပြီး ရပ်တည်နိုင်အောင်လူကြီးတွေအနေနဲ့ အစီအစဉ်တစ်ခုလုပ်ပေးရင် ပိုပြီးအကျိုးရှိမှာပါ"ဟု မင်းပြားမြို့နယ် ဆင်ကြီးပြင်ကျေးရွာမှ မောင်ထွန်းအေးကျော်က ၎င်း၏ ရင်တွင်းခံစားမှုနှင့် ရည်ရွယ်ချက်ကို ဖွင့်ဟပြောဆိုသည်။

**ပိုင်ပိုင်နိုင်နိုင်ကျွမ်းကျွမ်းကျင်ကျင်**

သင်တန်းတွင် သင်တန်းသားဦးရေ ၈၀ ရှိသည်။ အသက် ၁၇ နှစ်မှ ၃၇ နှစ်အတွင်း အရွယ်များဖြစ်ကြသည်။ မောင်တော၊ ရသေ့တောင်၊ မင်းပြား၊ ပုဏ္ဏားကျွန်း၊ စစ်တွေမြို့နယ်များမှ ဖြစ်ကြသည်။ မြို့ရောတောပါ တက်ရောက်နေကြသည်။ အထူးသဖြင့် ကျေးလက်တောရွာများမှ ဖြစ်ကြသည်။

တာဝန်ခံသင်တန်းကျောင်းအုပ်ကြီးဖြစ်သူ လက်ထောက်အင်ဂျင်နီယာ ဦးမိုင်းဇော်လင်းထွန်းက "ဒီသင်တန်းကို နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့ ဖွင့်လှစ်ရတဲ့အဓိကအကြောင်းကတော့ သဘာဝဘေးသင့်ဒေသတွေမှာရှိတဲ့ တိုင်းရင်းသားလူငယ်များ ချက်ချင်း အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး ဘဝကို ပြန်လည်ထူထောင်နိုင်စေဖို့အတွက် ဖြစ်ပါတယ်။ သင်တန်းကာလအတွင်းမှာတော့ ဆရာတွေက စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးသွားမှာပါ။ အခုသင်ကြားပေးမယ့်ပညာတွေကို ပိုင်ပိုင်နိုင်နိုင်၊ ကျွမ်းကျွမ်းကျင်ကျင်ဖြစ်အောင် ကြိုးကြိုးစားစားသင်ယူကြရင်တော့ အကျိုးရှိမှာပါ"ဟု ပြောပြသည်။

ထို့အပြင် သင်တန်းကာလအတွင်း အနေအထိုင်၊ အစားအသောက် အခမဲ့ပြုလုပ်ထားကြောင်း၊ အိပ်ရာကအစ သင်တန်းသားဝတ်စုံ အခမဲ့စီစဉ်ပေးထားကြောင်း၊ အိပ်ရာအသုံးအဆောင်ကိုသင်တန်းပြီးလျှင် ပြန်လည်အပ်ခဲ့ရမည်ဖြစ်ကြောင်း၊ နယ်မှ သင်တန်းသားများအတွက် အသွားအပြန် ခရီးစရိတ်စီစဉ်ပေးမည်ဖြစ်ကြောင်း၊ ကြိုးစားလိုသော သင်တန်းသားများအနေဖြင့် တောင်းဆိုပါက စနေ၊ တနင်္ဂနွေနေ့များတွင်လည်း သင်ကြားပေးသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ရှင်းပြသည်။

သင်တန်းတွင် တစ်လုံးထိုးအင်ဂျင် (2 STOKE)၊ 6.5 (HP) ဓာတ်ဆီအင်ဂျင်အမျိုးမျိုး၊ ဆိုင်ကယ်အမျိုးမျိုးပြုပြင်ခြင်း၊ ရေစုပ်စက်အမျိုးမျိုးပြုပြင်ခြင်းများကို သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သင်တန်းမှသည်သက်မွေးဝမ်းကျောင်းဆီ**

မည်သည့်လုပ်ငန်းမဆို ပေးအပ်သူနှင့် ရယူသူတို့အကျိုးရှိအောင် ဆောင်ရွက်ရန် လိုသည်။ သင်တန်းသားများ အနေဖြင့်လည်း သင်တန်းပြီးဆုံးပါက မိမိတို့၏ သင်တန်းက ပေးအပ်လိုက်သောပညာဖြင့် သက်မွေးဝမ်းကျောင်းအဖြစ် ဆောင်ရွက်နိုင်အောင် ကြိုးစားသင့်သည်။ နိုင်ငံတော်ကလည်း လူငယ်များအတွက် အမှန်တကယ်အသက်မွေးဝမ်းကျောင်းလုပ်ငန်းရအောင်ထိ စီစဉ်ပေးရန်လိုပေသည်။ ဤကဲ့သို့ သင်တန်းများ ရခိုင်ပြည်နယ်၌ဖြစ်စေ၊ အခြားသောတိုင်းရင်းသားဒေသများ၌ဖြစ်စေ များများဖွင့်ပေးသင့်သည်။ အလုပ်အကိုင်များ ဖန်တီးပေးသင့်သည်။ ဤသို့ဆောင်ရွက်ပါမှ ပြည်ထောင်စုကြီးတစ်ခုလုံး ရှင်သန်လာမည် ဖြစ်ပေသည်။

ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာအလုပ်ရှာသူ မြောက်မြားစွာရှိနေသည်။ ဤသူများကို ပြည်တော်ပြန်လာကြစေရန် ရခိုင်တိုင်းရင်းသားတို့က လိုလားနေကြသည်။ ဒေသစီးပွားရေးနှင့်လုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက်ဖြစ်သည်။ အလုပ်အကိုင်အခွင့်အလမ်းများရချင်ကြသည်။ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးစေလိုကြသည်။

ဤသင်တန်း၏ အကျိုးဆက်သည် သက်မွေးဝမ်းကျောင်းဆောင်ရွက်နိုင်သည်အထိ အကျိုးပြုနိုင်ပါစေဟု ဆန္ဒဖြင့်တင်ပြရေးသားလိုက်ရပေသည်။

သတင်းဆောင်းပါး-ကိုကြီးစော
ဓာတ်ပုံ-ညစော

**စစ်ကိုင်းတိုင်းဒေသကြီး**



# ခင်ဦးမြို့ ပေါ်ရပ်ကွက်များ လျှပ်စစ်ဓာတ်အားခွဲရုံအသစ် တိုးချဲ့တပ်ဆင်

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ၏ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် ရန်ပုံငွေဖြင့် ခင်ဦးမြို့ပေါ်ရပ်ကွက်များ လျှပ်စစ်ဗို့အားပြည့်မီစွာ သုံးစွဲနိုင်ရေးအတွက် စက်တင်ဘာလ ပထမပတ်မှစတင်၍ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ ၁၁/ ၀ ဒသမ ၄ KV (200) KVA ခွဲရုံအသစ်ကို အောင်သီရိရပ် မူလတန်းလွန်ကျောင်းရှေ့၌ တိုးချဲ့တပ်ဆင်ခြင်းလုပ်ငန်း၊ အန္တရာယ်ရှိသော ဆွေးမြည့်လျှပ်စစ်အသားတိုင်များကို ကွန်ကရစ်တိုင်ဖြင့် အစားထိုးလဲလှယ်တပ်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။


မြကန်သာရပ်အနောက်ပိုင်းရှိ ၁၁/ ၀ ဒသမ ၄ KV (100) KVA ခွဲရုံ၌ ဆွေးမြည့်အသားတိုင်နှင့် အသားလက်တန်းနှစ်တိုင်ကို ကွန်ကရစ်တိုင်နှင့် သံလက်တန်းဖြင့် အစားထိုးလဲလှယ်ခြင်း၊ မြကန်သာရပ် အရှေ့ပိုင်း၌ ဆွေးမြည့်လျှပ်စစ် အသားတိုင် ၂၁ တိုင်ကို ကွန်ကရစ်တိုင်နှင့်သံလက်တန်းဖြင့် အစားထိုးလဲလှယ်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ အဆိုပါခွဲရုံအသစ် တိုးချဲ့တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးသွားပါက ခင်ဦးမြို့ပေါ်လေးရပ်ကွက်သည် ယခင်ကထက် လျှပ်စစ်ဗို့အားပြည့်မီစွာ သုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်မြင့်စိုးက ပြောသည်။

ခင်ဦးစိုးဝေ

# ပြောင်းလဲမှုဝဲဂယက်အောက်က ဂျူဗင်တပ်စ်

ရာသီမစခင်က အီတလီစီးရီးအေနဲ့ပတ်သက်ပြီး အကောက်အယူလုပ်မှုမှာ ဂျူဗင်တပ်စ်မှတစ်ပါး အခြားမရှိဆိုတဲ့ အဖြေချည်းသာထွက်တယ်။ အေစီမီလန်ရဲ့ ယူရိုသန်း ၉၀ နီးပါးသုံးစွဲခဲ့တဲ့ ဖြည့်တင်းမှုများ၊ အင်တာမီလန်ရဲ့ ယူရို သန်း ၈၀ကျော် ပြုပြင်ပြောင်းလဲမှုများနဲ့ ယူရိုသန်း ၄၀ ဝန်းကျင်သုံးစွဲဖြည့်တင်းခဲ့တဲ့ ရိုးမားရဲ့ ခြေလှမ်းတွေအရ ရာသီသစ်စီးရီးအေဟာ ဂျူဗင်တပ်စ်အပေါ် အန်တုတုံ့ပြန်မှုတွေနဲ့ အရင်ကထက် အလုပ်အခတ်ရှိတယ်။ အရင်ကထက် ပြိုင်ဆိုင်မှုအဝန်းအဝိုင်း ကျယ်ပြန့်မယ်ဆိုတာကို လက်သင့်ခံကြသော်ငြား။ ပြုပြင်ပြောင်းလဲမှုများတဲ့ ပြိုင်ဘက်တွေရဲ့ တည်ငြိမ်မှုအား။ ပြီးတော့ အခြေခံစုဖွဲ့မှုတည်ငြိမ်ခြင်းနဲ့ တောင့်တင်းခိုင်မာမှုကွာခြားခြင်း ဆိုတဲ့ ရှုမြင်သုံးသပ်မှုတွေအောက်မှာ မနှစ်ကလောက် မလွယ်ကူနိုင်ဘူး ဆိုရင်တောင်မှ ရာသီဟာ ဒိုင်ဘာလာ၊ ခီဒီယာ၊ မန်ဇူကစ်၊ ကူရာဒါနို၊ ဟာနာနီးစ်တို့အပါအဝင် ၁၁ ဦးတိတိခေါ်တယ်။ ပြီးတော့ လော်ရန်တီ၊ ပီပီ၊ တီဗက်ဇ်၊ ဗီဒဲလ်၊ ပီယာလို၊ အော့ဘွန်နာ၊ အစ်လာတို့ အပါအဝင် ၁၃ ဦးတိတိ အသင်းက ထွက်ခဲ့တယ်။ ဒီတော့ ဂျူဗင်တပ်စ်ရဲ့ ကစားသမားအပြောင်းအလဲက များလွန်းတယ်လို့ သုံးသပ်အကဲဖြတ်ကြတယ်။

အထူးသဖြင့် မနှစ်က ဂျူဗင်တပ်စ်ဟာ တီဗက်ဇ်၊ မိုရာတာ၊ ဗီဒဲလ်၊ ပီယာလို၊ ပေါ့ဂ်ဘာတို့နဲ့ အမာခံအထိုင်ချတယ်။ အခု အဲဒီ အထဲက တီဗက်ဇ်၊ ဗီဒဲလ်၊ ပီယာလိုတို့ ထွက်တယ်။ ဒီတော့ အဲဒီနေရာတွေ မှာ မန်ဇူကစ်၊ ဒိုင်ဘာလာ၊ ဟာနာနီးစ်တို့နဲ့ အစားထိုးပြီး တိုက်စစ်ကိုရောကွင်းလယ်ကိုပါ အခြေခံကအစ ပြန်














အဆုံးမှာ ရေရှည်တောင့်ခံနိုင်မှုကွာဟခြင်းနဲ့အတူ ဂျူဗင်တပ်စ်မှတစ်ပါး အခြားမရှိနိုင်ဘူးလို့ ယူဆခဲ့ကြတာ။

ပြောမယ်ဆိုရင် အခုအဲဒီအမြင်၊ အဲဒီအယူအဆဟာ ရာသီအစသုံးပွဲအပြီးမှာတင် လွဲတော့မလိုဖြစ်လာတယ်။ အထူးသဖြင့် အဲဒီသုံးပွဲမှာ စီးရီးအေပြိုင်ပွဲဝင် အသင်းအားလုံးထက် ခေါင်းတစ်လုံးပိုမြင့်ပါတယ်လို့ ကောက်ချက်ဆွဲခံထားရတဲ့ ဂျူဗင်တပ်စ်က သုံးပွဲစလုံးမနိုင်ဘူး။ အဖွင့်ပွဲစဉ်နဲ့ ပွဲစဉ် (၂)မှာ အူဒီးနိစ်နဲ့ ရိုးမားကိုရှုံးတယ်။ ပွဲစဉ် (၃)မှာကျတော့ ချီယေဗိုနဲ့ သရေ၊ သုံးပွဲကစား တစ်မှတ်။ ဒါကို မနှစ်ကရာသီအစ ရှစ်ပွဲဆက် အရှုံးမရှိခဲ့တဲ့အခြေအနေနဲ့ ယှဉ်ကြည့်တော့ ဂျူဗင်တပ်စ်ရဲ့ အယိမ်းအလှုပ်ပြင်းထန်မှုက မြင်သာစေသလို ဒါဟာ ဘာကြောင့်လဲဆိုတာကအစ တစ်ကစပြန်တွက်ရမယ့် အခြေအနေမျိုးဖြစ်လာတယ်။

အထူးသဖြင့် ဂျူဗင်တပ်စ်ရဲ့ အဲဒီအဆင်းလမ်းကို တချို့တချို့သော ကျွမ်းကျင်သူတွေက အာရုံစူးစိုက်မှုလျော့နည်းခြင်းရယ်လို့ ခေါင်းစဉ်တပ်ကြတယ်။ ပြောမယ်ဆိုရင် ဂျူဗင်တပ်စ်ဟာ စီးရီးအေသမိုင်းမှာ (၃၁)ကြိမ်တိတိ ချန်ပီယံဖြစ်တယ်။ ဒါဟာ စံချိန်တင်ချန်ပီယံဖြစ်မှုမျိုးဖြစ်သလို ဒုတိယအအောင်မြင်ဆုံးဖြစ်တဲ့ အေစီမီလန်ရဲ့ ချန်ပီယံဖြစ်မှုအကြိမ်အရေအတွက်ထက်တောင် (၁၃)ကြိမ်တိတိများတယ်။ ဒီတော့ စီးရီးအေပွဲအပေါ် ဂျူဗင်တပ်စ်ရဲ့ လွှမ်းမိုးခဲ့မှုအားနဲ့ အဲဒါကို နောက်ဆုံးလေးနှစ်ဆက်တိုက် စီးရီးအေချန်ပီယံဆုဖလားကို ရယူနိုင်ခဲ့မှုပါပေါင်းကြည့်တော့ သူတို့အတွက် စီးရီးအေအောင်မြင်မှုဆိုတာ ခက်ခဲနက်နဲမှုမရှိတာ မြင်သာစေသလို အဲဒါကိုက သူတို့ရဲ့ အားထုတ်လိုမှုကို လျော့လျော့ရဲရဲဖြစ်သွားစေတယ်လို့ ကောက်ချက်ဆွဲကြတယ်။

ပြောမယ်ဆိုရင် သူတို့အတွက် စီးရီးအေအောင်ပွဲဟာ မထူးဆန်းသလိုအခြေအနေမျိုးနဲ့ သူတို့ဟာ စီးရီးအေအောင်ပွဲအပေါ် ရိုးအီငြီးငွေ့လာတဲ့သဘောဆောင်တယ်လို့ ဆိုချင်တာမျိုးဖြစ်သလို အဲဒီလိုအချိန်မျိုးမှာ သူတို့ဟာ မနှစ်က ရာသီအတွင်း ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ဗိုလ်လုပွဲအထိ ရောက်လိုက်တဲ့အခါ။ အရှင်းဆုံးပြောမယ် သူတို့ဟာ ပြည်တွင်းအောင်မြင်မှုထက် ဥရောပအဆင့်အောင်မြင်မှုအပေါ် ပိုပြီးစိတ်အားထက်သန်မှုရှိလာနိုင်ခြင်းနဲ့အတူ စီးရီးအေပွဲစဉ်တွေမှာ စိတ်ဓာတ်အခြေခံပိုင်း အားနည်းခြင်းက သူတို့ရဲ့ ကျရှုံးအတွက် အခြေခံအချက်တစ်ခုရယ်လို့ ထောက်ပြကြတာမျိုးပဲဖြစ်တယ်။

အထူးသဖြင့် ဆိုခဲ့ပြီးတဲ့အတိုင်း သူတို့ဟာ အီတလီပြည်တွင်းမှာ ဘုရင်တစ်ပါးလိုဖြစ်နေတာမှန်တယ်။ အောင်မြင်မှုချင်းယှဉ်ရင်တောင် အဓိကပြိုင်ဘက်နှစ်သင်းထက် (၁၃) ကြိမ်တိတိ ချန်ပီယံပိုဖြစ်တယ်။ ဒါပေမယ့် ဥရောပအဆင့်အောင်မြင်မှုမှာကျတော့ သူတို့ဟာ မီလန်နှစ်သင်းကို မမီဘူး။ အေစီမီလန်က ချန်ပီယံလိဂ်ဖလားကို ခုနစ်ကြိမ်။ အင်တာမီလန်က ချန်ပီယလိဂ်ဖလားကို သုံးကြိမ်ရထားချိန်မှာ သူတို့ကချန်ပီယံလိဂ်မှာ နှစ်ကြိမ်ပဲအောင်မြင်နိုင်ခဲ့သေးတယ်။ ပိုဆိုးတာက အေစီမီလန်ရဲ့ ချန်ပီယံလိဂ် နောက်ဆုံးအောင်မြင်မှုက ၂၀၀၇ ဖြစ်ပြီး အင်တာမီလန်ရဲ့ ချန်ပီယံလိဂ် နောက်ဆုံးအောင်မြင်မှု ၂၀၁၀ ဖြစ်ကာ သူတို့ရဲ့ ချန်ပီယံလိဂ် နောက်ဆုံး အောင်မြင်မှုကျတော့ ၁၉၉၆ ဖြစ်နေတယ်။ အရှင်းဆုံးပြောရရင် လွန်ခဲ့တဲ့ဆယ်စုနှစ်နှစ်ခုနီးပါးကာလအတွင်း သူတို့ဟာ ပြည်တွင်းမှာ အကြိမ်ကြိမ်အောင်ပွဲခံနိုင်ခဲ့သော်ငြား ဥရောပအောင်မြင်မှုကို လုံးဝမရခဲ့ဘူးဆိုတော့။ အဲဒီလိုအခြေအနေမှာ ချန်ပီယံလိဂ်ပြိုင်ပွဲအတွက် ဗိုလ်လုပွဲအထိ မနှစ်ကတက်နိုင်ခဲ့ခြင်းဟာ သူတို့ရဲ့ ဥရောပအောင်မြင်မှုအပေါ် မွတ်သိပ်မှုစိတ်ကို လှုပ်နှိုးရာရောက်စေသလို စိတ်အခြေခံနဲ့ အာရုံစူးစိုက်မှု တစ်ဖက်စောင်းနင်းနိုင်သွားခြင်းဟာ ပြည်တွင်းမှာ သူတို့ရဲ့ စွမ်းဆောင်ရည်ကို ကျဆင်းစေခြင်းပဲဖြစ်တယ်ဆိုပြီး ထောက်ပြသုံးသပ်ကြတာပဲဖြစ်တယ်။

ဒါပေမယ့် ဂျူဗင်တပ်စ်ရဲ့ ရာသီအစ ပျက်ယွင်းမှုကို ပြန်လည်သုံးသပ်အကဲဖြတ်ရာမှာ အဲဒီအကြောင်းအခြင်းအရာ တစ်ရပ်တည်းနဲ့တော့ မလုံလောက်ဘူးလို့ တချို့သော ကျွမ်းကျင်သူတွေက ဖြည့်စွက်ကြတယ်။ အထူးသဖြင့် မနှစ်ကချန်ပီယံလိဂ်မှာ ဗိုလ်လုပွဲရောက်ခြင်းဟာ အန်ဒရီအက်နယ်လီ ဦးဆောင်တဲ့ ဂျူဗင်တပ်စ်ရဲ့ ထိပ်ပိုင်းပုဂ္ဂိုလ်တွေနဲ့ အယ်လီဂရီနဲ့ သူ့ရဲ့နည်းပြအဖွဲ့ရဲ့ ဥရောပအောင်မြင်မှုဆာလောင်စိတ်ကို ဆွဲမြှင့်ရာဆောင်စေသလို အဲဒါဟာ စီးရီးအေပြိုင်ပွဲအတွင်း စွမ်းဆောင်ရည်ကို အယိမ်းအလှုပ်ဖြစ်နိုင်တယ်လို့ သုံးသပ်မှုဟာ နီးနီးစပ်စပ်ရှိသော်ငြား ဒီလောက်အထိ ပျက်ယွင်းမှုမှာကျတော့ အဲဒီထက်ပိုတဲ့အကြောင်းတရားရှိရမယ်လို့ အကောက်အယူလုပ်ကြတယ်။

ပြောမယ်ဆိုရင် အခုနောက်ဆုံးကစားခဲ့တဲ့ ချီယေဗိုနဲ့ သရေကျခြင်းဟာ အဆိုပါချန်ပီယံလိဂ်ဘက် အာရုံတိမ်းညွှတ်မှုများခြင်းကြောင်းရယ်လို့ ကောက်ချက်ဆွဲရင်တော့ရတယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီပွဲအပြီးမှာ ဂျူဗင်တပ်စ်ဟာ မန်စီးတီးနဲ့ ချန်ပီယံလိဂ် ကစားခဲ့ရမှုကြောင့်လို့ ဆိုနိုင်သော်ငြား အူဒီးနိစ်နဲ့ ရိုးမားကိုရှုံးခဲ့တဲ့ပွဲတွေမှာကျတော့ ဥရောပပွဲဘက်အာရုံတိမ်းညွှတ်မှုကြောင့်ရယ်လို့ ပြောဖို့ခက်တယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီ အူဒီးနိစ်၊ ရိုးမားတို့နဲ့ ပွဲတွေမတိုင်မီမှာရော အပြီးမှာပါ ဥရောပပွဲတွေ မရှိခြင်းကြောင့်ပဲဆိုတော့ ဂျူဗင်တပ်စ်ရဲ့ အယိမ်းအလှုပ်ဟာ အဲဒီစိတ်ပိုင်းဆိုင်ရာ ပိုင်းဖြတ်မှုလျော့ရဲခြင်းကြောင်းသာ ဖြစ်တယ်လို့ ဘယ်လိုမှ ကောက်ချက်ဆွဲလို့မရနိုင်ဘူး။

ဒီတော့ ဘာကြောင့်လဲဆိုတဲ့ ကောက်ချက်ဆွဲမှုနောက်မှာ အဲဒီစိတ်ပိုင်းဆိုင်ရာ ဦးစားပေးမှု မမျှတခြင်းဆိုတာအပြင် သူတို့ရဲ့မတည်ငြိမ်မှုကိုပါ ထည့်သွင်းတွက်ချက်ဖို့လိုပါတယ်လို့ ထောက်ပြသုံးသပ်ကြတယ်။ အထူးသဖြင့် ရာသီအစကောက်ချက်ဆွဲမှုမှာ ပြိုင်ဘက်တွေရဲ့ ပြုပြင်တည်ဆောက်မှု များပြားခြင်းကြောင့် အဲဒီပြိုင်ဘက်တွေရဲ့ မတည်ငြိမ်နိုင်မှုကိုသာ အဓိကထားထောက်ပြခဲ့ကြပြီး ဂျူဗင်တပ်စ်မှာပါ တည်ငြိမ်မှုလျော့နည်းနိုင်တယ်ဆိုတဲ့အချက်ကို မေ့ထားခဲ့မှုကို ပြန်တွက်ဖို့လိုတယ်ဆိုပြီး ကောက်ချက်ဆွဲထောက်ပြကြတာပဲဖြစ်တယ်။ အထူးသဖြင့် ဂျူဗင်တပ်စ်တည်ဆောက်ရတယ်။ အရှင်းဆုံးပြောရရင် ဂျူဗင်တစ်ပ်ရဲ့ လက်ရှိပြဿနာဟာ ပြန်လည်တည်ဆောက်ဆဲကာလမှာ ကြုံတွေ့ရတတ်တဲ့ သမာရိုးကျဖြစ်စဉ်တစ်ခုဆိုရင် ပိုမှန်မယ်လို့ ဆိုကြတယ်။

ပြောမယ်ဆိုရင် ကစားခဲ့ပြီးတဲ့ စီးရီးအေ သုံးပွဲကိုပြန်ကြည့်ရင် အဲဒီအချက်ကို ထင်ထင်ရှားရှား တွေ့ရနိုင်တယ်။ အထူးသဖြင့် ဂျူဗင်တပ်စ်ဟာ အဲဒီသုံးပွဲမှာ ကစားကွက်နှစ်မျိုးသုံးတယ်။ အူဒီးနိစ်နဲ့ ရိုးမားတို့ကိုရှုံးခဲ့တဲ့နှစ်ပွဲမှာ ၃-၅-၂ ကိုသုံးပြီး ချီယေဗိုနဲ့ သရေကျခဲ့တဲ့ပွဲမှာကျတော့ ၄-၃-၁ ကိုသုံးတယ်။ ဗျူဟာပိုင်းကအစ မငြိမ်ဘူး။ ပြီးတော့ အဲဒီလို ဗျူဟာမငြိမ်တဲ့အပြင် အတွဲအဖက်နဲ့ ကစားသမား ပွဲထုတ်မှုကလည်း မတည်ငြိမ်ဘူး။ အယ်လီဂရီဟာ အဲဒီသုံးပွဲမှာ တိုက်စစ်ကိုအမျိုးမျိုးစမ်းသပ်သုံးစွဲတယ်။ အူဒီးနိစ်ကိုရှုံးတဲ့ပွဲမှာ ကိုမန်နဲ့ မန်ဇူကစ်။ ရိုးမားကိုရှုံးတဲ့ပွဲမှာ မန်ဇူကစ်နဲ့ ဒိုင်ဘာလာ။ ချီယေဗိုနဲ့ သရေကျခဲ့တဲ့ပွဲကျတော့ ဒိုင်ဘာလာနဲ့ မိုရာတာဆိုတော့။ အဲဒါကို ကြည့်ရုံနဲ့တင် ဂျူဗင်တပ်စ်ဟာ အယ်လီဂရီရဲ့ စမ်းသပ်အထိုင်ချဆဲအောက်မှာသာ ရှိသေးတယ်ဆိုတာ ထင်ရှားလွန်းတယ်။ အရှင်းဆုံးပြောရရင် အယ်လီဂရီဟာ အဲဒီသုံးပွဲမှာ ပွဲထွက်ကစားသမား ၁၈ ဦးတိတိ သုံးစွဲတယ်ဆိုတော့။ အရှင်းဆုံးပြောမယ် လက်ရှိဂျူဗင်တပ်စ်ရဲ့အကျပ်ဟာ အပြောင်းအလဲတစ်ခုနဲ့တစ်ခုကြား ဖြစ်လေ့ဖြစ်ထရှိတဲ့ မတည်ငြိမ်မှုဆိုတာထက် မပိုဘူး။

ဒါပေမယ့် အဲဒီပြန်လည်တည်ဆောက်ဆဲကာလ မရှည်ကြာဖို့တော့ လိုပြီး အဲဒါကို အယ်လီဂရီလုပ်နိုင်မလုပ်နိုင်ကိုတော့ စောင့်ကြည့်ရမယ်။

**လင်းဆက်**

### စပိန်လာလီဂါပွဲစဉ် (၅)

| အင်္ဂါနေ့ (၂၂-၉-၁၅) | |
| --- | --- |
| နံနက် ၀၀း၃၀ (ဗုဒ္ဓဟူးနံနက်) | အက်သလက် - ဂီတာဖေး |
| နံနက် ၀၀း၃၀ (ဗုဒ္ဓဟူးနံနက်) | အက်စ်ပန်ညို - ဗလင်စီယာ |
| နံနက် ၂း၃၀ (ဗုဒ္ဓဟူးနံနက်) | ဂရန်နာဒါ - ဆိုစီဒက် |
| **ဗုဒ္ဓဟူးနေ့ (၂၃-၉-၁၅)** | |
| နံနက် ၀၀း၃၀ (ကြာသပတေးနံနက်) | ဆယ်တာဗီဂို - ဘာစီလိုနာ |
| နံနက် ၀၀း၃၀ (ကြာသပတေးနံနက်) | လီဗန်တေး - အီဘား |
| နံနက် ၀၀း၃၀ (ကြာသပတေးနံနက်) | ဗယ်လီကာနို - ဂီဂျွန် |
| နံနက် ၁း၃၀ (ကြာသပတေးနံနက်) | ဘီလ်ဘာအို - ရီးရဲ |
| နံနက် ၂း၃၀ (ကြာသပတေးနံနက်) | လက်ပဲလ်မတ် - ဆီဗီလာ |
| နံနက် ၂း၃၀ (ကြာသပတေးနံနက်) | မာလာဂါ - ဗီလာရီးရဲ |
| **ကြာသပတေးနေ့ (၂၄-၉-၁၅)** | |
| နံနက် ၂း၃၀ (သောကြာနံနက်) | ဘက်တစ် - ဒီပို့တီဗို |

### ဘွန်ဒက်စ်လီဂါပွဲစဉ် (၆)

| အင်္ဂါနေ့ (၂၂-၉-၁၅) | |
| --- | --- |
| နံနက် ၀၀း၃၀ (ဗုဒ္ဓဟူးနံနက်) | ဘိုင်ယန် - ဝုဖ်ဘတ် |
| နံနက် ၀၀း၃၀ (ဗုဒ္ဓဟူးနံနက်) | ဟာသာဘာလင် - ကိုလုံး |
| နံနက် ၀၀း၃၀ (ဗုဒ္ဓဟူးနံနက်) | အင်ဂိုဆလပ် - ဟမ်းဘတ် |
| နံနက် ၀၀း၃၀ (ဗုဒ္ဓဟူးနံနက်) | ဒရန်စတက် - ဝါဒါဘရီမင် |
| **ဗုဒ္ဓဟူးနေ့ (၂၃-၉-၁၅)** | |
| နံနက် ၀၀း၃၀ (ကြာသပတေးနံနက်) | ရှော်လ်ကေး - ဖရန့်ဘတ် |
| နံနက် ၀၀း၃၀ (ကြာသပတေးနံနက်) | လေဗာကူဆင် - မိန့်ဇ် |
| နံနက် ၀၀း၃၀ (ကြာသပတေးနံနက်) | ဂလာဘတ်ချ် - အော့စ်ဘတ် |
| နံနက် ၀၀း၃၀ (ကြာသပတေးနံနက်) | ဟန်နိုဗာ - စတုဂတ် |
| နံနက် ၀၀း၃၀ (ကြာသပတေးနံနက်) | ဟော်ဖန်ဟိန်း - ဒေါ့မွန် |

### စီးရီးအေပွဲစဉ် (၅)

| အင်္ဂါနေ့ (၂၂-၉-၁၅) | |
| --- | --- |
| နံနက် ၁း၁၅ (ဗုဒ္ဓဟူးနံနက်) | အူဒီးနိစ် - မီလန် |
| **ဗုဒ္ဓဟူးနေ့ (၂၃-၉-၁၅)** | |
| နံနက် ၁း၁၅ (ကြာသပတေးနံနက်) | ကာပီ - နာပိုလီ |
| နံနက် ၁း၁၅ (ကြာသပတေးနံနက်) | ချီယေဗို - တိုရီနို |
| နံနက် ၁း၁၅ (ကြာသပတေးနံနက်) | ဖီအိုရင်တီးနား - ဘလော့ညာ |
| နံနက် ၁း၁၅ (ကြာသပတေးနံနက်) | အင်တာ - ဗီရိုနာ |
| နံနက် ၁း၁၅ (ကြာသပတေးနံနက်) | ဂျူဗင်တပ်စ် - ဖရိုစီနိုနီ |
| နံနက် ၁း၁၅ (ကြာသပတေးနံနက်) | လာဇီယို - ဂျီနိုအာ |
| နံနက် ၁း၁၅ (ကြာသပတေးနံနက်) | ပါလာမို - ဆက်စူအိုလို |
| နံနက် ၁း၁၅ (ကြာသပတေးနံနက်) | ဆမ်ဒိုးရီးယား - ရိုးမား |
| **ကြာသပတေးနေ့ (၂၄-၉-၁၅)** | |
| နံနက် ၁း၁၅ (သောကြာနံနက်) | အမ်ပိုလီ - အတ္တလန္တာ |

# ရော်နယ်ဒိုသည် လက်တွဲခဲ့ဖူးသည့် ကစားသမားများအနက် အကောင်းဆုံးဟု ပြောဆိုရန် ရီးရဲနည်းပြ ဘင်နီတက်ဇ်ငြင်းဆို

စပိန်ကလပ် ရီးရဲမက်ဒရစ်အသင်း နည်းပြရာဖေးလ်ဘင်နီတက်ဇ်က ရီးရဲအသင်း၏ တိုက်စစ်ကစားသမား ခရစ္စတီယာနို ရော်နယ်ဒိုသည် သူ၏ နည်းပြသက်တမ်းအတွင်း လက်တွဲခဲ့ဖူးသည့် ကစားသမားများအနက် အကောင်းဆုံးကစားသမားဟု သတ်မှတ်၍ မရကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။

ပေါ်တူဂီကစားသမား ရော်နယ်ဒို (၃၀နှစ်)သည် ပြီးခဲ့သည့် စက်တင်ဘာ ၁၂ ရက်တွင် ရီးရဲမက်ဒရစ်က အဝေးကွင်း၌ အက်စ်ပန်ညိုအသင်းကို ၆-၀ ဖြင့် အနိုင်ရရှိခဲ့သော စပိန်လီဂါပြိုင်ပွဲတွင် ခြောက်ဂိုး သွင်းယူနိုင်ခဲ့သူဖြစ်ပြီး ရီးရဲမက်ဒရစ်အသင်း သမိုင်းကြောင်းတစ်လျှောက် စပိန်လီဂါပြိုင်ပွဲတွင် ရီးရဲမက်ဒရစ်အသင်းအတွက် ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် သွင်းဂိုး ၂၃၀ ဖြင့် စံချိန်တင်နိုင်ခဲ့သူဖြစ်သည်။ ယခင်က စပိန်လီဂါပြိုင်ပွဲ၌ ရီးရဲအတွက် ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် စံချိန်တင်ထားခဲ့သူမှာ ၁၉၉၄ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ ရီးရဲတွင် ပါဝင်ကစားခဲ့ပြီး ၂၂၈ ဂိုး သွင်းယူနိုင်ခဲ့သူ စပိန်တိုက်စစ်မှူးဟောင်း ရာအူးလ်ဖြစ်သည်။ ရာအူးလ်သည် ရီးရဲမက်ဒရစ်အတွက် စုစုပေါင်း ၃၂၃ ဂိုး သွင်းယူခဲ့ကာ ကလပ်သမိုင်းတစ်လျှောက် ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ရပ်တည်နေသူဖြစ်ပြီး ရော်နယ်ဒိုက စုစုပေါင်းသွင်းဂိုး ၃၁၈ ဂိုးဖြင့် ဒုတိယဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ရပ်တည်နေသည်။

လီဗာပူးအသင်း မန်နေဂျာဟောင်း ဘင်နီတက်ဇ်က "ရော်နယ်ဒိုဟာ ကျွန်တော်နဲ့ လက်တွဲခဲ့ဖူးတဲ့ ကစားသမားတွေအနက် အကောင်းဆုံးကစားသမားလို့ မေးခွန်းထုတ်လာခဲ့မယ်ဆိုရင် သူက ကျွန်တော် လက်တွဲခဲ့ဖူးတဲ့ အကောင်းဆုံး ကစားသမားတွေအနက်က တစ်ဦးလို့ပဲ ဖြေရမှာပါ။ သူက ကျွန်တော်နဲ့ လက်တွဲခဲ့ဖူးတဲ့ ကစားသမားတွေထဲမှာ အကောင်းဆုံး ကစားသမား ဖြစ်တယ်လို့ ကျွန်တော် မပြောနိုင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်ဟာ အခြားကစားသမားကောင်းတွေနဲ့လည်း လက်တွဲခဲ့ဖူးတာကြောင့် ဖြစ်ပါတယ်။ ရော်နယ်ဒိုက ထိပ်တန်းအဆင့် ကစားသမားကောင်းတစ်ဦး ဖြစ်ပါတယ်။ သူဟာ ရီးရဲမက်ဒရစ်အသင်းရဲ့ နာမည်ကြီး ကစားသမားဟောင်းတွေဖြစ်တဲ့ ဒီစတီဖာနို၊ ရာအူးလ်တို့လို အောင်မြင်လိုစိတ်ပြင်းထန်သူပါ"ဟု ပြောဆိုခဲ့သည်။

စပိန်လူမျိုး နည်းပြဘင်နီတက်ဇ် (၅၅နှစ်)သည် ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် ဇွန်လ အစောပိုင်းတွင် ရီးရဲမက်ဒရစ် အသင်းနည်းပြအဖြစ် သုံးနှစ်သက်တမ်းရှိ စာချုပ်ဖြင့် ခန့်အပ်ခံခဲ့ရသူဖြစ်သည်။






# အမေရိကန်လက်ဝှေ့သမား ရွန်ဂျုံးအား ရုရှားနိုင်ငံသားအဖြစ် ခံယူရန် ရုရှားသမ္မတပူတင် ခွင့်ပြုချက်ပေးခဲ့

အမေရိကန်နိုင်ငံ ဖလော်ရီဒါတွင် မွေးဖွားခဲ့သူ ပရော်ဖက်ရှင်နယ် လက်ဝှေ့သမား ရွန်ဂျုံးအား ရုရှားနိုင်ငံသားအဖြစ်ခံယူရန် ရုရှားနိုင်ငံသမ္မတ ဗလာဒီမာပူတင်က ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း ပြီးခဲ့သည့် စက်တင်ဘာ ၁၄ ရက်တွင် ကရင်မလင်နန်းတော် ဝက်ဘ်ဆိုက်မှ သတင်းထုတ်ပြန်လိုက်သည်။

အသက် ၄၆ နှစ်အရွယ်ရှိ ရွန်ဂျုံးသည် ပြီးခဲ့သည့် ဩဂုတ်လအတွင်း ခရိုင်းမီးယား အရေးနှင့်ပတ်သက်၍ သမ္မတ ပူတင်နှင့် တွေ့ဆုံဆွေးနွေးခဲ့စဉ်က သူ့အား ရုရှားနိုင်ငံသားအဖြစ် ခံယူခွင့်ပေးရန် သမ္မတ ပူတင်ထံ တောင်းဆိုခဲ့ခြင်းဖြစ်ကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။

သရုပ်ဆောင်နှင့် ရက်ပ်အဆိုတော်တစ်ဦးလည်းဖြစ်သူ ရွန်ဂျုံးက ရုရှားဘာသာစကား သင်ကြားရန် စီစဉ်နေကြောင်း ပြောဆိုခဲ့သည်။

"ရုရှားဘာသာစကားကို ကျွမ်းကျွမ်းကျင်ကျင် ပြောဆိုတတ်ချင်ပါတယ်။ ဒါမှ ကျွန်တော်နဲ့ အခြားသူတွေ ဆက်ဆံပြောဆိုကြရာမှာ ဘာပြဿနာမှ မရှိမှာဖြစ်ပါတယ်။ ရုရှားဘာသာစကား တတ်ကျွမ်းဖို့အတွက် တစ်နှစ်လောက် အချိန်ယူသင်ကြားရမယ်လို့ ကျွန်တော်ထင်တယ်။ နောက်နှစ် ဒီအချိန်လောက်ဆိုရင် ကျွန်တော်ဟာ ရုရှားဘာသာစကားကို ရုရှားလူမျိုးတစ်ယောက်လို ပြောဆိုနေနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်"ဟု ရွန်ဂျုံးစ်က ပြောသွားသည်။

၁၉၈၉ ခုနှစ်တွင် ပရော်ဖက်ရှင်နယ် လက်ဝှေ့သမားဘဝ စတင်ခဲ့ပြီး လက်ရှိအချိန်တွင် အသက် ၄၆ နှစ်ရှိ ပြီဖြစ်သော်လည်း လက်ဝှေ့လောကမှ အနားယူရန် မရှိသေးကြောင်း၊ ကမ္ဘာ့ချန်ပီယံခါးပတ်တစ်ခု ထပ်မံရရှိရန် လိုလားလျက်ရှိကြောင်း ရွန်ဂျုံးစ်က ဆက်လက်ပြောဆိုခဲ့သည်။

ရွန်ဂျုံးသည် IBF မစ်ဒယ်ဝိတ်နှင့် စူပါမစ်ဒယ်ဝိတ်၊ WBC၊ WBA ESifh IBF လိုက်ဟဲဗီးဝိတ်၊ WBA ဟဲဗီးဝိတ် ချန်ပီယံခါးပတ်များ ရရှိခဲ့သူဖြစ်သည်။ ရွန်ဂျုံးသည် လက်ဝှေ့သမိုင်းကြောင်း တစ်လျှောက်၌ လက်ဝှေ့သမားဘဝကို လိုက်မစ်ဒယ်ဝိတ်တန်းတွင် စတင်ခဲ့ပြီး ဟဲဗီးဝိတ်ချန်ပီယံခါးပတ်ကို ရရှိခဲ့သည့် တစ်ဦးတည်းသော လက်ဝှေ့သမားဖြစ်သည်။ အမေရိကလက်ဝှေ့အားကစား ကလောင်ရှင်များအဖွဲ့ (Boxing Writers Association of America)က ရွန်ဂျုံးအား ၁၉၉၀ ပြည့်နှစ်အတွက် ဆယ်စုနှစ်၏ အကောင်းဆုံးလက်ဝှေ့သမားအဖြစ် သတ်မှတ်ခဲ့သည်။

၂၀၁၅ ခုနှစ် ဩဂုတ်လ ၁၆ ရက်တွင် တစ်နိုင်ငံတည်းသား အဲရစ်ဝက်ကင်စ်နှင့် ထိုးသတ်ခဲ့သောပွဲ၌ အလဲထိုး အနိုင်ယူနိုင်ခဲ့သူ ရွန်ဂျုံးသည် ပွဲ ၇၀ ထိုးသတ်ခဲ့ရာတွင် ၆၂ ပွဲ အနိုင်ရပြီး ရှစ်ပွဲ ရှုံးနိမ့်ခဲ့ကာ ၄၅ ပွဲတွင် အလဲထိုးနိုင်ခဲ့သူဖြစ်သည်။

# အာဆင်နယ်အသင်းမန်နေဂျာအဖြစ် တာဝန်ယူဖြစ်နိုင်ကြောင်း မော်ရင်ညို အရိပ်အမြွက်ပြောဆို

လန်ဒန်အခြေစိုက်ကလပ် ချယ်လ်ဆီး အသင်းမန်နေဂျာ ဟိုဆေးမော်ရင်ညိုက ချဲလ်ဆီးအသင်းမှ ထွက်ခွာချိန်တွင် သူ့အနေဖြင့် လန်ဒန်၌ ဆက်လက်နေထိုင်နိုင်ရန်အတွက် လန်ဒန်အခြေစိုက် ကလပ်အသင်းတစ်သင်းဖြစ်သည့် အာဆင်နယ်အသင်း မန်နေဂျာအဖြစ်တာ ဝန်ယူဖြစ်နိုင်ကြောင်း အရိပ်အမြွက် ထုတ်ဖော်ပြောဆိုလိုက်သည်။ မန်နေဂျာ မော်ရင်ညိုက "တစ်နေ့နေ့မှာတော့ ကျွန်တော်ဟာ ချယ်လ်ဆီးအသင်းကနေ ထွက်ခွာဖြစ်ပါလိမ့်မယ်။ အဲဒီအချိန်မှာ ကျွန်တော့်အနေနဲ့ လန်ဒန်မှာ ဆက်လက်နေထိုင်နိုင်ဖို့ လုပ်ဆောင်သွားမှာပါ။ အခြားလန်ဒန် အခြေစိုက်ကလပ်တွေဖြစ်တဲ့ ဖူလ်ဟမ်၊ ကျူပီအာ၊ ဝက်စ်ဟမ်း၊ စပါးစ်၊ အာဆင်နယ်နဲ့ အင်္ဂလန်လက်ရွေးစင်အသင်းတို့လို အသင်းတွေကို တာဝန်ယူပြီး လန်ဒန်မှာ ဆက်လက်နေထိုင်ဖို့ အခွင့်အရေးရှိနေပါတယ်။ ဒါပေမယ့် ကျွန်တော့်အနေနဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ခွင့် မရနိုင်တဲ့ ကလပ်တွေကို တာဝန်ယူဖို့ ဆန္ဒမရှိပါဘူး။ ဒါကြောင့် ရွေးချယ်ဖို့က အာဆင်နယ်နဲ့ အင်္ဂလန်လက်ရွေးစင်အသင်းပဲ ကျန်ပါလိမ့်မယ်"ဟု ပြောသွားသည်။

PREMIER LEAGUE

### ပရီမီယာလိဂ်ပွဲစဉ် (၆)

| | | | |
|---|---|---|---|
| **စနေနေ့ (၁၉-၉-၁၅)** | | | |
| ည ၆း၁၅ | ချယ်လ်ဆီး | - | အာဆင်နယ် |
| ည ၈း၃၀ | ဆွမ်ဆီး | - | အဲဗာတန် |
| ည ၈း၃၀ | စတုတ် | - | လက်စတာ |
| ည ၈း၃၀ | ဘုန်းမောက် | - | ဆန်းဒါးလန်း |
| ည ၈း၃၀ | ကာဆယ် | - | ဝတ်ဖို့ဒ် |
| ည ၈း၃၀ | ဗီလာ | - | ဝက်စ်ဘရွန်း |
| ည ၁၁း၀၀ | မန်စီးတီး | - | ဝက်စ်ဟမ်း |
| **တနင်္ဂနွေနေ့ (၂၀-၉-၁၅)** | | | |
| ည ၇း၀၀ | စပါး | - | ပဲလေ့စ် |
| ည ၉း၃၀ | ဆောက်သမ်တန် | - | မန်ယူ |
| ည ၉း၃၀ | လီဗာပူး | - | နော့ဝှစ်ချ် |

LIGA BBVA

### စပိန်လီဂါပွဲစဉ် (၄)

| | | | |
|---|---|---|---|
| **သောကြာနေ့ (၁၈-၉-၁၅)** | | | |
| နံနက် ၁း၀၀ | ဂီတာဖေး | - | မာလာဂါ |
| **စနေနေ့ (၁၉-၉-၁၅)** | | | |
| ည ၈း၃၀ | ရီးရဲ | - | ဂရန်နာဒါ |
| ည ၁၀း၄၅ | ဗလင်စီယာ | - | ဘက်တစ် |
| နံနက် ၁း၀၀ | အီဘာ | - | အက်သလက် |
| နံနက် ၂း၃၀ | ဆိုစီဒက် | - | အက်စ်ပန်ညို |
| **တနင်္ဂနွေနေ့ (၂၀-၉-၁၅)** | | | |
| ညနေ ၄း၃၀ | ဆီဗီလာ | - | ဆယ်တာဗီဂို |
| ည ၈း၃၀ | ဒီပိုတီဗို | - | ဂီဂျွန် |
| ည ၁၀း၄၅ | ဗီလာရီးရဲ | - | ဘီဘာအို |
| နံနက် ၁း၀၀ | လတ်ပဲမတ်စ် | - | ဇယ်လက်ကာနို |
| နံနက် ၁း၀၀ | ဘာစီလိုနာ | - | လီဗန်တေး |

Serie A TIM

### စီးရီးအေပွဲစဉ် (၄)

| | | | |
|---|---|---|---|
| **စနေနေ့ (၁၉-၉-၁၅)** | | | |
| ည ၁၀း၃၀ | အူဒီးနိစ် | - | အမ်ပိုလီ |
| နံနက် ၁း၁၅ | မီလန် | - | ပါလာမို |
| **တနင်္ဂနွေနေ့ (၂၀-၉-၁၅)** | | | |
| ညနေ ၅း၀၀ | ချီယေဗို | - | အင်တာမီလန် |
| ည ၇း၃၀ | အတ္တလန္တာ | - | ဗီရိုနာ |
| ည ၇း၃၀ | ဘိုလော့ဂ်နာ | - | ဖရိုစီနုနီ |
| ည ၇း၃၀ | ဂျီနိုအာ | - | ဂျူဗင်တပ်စ် |
| ည ၇း၃၀ | ရိုးမား | - | ဆာစူအိုလို |
| ည ၇း၃၀ | တိုရီနို | - | ဆမ်ဒိုးရီးယား |
| ည ၁၀း၃၀ | ကာပီ | - | ဖီအိုရင်တီးနား |
| နံနက် ၁း၁၅ | နာပိုလီ | - | လာဇီယို |

Capital One Cup

### ကက်ပီတယ်ဝမ်းဖလား

| | | | |
|---|---|---|---|
| **အင်္ဂါနေ့ (၂၂-၉-၁၅)** | | | |
| နံနက် ၁း၁၅ | ဗီလာ | - | ဘာမင်ဂမ် |
| နံနက် ၁း၁၅ | ဖူလ်ဟမ် | - | စတုတ် |
| နံနက် ၁း၁၅ | ဟားလ် | - | ဆွမ်ဆီး |
| နံနက် ၁း၁၅ | လက်စတာ | - | ဝက်စ်ဟမ်း |
| နံနက် ၁း၁၅ | မစ်ဒယ်ဘရော့ | - | ဝုဖ် |
| နံနက် ၁း၁၅ | ပရက်စတန် | - | ဘုန်းမောက် |
| နံနက် ၁း၁၅ | ဆန်းဒါးလန်း | - | မန်စီးတီး |
| နံနက် ၁း၃၀ | ရက်ဒင်း | - | အဲဗာတန် |
| **ဗုဒ္ဓဟူးနေ့ (၂၃-၉-၁၅)** | | | |
| နံနက် ၁း၁၅ | ပဲလေ့စ် | - | ချာလ်တန် |
| နံနက် ၁း၁၅ | မီလ်တန် | - | ဆောက်သမ်တန် |
| နံနက် ၁း၁၅ | ကာဆယ် | - | ရှက်ဖီးလ် |
| နံနက် ၁း၁၅ | နော့ဝှစ်ချ် | - | ဝက်စ်ဘရွန်း |
| နံနက် ၁း၁၅ | စပါး | - | အာဆင်နယ် |
| နံနက် ၁း၁၅ | ဝါဆော | - | ချယ်လ်ဆီး |
| နံနက် ၁း၃၀ | လီဗာပူး | - | ကာလီစလေ |
| နံနက် ၁း၃၀ | မန်ယူ | - | အစ်ဝှစ်ချ် |